www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး--အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်--အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ--ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဇွန်လ၊ ၂၀၁၅။

၈၉၅.၈၃
မြပုလဲခင်
ပန်းနုရောင်/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၅။
၂၇၀ - စာ၊ ၁၂.၅ × ၁၈.၂ စင်တီ။
(၁) မြပုလဲခင်




www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁)

ပန်းနုရောင်ထဲ ဝင်လိုက်သည်နှင့် ညစ်နေသော သူ့စိတ်သည် ကြည်လင်မှုဘက်သို့ ပြောင်းသွားလေသည်။

စိတ်ကူးယဉ်၍ကောင်းသော ညချမ်းတစ်ခုအဖြစ် ဖန်တီးထားသည်။ လျှပ်စစ်မီးရောင်အစ စူးရှသော အလင်းရောင်တောက်မျိုးမဟုတ်။ ပန်းနုရောင်ပြေးသော အလင်းဖျော့မျိုးသာ ခပ်မှုန်ပျပျလေး။

ရေးမွှေးနှင်းဆီတစ်ပွင့်ကိုသာ စားပွဲများ၏ အလယ်တွင်



www.burmeseclassic.com

www.burmeseclassic.com

ပန်းအိုးများ၌ ထိုးထားသည်။

"×××ဒီမှာ×××ရှားရှားပါးပါး×××မျက်ရည်တွေလည်း ခမ်းတော့မယ်ကွယ်×××"

စကျွပသာဒကို အေးချမ်းစေသည်သာမက၊ သောတ အာရုံသို့ တေးသံငြိမ့်ငြိမ့်ညောင်းညောင်းလေး စီးဝင်လာသည်။ သံစုံတီးဝိုင်းသံများ ဟိန်းထွက်ခြင်းလုံးဝမရှိဘဲ ဂီတာသံစဉ် တစ်မျိုးတည်းကိုသာ သုံးထားခြင်းဖြစ်သည်။ တေးသံသာလွင့် ပျံ့လာရာဇစ်မြစ်သို့ လှမ်းကြည့်လိုက်သည်။

စင်မြင့်ဟူ၍ မြင့်မြင့်မားမားမထား။ တစ်ပေသာသာ မြင့်ပြီး ငါးပေးစတုရန်းပတ်လည် အကျယ်အဝန်းသာရှိသော စင့်မြင့်ကို ကြက်သွေးရောင်ကတ္တီပါစ ခင်းထားသည်။ ပိုနေသော ကတ္တီပါစများက အောက်၌ပုံကျနေသည်ကို သဘာဝအတိုင်း ထားထားသည်။

ထိုပန်းချီဆန်သော စင်မြင့်ထက်တွင်မှ လက်တန်းမ ပါသော ဆုံလည်ကုလားထိုင်တစ်လုံးတွင် မိန်းကလေးတစ် ယောက် ဂီတာကိုကိုယ်တိုင်တီးကာ သီချင်းဆိုနေခြင်းဖြစ်သည်။

တယ်လှပါလားဟု . . စိတ်တွင်းမှ မှတ်ချက်ချလိုက်ပြီး နောက် ချောင်ကျကျစားပွဲတွင် နေရာယူလိုက်သည်။

ညက်ညက်ညောင်းညောင်း တေးသံကိုသာ နှစ်သက် စွာနားထောင်တတ်သော သူ့အတွက် မြို့တော်ရန်ကုန်တွင် ဖွင့် လှစ်သမျှ ကော်ဖီဆိုင်များကို နေ့စဉ်ညစဉ် ရောက်နေကျဖြစ် သည်။

ပန်းနုရောင်ကော်ဖီဆိုင်ဖွင့်သည်မှာ တစ်လနီးပါးရှိ





သော်လည်း တစ်နေ့ကမှ သူငယ်ချင်းတစ်ယောက် သတင်းပေး သဖြင့် သူရောက်လာခြင်းဖြစ်သည်။

သူရောက်လာပုံကလည်း ရည်ရွယ်ချက်မရှိဘဲ ရောက် လာခြင်းဖြစ်သည်။

ညစ်ထေးနေသောစိတ်ကို ဆေးကြောချင်သည်။ ကား မောင်းရင်း အမှတ်မထင် ပန်းနုရောင်ဆိုင်းဘုတ်ကို သွားတွေ့ သည်။ ကော်ဖီပန်းကန်ပုံ ဆွဲထားသည်။ သူငယ်ချင်းပြောထား သည်ကို သတိရလိုက်၍ ချက်ချင်းပင် ကားရပ်ပြီး ဝင်ခဲ့ခြင်းဖြစ် သည်။

"မင်းလို စိတ်ကူးယဉ်ဆန်တဲ့ကောင်မျိုးအတွက် ပန်းနု ရောင်မှာ ကော်ဖီသွားသောက်တာ အကောင်းဆုံးပဲ ဖိုးလမြည့်" ဟု ဇော်ပိုင်ပြောတာ အမှန်အကန်ပဲဟု သူ လက်ခံလိုက်သည်။

ဘလက်ခ်သံပုရာနှင့် ကြက်ကင်၊ အားလူးကြော်ကို အ နားရောက်လာသည့် စားပွဲထိုးကို မှာလိုက်သည်။

ဘောင်ဘီအနက်နှင့် ရှပ်အဖြူလား၊ မီးရောင်ကြောင့် ပန်းနုရောင်ပဲလား မသိသော ဝတ်စုံများ၌ သေသပ်သော စားပွဲ ထိုးမှာ ယောကျ်ားလေးများသာဖြစ်သည်။ အသက်ငယ်ငယ် အရပ်မြင့်မြင့် အသားဖြူဖြူများသာ များသည်။

ရေမွှေးနှင်းဆီရနံ့က သူ့အား ကလိလေသည်။

"×××မေ့ရင်ထဲမှာ×××ပူတယ်×××ဘယ်သူများ××× အသည်းမှုအေးစရာ×××အကြင်နာပေးပါ့မယ်×××"

တစ်ကိုယ်တော်သီဆိုနေသော မိန်းမချောကလေး၏ အသံသည် ကြည်လင်သည်။ နားဝင်ပီယံရှိသည်။ စုံတော်မြိုင်

www.burmeseclassic.com

အတွင်းမှ စမ်းကျရေစီးသံအလား အေးမြကြည်လင်ကာ ဆွဲဆောင်မှုရှိသည်ဟု ထင်သည်။

ဇော်ပိုင်တို့ကို သတိရလိုက်သည်နှင့် ဖုန်းကိုထုတ်ကာ လှမ်းဆက်လိုက်သည်။

"ဟဲလို"

ဇော်ပိုင်နှင့်တန်းတိုး၍ သူ ကျေနပ်သွားသည်။

"ပိုင်ကြီး ငါပါ"

"ဖိုးလပြည့်"

"အေး ငါအခု ဘယ်ကဆက်နေတာလဲ သိလားကွ"

"ဒီအချိန်ဆိုရင် ကော်ဖီဆိုင်တစ်ဆိုင်က နေမှာပေါ့"

"မဆိုးဘူး မင်းတစ်ဝက်မှန်တဲ့အတွက် ငါပဲ ဒကာခံမယ် မင်းကျန်တဲ့ဘော်ဒါတွေကိုပါ ပင့်ပြီး ငါ့ဆီကို အရောက်လာခဲ့"

"မင်းက ဘယ်မှာလဲ လပြည့်"

"ပန်းနုရောင်"

"ဟာ. . မင်း သွက်လှချည့်လား"

"ခန့်ညားလေကွာ ခန့်ညား၊ ခုငါ ပန်းနုရောင်ကော်ဖီဆိုင်ထဲမှာ ခန့်ညားစွာနဲ့ နားသောတအာရုံ ခံစားရင်း ကော်ဖီသောက်နေပြီကွာ၊ မင်းတို့အမြန်နှုန်းနဲ့ ရောက်အောင်လာပေတော့၊ ဒီကြားထဲ ငါစိတ်ထားပြောင်းသွားရင်တော့ ကိုယ့်စရိတ်ကိုယ်ရှင်းကြပေါ့ကွာ. . ဒါပဲ"

သူဖုန်းခလုတ်ကို ပိတ်ချလိုက်ပြီး စားပွဲပေါ် တင်လိုက်သည်။

"×××ဒီမှာ ရှားရှားပါးပါးလေး×××မျက်ရည်တွေလဲ×××





ခမ်းတော့မယ်ကွယ်×××".

မီးရောင်၏ ဖမ်းစားခြင်းကြောင့်လား၊ ပင်ကိုယ်ကပဲ လှနေ၍လားမသိ၊ ပခုံးပေါ် အထိသာ ခပ်ကုပ်ကုပ်ကျနေသော ဆံပင်အုံ နက်မှောင်မှောင်ကြားက လင်းလက်နေသော မျက်လုံးလေးပေါ်ရှိ အလှတရားများကို တစ်ခုချင်း လေ့လာမိသည်။

ရှားပါးသော မျက်ခုံးနက်နက်က စင်ရော်တောင် ခတ်နေသည့်အလား လှုပ်ရှားသက်ဝင်နေသည်။

သောက်ရှူးကြယ်ညီနောင်အလား လင်းလက်ကြည်လင်စူးရှမှုရှိသည့် သမင်ပျို့မျက်လုံးက မျက်ရည်များပင် ရစ်ဝဲကာ ထွန်းလဲ့တောက်ပနေသည်။ စိတ်ရောကိုယ်ပါ နစ်မြှုပ်ပြီး သီဆိုနေသည်က မိမိအိပ်ခန်းတွင် မိမိတစ်ယောက်တည်း ဝါသနာအရ စျာန်ဝင်စားကာ သီဆိုနေသည့်အလား စိတ်ပါလက်ပါ ရှိနေသည်။

သီချင်းတစ်ပုဒ်သီဆိုပြီးချိန်၌ ပလတ်စတစ်လှလှ ဖဲကြိုးလှလှနှင့် ထုပ်ပိုးမှုပြုထားသော ပန်းနုရောင် ရေမွှေးနှင်းဆီတစ်ပွင့်ကို လက်ဆောင်သွားပေးကြသည်။

ပန်းကုံးများတန်ဖိုးနှင့် တူညီသည်ဟု စားပွဲထိုးလုလင်က ပြောပြသည်။

ဂီတာတီးရတာ အနှောင့်အယှက်ဖြစ်နိုင်သည်ဟု သူတွေးမိသော်လည်း မိန်းကလေးတော့ ဟန်မပျက် ကျွမ်းကျင်စွာတီးခတ်သီဆိုနေနိုင်သည်။

သူရောက်ပြီး နာရီဝက်ကြာသည်အထိ တစ်ယောက်တည်း သုံးလေးပုဒ် သီဆိုနေသည်မှာ ရိုအီသွားခြင်း၊ ငြီးငွေ့သွား



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမဖြစ်စေဘဲ စိတ်ကူးယဉ်ထဲ လွင့်မျောနေအောင် ဖန်တီးပေးနိုင်ဆဲဖြစ်သည်။

"မင်း ရှုံးပြီ ဖိုးလပြည့်၊ ငါတို့ရောက်ပြီကွ"

မိန်းကလေးထံသို့ ရောက်နေသောအကြည့်ကို ရုပ်သိမ်းပြီး သူငယ်ချင်းများကို ရင်ဆိုင်လိုက်သည်။

"ငါက သက်သက်အရှုံးပေးချင်လို့ ခေါ်လိုက်တာပဲကွာ၊ ကိုင်း. . မှာကြာ"

ဇော်ပိုင်၊ ရဲအောင်ထွဋ်နှင့် ပီတာ၊ စိုင်းညီညီ စုံညီစွာပင် တက်ရောက်လာသည်။

သူတို့ငါးယောက်သည် သူငယ်တန်းမှသည် ဆယ်တန်း၊ ထိုမှသည် ကွန်ပျူတာသင်တန်းတက်သည်အထိ လုံးဝမခွဲ၊ အမြဲတစ်တွဲတွဲနှင့် တက်ညီလက်ညီ ပျော်စရာများကို ရှာဖွေရင်း အုပ်စုလိုက်နေတတ်ကြသည်။ သူတို့အဖွဲ့ကို ကိုယ့်ဘာသာကိုယ်ပင် အပြောင်အပျက် နာမည်ပေးထားကြသည်။ ခဲသေအဖွဲ့ဟု။

ပျော်ပျော်နေ သေခဲမှ ယူလိုက်သော အမည်ပြောင်အပျက်နာမည် ဖြစ်သည်။

"ဟ. . ပြောင်မြောက်လှချည်လား"

ဇော်ပိုင်က တအံ့တသြ ပြောသည်။

ခန့်ညား မရှင်းမလင်း ဖြစ်သွားသည်။

"မင်း ရောက်ဖူးပြီးသား မဟုတ်ဘူးလားကွ"

"မရောက်သေးပါဘူးကွာ၊ သူများပြောသံ ကြားဖူးလို့ မင်းတို့ကို ညွှန်းတုန်းရှိသေးတာ၊ မင်းက ပန်းဝင်စေသွားတာကိုး. ."





"ညက်လှချည်လား၊ မင်း ပန်းပေးပြီးပြီလား"

ပီတာက မေးသည်။

ခန့်ညားက ခေါင်းခါလိုက်ပြီး စားပွဲပေါ်မှာ ပန်းငါးခက်ကို မေးငေါ့လိုက်သည်။

"ထုံးစံအတိုင်း ခဲသေအဖွဲ့ ကိုယ်စားပြုတစ်ယောက်သွားပေးကွာ"

ပန်းကုံးဖြစ်စေ၊ ပန်းစည်းဖြစ်စေ အလှည့်ကျ ပေးနေကျဖြစ်သည်။ ရဲအောင်ထွဋ်က သွက်လက်စွာပင် ထပြီး. . .

"ငါအရင် သွားမယ်ကွာ"

ကျန်လူများတားဆီးချိန် မရလိုက်။ ရဲအောင်ထွဋ်ကို မျက်တောင်မခတ်တမ်း ကြည့်နေသည့်တိုင်အောင် ကျောကုန်းနှင့်ကွယ်သွားသည့်အတွက် ပန်းကိုဘယ်လိုပေးသလဲ မမြင်လိုက်ရ. . .။

ဂီတာ တီးခတ်နေသောလက်က ပန်းကို မည်ကဲ့သို့ယူသနည်း။ ဘယ်လက်ထဲမှာတော့ ပန်းများပြည့်နေသည်။

ရဲအောင်ထွဋ် ပြန်ရောက်လာသည်။

"ကြွေလောက်တယ်ကွာ၊ ဝေးဝေးနီးနီး တော်တော်ချောတာပဲကွ၊ နာမည်ဘယ်သူလဲကွ ဖိုလပြည့်"

"မသိဘူး"

"ဟင် ဆိုကာနီး အနောင့်စ် မလုပ်ဘူးလား"

"မသိဘူး ငါရောက်တော့ သူ ဆိုနေပြီ"

"စားပွဲထိုးကိုကော မေးမကြည့်လိုက်ဘူးလား"

"မကြည့်ဘူး၊ ဘာလုပ်မှာလဲကွ၊ ဒီလိုမိန်းကလေးမျိုးကို


www.burmeseclassic.com

www.burmeseclassic.com

မေးမနေနဲ့"

ခန့်ညားက ပြတ်သားစွာ ဟန့်တားလိုက်သည်။

သူ၏ ဇနီးလောင်း ရွေးချယ်မှုထဲတွင် ကော်ဖီဆိုင်မှာ၊ စားသောက်ဆိုင်မှာ သီချင်းဆိုခြင်းဖြင့် အသက်မွေးရသော မိန်းကလေးမျိုး လုံးဝပါဝင်လိမ့်မည်ဟု မထင်ချေ။ ထို့ကြောင့် သူ ပြတ်ပြတ်သားသားပင် ပြောလိုက်သည်။

"နေစမ်းပါဦး ဖိုးလပြည့်၊ မင်း ဘာကိစ္စ. . ဒီကို တစ်ယောက်တည်း လာရတာလဲ"

ညစ်ခဲ့ရသောစိတ်၏ နောက်ကြောင်းကို ပြန်နှုးလိုက်ရသည်။

"ဒီလိုကွ. . . ပြောပြန်တော့လဲ ဖိုးလပြည့် မင်းဟာက လွန်တယ်ကွာ၊ ဘယ်နှစ်ယောက်မြောက်အထိ ရွေးချယ်ဦးမှာလဲ ဆိုပြီး ငါ့ကိုပဲ အပြစ်တင်ဦးမှာပဲ"

"မဟုတ်လို့လား၊ မင်းနဲ့ ရဝေတို့ ညနေစာ အတူသွားစားကြတယ် မဟုတ်လား"

"အေးလေ၊ အဲဒီမှာ ပြဿနာဖြစ်တာပဲ"

"ဘာဖြစ်လို့လဲ"

"ဇွန်းနဲ့ခက်ရင်းနဲ့ မစားတတ်လို့လား၊ ဒါမှမဟုတ် တူ မကိုင်တတ်လို့လား"

"ဒါ မြန်မာပြည်လေကွာ မြန်မာပီပီလက်နဲ့စားတော့ ကော့ ဘာဖြစ်သလဲ"

သူငယ်ချင်းများက ကြိုတင်ဟောကိန်းထုတ်ကာ သူ့အား အပြစ်တင်မြားများနှင့် ပစ်ခွင်းရန် အားယူနေကြလေပြီ။





ခန့်ညားက လက်ကာကာ. . .

"နိုး. . နိုး. . . အဲဒါတွေ တစ်ခုမှမဟုတ်ဘူး၊ ဟန်ကလေးနဲ့ဖြစ်လို့ စားတာသောက်တာ ဘာမှအရုပ်မဆိုးဘူး၊ ဆိုးတာက ဝိတ်တာတွေကို ပြောဆိုဆက်ဆံပုံ မောက်မာတယ်၊ ရိုင်းစိုင်းတယ်ကွာ၊ ဇီဇာကြောင်လွန်းတယ်၊ ဘယ် ဟိုတယ်က ဘယ်လိုကောင်းတာတို့ဘာတို့ပြောတယ်၊ နောက် အိမ်ဖော်တွေကို သူ စားနေတုန်း အနားမှာ ယပ်ခတ်ပေးရတာတို့၊ စားပြီးရင် လက်သုတ်ပဝါအဆင်သင့် ကိုင်စောင့်ရတာ၊ ရေခပ်ပေးရတာတို့ ဘာတို့ကွာ ဂုဏ်ယူစွာပြောတော့ ငါဘယ်လောက်အထိ စိတ်ပျက်သွားတယ် ထင်သလဲ"

"သေချင်စော်နံတဲ့အထိပေါ့ကွာ"

"အဝီစိငရဲ ထိုးကျသွားချင်တဲ့အထိ"

ခန့်ညားက သူငယ်ချင်းများ၏ အပြောင်အပျက်ကို အရေးမစိုက်ပေ။ ပြောမနာဆိုမနာ သူငယ်ချင်းများဖြစ်၍ ဘယ်တော့မှ အကောင်းမပြောပေ။

"သူကတော့ သူ့ကိုယ်သူ ဂုဏ်ယူပြောတာပဲ၊ သူအိမ်ဖော်တွေကို ဘယ်လိုနိုင်နိုင်နင်းနင်းနိုင်တယ်ဆိုတာကို ငါသိစေချင်လို့လား၊ ဒါမှမဟုတ် သူချမ်းသာကြွယ်ဝမှုကို ငါသိစေချင်တာလားမသိဘူး၊ ဟိုတစ်နေ့က သူကျောင်းကိုအလာမှာ သူ့အဖေထက်အသက်ကြီးတဲ့ အဘိုးကြီးက သူ့ကားနောက်ခန်းတံခါးကို ဦးညွှတ်ဖွင့်ပေးရတာ၊ ပိတ်ပေးရတာမျိုးဟာ ခေတ်နောက်ပြန်ပြေးနေပြီ"

"ဟုတ်တယ် အဲဒီတုန်းက ငါလည်းမြင်လို့ မင်းကိုတောင်

www.burmeseclassic.com



သတိပေးလိုက်သေးတယ်လေ”

ဇော်ပိုင်က ဖြတ်ပြောလေသည်။

“ဟုတ်တယ် အလုပ်ရှင်နဲ့ အလုပ်သမားဆိုပေမယ့် အသက်အရွယ်ကိုကြည့်ရတယ်၊ ပြီးတော့ ရဝေအောင် အနေနဲ့ တစ်လကို မုန့်ဖိုးဆယ်သိန်းလောက်ရပြီး မိဘရှာစာ ထိုင်ဖြုန်းနေရုံသက်သက်ပဲရှိတယ်၊ သူ့အလုပ်သမား မဟုတ်သေးဘူး”

ဇော်ပိုင်၏ ဆက်ပြောလာသောစကားကို ကျန်သူငယ်ချင်းများကပါ ထောက်ခသည်။

“အောရိုက်၊ ခဲသေအဖွဲ့မှာ လူတန်းစား ခွဲခြားတတ်တဲ့ မဟေသီမျိုး တိုးလာရင် အတော်မလွယ်တဲ့ကိစ္စ၊ မင်းဒီတော့ ဘာလုပ်ခဲ့သလဲ”

ရဲထွဋ်ခေါင်က ထောက်ခံချက်ပေးပြီး မေးခွန်းဆက်ထုတ်လိုက်လေသည်။

ခန့်ညားပြုံးလိုက်သည်။ တစ်ဆက်တည်း ယောကျ်ားအဆိုရှင်တစ်ဦးက တစ်ကိုယ်တော် လက်စွမ်းပြသည်။ အဆိုမပါ။ အတီးသက်သက်ကို တယောနှင့် ဖျော်ဖြေနေသည်။ ငြိမ့်ငြိမ့်ညောင်းညောင်းလေးနှင့် ချွဲနေသည်။

“ဟာ. . . လေ. . လေဒီလေး. . ပြီး. . ပြီးသွားတာတောင် မသိလိုက်တာ. . နာ. . နာတယ်ကွာ”

စိုင်းညီညီက ထစ်ထစ်ငေါ့ငေါ့ ဝင်ပြောသည်။ စိုင်းညီညီသည် စကားပြောလျှင်ထစ်သော်လည်း သီချင်းဆိုလျှင် ဖြောင့်နေသည်။

ခန့်ညားတို့ တစ်အုပ်စုလုံး စင့်မြင့်ပေါ်သို့ လှမ်းကြည့်





လိုက်သည်။ လမင်းကို တိမ်ညိုဖုံးအုပ်သွားသည့်နှယ် မိုးကောင်းကင်၏အလှတရား ဆုတ်ယုတ်သွားသည်ဟု ထင်လိုက်ရသည်။

ခန့်ညား သက်ပြင်းချလိုက်သည်။

“ဆက်ပါဦး ရဝေကို မင်း ဘယ်လိုပညာပေးပြီး အပြတ်ဖြတ်ခဲ့သလဲ”

“အပေါ့သွားသလိုလုပ် ကောင်တာမှာ ငွေရှင်းပြီး ဝိတ်တာကို စာတစ်ကြောင်းရေးပေးပြီး ပို့ခိုင်းလိုက်ပြီး လစ်ခဲ့တာပဲ လစ်ရင်း ဒီရောက်လာတာပဲ”

“ဘာရေးလိုက်တာလဲ”

“မင်းလိုမိန်းမမျိုး ငါ အထင်မကြီးနိုင်လို့ တဲ့တာပဲလို့လေကွာ၊ ဟားဟားဟား. .”

ခန့်ညား၏ ညစ်နေသောစိတ်သည် သူငယ်ချင်းများကို ရင်ဖွင့်ပြလိုက်ရသဖြင့် အလွန်ကျေနပ်သွားလေသည်။ ပေါ့ပါးလန်းဆန်းသွားသည်။

“မှန်တယ်၊ ဒါပေမယ့် မင်း သတိထားရလိမ့်မယ် ဖိုးလပြည့်”

“ဘာဖြစ်လို့လဲ”

“ဟ. . ရဝေကလည်း အသည်းခွဲတမ်းကစားတဲ့နေရာမှာ နာမည်ကြီးလေ၊ မင်းအသည်းကိုမခွဲရသေးခင်မှာ မင်းကအရင် သူ့ကိုချိုးလိုက်တာဆိုတော့ သူက လွယ်လွယ်ကလေး အရှုံးပေးသွားလိမ့်မယ်လို့ မင်းထင်သလား”

“နိုး. . တစ်နည်းနည်းတော့ တုံ့ပြန်မှာပေါ့ကွာ၊ ကိစ္စမရှိပါဘူး. . သူနဲ့ငါ တွဲတာ ငါးရက်ပဲရှိသေးတာပဲ သူ့ကိုလဲငါ ပရိုပိုစ်



www.burmeseclassic.com

www.burmeseclassic.com



မှ မလုပ်ရသေးဘဲ"

"မင်းတွဲခဲ့တဲ့ ခုနစ်ယောက်စလုံးကို မင်း ဘယ်သူ့ကို ပရိုပို့စ်လုပ်လိုက်လို့လဲ"

သူငယ်ချင်းများ၏စကားကို သူပြုံးကာ ကျေနပ်စွာဖြင့်

"တစ်ယောက်မှ မလုပ်ရသေးဘူးလေ၊ ငါကျေနပ်တဲ့ စံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့လေဒီမှ ပရိုပို့စ်လုပ်မယ်၊ ပြီးရင် ဖေဖေ မေမေတို့ကို နားဖောက်ခိုင်းပြီး မဟေသီအဖြစ် တင်မြှောက်မယ် ကွာ၊ ဒါ ငါ့ဆန္ဒနဲ့ ဆုံးဖြတ်ချက်ပဲ၊ မင်းတို့လဲ သိသားနဲ့ကွာ၊ ဒါ ငါ မမှားဘူး၊ ဘဝတစ်သက်တာအရေးအတွက် ရွေးချယ်ခွင့်ဆို တာ လူတိုင်းမှာရှိတာပဲ"

"တော်. . တော်ပြီ. . ဆယ့်. . ဆယ့်တစ်နာရီခွဲနေပြီ ပြန်. . ပြန်ကြမယ်"

"အိုကေ. ."

စိုင်းညီညီက သတိပေးလိုက်တော့မှ သူတို့ အိမ်ပြန်ဖို့ သတိရသည်။ စားပွဲထိုးလုလင်ကို ငွေရှင်းပေးပြီး ထလိုက်စဉ် ခန့်ညားသည် တေးဂီတဖျော်ဖြေနေသော စင်မြင့်တမြင့်လေး ဆီသို့ လှမ်းကြည့်လိုက်သည်။

ပန်းစည်းလေးများသည် ဟိုတစ်ပွင့်ဒီတစ်ပွင့်နှင့် ကတ္တီ ပါအခင်းကို ဒီဇိုင်းဆင်ပေးသည့်အလား ပုံကျလျက် ရှိနေသည်။

"ညီလေး. . အဆိုတော်လေးက ပန်းတွေယူမသွားဘူး လား"

"ဂီတာတီးနေတော့ ပန်းတွေ ပြုတ်ကျကုန်တာပေါ့ အစ်ကို၊ ပြီးတော့ ကောက်ရင် ဣန္ဒြေပျက်လို့ မကောက်တာပါ"





ဒီအတိုင်း ကျန်ခဲ့တာကိုပဲ အနုပညာပန်းချီကားတစ်ချပ်လို့. . ဘော့စ်က သတ်မှတ်ပေးထားလိုက်တယ်"

"ဪ"

ခန့်ညား သိပ်တော့မအံ့သြပါ။ သို့သော် လောကကြီး၌ သူ့လို စိတ်ကူးယဉ်ဆန်သော ယောက်ျားများလည်း ရှိနေတတ် ပါလားဟု သူတွေးရင်း ပန်းနုရောင်ထဲမှ ထွက်ခဲ့ကြလေသည်။

"ပန်းနုရောင်" တွင် ကြည်မွေ့မှု ရရှိခဲ့သမျှသည် အိမ်သို့ ရောက်သည်နှင့် ပျက်စီးခြင်းသို့ ဆိုက်ရောက်ရလေတော့သည်။

ခန့်ညား ရဝေ့အပေါ် လျှော့တွေးလိုက်မိသည်မှာ မှား သွားလေပြီ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

သူ့ကားပေါ်တီကိုအောက်သို့ ရပ်လျှင်ရပ်ခြင်း မိခင်နှင့် အစ်မက အပြေးအလွှား ကြိုဆိုသည်။

"အမယ်လေး သားရယ်"

"တော်ပါသေးရဲ့ ဖိုးလပြည့်ရယ်. . မသေကောင်း မပျောက်ကောင်း"

မိခင်ကော အစ်မကောက မျက်ရည်စမ်းစမ်း စမ်းစမ်း





နှင့် ပြောပြောဆိုဆို သူ့လက်ကိုဖက်တွယ်ကြသောအခါ သူက အံ့သြစွာဖြင့်. . .

"ဗုဒ္ဓေါ. . သား ဘာဖြစ်လို့လဲ"

"တကယ်. . သား ဘာမှမဖြစ်ဘူးလား"

"မောင်လေးမှာ ဘာဒဏ်ရာဒဏ်ချက်မှ မရှိပါဘူး. . မေမေရယ်၊ လာ. . လာ. . အိမ်ထဲဝင်"

"ကားသွင်းရဦးမယ်"

"နေစမ်းပါ၊ သွင်းမနေနဲ့တော့ မေမေတို့ ရင်ပူသမျှကို ရှင်းပြပါဦး"

"ဗျာ"

မိခင်နှင့် အစ်မ ဆွဲခေါ်ရာသို့ သူအလိုက်သင့် ပါလာခဲ့သည်။

ဧည့်ခန်းတွင် ထိုင်မိသောအခါ. . .

"ပြော. . . သား ကောင်မလေးနဲ့သား ရွှေဘဲမှာ စားသောက်ကြတယ်ဆို၊ အဲဒါ သားက ဗိုက်အရမ်းထိုးအောင့်လာလို့ ရုတ်တရက်ကြီး ထပြန်ပြေးသွားတယ် စိုးရိမ်လို့ ပြန်ရောက်ပြီလားလို့ဆိုပြီး ဆက်တာတဲ့လေ"

ရဝေ၏ လုပ်ကြံမှုကို စတင်ခံလိုက်ရလေပြီဟု သဘောပေါက်လိုက်သည်။

"အဲဒါနဲ့ စိုးရိမ်ပြီး သားသူငယ်ချင်းတွေအိမ် ဆက်မေးတော့လည်း တစ်ယောက်မှ မရှိကြဘူးတဲ့"

"မောင်လေးဖုန်းကို ခေါ်တော့လဲခေါ်မရတော့ ပိုပူတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ စိုးရိမ်ပြီး ဖေဖေထွက်သွားလိုက်တာ ခုထိ ပေါ်မလာဘူး၊ စောစောကပဲ ပြန်ရောက်ပြီလားလို့ ဖုန်းဆက်မေးသေးတယ်၊ ပြောရင်း အခုမှသတိရတယ်၊ ပေးစမ်း. . မောင်လေဖုန်း၊ ဖေဖေ့ဆီ လှမ်းအကြောင်းကြားလိုက်ဦးမယ်"

အစ်မက ပြောပြောဆိုဆို သူ့ခါးကြားမှ ဖုန်းကို ထုတ်ကြည့်တော့ အားကုန်နေသဖြင့် အိမ်ထဲဝင်ပြီး ဖခင်ထံဆက်သွယ်ကြသည်။

"တစ်နေရာရာမှာများ ကားအက်ဆီးဒင့်ဖြစ်နေသလားလို့ ရဲစခန်းတွေ ဆေးရုံတွေပါ လိုက်မေးမယ်တဲ့လေ"

"ခါတိုင်းလဲ သွားနေကြပဲ မေမေရယ်"

"သွားတာက ပြောသွားတာ၊ ခုပြောပုံက ချွေးတွေလဲပြန်ပြီး ရုတ်တရက်ပြန်မှဖြစ်မယ်ဆိုပြီး ပြန်သွားတာတဲ့၊ တားချိန်တောင်မရလိုက်ဘူးဆိုတော့ အရမ်းကို စိတ်ပူသွားတာ"

သူ့အပေါ် အရွယ်မရောက်သေးသော ကလေးတစ်ဦးပမာ မျက်စိအောက်က အပျောက်မခံနိုင်အောင် အချစ်ပိုကြသော အမေနှင့် အသက်ဆယ်နှစ်ကျော်ကြီးသော အစ်မကြီးကြောင့် သူ အနေရခက်သည်များ ရှိခဲ့ရသည်။ သို့သော် မိဘနှင့်အစ်မမေတ္တာကို သူနားလည်၍ စိတ်ညစ်ခြင်းတော့ မဖြစ်မိပါချေ။

"ဒါဖြင့်. . သားကောင်မလေးက ဘာဖြစ်လို့ ဆက်ရတာလဲ"

"သူကလား. . . အင်း. . သူ့ကိုဖြတ်ခဲ့တာကိုး"

"ဘုရားရေ ဘာဖြစ်လို့လဲ. . သားရည်းစားလား"





အစ်မက သူ့ရင်ဘတ်ကို သူ့လက်နှင့်ဖိကာ အလန့်တကြား သူ့အားကြည့်၍ မေးလိုက်သည်။

"ဘယ်ကလာ ရည်းစားရမှာလဲ မမရာ. .၊ သားမှာရည်းစားတစ်ယောက်မှ မရှိသေးဘူး တွဲရုံပဲရှိသေးတာ. . ဂဲလ်ဖရင့်န်လေ၊ မမကို ရှင်းပြဖူးသားနဲ့"

"နင်တို့ဆန်းဆန်းပြားပြားတွေကို ငါလိုက်မမီတော့ပါဘူး ဘာဖြစ်လို့ ဖြတ်ခဲ့ရတာလဲ"

"လူတန်းစားခွဲခြားမှု၊ မောက်မာရိုင်းပျမှုကို မကြိုက်လို့ ဆိုင်မှာပဲထားခဲ့ပြီး ထွက်ခဲ့တာ၊ ဒါမှ နာကြည်းပြီး ပြတ်သွားအောင်လေ၊ တမင်ဖြတ်တောက်ပစ်လိုက်တာ"

"ဘုရား. . ဘုရား မိန်းကလေးဖြစ်ရတဲ့ ဘဝဟာ မင်းလိုယောက်ျားတွေမျိုးချည်းပဲသာဆိုရင် ဒုက္ခ၊ ဆူးကျလဲဖက်၊ ဖက်ကျလဲဖက် ဆိုတဲ့စကားထက် ဆိုးတဲ့စကားတွေ ထွက်ပေါ်လာနိုင်သေးတာပဲ"

မိခင်က ဘာမှမပြောဘဲ အစ်မကသာ ပြောသည်။ ခန့်ညား ဖျတ်ခနဲသတိပြုမိလိုက်သည်က အသက်သုံးဆယ်ကျော်ပြီဖြစ်သော အစ်မအတွက် ဒီအတိုင်းထား၍ မဖြစ်တော့။ အရွယ်လွန်နေပြီ။

သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်မှဖြစ်မည်။ ဒီအတိုင်းဆိုလျှင် သူ့အပေါ်၌သာ အာရုံစူးစိုက်ကာ အချစ်တွေ ပိုနေခြင်းဖြင့် အစ်မကြီးဘဝ တစ်ကိုယ်တည်း အရိုးထုတ်ရပေတော့မည်။

"မမကလဲဗျာ အိပ်ချင်ပြီ ဘာတွေပြောမှန်းလဲ မသိဘူး၊ သားကိစ္စ သားရှင်းနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး သား ဒီကြားထဲကအချိန်တွေ သား ဘယ်သွားနေတာလဲ"

"ပိုင်ကြီးတို့ကို ဖုန်းနဲ့လှမ်းချိတ်ပြီး ကော်ဖီဆိုင်ထိုင်နေကြတာလေ"

"ဩော် ဒါဖြင့်လည်းပြီးရော၊ ဒါပေမယ့် ဘယ်သွားမယ် ဘယ်လာမယ် ဆိုတာတော့ မိဘနဲ့အစ်မကို အကြောင်းကြားဖို့ကို မမေ့နဲ့သား၊ အမေတို့ သားကိုစိုးရိမ်လို့ ဒီနှစ်နာရီလောက်မှာ ဘယ်လောက်မီးတောက်သွားတယ်ဆိုတာ သား တွေးကြည့်မိရင် နားလည်လိမ့်မည်၊ နောက်ဒီလိုမလုပ်နဲ့တော့ သိလား၊ မိန်းကလေးတွေကိုလဲ နှမချင်းစာနာပြီး မချစ်နိုင် လက်မထပ်နိုင်ဘဲနဲ့တော့ တွဲသွားတွဲလာ မလုပ်ပါနဲ့တော့ သားရယ်"

မိခင်က လေပြည်ကလေးနှင့် နားချသည်။

"မမက သူတို့လိုဆတ်စလူးမှ မဟုတ်တာ၊ စာနာကြည့်လို့မှ မရတာ၊ သားမတွဲလည်း သူတို့ကလိုက်တွဲတော့ အားနာလို့တွဲလိုက်မိတာ"

"သား အပြောင်အပျက်မပြောနဲ့ တော်ရုံတန်ရုံ မိန်းမမျိုးနဲ့တော့ လုံးဝသဘောမတူနိုင်ဘူးဆိုတာ သားနားလည်ထားတယ်နော်"

"ဟုတ်ကဲ့ ဒီအတိုင်းဆို မမလိုပဲ အပျိုကြီးဖြစ်၊ အဲ လူပျိုကြီးဖြစ်ရင် ခက်ပြီ၊ သား အိပ်တော့မယ်နော်"

ခန့်ညား ပြောပြောဆိုဆို မိခင်နှင့် အစ်မအနီးမှ ပြေးထွက်လာခဲ့လေသည်။

ရဝေကိုသာ ထားရစ်ခဲ့သည်။





သူ့ မိခင်ကတော့. . .

မိခင်သည် တော်ရုံမိန်းကလေးနှင့် သဘောတူမည်မဟုတ်။ မျိုးရိုးဂုဏ်၊ ဓနဂုဏ်၊ ပညာဂုဏ်ဆိုသော ဂုဏ်တွေကို သာကြည့်ကာ စံထားတတ်သည်ကို သူသိပြီးဖြစ်သည်။

ဒါကြောင့်လည်း အစ်မ အပျိုကြီးဖြစ်နေခြင်းဖြစ်သည်။

သူကတော့. . .

သူကလည်း စံမိန်းကလေးကို ရွေးချယ်သည်။

သူ့စံကတော့ မိဘနှင့်အစ်မတို့ သတ်မှတ်ထားသော ဂုဏ်စံနှင့်မတူ။ သူ့စံသည်. . .

ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော မိန်းမလှကလေး။ ဒါကရုပ်အလှအတွက်။ နောက် စိတ်အလှအတွက်. . .

လိမ္မာယဉ်ကျေးမှုရှိပြီး သဘောကောင်း၊ မနောကောင်းလေးဖြစ်ရမည်။ အဖြူရောင်သက်သက် မိန်းကလေး. . .။

သို့သော် အသိပညာ၊ အတတ်ပညာတော့ ရှိရမည်။ ရိုးအေးခြင်းထက် ထက်မြက်ခြင်းကို သူ ပိုနှစ်သက်သည်။

သူ့ တွဲခဲ့သော ခုနစ်ယောက်။

ခုနစ်ယောက်စလုံး လှသည်။

ထို့ကြောင့် ရုပ်အလှစံအတွက် သူကျေနပ်ခဲ့ရသော်လည်း ပထမတစ်ယောက် လှသော်လည်း သေသပ်သန့်ရှင်းမှုမရှိ။ ပိုသီပတ်သီနှင့် ပျာယီးပျာယာနိုင်လွန်းလှသည်။

ဒုတိယတစ်ယောက်က လှသော်လည်း အေးစက်စက်မြုံစိစိနိုင်တာ ကပ်စေးနည်းလွန်းလှသည်။ ထို့ပြင်မှမက ဝန်တိုစိတ်ကများလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တတိယတစ်ယောက်ကလှသည် မှန်သော်လည်း စွာလွန်း၊ နှုတ်ကြမ်းလွန်းသည်။

သူကလွဲလျှင် ကျန်လူများအပေါ် အပြစ်ရှာ ရှုပ်ချတတ်သည်။ အကောင်းမြင်ဝါဒ မရှိ။

စတုတ္ထတစ်ယောက်လည်း လှသည်။ သို့သော် လျှို့ဝှက်မှုများသည်။ လောင်းကစားကို အင်မတန် ခုံမင်သည်။

ပဉ္စမတစ်ယောက်။ သူလည်းလှသည်။ သို့သော်. . အကြွား သန်လွန်းသည်။ ကိုယ့်ကိုကိုယ် လှနေအောင် ပြင်တတ်သော်လည်း အိမ်၌စည်းကမ်းမရှိ။ ကြွက်သိုက်ကဲ့သို့ ရှုပ်ထွေးနေတတ်သည်။ စည်းကမ်း လုံးဝမရှိ။

ဆဋ္ဌမမြောက်အတွဲ။ အတော်လှသည်။ သို့သော် အိပ်သောအခါ၌ ရှူးပေါက်ချတတ်သည်ဟု သူ့သူငယ်ချင်းများ၏ နောက်ပြောင်မှုများမှတစ်ဆင့် မသက်သာ၍ စုံစမ်းကြည့်သောအခါ အိမ်ဖော်များမှတစ်ဆင့် မှန်ကန်နေကြောင်းသိရ၍ ခန့်ညား အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။

ယခု သတ္တမမြောက်အတွဲက 'ရဝေ'။ သူလည်းအတော်လှသည်။ အားလုံးထဲမှာ အချမ်းသာဆုံးဖြစ်သည်။ မင်းမျိုးမင်းနွယ်က ဆင်းသက်လာသည်ဟုဆိုကာ ဘဝင်မိုးပေါ်ရောက်နေသည်။ ရွံ့ဗွက်ကိုပင် ရွံတတ်သော မိန်းမမျိုး။

ဒါကထားတော့။ ရွံ့ဗွက်နင်းစရာမလိုအောင် အိမ်ပေါ်ကဆင်း ကားပေါ်၊ ကားပေါ်ကဆင်း သွားလို့ရာ အဆောက်အဦးဆီတန်းရောက်နိုင်၍ ချမ်းသာမှုကြောင့် အောက်ခြေလွတ်ခြင်းကို ကြီးမားသောအပြစ်ဟု သူမမြင်သေး။





သို့သော် သူ့ထက်အသက်ကြီးသော အိမ်အလုပ်သမားက ဖိနပ်ထုတ်ပေး၊ သိမ်းပေးရတာမျိုး၊ ကြိုးသိုင်းဖိနပ် ဆိုလျှင် ကြိုးတပ်ပေးရတာမျိုး၊ သူကျောင်းသွားကျောင်းပြန်ကို အိမ်ဖော်များက စာအုပ်၊ ထမင်းဗူးကို ကားပေါ်အရောက်ပို့ပေး၊ ကားပေါ်မှယူကာ အိမ်ထဲသို့ ပြန်သယ်ရတာမျိုး၊ စားသောက်သည့်အခါလည်း ဘုရင့်သမီးတော်လို့ ခွေရံသင်းပင်းအနားထား၍ ပွဲတော်တည်တာမျိုးကို ဂုဏ်ယူစွာ ပြောပြလိုက်သည်။

ထိုမျှမကသေး။ ထမင်းအတူစားစဉ် စားသောက်ဆိုင်အလုပ်သမားအပေါ် အပြစ်တင်မှု၊ ခိုင်းစေမှုက ရိုင်းစိုင်းသည်။ မင်းမျိုးမင်းနွယ် ဆိုသော်လည်း ကြမ်းတမ်းရင့်သီးသောအပြုအမူ အပြောအဆိုနှင့်က ဆန့်ကျင်ဘက်. .။ လူလိမ္မာများသာလျှင် ယဉ်ကျေးသိမ်မွေ့သည်။

ရဝေကို ပြတ်သားစွာပင် ထားရစ်ခဲ့လိုက်သည်။

လေ့လာချင်စိတ် ကုန်သွားခဲ့သည်။

ဒီအတိုင်းသာ ဇီဇာကြောင်နေလျှင် သူလည်း လူပျိုကြီးလုပ်ဖို့သာ ရာခိုင်နှုန်းများနေလေပြီ။

"ဒေါက်. . ဒေါက်. ."

"ဘယ်သူလဲ"

"မမပါ မောင်လေး အိပ်ပြီလားလို့ မမပြောစရာရှိလို့"

သူ တံခါးဖွင့်ပေးလိုက်သည်။ မောင်နှမနှစ်ယောက်တည်းရှိခြင်းကြောင့် အခြားမိသားစု ညီအစ်ကို မောင်နှမများထက် သူတို့မောင်နှမနှစ်ယောက်က တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ခင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ပြန်ရောက်ပြီလား"

"ရောက်ပြီ စောစောကပဲ အိပ်ခန်းထဲ ဝင်သွားကြတယ်၊ ဒါနဲ့ မမလဲ မောင်လေးကို သတင်းပေးစရာရှိလို့ ဝင်လာတာ"

"ဟုတ်လား ဘာလဲမမ"

သူက တံခါးပြန်စေ့ပြီး အစ်မဖြစ်သူအား အားတက်သရော မေးလိုက်သည်။

"မောင်လေးကို ခြေငြိမ်အောင်ဆိုပြီး . . မေမေက သူ့သူငယ်ချင်းသမီးနဲ့ တွေ့ပေးပြီး စေ့စပ်ပေးမယ် ပြောနေတယ်"

"ဘယ်သူလဲ"

"ဟိုအဝေးပြေးကားတွေထောင်ပြီး ခရီးသွားလုပ်ငန်းလုပ်ကြတဲ့ လင်မယားလေ၊ အိမ်ကအလှူအတန်းတွေ လာဖူးပါတယ်"

"ဩော်. . မှတ်မိပြီ၊ သူတို့မှာ သမီး ရှိလို့လား"

"ရှိတယ်တဲ့. . နွယ်နွယ်ဆိုလားပဲ၊ အတော်ချောတယ် ပြောတာပဲ၊ လှတာမှကြိုက်တဲ့ မောင်လေးအတွက် လှလှလေးပဲ စဉ်းစားရတာ"

"လှတာတွေ အတော်စိတ်ကုန်လာပါပြီ မမရာ. . ဒါကြောင့် လှတာမက်ရင် ညစာခက်တတ်တယ်လို့ ပြောတာထင်တယ်၊ တော်ပါပြီမမရာ ဖူးစာပါလာရင်တော့ မလွဲမသွေ မိန်းမရတော့မှာပဲ"

"ဘာပဲဖြစ်ဖြစ် မောင်လေးသဘောနဲ့ မောင်လေးရှာပြီးပြီပဲ၊ မိဘတွေသဘောကျကိုလည်း လိုက်ကြည့်လိုက်ဦး၊ မေမေ ပြောလာတဲ့အခါ မငြင်းနဲ့"





"သားကိုသာ ပြောနေ၊ မမအတွက်ကော"

အစ်မအပျိုကြီးမျက်နှာ စတော်ဘယ်ရီရောင် ပြေးသွားသည်။ ထိုင်ရာမှ ဆတ်ခနဲ ထပြီး. . .

"နင့်အရွယ်တုန်းက မေမေတို့လည်း ငါ့အတွက်ကြည့်တာပေါ့ဟဲ့၊ ငါ့ကိုကပဲ ချေးများလွန်းတာ ထင်ပါတယ်၊ တစ်ယောက်မှ စိတ်တိုင်းကျမတွေ့လို့ ငြင်းခဲ့တယ်၊ မောင်လေးကလဲ မမလိုမလုပ်နဲ့ မျိုးဆက်ပြတ်သွားလိမ့်မယ်"

"မမအသက်လဲ သုံးဆယ်လေးပဲရှိသေးတာပဲဟာ၊ စဉ်းစားဦး သားကိုချည်း ပြောမနေနဲ့၊ စီနီယာအတိုင်းပဲ ကောင်းပါတယ်"

"တော်ပြီ. . ဒီကောင်လေး အိပ်တော့ မမသွားမယ်"

အစ်မက ပြောပြောဆိုဆို ထသွားလေသည်။

ခန့်ညားသည် အစ်မဖြစ်သူအား မထိတထိစလိုက်သည်။

"အပျိုကြီး တကယ်လုပ်မှာလား××ပြောစမ်းကွယ်××"

"ဖိုးလပြည့်နော်. . ငါ ခေါက်ထည့်လိုက်ရ"

ပြောတာပင် နောက်ကျသေးသည်။ ခန့်ညား ခေါင်းကို တိန်ခနဲမြည်အောင် ခေါက်သွားပြီးသား ဖြစ်နေလေသည်။

"အား. . နာလိုက်တာ"

မနာသောခေါင်းကို နာချင်ဟန်ဆောင်ကာ ပွတ်လိုက်ပြီး မျက်နှာကို ရှုံ့တွလိုက်သေးသည်။

အစ်မက မျက်စောင်းထိုးကာ. . .

"အပို. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟုတစ်ခွန်းတည်းပြောပြီး တံခါးကိုဆွဲဖွင့်ကာ ထွက်သွားလေသည်။ ခန့်ညားပခုံးကိုတွန့်ကာ တံခါးကို အသာတွန်းပိတ်လိုက်သည်။

သူ့အစ်မ ယဉ်ကျေးသည် နာမည်နှင့်လိုက်ဖက်စွာ ယဉ်ကျေးသိမ်မွေ့သည်။ အလုပ်ကလည်း အထက်တန်းပြ ဆရာမတစ်ဦးဖြစ်သဖြင့် ပို၍ပင်ဣန္ဒြေကြီးကာ တည်ငြိမ်လွန်းလှသည်။

ဒါကြောင့်များ အပျိုကြီးဖြစ်နေသလား၊ မဖြစ် . . သူ့ကိုစွထက် အစ်မကိစ္စကို အရင်လုပ်ပေးသင့်သည်။

မနက်ဖြန်ရောက်လျှင် နိုးနိုးချင်း မိခင်ကို တိုက်တွန်းဦးမှ၊ သူ အိပ်ပျော်စေရန် မျက်စိမှိတ်လိုက်သည်။

ထိုစဉ် ပန်းနုရောင်မှ မိန်းကလေး၏ သီချင်းဆိုဟန်ပန်လေးသည် သူ၏အာရုံထဲသို့ ချဉ်းနင်းဝင်ရောက်လာသည်။

ရုပ်ပိုင်းဆိုင်ရာအလှ၌ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံစေသည်။

သို့သော် မဖြစ် . . ၊ စားသောက်ဆိုင်၌ သီချင်းဆိုသောမိန်းကလေးမျိုးကိုတော့ သူစိတ်ကူး၌ပင် လက်မခံနိုင်၍ မောင်းနှင်ထုတ်လိုက်မိလေသည်။









# အခန်း(၃)

နွယ်နွယ် အမည်ရှိသော သူ့အတွက် လျာထားသော ဇနီးလောင်း၏နေအိမ်၌ ဘုရားကိုးဆူပြုလုပ်သည့် အလှူမင်္ဂလာအခမ်းအနားသို့ မိခင်နှင့်အစ်မကြား၌ ကိုးလိုးကန့်လန့်ပါလာရသည်။

ဘုရားခန်းက အပေါ်ထပ်မှာ၊ အောက်၌ ဧည့်ခံကျွေးမွေးသည်။ ခြံဝင်းကလည်းကျယ်၊ အလှမွေးမြူက်ခင်းပြင်က



www.burmeseclassic.com

www.burmeseclassic.com

လည်းပြန့်ပြန့်ပြူးပြူး ကျယ်ကျယ်ဝန်းဝန်းဆိုတော့ ညှော်ခံပွဲအတွက် အထူးသင့်လျော်သည်။

နွယ်နွယ် အမည်ရှိသော မိန်းကလေးကို တွေ့လိုက်ရတော့ ခန့်ညား လာရကျိုးနပ်သွားပြီဟု ထင်လိုက်ရသည်။ လှသားပဲ။ အလှအပကို ခံစားတတ်သော ယောကျ်ားအမျိုးအစားတွင် သူက ထိပ်ဆုံးက ပါဝင်နေသည်ကိုး။

"သမီး နွယ်နွယ်လေ သား"

"ဟုတ်ကဲ့ တွေ့ရတာလှပါတယ်" ဟူသော စကားကို ရတော့ ရင်ထဲ၌သာ ပြောလိုက်သည်။

ခုလိုပြောလို့မဖြစ်။ နေရာဒေသကို ကြည့်ရသေးသည်။ လူကြီးလူကောင်းတွေ၏ စိန်ရွှေချင်း၊ ဂုဏ်ချင်းပြိုင်နေသော ပွဲ၌ သူတို့လို ပါမွှားချာတိတ် (မိဘဂုဏ်ကိုမှီလျှင်တော့ ပါမွှားမဟုတ်) တွေက ငြိမ်သက်ကာ ကြ္ကန္ဒြေရရ နေရုံသာ။

"ဟုတ်ကဲ့. . ."

"အန်တီ့သား ခန့်ညားလေ သမီး နွယ်၊ ဒါ သမီးကြီး မယဉ်ကျေးကိုတော့ သိပြီးသား မဟုတ်လား"

"ဟုတ်ကဲ့ မမနဲ့ ဗိုလ်ချုပ်ဈေးမှာ တစ်ခါဆုံသေးတယ်လေ"

"ဟုတ်တယ် မေမေ့ကိုတောင် မပြောမိလိုက်ဘူးထင်တယ်၊ ဘုရားသွားဖူးလိုက်ဦးမယ် မောင်လေးကော"

"မလိုက်တော့ဘူး"

နွယ်နွယ် ဟူသော အလှပန်းလေးနား၌ ရစ်ဝဲနေချင်သေးသည်။ ဒါက ပျားပိတုန်းတို့၏ သဘာဝပေပဲ။





ဘုရားကိုးဆူကိုလာပြီး ဘုရားမဖူးဘဲ စားသောက်ပြီး ပြန်သောညှော်သည်တွင် သူလည်းပါသွားလေပြီ။ ကိစ္စမရှိ၊ သူက ငယ်သေးသည် (မိန်းမမှမရသေးတာ၊ ငယ်ရွယ်သူစာရင်းထဲ သွင်းထားနိုင်သည်။)

ခန့်ညားက နွယ်နွယ်ကိုကြည့်ကာ. . .

"ကိုယ့်ကို မင်း ညှော်ခံမှာလား"

"ကိုခန့်ညား တစ်ယောက်တည်း ညှော်သည်ရှိတာမှ မဟုတ်တာ၊ အားလုံးနဲ့ တန်းတူညှော်ခံမှာပေါ့"

နွယ်နွယ်ကလည်း မခေ။ ဖြူဖြူဖွေးဖွေး သေးသေးသွယ်သွယ်လေး။ ခုခေတ်မော်ဒယ်ဂဲလ်များစတိုင်ဆိုတော့ ကြည့်လို့တော့ အကောင်းသား။

"ကိုယ့်ကို အထူးညှော်သည်အဖြစ် နှလုံးသွင်းပြီး ညှော်ခံရင်လဲ ဖြစ်ပါတယ်"

"အမယ်. . နာခနေပါဦးမယ်"

"ကိစ္စမရှိဘူး၊ ကိုယ်က သာတယ်နာတယ် မတွက်ပါဘူး. ."

"တတ်တယ်၊ အလေ့အကျင့်က ရှိပြီးသားထင်တယ်"

ခုခေတ်မိန်းကလေးများ၏ ရဲတင်းပုံက အံ့မခန်း။

ခန့်ညားကလည်း ခေတ်လူငယ်ပေပဲ။

"လေ့ကျင့်ခြင်းသည် အောင်မြင်ရာ၏တဲ့လေ. .၊ ဒါကြောင့် ပွဲမဝင်ခင် ကြိုတင်ကျင်းပခဲ့ရတာ"

"ချီးကျူးလောက်ပါပေတယ်၊ ကဲ. . စားတော်မူ၊ ခဏနော်. . ပြန်လာခဲ့မယ်၊ သူငယ်ချင်းတွေဆီ ခဏလေးသွားမလို့"


www.burmeseclassic.com

www.burmeseclassic.com

လေးယောက်စားပွဲ၌ သူတစ်ယောက်တည်း ငေါင်းစင်းစင်း ကျန်ရစ်ခဲ့သည်။ ကိစ္စမရှိ၊ စားရင်းသောက်ရင်း အလှအပကလေးများကို မျက်စိစားပွဲထိုင်နေလိုက်ရုံပင်။

သိပ်မကြာလိုက်။

မိခင် အစ်မနှင့် နွယ်နွယ်၏မိခင် ရောက်လာသည်။

"ဟယ်. . သားတစ်ယောက်တည်း ထားခဲ့သလား၊ ဒီကောင်မလေး ဘယ်ရောက်သွားပြန်ပြီလဲ၊ မောင်ခန့်ညားကို သေသေချာချာ ဧည့်ခံပါလို့ ပြောထားရဲ့သားနဲ့ မိနွယ်တို့က ဒီလိုပဲ"

"ကိစ္စမရှိပါဘူး အန်တီ၊ ခုနလေးတင် သူ့ သူငယ်ချင်းတွေဆီ ထွက်သွားလိုက်တာပါ"

လူကြီးတွေဘက်က စိုပြည်နေသကဲ့သို့ သူတို့ လူငယ်တွေဘက်ကလဲ အိုကေစေရမည်ပေါ့။

လှသည်။ စကားပြောကလည်း အပေးအယူ တည့်သည်။ သွက်လက်မှု ထက်မြက်မှုလည်း ရှိသည်ဆိုတော့ မဆိုး။

"မေမေတို့စားနေတုန်း သား သူငယ်ချင်းတစ်ယောက်တွေ့လိုက်လို့ သွားနှုတ်ဆက်လိုက်ဦးမယ်နော်"

"မကြာစေနဲ့နော်သား ခုပြန်မှာ"

စားပြီး ပြန်မည့်သဘော။

ခန့်ညား မုသားသုံးလိုက်ခြင်း ဖြစ်သည်။ သူငယ်ချင်းကို တွေ့၍မဟုတ်။ နွယ်နွယ်က ဧည့်ခံကျွေးမွေးနေရာ မြက်ခင်းပြင်မှ ဖယ်ခွာ၍ သစ်ခွရုံဘက်ထွက်သွားသည်ကို တွေ့လိုက်ရ၍ ဖြစ်သည်။





နွယ်နွယ်သူ့ကို မှားခေါ်သွားတာလား၊ မလိုက်ပြန် မိုက်ရာကျမည်။ ထို့ကြောင့် သူလိုက်ခြင်းဖြစ်သည်။

အမှန်တော့ နွယ်နွယ်သည် ဧည့်ခံဝိုင်းများ အလယ်၌ ကြော့ကြော့မော့မော့လေး ဧည့်ခံနေရုံကလွဲ၍ အခြားနေရာ သွားစရာမလို။ သွားချင်လည်း အိမ်ထဲသို့သာ ဝင်သင့်သည်။

ယခုတော့ လူရှင်းရာ သစ်ခွရုံ။ မှောင်ရိပ်ကလည်း ကျသေးသည်။ သူ သံသယစိတ် ဝင်လာသည်။

ရည်းစားနှင့် ချိန်းတွေ့တာလား။

ဒါဆိုရင် ပွဲပြီးပြီ။

သူ စပ်စုတာတော့မဟုတ်။ သို့သော် ကိုယ်နှင့်လက်ထပ်ပေးရန် မိဘများရည်ရွယ်ထားခြင်း ခံရသော အနှိမ်းကလေး၏အကြောင်း သိထားသင့်သည်။ အကျင့်စရိုက်၊ ပြီးတော့. . ရည်းစားရှိမရှိ၊ ရည်းစားရှိသော မိန်းကလေးကိုတော့ သူ ဇီလိန်အဖြစ်ခံကာ မယူနိုင်။

သစ်ခွရုံထဲဝင်ကာနီး ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်သည်။ တော်သေးသည်။ သူက ကျောက်ခက်ပင်အုံနှင့်ကွယ်ကာ နေရာယူထား၍။

ပန်းရုံထဲ ဘယ်သူမှမရှိ။ သစ်ခွစင်အိုးနောက်မှ ပုလင်းတစ်လုံးကို ယူလိုက်သည်။ ဟိုဟိုဒီဒီ ကြည့်လိုက်သေးသည်။ နောက်မှ စိတ်ချလက်ချ ရှိသွားသည့်အား ပုလင်းကိုဖွင့်ကာ အားပါးတရ ရှူရှိုက်နေသည်။

ဗုဒ္ဓေါ. . ဘာတွေရှူနေတာလဲ။ ထူးဆန်းသောမြင်ကွင်းပင်။ ပုလင်းကလည်း စပရစ်ပုလင်းလောက် ရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုလင်းအဝကို နှာဝ၌တေ့ပြီး ခေါင်းကလေးမော့တော့တော့ မျက်တောင်လေးမှေးစင်းပြီး အားပါးတရ ရှူရှိုက်လိုက်သည်မှာ 'ရှူးရှဲ' ဟူသောသံစဉ်ရှည်ပင် ကြားလိုက်ရသည်။

သူ ခေါင်းနပန်းကြီးသွားသည်။

လျှာထားခြင်းခံရသော သူ့ဇနီးလောင်းလေးကတော့ ပတ်ဝန်းကျင်ကို မေ့လျော့ကာ ငါးကြိမ်တိတိ ရှူရှိုက်ပြီးမှ အားရကျေနပ်သွားသည့်အလား ပုလင်းကို အဖုံးပြန်ပိတ်၊ နေရာတကျပြန်ဝှက်ပြီးတော့ ကြော့ကြော့မော့မော့လေး သစ်ခွရုံမှသည် ညေ့ခံပွဲရှိရာသို့ ပြန်လည်ကြွမြန်းသွားလေတော့သည်။

ခန့်ညားက သူ့ကိုမမြင်စေရန် ကျောက်ခက်ပင်ကို အကာအကွယ်ပြုကာ ခန္ဓာကိုယ်ကို တတ်နိုင်သမျှ ငုံ့၊ အလိုက်သင့်ရွှေ့လျားပြီး ပုန်းအောင်းနေရစ်လိုက်သည်။

မနေလို့မဖြစ်. . ။ သူ အင်မတန်ထူးဆန်း အံ့ဩဖွယ်ကောင်းသောမြင်ကွင်းကို တွေ့မြင်လိုက်ရပြီဆိုတော့ ဆက်လက်စူးစမ်းစိတ်က ထိန်းမရတော့။

နွယ်နွယ် ခိုးကြောင်ခိုးဝှက်နှင့် ရှူရှိုက်သော ပုလင်းထဲ၌ ဘာရှိသနည်း။

ဘိန်းဆီလား။ ဘိန်းက မီးရှို့ရှူရသည်၊ မဖြစ်နိုင်။

နွယ်နွယ်ရုပ်က ဘိန်းစားရုပ်မဟုတ်။ ရှင်းသန့်ဖြူစင်နေသည်။

နွယ်နွယ်မြင်ကွင်းမှပျောက်သွားပြီ။ သူလည်း နွယ်နွယ်နည်းတူ ခိုးကြောင်ခိုးဝှက်ပြုကာ သစ်ခွရုံထဲ ဝင်လိုက်သည်။ စောစောက နွယ်နွယ် ပန်းအိုးနောက်၌ ဝှက်ထားခဲ့သော ပုလင်း





ကိုနှိုက်ယူလိုက်သည်။

အရည်တွေပဲ။ ဘာရေတွေလဲ။

ရှူကြည့်စရာမလို။ ဓာတ်ဆီနံ့က ထောင်းခနဲ။

"ဟင်"

ထူးထွေတည့်အံ့ရာပါလား။

ခန့်ညား မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။ ပုလင်းကိုပြန်ပိတ်ပြီး နေရာတကျ ပြန်ထားလိုက်သည်။

နောက် ခြေလှမ်းကျဲကြီးဖြင့် သစ်ခွရုံကို ကျောခိုင်းကာ ထွက်ခွာခဲ့လေသည်။

ထူးထူးကဲကဲ စိတ္တဇဆန်သော အစွဲအလန်းရှိသည့် မိန်းမတစ်ယောက်ကို လက်ထပ်ယူရဲသောသတ္တိ သူ့မှာမရှိချေ။

သွားပြန်ပြီပေါ့. . .

အငှမမြောက် မိန်းကလေး။

တော်ပါပြီ။ မိန်းမတွေကို စိတ်ကုန်ပြီ။ သူတို့ကို စိတ်ဝင်စားစွာဖြင့် ဂရုတစိုက်ကြည့်လေလေ ချို့ယွင်းချက်တွေ တစ်ခုပြီး တစ်ခု တွေ့ရလေလေဖြစ်လေသည်။

အေးအေးဆေးဆေးပဲနေပြီး လူပျိုကြီးပဲ လုပ်လိုက်တာ ကောင်းမည်ထင့်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

ညရှစ်နာရီတိတိတွင် 'ပန်းနုရောင်' သို့အရောက်ဟု ပီတာက လှမ်းချိန်းသဖြင့် သူရောက်အောင်သွားခဲ့သည်။ သို့သော် ငါးမိနစ်ခန့် နောက်ကျသွားသည်။

ခဲသေအဖွဲ့ရှိမနေတော့ အထဲဝင်သွားပြီ။ သူ လိုက်ဝင်ခဲ့သည်။ ထင်သည့်အတိုင်း ကိုယ်တော်မြတ်တို့က နေရာကောင်းကောင်း ယူထားနှင့်လေပြီ။





“ဖိုးလပြည့် မင်းနောက်ကျတယ်၊ ဒါကြောင့် ဒီနေ့ မင်းပန်းပေး အလှည့်ပဲ”

သူငယ်ချင်းများ၏ ထုံးစံကို သူ မငြင်းဆန်ပါ။

“ဖြစ်ပါတယ်”

ပြောပြောဆိုဆို စင်နိမ့်ကို လှမ်းကြည့်လိုက်သည်။

ဟိုတစ်နေ့က မိန်းကလေးပါပဲလား။ စတိုင်လ်ဘောင်းဘီနှင့် ကုတ်အင်္ကျီကိုသာ ဝတ်တတ်သလား။ လုံခြုံမှုကိုပဲ ဦးစားပေးတာလား။ သူ စတိုင်လ်ပေလား မသိနိုင်။

“နာမည်က. . အမုံ တဲ့ကွ”

“ကမ်းထရီး(တော) ဆန်တယ်ကွာ”

ရဲအောင်ထွဋ်၏ သတင်းပေးမှုကို သူ ရှုံ့ချလိုက်သည်။

“ချစ်စရာကောင်းတဲ့ နာမည်လေးပါကွာ”

ဇော်ပိုင်က သူ့အဆိုကို တိုက်ဖျက်သည်။

“လူလည်း လှတာပဲကွ”

ပီတာကလည်း သဘောကျစွာ ထောက်ခံသည်။

စိုင်းညီညီက

“အ. . အသံလည်းကောင်း၊ လူ. . လူလဲလှ. . ထူး. . ထူးခြားခြား အဲဒီလိုမျိုး ပြည့်စုံမှုက ရှား. . ရှားတယ်ကွ၊ အဆိုတော်တွေကြည့်ပါလား အသံကောင်းပေမယ့် ရုပ်ရည်က ပြစ်. . ပြစ်မျိုးမှဲ့မထင်ဆိုတာမျိုး ရှိလို့လား”

“တော်စမ်းပါကွာ၊ ကော်ဖီကို အရသာခံ သောက်ပါရစေ၊ မင်းတို့ကို ငါ ထူးထူးဆန်းဆန်းပုံပြင်တစ်ပုဒ် ပြောစရာရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားက ဟန့်တားလိုက်ပြီး သူငယ်ချင်းများကို အဌမ မြောက်မိန်းကလေးကို ကျော်ခိုင်းလိုက်ရသည့်အကြောင်း ဖောက်သည်ချရလေသည်။

"ဟ. . အဲဒါ စိတ္တဇရောဂါပေါ့ကွာ၊ တော်သေးတယ် မင်းသိခွင့်ရလိုက်လို့"

"အေးကွ. . ငါလဲ လှတာမက်တော့၊ သူ့ကို မျက်လုံး ဒေါက်ထောက်ကြည့်မိလိုက်တာ မှန်သွားတယ်"

"သနားစရာလေးကွာ ဒီအစွဲအလန်းမျိုးဟာ သေရောဂါ မဟုတ်ပါဘူးကွာ၊ ပျောက်သွားတတ်တာတွေလဲ ရှိပါတယ်"

ရဲအောင်ထွဋ်က တွေးတွေးဆဆလေး ပြောသည်။

ဇော်ပိုင်က. . .

"ဟုတ်တယ် ဖိုးလပြည့်. . မင်းက ချစ်သောမျက်စိနဲ့ မကြည့်ဘဲ အပြစ်ရှာသောမျက်လုံးတွေနဲ့ကြည့်တော့ ခွင့်မလွှတ်နိုင်တာတွေ ဖြစ်ကုန်တယ်၊ တကယ်ဆို မင်းချစ်လာပြီဆိုတဲ့ မိန်းမအပေါ် မင်း ဘာအပြစ်မှ မြင်တော့မှာမဟုတ်ဘူး"

"ဟုတ်. . ဟုတ်တယ်၊ အဲ. . အဲဒါ ဟုတ်တယ်"

"တစ်ခုတော့ မင်းအတွက် ဆုတောင်းပေးထားရမယ် မင်းတော့တာလုပ်ခဲ့တဲ့ လေဒီတွေရဲ့ကျိန်စာဟာ မင်းအပေါ် မထူး ရှုပါစေနဲ့လို့လေ"

"ဘာဖြစ်လို့ ကျိန်စာတိုက်ရမှာလဲ သူတို့ကို ငါလက်ဖျား နဲ့လဲ မတို့ဘူး ပရိုပို့စ်လဲ မလုပ်ဘူး၊ သူတို့လက်ခံလို့ တွဲသွား တွဲလာလုပ်ပြီး ဒကာတောင် ခံရသေးတယ်၊ သူတို့ရဲ့ အပြုအမူ စရိုက်တွေ မကြိုက်လို့ လမ်းခွဲတာဟာ အပြစ်လား၊ ကျိန်စာတိုက်





ရအောင် ငါက ရိုင်းစိုင်းယုတ်မာနေတာမှ မဟုတ်ဘဲ"

"ငါ တစ်ခုစဉ်းစားမိတာ ရှိသေးတယ်"

ဇော်ပိုင်ကတော့ သူတို့အုပ်စုထဲတွင် ဆရာကြီးဖြစ် သည်။ မကြာခင် မင်္ဂလာဆောင်တော့မည့်သူလည်း ဖြစ်သည်။ စိုင်းညီညီကလည်း ရည်းစားနှင့်ဖြစ်သည်။ ရည်းစားမရှိသေးသူ ကျန်သုံးယောက်အပေါ်၌ မိန်းမကိစ္စနှင့် ပတ်သက်၍ ဆရာကြီး လုပ်ကာ လက်ချာပေးတတ်သည်။

"တစ်နေ့ကပဲ ရဝေ့ရဲ့လက်စားချေမှုကြောင့် မင်းတို့ တအိမ်သားလုံး နာရီပိုင်းမျှ ကမ္ဘာပျက်သွားရတယ် မဟုတ်လား"

"မဆိုင်ပါဘူးကွာ"

ခန့်ညားက လက်မခံချင်။

"နောက်တစ်ခု ရှိသေးတယ်"

"ဘာ"

ခန့်ညား ကျွဲမြီးတိုချင်ပြီ။ သူငယ်ချင်းတွေဖြစ်၍ သူ သည်းခံနေရသည်။

"ဝဋ်ဆိုတာ လည်တတ်တယ်ကွ၊ ဒါကြောင့် မင်းအစ်မ ခုထိ အပျိုကြီးဖြစ်နေတာ"

"တော်စမ်း. . ပိုင်ကြီး ဆွဲထိုးလိုက်လို့ မှောက်သွားမယ်၊ မမအပျိုကြီးလုပ်တာ သူ့ဘာသာသူ ဖြုတ်ပြည်က လာလို့ကွ၊ မလိုချင်လို့ မယူတာ မမကို မထိနဲ့နော်"

ခန့်ညား ရှုးရှုးရှားရှားဖြစ်လာသည်။

ဇော်ပိုင် တောင်းပန်ရသည်။

"ဆောရီးကွာ ငါကတန်ပြန်သက်ရောက်မှု သဘောတ



www.burmeseclassic.com

www.burmeseclassic.com



ရားကို ပြောတာ"

"မလိုပါဘူး၊ ပိုင်ကြီး မင်းလွန်တယ် တို့အုပ်စုက ညီအစ်မတွေကို ကိုယ့်အစ်မ ညီမကဲ့သို့ စောင့်ရှောက်ရမယ် ဆိုတဲ့ စည်းကမ်းအရ မင်း. . မမယဉ်ကျေးကို လုံးဝထိခိုက်မပြောဆိုသင့်ဘူး"

ပီတာစကားကြောင့် ဇော်ပိုင်က ခန့်ညားပခုံးကိုပုတ်ကာ

"ဆောရီး လပြည့်ရာ ငါမှားသွားတယ်၊ အနူးအညွတ်တောင်းပန်ပါတယ်၊ မမယဉ်ကျေးကတော့ ငါတို့ရဲ့ အစ်မအရင်းလိုပါပဲလေ၊ သူ မလိုချင်လို့ မယူတာဆိုတာ ငါတို့သိနေကြတာပဲ"

"အေး. . သိရင်ပြီးတာပဲ ဆရာကြီးလုပ်ချင်တဲ့ မင်းအပြောတွေလျှော့တော့ အားလုံးကို ငါကြေညာချက်တစ်ခုပေးမယ် ခုချိန်ကစပြီး ဘယ်မိန်းမကိုမှ မချစ်ဘဲ မတွဲတော့ဘူး၊ ချစ်နိုင်မယ်ထင်မှပဲ တစ်ခါတည်း လက်ထပ်"

ခန့်ညားစကားကို အားလုံးက တစ်ယောက်တစ်ပေါက်ကန့်ကွက်လေသည်။

"ဟာ ဒါတော့မဖြစ်ဘူး၊ ချစ်ပြီးမှ အပြစ်မြင်တာ ပိုဆိုးတယ်"

"လက်ထပ်ပြီးမှ သည်းမခံနိုင်တဲ့အပြစ်တွေ တွေ့ပြီး ကွဲကြမယ်ဆိုရင် တစ်ခုလပ်ကြီး အဖတ်တင်ကျန်ရစ်မယ် မနိပ်သေးပါဘူး"

"ဘာ. . ဘာပဲပြောပြော၊ ပရိုပို့စ် မလုပ်ခင် လေ့. . လေ့လာတာ အ. . . အကောင်းဆုံးပဲ ဖိုး. . . ဖိုးလပြည့် ရွေးချယ်မှု





က မှန်. . မှန်တာပဲ"

"ဒါဆို. . မချစ်ခင်မှာ လေ့လာခြင်းကိုပဲ အတည်ပြုသင့်တယ်ပေါ့"

"ဟုတ်တယ်. . ဟေ့. . ဟေ့. . လပြည့် ဟိုမှာပြီးတော့မယ်၊ မင်းအလှည့်. . သွား ပန်းတော်သွားဆက်လေ"

ရဲအောင်ထွဋ်က သတိလှမ်းပေးသဖြင့် သူ သုတ်တီးသုတ်ပြာနှင့် စင်နိမ့်ဆီသို့ လှမ်းရလေသည်။ စင်ပေါ်မှ ဆင်းလုလုလေဒီအား ပန်းစည်းလှမ်းပေးသောအခါ အံ့ဩသွားသောမျက်ဝန်းက သောက်ရှူးကြွယ်ညီနောင်အလား လင်းလက်သွားသည်။

"ကျေးဇူးအနန္တပါပဲရှင်"

ရိုးစင်းသော အသုံးအနှုန်းနှင့် အေးမြကြည်လင် ချိုလွင်သော အသံလေးက သူ့နားထဲ စီးဝင်သွားသည်။

သူဆင်းသွားနိုင်စေရန် လမ်းကိုဖယ်ရှားပေးလိုက်သည်။ နက်မှောင်ဖြောင့်စင်းသော ဂျပန်ဆံတောက်ဟုခေါ်သော ဆံပင်အုံကြီးက ညီညာလှုပ်ခါသွားပုံမှာ ကြည့်၍ကောင်းနေသည်။

အနီးကပ်မြင်တွေ့မှုတွင် ပါးပြင်ပေါ်မှ သွေးကြောစိမ်းကလေးများယှက်သန်းမှုကိုပင် သူ သတိပြုမိလိုက်သည်။ မိတ်ကပ် ထူထူထဲထဲလူးထားခြင်း မရှိဘဲလျက် ပင်ကိုယ်မျက်ခုံးထူထူ၊ မျက်ဝန်းမျက်ဖန်လှလှ၊ ပေါ်လွင်ဖြောင့်စင်းနေသော နှာတံ၊ နှင်းဆီအင်္ငုံအဖူးနှင့်တူသော နှုတ်ခမ်းလေး။

လှသည်။ ကျက်သရေရှိသော ပင်ကိုယ်အလှ။ သူ့နှလုံးသားကို ပုံရိပ်ထင်သွားစေလောက်အောင်ပင် လှနေခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လားမသိ၊ နှလုံးသားတို့ ထိမှန်သွားတာ သေချာသည်။

ရဲအောင်ထွဋ်က. .

"ကလူ. . ကလူ. . လိပ်ပြာ. . လာ. . လာ"

သူ့မျက်နှာနား ရစ်ဝဲကာ လက်ကြီးတရမ်းရမ်း လုပ်သည်။

"ဟာကွာ. . ငရဲ ဘာဖြစ်တာလဲ"

"လှနတ်သမီးရဲ့ ဖမ်းစားခြင်းကို မင်းခံလိုက်ရပြီ မဟုတ်လား၊ ဝေးဝေးနီးနီး အလှကြီးလှနေတဲ့ လေဒီအဖြစ် မင်းအသိအမှတ်ပြုပြီလား လပြည့်"

သူဝန်ခံပါသည်။ မှန်တာကို ဝန်ခံရဲတာ ယောကျ်ားကောင်းအလုပ်ပေပဲ။

"ဟုတ်တယ် တော်တော်လေးကို ဆွဲဆောင်မှု ရှိတယ်ကွာ၊ ဒါပေမယ့်"

ကော်ဖီဆိုင်မှာ သီချင်းဆိုသော မိန်းကလေးကို မယောသီအဖြစ် စဉ်းစားဖို့ဆိုသည်မှာ စိတ်ကူးနဲ့တင် မဖြစ်နိုင်သောကိစ္စပင်. . .

"ဟုတ်တယ် မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုကို ခေါင်းထဲကဖျောက်လိုက်၊ အပျော်သဘောမျိုးဆိုရင်တော့လဲ တစ်မျိုးပေါ့"

"အပျော်သဘော"

ဒါလည်း မဖြစ်နိုင်။ စဉ်းစားရုံနှင့်တောင် ရင်မှာ လှုပ်ခါသွားသည်။

ပီတာ လှစ်ခနဲပျောက်သွားသည်။ ကော်ဖီဖျော်တဲ့နေရာသို့ စပ်စပ်စုစုဝင်သွားတာလား။ သို့တည်းမဟုတ် အပေါ့သွား





တာလား။ ဒါကတော့ သူ့ထုံးစံပင်၊ ဘယ်တော့မှ ငြိမ်ငြိမ်နေ၍မရသော လူစား။

လူကော ပါးစပ်ကော အငြိမ် မနေတတ်။

"လပြည့် မင်းရဲ့မိသားစုက စည်းကမ်းကြီးတယ်၊ အန်တီကလဲ ဆွေကြီးမျိုးကြီးဆိုပြီး ဂုဏ်မျိုးကို အင်မတန်ဂုဏ်ယူတတ်တဲ့သူ၊ ဒီတော့ မင်းရဲ့ နဝမမြောက်မိန်းကလေးဟာ အမုံမဖြစ်စေနဲ့၊ လုံးဝကို နံပါတ်ပေးစရာမလိုဘူး ထင်တယ်"

"အမုံ" တဲ့လား။ ရင်တွင်း၌ နွမ်းလျသွားသည်။ အလှအပ၌ အပြစ်ဆိုစရာ မရှိ။ သို့သော် လေ့လာစရာမလိုဘဲနှင့် အမုံသည် အလိုအလျောက် ဘေးသို့ ရောက်သွားလေပြီ။

ကော်ဖီဆိုင်မှာ သီချင်းဆိုရုံမျှနှင့် ထိုမိန်းကလေး၏ တန်ဖိုးသည် အလိုအလျောက်ကျဆင်းပြီးသား ဖြစ်နေရသလား။

"ပြန်ကြရအောင်"

"နေဦးလေ. . ပီတာ မလာသေးဘူး"

"ဒီကောင် ဘာပြဿနာ သွားရှာပြန်သလဲမသိဘူး"

သိပ်မကြာလိုက်။ ပီတာ ပြန်လာသည်။

"ဘာ သွားလုပ်တာလဲ"

"ကွင်းဆင်းတာလေ"

"ဘာကိစ္စ"

"အမုံကိစ္စ"

"မင်းနဲ့ ဘာဆိုင်လို့လဲ"

"ဖိုးလပြည့်အတွက်လေ"

"ဒါဆိုရင် ရပ်တန်းကရပ်တော့ ပန်းနုရောင်ကို ဟာတာ



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီသောက်မယ် အေးအေးဆေးဆေး ခံစားမယ် စကားပြောမယ် ဒါပဲ၊ အခြားကိစ္စ ခေါင်းထဲမထည့်ကြနဲ့၊ ငါ ဒီလိုလေဒီမျိုး ခေါင်းထဲထည့်လောက်အောင် မမိုက်မဲဘူး"

"ခေါင်းထဲ ထည့်လောက်အောင် မမိုက်မဲပေမယ့် နှလုံးသားထဲ ထည့်လောက်အောင် မိုက်မဲသွားမှာ စိုးရိမ်ရတယ်ကွ၊ ဒါကြောင့် . . ."

ပန်းနုရောင်ထဲမှ ထွက်ခဲ့ကြပြီး ကားများဆီသို့ အသီးသီးတက်ကာ လမ်းခွဲကြသည်။

ခွဲကာနီး ပီတာက ကျန်သူငယ်ချင်းများ မကြားရအောင်

"အမုံလိပ်စာ ငါရခဲ့ပြီကွ မင်းစိတ်ဝင်စားရင် ငါနဲ့ဆက်သွယ် ဒါပဲ"

ဟုပြောသွားသေးသည်။

သူစိမ်းယောကျ်ားတစ်ယောက်အား လိပ်စာကို လွယ်လင့်တကူပေးလောက်အောင် ရဲတင်းသော မိန်းကလေးမျိုးကို သူစိတ်မဝင်စားချေ။

ထိုကိစ္စနှင့်ပတ်သက်၍ ပီတာအား သူ လုံးဝဆက်သွယ်ခြင်းမပြုရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ညတိုင်းလိုလိုတော့ သူငယ်ချင်းအားလုံးနှင့်သော်လည်းကောင်း တစ်ခါတစ်ရံ တစ်ယောက်စ နှစ်ယောက်စနှင့်သော်လည်းကောင်း ရံဖန်ရံခါ တစ်ယောက်တည်းသော်လည်းကောင်း ရောက်လာတတ်သည်။

မကြာခင်ကာလအတွင်း အမုံ၏ တေးသံသည်လည်းကောင်း၊ ရုပ်လက္ခဏာသည်လည်းကောင်း သူ၏နှလုံးသားသို့





ချဉ်းနင်းဝင်ရောက်စပြုသည်ကို သူသတိပြုမိလိုက်သောအခါ တုန်လှုပ်သွားသည်။

တစ်ဆက်တည်း 'ပန်းနုရောင်' သို့ မသွားတော့ဘူးဟုလည်း ဆုံးဖြတ်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

"မင်းဟာကလဲကွာ မြင့်လိုက်တာ"

ဇော်ပိုင်က သူလက်ထပ်ပြီးလျှင်နေဖို့ တိုက်ခန်းတစ်ခန်းကို ကျောက်မြောင်းဘက်၌ ရွေးချယ်ကာ ဝယ်ယူလိုက်ကြောင်း ပြောပြီး သူငယ်ချင်းများကို ခေါ်ပြသည်။

"ငါးလွှာပဲ မမြင့်ပါဘူး"

"လူငယ်ဘဝတော့ ဟုတ်တာပေါ့၊ လူကြီးဘဝ ရောက်





ရင် လှေကားအတက်အဆင်း ဘယ်လုပ်နိုင်မလဲ"

"အဲဒီဘဝရောက်ဖို့ နှစ်ပေါင်းသုံးလေးဆယ်လောက်လိုသေးတာပဲ"

ထုံးစံအတိုင်း သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ပြောဆိုကြသည်။

ခန့်ညားကတော့ အေးအေးလူလူပင် ဝရံတာထွက်ရပ်ပြီး အောက်သို့ငုံ့ကာ လမ်းသွားလမ်းလာများကိုကြည့်စဉ်. . .

"ဟင်"

သူ့ရင်ထဲ ဒိန်းခနဲ မြည်ဟီးသွားသည်။ ပန်းနုရောင် သို့မသွားဘဲ သုံးရက်ကြာအောင် နေနိုင်ခဲ့သောသူ့ကို ပန်းနုရောင်မှ မိန်းကလေးက တမင်ဖမ်းစားလိုက်လေသလားဟုပင် တွေးကာ. . .

"ပီတာ လာစမ်း မြန်မြန်"

ပီတာက "ဘာလဲကွ"ဟူသော အသံနှင့် သူ့အနီးသို့ လှစ်ခနဲ ရောက်လာသည်။

"ဟာ ဝင်သွားပြီ"

"ဘာလဲကွ"

"အမုံ"

တိုက်ခန်းတံခါးကိုဖွင့်ပြီး လှေကားထဲသို့ ပီတာက ဆင်းကြည့်သည်။

သူ မလိုက်ရဲ၊ မိန်းမလှလေးများနှင့် တရင်းတနှီး နေရန် နှုတ်သွက်လျှာသွက်ရှိခဲ့သော သူသည် ပန်းနုရောင်မှ မိန်းကလေး အမုံနှင့်တွေ့မှ ပြောင်းလဲသွားခဲ့သော အကျင့်စရိုက်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com

အံ့အားသင့်ခဲ့ရသည်။

ပီတာ ပြန်တက်အလာကို စောင့်လိုက်သည်။

ပီတာရောက်တော့. . .

“ဒုတိယထပ်မှာကွ”

သူ့ရင်ထဲ ဒိန်းခနဲမြည်ဟီးသွားသည်။ ပီတာက သူ့ပိုက်ဆံအိတ်ကို ယူကာ အိတ်ဆောင်ဒိုင်ယာရီစာအုပ်သေးသေးလေး ထုတ်လိုက်သည်။ စာရွက်များကို တဖျပ်ဖျပ်လှန်ပြီး. . .

“ဒီမှာတွေ့ပြီ”

ကျန်သူငယ်ချင်းများပါ စုပြုံခေါင်းချင်းဆိုင်ကြည့်ကြသည်။ အမုံ၏လိပ်စာ. . .။

“ဪ. . လက်စသပ်တော့ ငါ မစူးစမ်းဘဲ ဒီလိုမိန်းကလေးတွေနေတဲ့ တိုက်ခန်းမျိုး ဝယ်မိရက်သားဖြစ်သွားတာကိုး၊ ဒုက္ခပါပဲ. . ပပသိရင် လက်ခံပါ့မလား မသိဘူး”

ဇော်ပိုင်စကားကြောင့် သူ့ရင်ထဲ စူးခနဲ နာကျင်သွားသည်။

ယခင် မီးရောင်စုံအောက်က မြင်တွေ့ရသော အမုံမျက်နှာ။ ယခု ကြည်လင်သော မိုးသားအောက်မှ မြင်တွေ့ရသော အမုံမျက်နှာ။

ပကတိအပြစ်ကင်းစင်ကာ ရှင်းသန့်နေသည်။ အမုံသည် မည်ကဲ့သို့မိန်းကလေး ဖြစ်သနည်း။

“ဘာဆိုင်လို့လဲကွာ အမုံဟာ သူ့ဝမ်းစာအတွက် သူတတ်တဲ့ အနုပညာနဲ့ ဖျော်ဖြေတယ်၊ ဒါဘာဖြစ်လို့ ကိန်းခန်းကြီးကြီး ပပက လက်မခံရမှာလဲ၊ ပပကဘာမို့လဲ မိဘလုပ်စာ





စားနေတဲ့ မိန်းမကများ”

ပီတာက မခံ။ ပီတာသည် မိန်းကလေးများအပေါ် သူငယ်ချင်းပေါင်း ပေါင်းသည်မှလွဲ၍ အခြားစိတ်ထားမျိုး မဖြစ်ပေါ်သေးချေ။ ယခု အမုံဘက်က လိုက်ပြောနေခြင်းအတွက် ခန့်ညားး ပထမဦးဆုံး အံ့အားသင့်သွားသည်။

ပီတာ အမုံကို စိတ်ဝင်စားနေသလား။

“မင်း ကြွေနေပြီလား”

ပပလို ပေါ်ကြော့မိန်းကလေးကို သူတို့အုပ်စုက ဇော်ပိုင်နှင့် သဘောမတူကြသော်လည်း ဇော်ပိုင်ကတော့ ကျေနပ်နေတော့လည်း မတတ်နိုင်တော့။

“မကြွေပါဘူး ကြွေနေတဲ့လူရှိလို့ ငါက စုံစမ်းပေးရင်း သူ့အကြောင်းတွေ သိရတာ”

“ဘာ. . . ဘာအကြောင်းလဲ”

သူတို့တွေအားလုံး စိတ်ဝင်စားကြသည်။

အမုံအလှကို သူတို့အားလုံး အသိအမှတ်ပြုထားကြသည်။ လက်ခံထားကြသည်မှာ ‘တော်တော့ကို ဆွဲဆောင်မှု ရှိတဲ့လေဒီ’ ဟု. . ။

“နံပါတ်တစ်အချက်၊ သူဟာ မိဘကို လုပ်ကျွေးနေတဲ့သူ၊

နံပါတ်နှစ်အချက်၊ ဘယ်သူလာခေါ်ခေါ် လာမိတ်ဖွဲ့ဖွဲ့ ဘယ်သူနဲ့မှ လိုက်မသွားဘူး လိုက်မစားဘူး၊ ပန်းနုရောင်က ပို့ပေးတဲ့ကားနဲ့သာလျှင် အသွားအပြန်လုပ်တယ်၊

နံပါတ်သုံးက သူက ဖူးမေဂျာနဲ့ အဝေးသင်တက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com

နံပါတ်လေးက မော်ဘီဇာတိဖြစ်ပြီး မိဘတွေက မော်ဘီမှာနေတယ်၊ သူက မော်ဘီက သူငယ်ချင်း အဲ မိန်းကလေးသူငယ်ချင်းနှစ်ယောက်နဲ့အတူ အလုပ်လာလုပ်ရင်း ကျောင်းတက်နေကြသူတွေဖြစ်တယ်၊ စုပြီး ဒီတိုက်ခန်းကို ငှားနေကြတယ်၊

နံပါတ်ငါး တစ်ပတ်တစ်ခါ မော်ဘီပြန်တယ်၊

နံပါတ်ခြောက် လုံးဝ ဘွိုင်းဖရင့်မရှိဘူး ဒါပဲ၊ ဘာသိချင်ကြသေးသလဲ၊ ရှင်းတယ်နော် မရှင်းရင် ပြန်မေး ဒါပဲ"

ပီတာက သူတို့အုပ်စုထဲတွင် အပြောင်အပျက်အပြောတတ်ဆုံးနှင့် မျက်နှာပိုးမသေဆုံးဖြစ်သည်။

"မင်း စကားတွေကလဲ ဘာပဲပြောပြော မိုးကြိုးပစ်မှာကို ထန်းလက်နဲ့ ကာထားသလိုဖြစ်မနေဘူးလားကွ"

ဇော်ပိုင်က သူ့ဇနီးလောင်းကို နှိမ်ထားသဖြင့် ပီတာအပေါ် မကျေနပ်ချင်။

"လက်ခံတာလက်မခံတာ မင်းတို့အလုပ်လေ၊ ငါကတော့ ငါစုံစမ်းထားသမျှကို ဖောက်သည်ချလိုက်တာပဲ"

ခန့်ညားး ပီတာစကားကို ကြားလိုက်ရသည်နှင့် ရင်ထဲကတင်းကျပ်နေသော ပိတ်ဆို့မှုကြီးတစ်ခု ရှင်းလင်းသွားသလို ခံစားလိုက်ရသည်။

"အဆောင်ငှားမနေဘဲ တိုက်ခန်းငှားနေတယ်ဆိုကတည်းက စဉ်းစားစရာပဲ"

ရဲအောင်ထွဋ်က စဉ်းစဉ်းစားစားပြောလိုက်သည်။

စိုင်းညီညီက မဆိုင်းမတွပင်. . ။

"ဒါ. . ဒါ. . ဒါကတော့ အ. . အမျိုးသမီးဆောင်တွေက. . ည. . ညဘယ်အချိန်ပြန်ရမယ်. . သတ်. . သတ်မှတ်ချက်ရှိလို့ ည. . . ညမှာ သိ. . သီချင်းဆိုရတဲ့သူ့အတွက် အခက်. . အခဲ ရှိ. . ရှိလို့ နေမှာပေါ့"

ဒါလည်း ဖြစ်နိုင်သည်ဟု ခန့်ညားက အမုံဘက်မှ ပင်း၍ သဘောတူချင်လာသည်။

အမုံ၏ နုနယ်သန့်ရှင်းသော မျက်နှာလေးကို သူသဘောကျနေလေပြီ။ ကရုဏာသက်မိသည်။

"ဘာပဲပြောပြော မင်းတို့သိထားသင့်တာက. . အိမ်ထောင်ဖက်ရွေးချယ်တဲ့အခါမှာ အဆင့်အတန်းဆိုတာရှိတယ်၊ ကိုယ့်ဂုဏ်ရည်နဲ့လိုက်မယ့် ကိုယ့်အသိုင်းအဝိုင်း ဆွေမျိုးမိတ်သင်္ဂဟနဲ့လိုက်လျောညီထွေရှိနိုင်မယ့် လေဒီမျိုးကို ရွေးချယ်မှ ဘဝရှေ့ရေး အဆင်ပြေချောမွေ့မယ်"

ဇော်ပိုင်က ဆရာကြီးလုပ်ပြန်သည်။

ခန့်ညားရင်ထဲ နောက်ကျူးစေသော သံသယကြောင့် ညစ်ကျယ်ကျယ်မေးခွန်းကို ချက်ချင်းပင် ကောက်ကာငင်ကာ မေးလိုက်မိလေသည်။

"အဆင့်အတန်းဆိုတာ ဘာလဲကွ၊ ချမ်းသာမှ အဆင့်အတန်းမြင့်တယ်လို့ ဆိုချင်တာလား၊ ဘာမှအလုပ်မလုပ်ဘဲ မိဂုဏ်ဖဂုဏ်နဲ့ ဘဝင်မြင့် အောက်ခြေလွတ်နေတဲ့ လူတွေကိုကော အဆင့်အတန်းမြင့်တဲ့စာရင်းထဲ မင်းသွင်းတာလား"

"ဒါကတော့ ချမ်းသာတာကိုးကွ၊ ဘာလုပ်စရာ လိုသလဲ၊ ရေကန်အသင့် ကြာအသင့် နေထိုင်သွားရုံပေါ့"

ဇော်ပိုင်နှင့် ဝိဝါဒကွဲပြားရလေပြီ။




www.burmeseclassic.com

www.burmeseclassic.com

"ချမ်းသာခြင်း၊ ဆင်းရဲခြင်းဟာ အတိတ်ကုသိုလ်ကံနဲ့ ဆိုင်လို့ ငါအငြင်းမပွားချင်ဘူး ပိုင်ကြီး၊ ဒါပေမယ့် အဆင့်အတန်း ဆိုတာတော့ စည်းကမ်းနဲ့ဆိုင်တယ် သူငယ်ချင်း"

"ဆိုစမ်းပါဦး မင်းယူဆတဲ့ အဆင့်အတန်းက"

ရဲအောင်ထွဋ်က ဝင်ထောက်လိုက်သည်။

"စည်းကမ်းဆိုတာ လူ့တန်ဖိုးလို့ သတ်မှတ်ထားတယ် မဟုတ်လား"

"အေးလေကွာ. . ."

"စည်းကမ်းအစ စာသင်ကျောင်းက ဆိုတဲ့စကား၊ အမျိုးသားယဉ်ကျေးမှု အစ စာသင်ကျောင်းကတဲ့ ဒီတော့ အနှစ်ချုပ်လိုက်ရင် စည်းကမ်းဆိုတာ လူ့တန်ဖိုး၊ လူ့တန်ဖိုးထဲမှာ ယဉ်ကျေးသိမ်မွေ့ခြင်း အကျင့်စရိုက်သီလကောင်းမွန်ခြင်းနဲ့ အမျိုးဘာသာသာသနာကို စောင့်ထိန်းခြင်းတို့လည်းပါတယ်၊ အစုံပဲကွာ ကျယ်ပြန့်တယ်၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းလည်း အဓိကကျတယ်"

"မင်းတို့ဆိုလိုတာက ကိုယ်ကျင့်တရား မကောင်းရင် စည်းကမ်းမရှိရင် ဘယ်လောက်ပဲချမ်းသာသာ အဆင့်အတန်း မရှိဘူးဆိုလိုတာလား"

"ဟုတ်တယ်၊ ဒါကြောင့် ငါ လေဒီတွေကို ပရိုပို့စ် မလုပ်ခင် သူတို့ရဲ့ အကျင့်စရိုက်ကို အရင်လေ့လာနေတာပေါ့ကွာ၊ ဥပမာဆိုပါတော့ကွာ ရှေးလူကြီးတွေထားခဲ့တဲ့စကား အလကားမဟုတ်ဘူး၊ မျက်နှာသနပ်ခါး ပေါင်သေးကြောင်းဆိုတာလေ"

ခန့်ညားသွဲ့အစ်မ မယဉ်ကျေး၏ အာဘော်တွေ စိမ့်ဝင်





နေသည်။ မောင်နှမနှစ်ယောက်တည်း ရှိ၊ အစ်မကအပျိုကြီးလည်းဖြစ် ဆရာမကလည်းဖြစ်တော့ သူ့အပေါ် ဘယ်လိုမိန်းမမျိုးဟာ စံဝင်ပြီး စဉ်းစားသင့်ကြောင့် ခေါင်းထဲ ရိုက်သွင်းထားခဲ့သည်။

"လူကတော့ လှပကျော့မော့ပြီး ပြစ်မျိုးမှဲ့ မထင်၊ စွဲမက်စရာကောင်းပေမယ့် အဲဒီလိုလှဖို့ ပစ္စည်းတွေကို သုံးစွဲပြီးပစ်ထား၊ ထဘီတွေ အင်္ကျီတွေ အတွင်းပစ္စည်းတွေကို ခြေနဲ့ခတ် ချောင်ထိုးထား၊ ဝတ်ကာနီး ရှာမတွေ့ရင် ချမ်းသာတဲ့သူဆိုတော့ အိမ်ဖော်တွေကို အပြစ်ပုံချ ဆဲဆိုတာမျိုး ကြိမ်းမောင်းတာမျိုးဆို မင်းတို့ စဉ်းစားကြည့်စမ်း ကောင်းတဲ့ အကျင့်စရိုက်လား"

"အင်း. . နားပူပြီး ညစ်ရမယ့်အဖြစ်ပဲ"

"ပစ္စည်းတွေ အဝတ်အစားတွေကလည်း. . . ဝယ်မလောက်၊ သုံးမလောက် ဖြစ်တော့မယ်၊ အလဟဿ ငွေယိုဖိတ်တယ်၊ အိမ်ရှင်မကောင်းအရည်အချင်းထဲမှ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဆိုတာလည်း ပါသေးတယ်၊ ဒါကြောင့် အဆင့်အတန်းဆိုတဲ့အထဲမှာ စည်းကမ်းက အဓိကကျတယ်၊ နောက် ယဉ်ကျေးမှု ကိုယ်အမူအယာ နှုတ်အမူအယာ ယဉ်ကျေးသိမ်မွေ့ခြင်းကမှ အမျိုးကောင်းသားသမီး ပီသတယ်၊ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက ချဉ်းကပ်ခစား ရိုရိုသေသေဆိုတဲ့စကား ရှိသေးတယ်၊ ရဝေတုန်းက အသက်ကြီးတဲ့ ဒရိုင်ဘာကြီးကိုများ အော်လိုက်ဟစ်လိုက်တာများ သူကမရှက်ပေမယ့် ငါကရှက်လွန်းလို့ ထူပူသွားတာပဲ၊ အဲဒါကြောင့် ယိုသူမရှက် မြင်သူရှက် ဆိုတဲ့စကား ဖြစ်လာတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ဖိုးလပြည့်ရာ မင်းပြောတဲ့အတိုင်းသာ ဆိုရင် အဆင့်အတန်းဆိုတာ ချမ်းသာဆင်းရဲနဲ့ မဆိုင်ဘူး၊ စည်းကမ်းနဲ့ ဆိုင်တယ်၊ စည်းကမ်းထဲမှာ တို့မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုနဲ့လည်း ဆက်နွှယ်တယ်လို့ ဆိုချင်တာလား"

"အမှန်အကန်ပဲလေ၊ ဟုတ်တယ်နော် လပြည့်"

ဇော်ပိုင်မေးခွန်းကို ပီတာက ဖြေလိုက်ပြီးမှ သူ့အား ထပ်မေးသည်။ ပီတာက ကြားဝင်ပြီး ပြောသည်။

"ကိုင်း. . သွားစရာရှိတယ်လပြည့် မင်းဆိုလိုချက်ကို ကောက်ချက်ချတော့"

"လူ့အဆင့်အတန်းဆိုတာ လူ့တန်ဖိုးနဲ့ ဆိုင်တယ်၊ လူ့တန်ဖိုးဆိုတာ စည်းကမ်းပဲ။ ဒါကြောင့် မိမိတို့နိုင်ငံ လူမျိုးရဲ့ ကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှုနဲ့ကိုက်ညီတဲ့ စည်းကမ်းတွေကို လိုက်နာကျင့်သုံးနိုင်သူသာလျှင် အဆင့်အတန်းမြင့်တဲ့လူမျိုးပဲ ဆင်းရဲချမ်းသာနဲ့မဆိုင်ဘူး ပေါက်တယ်နော်"

"အိုကေ ပေါက်တယ် ဒီအတိုင်းသာဆို ငါတို့လဲ လပြည့်ပြောတဲ့ စံကိုရွေးရင်း လူပျိုကြီးပဲ လုပ်ရတော့မယ်ထင်တယ်"

ရဲအောင်ထွဋ်က မသက်မသာဟန်နှင့် ညည်းတွားလိုက်သည်။ ခန့်ညားက အပြုံးမပျက်. . .။

"ခုခေတ်ကြီးမှာ ရှိတော့ရှိတယ် ရှားတယ်ဆိုတာ ဖြစ်နေပြီ၊ အဲဒီတော့ ရှားရှားပါးပါးလေးတွေရှာရင်း ငါလဲ အငှမမြောက်အထိ ဖြစ်သွားရတာပဲ"

"အင်း. . ငါလဲ လပြည့်ပြောသွားတာတွေ ပပကို ပြန်ဖောက်သည်ချပြီး သိမ်းသွင်းယူရမှာပဲ၊ မတတ်နိုင်ဘူးလေ ချစ်သူဖြစ်သွားတော့မှ ပုံသွင်းယူရတော့မှာပေါ့၊ အခြားတော့ ပပက မဆိုးပါဘူး၊ စည်းကမ်းမရှိတာရယ် အဆင့်အတန်းခွဲခြားတတ်တဲ့ ဘဝင်လေးရယ်ပဲရှိတယ်"

"ဩော်. . ဟော်ဟော်. . အသေးအမွှားလေးပဲ ရှိရှာတာကိုး သွားပြီကွာ"

ပီတာက ခနဲ့တဲ့တဲ့ပြောပြီး အောက်သို့ ပြေးဆင်းသွားလေသည်။

ခန့်ညားရင်ထဲ အတန်ငယ် ပေါ့ပါးသွားသည်။ ဒီည တော့ ပန်းနုရောင်သို့ ရောက်အောင် သွားဖြစ်လိမ့်မည် ထင်သည်။

ကားဈေးတွေ မတရား လိမ့်ကျနေသဖြင့် အောင်းထားသော ကားနှစ်စီးကို ထုတ်လိုက်ရန် တိုင်ပင်ကြပြီးနောက် အောက်ထပ်သို့ ဆင်းခဲ့လေသည်။

အောက်ထပ်သို့ရောက်ပြီးမှ ကားအသီးသီးပေါ်သို့ တက်ကြသည်။ ပီတာပေးသော လိပ်စာအရ အမုံ၏ဝရံတာကို လှမ်းကြည့်လိုက်သည်။ ဘယ်သူ့ကိုမှ အရိပ်အယောင်မျှပင် မတွေ့ရ။ သူ ပင့်သက်ရှိုက်လိုက်မိသည်။

နှလုံးသားသို့ ကျူးကျော်ဝင်ရောက်မှာ စိုးသဖြင့် တံခါးပိတ်ထားသည့်တိုင်အောင် ဦးနှောက်သို့ စိုးမိုးနေသည်။

ဘာပဲဖြစ်ဖြစ် အမုံကို နဝမမြောက်လေဒီအဖြစ် လေ့လာရန် ဆုံးဖြတ်လိုက်လေသည်။

သူငယ်ချင်းများကိုတော့ ဖွင့်ဟကြောညာ၍မဖြစ်သေး။ ကန့်ကွက်ကြမှာ သေချာသည်။







www.burmeseclassic.com

www.burmeseclassic.com



ပီတာ တစ်မဲတည်း သူ့ဘက်၌ ရှိနေနိုင်သည်။

နေပါစေ။ သူတို့ကိုမပြောဘဲ အခြေအနေ မီးစင်ကြည့်ကတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်နှင့် ရင်ထဲပေါ့ပါးသွားသည်။ ထိန်းချုပ်ခြင်းမှ လွတ်မြောက်သွားသည်။









# အခန်း(၆)

"ထိုင်းစမ်းပါဦး ညီလေးရာ ခဏထိုင်ပါဦး"

စားပွဲထိုးလုလင်၏ နုနယ်သော မျက်နှာအနေအထားကြောင့် သူ့ထက်ငယ်မည်ဟု ခန့်မှန်းပြီး ခန့်ညားက 'ညီလေး'ဟု သုံးစွဲလိုက်သည်။

"ဘာ အလိုရှိပါသလဲအစ်ကို အမိန့်ရှိပါ"

"မင်းနဲ့ စကားစမည်ပြောချင်တယ် ရမလား ထိုင်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုသိချင်တာကိုမေးပါ အစ်ကို၊ ကျွန်တော်တို့ ဝန်ထမ်းတွေ အမှန်အတိုင်း ဖြေခွင့်ရှိပါတယ်၊ ဒါပေမယ့် ဧည့်သည်နဲ့ တစ်စားပွဲတည်းထိုင်ခွင့် မရှိပါဘူး"

"ဟုတ်လား ဝန်ထမ်းတွေအားလုံးလား အဆိုတော်တွေကောပဲလား"

"ဟုတ်ပါတယ်တယ် ပန်းနုရောင်ရဲ့ ပင်တိုင်အဆိုတော်တွေပါ၊ ပြင်ပနာမည်ကြီးအဆိုတော်တွေကတော့ တစ်ခါတစ်ရံ ဖိတ်ကြားထားတာမျိုး ရှိရင်တော့လည်း တစ်မျိုးပေါ့ခင်ဗျာ၊ အစ်ကို အမုံအကြောင်း သိချင်တာလား"

စားပွဲထိုးလုလင်လေး ပါးနပ်သည်ဟု ကျေနပ်သွားရသည်။ အမုံအကြောင်းမေးဖို့ကို ခက်နေသည်။

အမုံက တစ်ပုဒ်ဆိုပြီး ခေတ္တနားသည်။ ထိုအချိန်၌ ပန်းတော်ဆက်သည့်သူများက မိတ်ဖွဲ့ဖို့ကြိုးစားသည်။ အမုံက အပြုံးမြမြနှင့် ယဉ်ကျေးစွာ ဖြေသင့်သည်ကိုဖြေပြီး. . .

"ကျွန်မကို ခုလိုအားပေးတာ ကျေးဇူးတင်ပါတယ်. . ၊ ကျွန်မ နောက်တစ်ပုဒ်သီဆိုရဦးမှာ ဖြစ်တဲ့အတွက် ခွင့်ပြုပါရှင် ဆက်လက်နားဆင်ကြပါ"

ဟုပြောလိုက်သံလေးကို ကြားလိုက်ရသည်။ အမုံ ပင်ပန်းရှာရော့မည်။ အနည်းဆုံး သုံးပုဒ်မှ အများဆုံး ငါးပုဒ်အထိ ဖျော်ဖြေတတ်သည်။ တစ်ပုဒ်နှင့်တစ်ပုဒ်အကြား တစ်မိနစ် နှစ်မိနစ်သာ နားသည်။ ဒီကြားထဲ ပန်းတော်ဆက်ကိုဗျတ္တတို့အား ကျေးဇူးတင်ကြောင်း ပြောရသေးသည်။

"ဟုတ်တယ် အမုံ ဒီမှာလာလုပ်တာ ဘယ်လောက်ကြာပြီလဲ"

"ဒီဆိုင်ဖွင့်ဖွင့်ချင်းပဲ အရင်က အချို့ရက်စတော့ရင့်တွေမှာ ကာရာအိုကေ ဆိုဖူးသေးတယ်"

"ခရစ်ယာန်လား"

"မဟုတ်ဘူး ဗုဒ္ဓဘာသာပါပဲ"

ဂီတာ တီးခတ်ကျွမ်းကျင်သဖြင့် ကာရိုဆင်းတွေဘာတွေ လိုက်ဆိုတီးနေကျဖြစ်ခြင်းကြောင့်လား ဟူသောသံသယလေးဝင်မိသည်။ ဘာပဲဖြစ်ဖြစ် ဘာသာတူပဲဖြစ်ချင်သည်မှာ သူ၏ဆန္ဒများထဲမှ တစ်ခုပင်။

"ကျောင်းနေတယ်ဆို"

"အဝေးသင် ဒုတိယနှစ် သတ္တဗေဒပါ"

"ဪ"

"အခြားအလုပ်တွေကော ရှိသေးလား"

"မရှိပါဘူး"

"သူနဲ့စကားပြောချင်တယ် ဆိုရင်ကော. . ဒီဆိုင်မှာပဲ ဝိုင်းထိုင်လို့ မရနိုင်ဘူးလား"

"သူလက်ခံမှာ မဟုတ်ဘူး၊ သူ့အလှည့်ပြီးရင် ပြန်တာပဲလေ၊ သူ့အလှည့်ကလည်း နောက်ဆုံးပဲ များတယ်၊ ဧည့်သည်ထိန်းတဲ့ သဘောပါ၊ သူက အသံလည်းကောင်း၊ ရုပ်လည်းချောတယ် မဟုတ်လား၊ အဲ. . သူပြီးတာနဲ့ ပန်းနုရောင်ကကားနဲ့ပဲ အိမ်ပြန်ပါတယ်၊ သူ့သူငယ်ချင်းတစ်ယောက်က ကောင်တာမှာ စာရေးရှိတယ်၊ သူတို့နှစ်ယောက်ကို အတူတူပြန်ပို့ပေးရပါတယ်"

"ဪ အခြားဧည့်သည်တွေက လာခေါ်တာမျိုး ဆိုရင်





www.burmeseclassic.com

www.burmeseclassic.com



ကော"

ပီတာ ပြောထားသည်တို့ကို မယုံကြည်သဖြင့် ကိုယ်တိုင် မေးမြန်းစုံစမ်းရန် ဆုံးဖြတ်လိုက်သည့်အတိုင်း ခန့်ညား စတင် လှုပ်ရှားမိလေပြီ။ ခဲသေအဖွဲ့မပါဘဲ သူတစ်ယောက်တည်း လာ ခဲ့မိလေပြီ။

"ဒီကိစ္စ ဆိုင်ရှင်က ကန့်သတ်ထားလို့လား"

"မကန့်သတ်ပါဘူး ကာယကံရှင်မိန်းကလေးရဲ့ သဘော ပဲ၊ ကျွန်မဦးလေး၊ ကျွန်မအစ်ကိုကြီး၊ ကျွန်မမိတ်ဆွေ လာကြိုလို့ သူ့ကားနဲ့ပဲပြန်မယ်၊ လိုက်မပို့နဲ့တော့ဆိုရင် ကျွန်တော်တို့ဆိုင် ရှင်က တားပိုင်ခွင့်မရှိဘူးဆိုပြီး ဥပေက္ခာပြုလိုက်ရတယ်၊ အရွယ် ရောက်ပြီး မိန်းမသားတွေရဲ့ ကိုယ်ပိုင်အခွင့်အရေးပဲ မဟုတ် လား"

"ဒါပေါ့လေ လူသာပဓာနပဲ မဟုတ်လား ငါ့ညီရာ၊ ကိုင်း ဘောလ်လေးယူခဲ့ ညီလေး၊ ဒီပန်းစည်းကိုလဲ ငါ့ကိုယ်စား သူပြီး သွားမှ မင်း သွားပေးလိုက်ပါ၊ ဒါတော့ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်၊ ရပါတယ် အစ်ကို"

ငွေရှင်းပြီး စားပွဲထိုးလုလင်ကို ဘောက်ဆူးချလိုက် သည်။

ပြီးတော့ သူပြန်ထွက်ခဲ့သည်။ ကားရပ်ထားရာမှထွက် ခဲ့ပြီး မလှမ်းမကမ်းတွင် သူပြန်ရပ်လိုက်သည်။ ဆိုင်၏ အဝင် အထွက်အဝကို မြင်ရသောနေရာ၌ ဖြစ်သည်။

သိပ် မစောင့်လိုက်ရ။ ပန်းနုရောင်ထဲမှ မိန်းကလေးနှစ် ဦးထွက်လာသည်။ ကားလုံခြုံရေးတာဝန်ယူထားသော ဝန်ထမ်း





လုလင်က အချက်ပြလိုက်သည်။ ကားတစ်စီးထွက်လာသည်။ ဝန်ထမ်းဝတ်စုံနှင့်ပင် ဒရိုင်ဘာလည်း ဝတ်ထားသည်။

အမုံဘေးမှ ကပ်ပါလာသူများကို ချန်ထားရစ်ကာ အမုံ နှင့် တကွ ပန်းနုရောင် ဝန်ထမ်းဝတ်စုံနှင့် မိန်းကလေးပါ လိုက် ပါသွားသည်။

အမုံလိုက်ပါသွားသောကားနောက်မှ သူမျက်ခြည် မပြတ်လိုက်ခဲ့လေသည်။

ဖော်ပိုင် တိုက်ခန်းဝယ်ထားသောတိုက်ရှေ့၌ပင် လမ်း ဆုံးသည်။ ဟွန်းသံပေးလိုက်သည်။ တိုက်လှေကားမီး ဒုတိယထပ် နားလင်းသွားသည်။

သုံးယောက်နေသည်ဆိုတော့ ကျန်အဖော်မိန်းကလေး က ဖွင့်လိုက်ဟန်တူသည်။

သူတို့နှစ်ဦး ကြွေရရပင် ကားပေါ်မှဆင်းကာ တိုက် ထဲဝင်သွားလေတော့သည်။

လမ်းမီးရောင်အောက်မှ ဖြတ်သန်းသွားသော အမုံ၏ လက်ထဲ၌ နှင်းဆီဝါ ငါးပွင့်စည်းကို ကိုင်သွားသည်ကိုတွေ့လိုက် ရသဖြင့် သူ့ရင်ထဲ ဒိန်းဒလိန်းနတ်ဝင်ပူးခြင်း ခံလိုက်ရသည်။

ယနေ့မှစ၍ နှင်းဆီဝါ ငါးပွင့်ကို ရွေးချယ်ကာ မှာယူပြီး အမုံကို ပန်းစည်းဆက်လေသည်။ ထိုပန်းတန်ဖိုးအတွက် ပန်းနု ရောင်မှ စည်းကမ်းအတိုင်းပေးသော လုပ်အားခငွေကိုလည်း အမုံ ရရှိစေမည်၊ အမုံအတွက် အမှတ်တရလည်း ရှိစေမည်ဟု သူစိတ်ကူးယဉ်လှလှလေးကို စတင် အကောင်အထည်ဖော် လိုက်ပြီး အကြောင်းအမျိုးမျိုးကြောင့် မလာဖြစ်လျှင်လည်း ဆေးခင်



www.burmeseclassic.com

www.burmeseclassic.com

ရွက်ပေးရန် စားပွဲထိုးမှတစ်ဆင့် တာဝန်ကျမန်နေဂျာထံ တစ်လစာ ကြိုပေးကာ ဆောင်ရွက်ပေးပြီးဖြစ်သည်။

အမုံတို့လှေကားမီးပိတ်သွားမှ သူကားကိုပြန်ထွက်ခဲ့သည်။

အမုံသည် မိမိအပါးသို့ လူတစ်ယောက် သဲသဲမဲမဲချဉ်းကပ်နေခြင်းအပေါ်၌ မကြာခင် သတိပြုမိလိမ့်မည် ထင်ပါသည်။

ထိုအခါ အမုံထံမှ တုံ့ပြန်မှုတစ်ခုခုတော့ ရလိမ့်မည်ဟု သူမျှော်လင့်မိသည်။

အိမ်ပြန်ရောက်တော့ အစ်မဖြစ်သူက သူ့အားစောင့်မျှော်နေသည်။

"မောင်လေး အခုတလော ညတိုင်းအပြန်နောက်ကျတယ်"

"မမကလဲ ကော်ဖီဆိုင်မှာ အရသာခံပြီး ကော်ဖီသောက်ပါတယ်ဆိုမှ ညဥ့်နက်မှာပေါ့။ အဲ. . ဆယ်နာရီဆိုတာ မြို့တော်အတွက်တော့ ညဥ့်နက်တယ်လို့လည်း မဆိုနိုင်ပါဘူး"

"မောင်လေးကို အမေရိကားသွားဖို့ စီစဉ်နေတာ သိရဲ့လား"

"သိသားပဲ ကျွန်တော်ပဲ သဘောတူလိုက်တဲ့ ကိစ္စကိုးမသိဘဲ ရှိပ့်ါမလား။ ကျောင်းထပ်တက်ရင်း အလုပ်လည်း လုပ်မယ်လို့"

"ဒီလိုဆို အိမ်ထောင်ပြုဖို့ကိစ္စကို မလောစေချင်ဘူး"

"မလောပါဘူး"

"မလောဘဲနဲ့ ဘာဖြစ်လို့ တွဲနေရတာလဲ"





ခန့်ညား ရယ်လိုက်သည်။ သူ့အစ်မသည် အင်မတန်ရိုးအေးသော ကျောင်းဆရာမအပျိုကြီးဖြစ်သည်။ ခေတ်ကို မျက်ခြေမပြတ် ကြည့်နေသည့်ကြားမှ ခေတ်နှင့် ပြတ်ကျန်ရစ်ခဲ့သူဖြစ်နေသည်။

"အပျော်ပေါ့"

"အပျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်မယ်နော်"

"စိတ်ချပါ။ အခုအားလုံး ဖြတ်တောက်ပစ်လိုက်ပြီ၊ မရှိတော့လဲ ပျင်းတောင်ပျင်းလို့ ကော်ဖီဆိုင်သွားပြီး အပျင်းဖြေနေတာ"

"ကော်ဖီတစ်ခွက်ကို နှစ်ထောင် ပေးသောက်ရတယ်လို့ကွယ် ဘယ်လောက်များအရသာရှိလို့လဲ၊ ပါဆယ်ဝယ် ခဲ့လို့ရမလား"

"မရဘူး အဲဒီနေရာမှာသောက်မှ နှစ်ထောင်တန်တာ၊ လျှာအရသာတင် မဟုတ်ဘူး၊ မျက်စိ အရသာ၊ စိတ်အရသာကိုပြည့်စွမ်းပေးတယ်၊ စိတ်အပန်ပြေစေတဲ့အတွက် ပေးရတာတန်ပါတယ်၊ မမ တစ်ခါလောက် လိုက်သောက်ပါလား"

"အမယ်လေးလေး မလုပ်ပါနဲ့တော်၊ တပည့်တပန်းတွေတွေ့သွားမှ ရှက်စရာ"

"ဘာ ရှက်စရာရှိလို့လဲ၊ မဟုတ်တဲ့နေရာမှ မဟုတ်တာ"

"သက်သက်ပိုက်ဆံဖြုန်းတယ်ကွယ်၊ ကိုင်း အိပ်တော့ မမလည်း အိပ်တော့မယ်"

"ဂွတ်နိုက်"

အစ်မနောက်ကြောကိုကြည့်လိုက်ပြီးမှ အိပ်ရာပေါ်



www.burmeseclassic.com

www.burmeseclassic.com

ပစ်လှဲချလိုက်သည်။

အစ်မရိုးသားအေးဆေးခြင်းကြောင့် အပျိုကြီးဖြစ်နေတာလား။ သူ အသာပြန်ထလိုက်သည်။ တံခါးကို အသာဟပြီး အစ်မကို ချောင်းကြည့်လိုက်သည်။

အစ်မ အိပ်ခန်းတံခါးပိတ်သွားသည်ကို တွေ့လိုက်ရသည်။ မိဘများ အခန်းတံခါးက မပိတ်သေး။

ဖခင်က စာကြည့်ခန်း၌ရှိနေပြီး မိခင်က ဗီဒီယိုကြည့်နေသည်။ အစ်မကတော့ နံနက်စောစော ကျောင်းသွားရမှာဖြစ်သဖြင့် စောစောအိပ်တတ်သည်။

သူ အိပ်ခန်းထဲမှ အသာပြန်ထွက်ပြီး မိခင်ဘေး ကပ်ထိုင်လိုက်သည်။

"မေမေ"

"ဘာလဲ သား"

"မမကို ဒီအတိုင်းပဲ ထားတော့မှာလား"

မိခင်က ထူးဆန်းသောသူ့စကားကြောင့် တီဗွီကို လှမ်းပိတ်လိုက်ပြီး သူ့အားကြည့်ကာ. . .

"ဘာဖြစ်လို့လဲသား၊ မမက ဘာဖြစ်နေလို့လဲ"

"ဘာမှမဖြစ်လို့ ဖြစ်အောင်လုပ်ပေးသင့်တယ်၊ မေမေတို့ မိဘတာဝန် မကျေပွန်ဘဲ ဖြစ်နေမှာပေါ့"

"မေမေတို့ ဘာဝတ္တရားမကျေတာများ ရှိလို့လဲ"

"ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ ဆိုတဲ့ မိဘဝတ္တရားငါးပါးက နောက်ဆုံးဝတ္တရား ကျန်သေးတယ်လေ"

"ဩော်. . ဘာများလဲလို့ ခွေးကောင်လေး၊ သူ့အတွက်





လမ်းစပွင့်ချင်တိုင်း၊ ရပါတယ် မမက ဖြူဟွပြည်က လာတာဆိုတော့ အပျိုကြီးဘဝနဲ့ပဲ အေးအေးဆေးဆေး နေချင်တာကိုး၊ မေမေတို့လည်း ဘယ်တတ်နိုင်ပါ့မလဲ""

"မတတ်နိုင်ဘူးမလုပ်နဲ့ မေမေ၊ အသက်ကြီးမှဆိုရင် ရှက်စရာကြီး သမီးကညာအရွယ်တင့် အခါမလင့်စေနဲ့ စကားလည်းရှိတယ် မဟုတ်လား မမကို သားစပ်ပေးရမလား"

မိခင်က သူ့အား သဘောကျစွာ ပြုံးကြည့်သည်။ အစ်မအပေါ် အလေးထားပေးသော သူ့အား ကျေနပ်နေမည်မှာ သေချာသည်။

"ဒါဖြင့် သားက တွေ့ထားတဲ့လူ ရှိသလား"

"ရှိတယ်၊ ရှိတယ်. . သား အိမ်ကိုခေါ်ခဲ့မယ်လေ"

ဖျတ်ခနဲ တလောကမှ ဂျပန်ကပြန်လာပြီး ကုမ္ပဏီထောင်ရန် စတင်လှုပ်ရှားနေသည့် ဇော်ပိုင်အစ်ကို၏သူငယ်ချင်းကို သတိရလိုက်သည်။

သူ့ထံမှလည်း ကားဝယ်ဦးမည်တဲ့၊ ဒါက အကွက်ပင်။ အစ်မနှင့်တွေ့အောင် ဖန်တီးပေးရမည်။ လူပျိုကြီးဖြစ်ပြီး ဂျပန်နိုင်ငံမှ စီးပွားရေးပါရဂူဘွဲ့ကို ယူလာသူလည်းဖြစ်သည်။ အသက်အားဖြင့် သုံးဆယ့်ခြောက်နှစ်ဆိုတော့ မမနှင့် မတိမ်းမယိမ်းပင်။

သူ လက်ဖျောက်တစ်ချက်တီးလိုက်မိသည်။

"ဟုတ်မှလဲလုပ်ပါ သားရယ်"

"မေမေ သဘောကျဖြစ်မှာပါ"

"လူမှာအမျိုး ကြက်မှာအရိုးတဲ့၊ မျိုးရိုးဗီဇ အရေးကြီးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မေမေရယ်၊ မေမေ ကိုယ်တိုင်လေ့လာပါ။ သားက အင်ထရှိပဲ လုပ်ပေးမှာပါ"

သူက တက်တက်ကြွကြွဖြစ်နေခြင်းကြောင့် မိခင်ကလည်း စိတ်ဝင်စားလာပုံရသည်။

ဘာလုပ်သလဲ၊ ဘယ်မှာနေသလဲ စသည်စသည်ဖြင့် မေးခွန်းများ ထုတ်လာသည်။ သူ သိထားသမျှ ပြောပြတော့. .

"ဒီလိုဆို မဆိုးပါဘူး၊ တွေ့ပေးရအောင်သား အစီအစဉ်ဆွဲလိုက်ပေါ့"

"တကယ်နော်"

"တကယ်ပေါ့ သားရယ်၊ မေမေ့သားက လူတော်လူကောင်းဆိုတဲ့ လူဆိုရင် မေမေကလဲ ယုံကြည်ရမှာပေါ့"

"ဒါဖြင့်. . မနက်ဖြန်စမယ်၊ သား သွားအိပ်တော့မယ်နော်"

"အေး. . အေး"

မိခင်အပါးမှထွက်ခဲ့ပြီး အိပ်ခန်းဘက်သို့ လျှောက်လှမ်းလာချိန်၌ သူ့ခေါင်းထဲ အတွေးတစ်ခု ဝင်ရောက်လာသည်။

အစ်မဖြစ်သူသည် ရုပ်ဆိုးအကျည်းတန်မှ မဟုတ်ပေဘဲ။ မိန်မချော မိန်းမလှစာရင်းဝင်သူ ဖြစ်သည်။ တက္ကသိုလ်ပညာကိုလည်း လွတ်လပ်စွာ သင်ယူခဲ့သူဖြစ်သည်။

ပေါင်းသင်းဆက်ဆံမှုနယ်ပယ်လည်း ကျဉ်းမြောင်းသူ မဟုတ်ပါဘဲလျက် အိမ်ထောင်မပြုသေးခြင်းမှာ အံ့ဩဖွယ်ရာပင်။ သူ့လိုပဲ ချေးများနေ၍လား၊ အကြောင်းတစ်ခုခုများ ရှိနေသလား။





ဒါကို သူ သိချင်လာပြီဖြစ်၍ မိမိအိပ်ခန်းသို့ ဦးတည်အားသော ခြေလှမ်းကို အစ်မဖြစ်သူ အိပ်ခန်းဘက်သို့ ရွေ့လျားလိုက်သည်။

"ဒေါက်. . ဒေါက်"

"ဘယ်သူလဲ"

"သား"

အစ်မဖြစ်သူနှင့် စကားပြောသည့်အခါ၌ တစ်ခါတစ်ရံသွန်တော်ဟု သုံးတတ်သည်။ သို့သော် များသောအားဖြင့် ငယ်ငယ်ကတည်းက နှုတ်ကျိုးလာသော "သား" ဟုသာ အသုံးများလေသည်။

"ဘာကိစ်"

"အဆော့တိကိစ်"

အသက်အရွယ်တွေ ဘယ်လောက်ကြီးကြီး မောင်နှမအချင်းချင်းကတော့ ကလေးတွေကဲ့သို့ ဟိတ်ဟန်မရှိ လွတ်လပ်စွာ နောက်ပြောင်တတ်ဆဲပင်။

"အိပ်တော့မလို့လား"

ညအိပ်အကျႌဝတ်ထားပြီဖြစ်သော အစ်မကြောင့် သူမေးခွန်းထုတ်လိုက်သည်။

"အင်း"

"နေဦး. . သား မေးစရာ မေးခွန်းရှိလို့"

အစ်မ မယဉ်ကျေးသည် သူ့အား အထူးအဆန်းသဖွယ်ကြည့်လိုက်သည်။

"ဘယ်လောက်များ အရေးကြီးတဲ့ မေးခွန်းမို့လို့လဲ၊ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ချိန်တောင်မှ ထပြီးမေးရအောင်"

"သားမှ မအိပ်သေးဘဲ၊ အိပ်တော့မယ်လို့ပဲ ပြောရသေးတာ"

"ဆိုစမ်း. . ဘာမေးမှာလဲ"

ခန့်ညား စဉ်းစားလိုက်သည်။ အစ်မထံမှ မှန်ကန်သော အဖြေတစ်ခု ထွက်လာစေရန် သူ မည်ကဲ့သို့သော မေးခွန်းထုတ်သင်သနည်းဟု

"မေးလေ၊ ဘာတွေ ဉာဏ်များနေတာလဲ"

"သား စဉ်းစားမိတာ တစ်ခုရှိလို့ပါ။ မမက ဒီလောက် လှရဲ့ချောရဲ့နဲ့ ဘာဖြစ်လို့များ ဒီအရွယ်အထိ အိမ်ထောင်မပြုသေးတာလဲလို့"

အစ်မ၏ ညာလက်ခေါက်ကလေးက သူ့ခေါင်းပေါ်သို့ တိန်ခနဲ ကျရောက်လာသည်။

"ဟဲ. . ဘာများလဲလို့၊ ဒါကိုအရေးတကြီး မေးစရာလား"

"မေးစရာပေါ့၊ မောင်ဖြစ်ပြီး အစ်မရဲ့အကြောင်း မသိခြင်းကိုကပဲ သားကိုယ်သားများ သိပ်ညံ့ဖျင်းနေသလားလို့ တွေးမိလို့ပါ။ သားကို ရှက်စရာမလိုဘူး၊ မမ အမှန်အတိုင်းဖြေ"

"ခွေးဆိုးလေး၊ နင်သိချင်တိုင်း ငါက ဖြေရမှာလား"

"ဖြေရမှာပေါ့၊ မမ မဖြေရင် သား ဒီည မအိပ်တော့ဘဲ မမအိပ်ခန်းမှာပဲ ထိုင်စောင့်နေမှာနော်၊ မမ မပြောမချင်း"

အစ်မက မျက်စောင်းထိုးကာ. . .

"သက်သက် အနိုင်ကျင့်စရာမရှိ အနိုင်လာကျင့်မနေနဲ့





နော် ခွေးဆိုးလေး"

သူ့အပေါ် အမြဲအနစ်နာခံကာ အလိုလိုက်တတ်သော အစ်မဖြစ်သူ၏ မနောကို စောကြောပြီးသား ဖြစ်သဖြင့် သူ မလျှော့တမ်း တောင်းဆိုလိုက်သည်။

"အနိုင်ကျင့်တာ မဟုတ်ဘူး၊ သား တကယ်သိချင်လို့ပါ မမရာ"

"ဟင်း အိမ်ထောင်ပြုဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူးလို့ မမထင်တာပဲ မောင်လေးရယ်၊ မမ သူစိမ်းယောကျ်ား တစ်ဦးကို မချစ်မနှစ်သက်ဘဲနဲ့တော့ အိမ်ဦးနတ်အဖြစ် မပူဇော်မပသနိုင်ဘူး၊ ဘယ်လိုပြောမလဲကွာ၊ အိမ်ထောင်ရေး ဝဋ်ဒုက္ခ၊ အိမ်ထောင်နွံထဲမှ မမဘဝကို နစ်မြုပ်ရမှာကို နှမြောတယ်၊ မမ က မိဘုရားအဖြစ်ထက် ဘုရင်မအဖြစ်ကို လိုလားတယ်လို ဆိုရမှာပေါ့"

"မမချစ်တဲ့လူကို အရွယ်လွန်မှ တွေ့ရင်ကော"

အစ်မက သူ့အား ပြုံးကြည့်ပြီး. . .

"မောင်လေး ငါ့မောင်ကိုယ်တိုင် နှလုံးသားကို ထိမှန်စေတဲ့ ချစ်သူတွေ့လာပြီ ထင်တယ်"

"ထမင်းရည်ပူလျှာလွှဲမလုပ်နဲ့နော် မမ၊ သားမေးတာကို အရင်ဖြေ"

"အခုလည်း အရွယ်လွန်နေပါပြီ၊ စိတ်ချ မမမှာ ဆင်ခြင်တုံတရားရှိတယ်၊ ကိုယ့်ကိုကိုယ်ချစ်တတ် နှမြောတတ်တဲ့ သူတွေဟာ အပျိုကြီးဘဝနဲ့ပဲ အရိုးထုတ်သွားတာများတယ်၊ အဲဒီ အထဲမှာ မမက ရှေ့ဆုံးကပဲလို့သာ မှတ်လိုက်တော့ မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ သွားတော့ မမ အိပ်ချင်ပြီ. . ဂွတ်နိုက်"

အစ်မလုပ်သူက သူ့အား တံခါးဝသို့ရောက်အောင် တွန်းထုတ်လိုက်လေသည်။ သူက လူကိုအလိုက်သင့် ရွှေ့လျား လိုက်ပါလာပြီး နှုတ်ကတော့. . .

"ဒါဖြင့် မမက အပျိုကြီးပဲ လုပ်တော့မှာပေါ့"

"ဒါဖြင့် ဒါ မမဆုံးဖြတ်ချက်"

"မေမေတို့က အတင်ပေးစားရင်ကော"

"မေမေတို့က နားလည်မှုရှိပါတယ်၊ အတင်းအကျပ် မလုပ်ပါဘူး၊ မမ သဘောမကျရင် စီစဉ်မှာမဟုတ်ဘူး"

"စိတ်ကူး မလွဲနဲ့နော် မမ"

"သွားစမ်းပါ"

အစ်မက သူ့အား အိပ်ခန်းပြင်သို့ အပြီးတိုင် တွန်းထုတ်ပြီး တံခါးကို ပိတ်လိုက်သည်။

သူက ပြုံးကာ ခေါင်းခါပြီး သူ့အိပ်ခန်းဘက်သို့ ဦးတည်လိုက်လေသည်။ ဒီတစ်ခါတော့ သူ တကယ်အိပ်ရာဝင်ဖြစ်တော့မည် ထင်ပါသည်။

သို့သော် အိပ်ပျော်ခြင်း၊ မပျော်ခြင်းကိုတော့ သူ့ကိုယ်သူ မဆုံးဖြတ်နိုင်သေးပေ။ အခုတလော နှလုံးသားက သူ၏စိတ်နှင့် ခန္ဓာကိုယ်ကို ဦးဆောင်ဦးရွက်ပြုနေသည်မှာ ပန်းနုရောင်တို့ ရောက်သည့်နေ့မှ စတင်စပြုခဲ့လေပြီဟု. . .။







# အခန်း(၄)

အစ်မအတွက် ယောက်ဖလောင်း ရှာဖွေရတာ မလွယ်တူမှန်း ခန့်ညား သတိပြုမိလာသောအခါ အိမ်ထောင်တစ်ခုကို လွယ်လင့်တကူ တည်ဆောက်ကြသောသူများကို အံ့အားသင့်မိသည်။

"အစ်ကို ခဏ အိမ်ထဲဝင်ထိုင်ပါလား၊ ကားကို အခုပဲ ပိုင်ကြီး လာပို့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အစ်မအရွယ်ဆိုတော့ အစ်ကိုဟုပဲ သုံးနှုန်းလိုက်သည်။ မဆိုးပါဘူး. . ခန့်ခန့်သန့်သန့်ပင်။

"ကိစ္စမရှိပါဘူး ညီလေး အစ်ကို အပြင်မှာပဲ နေပါ့မယ်"

"မဟုတ်တာ အစ်ကိုရယ် လာပါ အိမ်ထဲမှာ ဘယ်သူမှ မရှိပါဘူး ၊ လွတ်လွတ်လပ်လပ် နားပါ"

ကားထဲမှာ ငွေပါလာ၍ စိတ်မချခြင်းကြောင့်လား၊ အလုပ်သဘောအရ ကားဝယ်ရန် လာသဖြင့် အလုပ်ကိစ္စကိုသာ ဆောင်ရွက်ချင်သည်။ ရောင်းသူနှင့် ရင်းနှီးစရာမလိုဟုများ ခံယူထားသလေား မသိ။

"ရပါတယ် ဒီအတွက် ဘာမှအားနာမနေနဲ့ ပန်းပင်လေးတွေကြည့်ရတာ အစ်ကို သဘောကျနေပါပြီ"

ဇွတ်ခေါ်ရမှာကိုပင် ရှက်လာသည်။ အစ်မလဲ ယောင်၍ပင် အိမ်ပြင်ထွက်လိမ့်မည်မဟုတ်။ ခက်ပြီ၊ သူတို့နှစ်ဦး တွေ့ဆုံမှုကို မိမိမည်ကဲ့သို့များ ဖန်တီးပေးရမည်နည်း။

ခန့်ညားခေါင်းခဲသွားစဉ် ဇော်ပိုင်ရောက်လာသည်။ ကားကိုမြင်သည်နှင့် ထိုပုဂ္ဂိုလ်က ကျေနပ်လေသည်။ စေ့စပ်သေချာစွာဖြင့် ကားကို အနုလုံပဋိလုံ ရှုစားသည်။

စက်ကိုနှိုးကြည့်သည်။ ခြံကိုပတ်၍ မောင်းသည် ကားတာယာမှအစ ပြည့်စုံစေရန် စစ်ဆေးပြီး ကျေနပ်သွားမှ စာရွက်စာတမ်း၊ လိုင်စင်တို့ကို ကြည့်သည်။ နာရီဝက် မကတော့။

ခန့်ညား အိမ်ထဲသို့ ကွက်ကြည့်ကွက်ကြည့် လုပ်သည်။ ဖြဟ္မာပြည်ကဆင်းသက်လာပုံရသော သူ၏မမဒေါ်ယဉ်ကေးသည် ယောင်၍မျှ အိမ်ရှေ့သို့မကြွချီ။ အသံကိုပင် သဲ့သဲ့မကြား





ရ။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

"ဟိတ်ကောင် ဖိုးလပြည့်၊ အိမ်မှာ ဘယ်သူမှ မရှိဘူးလား"

"ဖေဖေနဲ့ မေမေတော့ မရှိဘူး မမတော့ရှိတယ် ဘာဖြစ်လို့လဲ"

"ငါဗိုက်ဆာပြီကွာ ဝင်စားတော့မယ် မမရှိရင် ပြီးတာပဲ ဧည့်သည်ကို အိမ်ထဲခေါ်ခဲ့ကွာ စာချုပ်ချုပ်ဖို့ ငွေရေတွက်ဖို့တွေ ရှိသေးတာပဲ"

"အေးပါကွာ"

ဇော်ပိုင်ကတော့ ဝယ်လက်ကိုခန့်မှန်းကာ အပိုင်ပင် ပြောပြီး အိမ်ထဲသို့ ဝင်သွားသည်။

ခန့်ညားက ကားဝယ်မည့် ပုဂ္ဂိုလ်ကိုကြည့်လိုက်သည်။ အလုပ်လုပ်သည်မှာ စေ့စပ်သေချာမှု ရှိသည်။

"ကျွန်တော် ကျေနပ်ပါတယ် တစ်ခါတည်း စာချုပ်ချုပ်ပြီး ငွေအပြီးချေသွားပါ့မယ်"

"ဒါဖြင့် အိမ်ထဲကိုကြွပါ အစ်ကို"

ခန့်ညား ဖိတ်ခေါ်လိုက်သည်။ ပုဂ္ဂိုလ်က အတူပါလာသော အဖော်နှင့်အတူ အတက်ချိကေ့စ်များကို ယူကာ အိမ်ထဲ ဝင်လာသည်။

ဧည့်ခန်းသည် ဆိတ်ငြိမ်လျက်ရှိသည်။ မမ၏အရိပ်အယောင်ကို ရှာဖွေ၍ မတွေ့နိုင်။ တကယ်ကို အပျိုကြီးသန့်သန့်စင်စင်ပါလား။

ဇော်ပိုင် ထမင်းစားခန်း၌ ထမင်းဝင်စားနေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးတွင် ခူးခပ်ကျွေးမွေးနေသည့် အိမ်ထောင်ထိန်း ဒေါ်ဖွား သစ်ကိုသာ တွေ့ရသည်။ ခန့်ညား သက်ပြင်းချလိုက်သည်။

သူ အောင်သွယ်တော်လည်း မလုပ်တတ်။ သူ့အစ်မ လည်း အမှန်တကယ်ပင် အပျိုကြီးလုပ်ကာ အေးအေးဆေး ဆေး နေလိုသူ၊ အိမ်ထောင့်တာဝန်အပူကို ကြောက်တတ်သူဖြစ် သည်မှာ အမှန်အကန်ပင်။ သူ လက်လျှော့လိုက်ပြီ။

ခန့်ညားထည်ဝါသော လှေကားပေါ်မှ သူ့အစ်မသည် လှလှပပ ကြွကြွရွရွ ခန့်ခန့်ထည်ထည်လေး ဆင်းသက်လာလိမ့် မည် မဟုတ်တော့သည့်အတူတူ အရောင်းအဝယ်ကိစ္စကိုသာ ဂရုတစိုက် လုပ်လိုက်လေတော့သည်။

စာချုပ်မှာ ဝယ်သူ၏အမည်ကို ကြည့်လိုက်မိသည်။

ဦးကျော်ခေါင်သာ။

ဟုတွေ့လိုက်ရသည်။

"ကားက ဝယ်အောင်းထားမှာလား"

"မဟုတ်ပါဘူး ကိုယ်တိုင်စီးမလို့ပါ။ သန့်လည်းသန့်တယ် မဟုတ်လား"

အရောင်းအဝယ်ကိစ္စ အားလုံးပြီးပြတ်၍ ဦးကျော်ခေါင် သာက ဝယ်ပြီး ကားသစ်ကို ကိုယ်တိုင်မောင်းသွား ပြီး အဖော်က ကျန်ကားကိုမောင်းကာ ပြန်သွားကြလေသည်။

ထိုအချိန်ရောက်မှ မမဒေါ်ယဉ်ကျေးသည် လှေကား ပေါ်မှ မိန့်မိန့်ကြီး ဆင်းသက်လာလေတော့သည်။

"ကိုင်း အရောင်းအဝယ်ကိစ္စ ပြီးသွားရင် ငွေသွားသိမ်း လေ၊ ပြီးရင် မမကိုဈေးခဏလိုက်ပို့ပေးပါဦး ဖိုလပြည့်၊ မနက်





ဖြန့် အဖိတ်နေ့လေ ဆရာလေးတို့ ဆွမ်းခံကြွလာရင်ဆွမ်းကပ်ရ အောင် ဈေးသွားမှဖြစ်မယ်"

"ဟိုပုဂ္ဂိုလ်တွေမပြန်သေးရင် မမဈေးသွားမယ့်ကိစ္စ ဘယ်လိုလုပ်မလဲ"

"အိုကွယ် အရောင်းအဝယ်ကိစ္စက ဒီထက်ကြာစရာ အကြောင်းမရှိပါဘူး၊ ဘာကိစ္စ မပြန်သေးရမှာလဲ"

အစ်မကို လက်လျှော့လိုက်ပြီဖြစ်၍ သူဘာမှ ထပ်မ ပြောဖြစ်တော့။ အိမ်ထောင်သားမွေးကိစ္စကို ကြောက်ရွံ့စွာဖြင့် စိတ်ဝင်စားခြင်းမရှိသောသူသည် အရွယ်လွန်မှ အမှားတွေ့ခြင်း မျိုးတော့ ဖြစ်လိမ့်မည် မဟုတ်ပါ။

"သား ငွေသွားသိမ်းလိုက်ဦးမယ် ခဏစောင့်"

"အေးပါ မမပိုင်ကြီးနဲ့ စကားပြောနေရင်း စောင့်နေမှာ ပေါ့"

ခန့်ညား အမှန်တကယ်ပင် ယတိပြတ်ဆုံးဖြတ်လိုက် သည်။ သူ့အစ်မသည် သူကဲ့သို့ပင် မိဘဘိုးဘွား အမွေအနှစ်ကို တစ်သက်စားမကုန်ခံစားနိုင်၍ ငွေကြေးအတွက်လည်း ယော ကျာ်းယူစရာမလို။

ပညာအားဖြင့်လည်း ပညာတတ်။ တက္ကသိုလ်က လက် ထောက်ကထိကတစ်ဦးဖြစ်သဖြင့် ဂုဏ်သိက္ခာနှင့် လုံခြုံမှုက လည်း အပြည့်အဝ ရှိပြီးသား. . .

အထီးကျန်မှုအတွက်ကတော့ မမသည် နေခြင်းသည် သေခြင်းအတွက်ဟုဆိုကာ နေ့စဉ် နံနက်ည တရားရှုမှတ်ခြင်း ဖြင့် ငြိမ်းချမ်းမှုကို ခံစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အစ်မနောင်ရေးအတွက် ပူပင်စရာ မလို ချေ။

အစ်မ အိမ်ထောင်ပြုဖို့ကိစ္စ သူ လုံးဝ လက်လျှော့လိုက် သကဲ့သို့ မိဘများကိုည်း မတိုက်တွန်းတော့ဘူးဟု ဆုံးဖြတ်လိုက် သည်။

သူ့အစ်မ ငြိမ်းချမ်းစွာ နေပါစေတော့. . .။









# အခန်း(၈)

ပန်းနုရောင်သို့ သူနှင့်ပီတာ နှစ်ယောက်တည်း ရောက် ခဲ့လေသည်။ အမုံ သီချင်းဆိုနေသည်။ သီချင်းဆိုစဉ် ဘယ်သူ့ကို မှ မကြည့်ဘဲ သီချင်းထဲ၌သာ ဈာန်ဝင်စား သီဆိုတီးခတ်နေခြင်း ကို သူ နှစ်သက်ခြင်းလည်းဖြစ်သည်။

အမုံနှင့် ပတ်သက်ပြီး အမုံနေထိုင်ရာ မော်ဘီလိပ်စာ ကို ရထားပြီဖြစ်သည်။ နှင်းဆီအဝါငါးပွင့်ကို နိစ္စဓူဝ ဆက်သပေး



www.burmeseclassic.com

www.burmeseclassic.com


နေသူကို အမုံသတိပြုမိလောက်ပြီ ဖြစ်သည်။

လူကိုယ်တိုင် လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ ပန်းကတော့ ခစားလျက်ရှိသည်ကို ထူးခြားမှုတစ်ခုအနေဖြင့် အမုံသတိပြုမိပြီ ဖြစ်ပြီဟု မှန်းဆိုက်ပြီးနောက် အမုံ အပတ်စဉ် မိဘအိမ်ပြန်နေကျကိုပါ စုံစမ်းပြီး အမုံနောက်လိုက်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

"လှတယ် ချောတယ်ဆိုတာထက်ကို. . ဆွဲဆောင်မှုရှိတယ်ဆိုရင် ပိုမှန်မလားဘဲ၊ မင်းကော ဘယ်လိုထင်လဲ"

"ဆွဲဆောင်မှုရှိတယ်လို့ ဆိုရမယ်၊ ဘာကြောင့်လဲဆိုတော့ သူက ငါ့ကို ဆွဲဆောင်နေပြီလေကွာ ပီတာ"

"မင်းရဲ့ နဝမမြောက် လေဒီပေါ့"

ပီတာစကားကြောင့် ခန့်ညားရင်ထဲ ရှုပ်ထွေးသွားသည်။ အမုံကို ကျွန်မိန်းကလေးများကဲ့သို့ပင် လွယ်လွယ်နှင့် စိတ်ဝင်စားပြီး လွယ်လွယ်နှင့်ပင် စွန့်လွှတ်ခဲ့မိမှာလား။

ထိုသို့မဟုတ်ဘူးထင်ပါသည်။ အမုံကိုမြင်မြင်ချင်း စိတ်ဝင်စားမိသော်လည်း ချဉ်းကပ်ရန် သင့်မသင့်ကို သူ အတော်စဉ်းစားယူခဲ့ရသေးသည်။

ပြီးတော့မှ လေ့လာရန် ဆုံးဖြတ်သည်။ လေ့လာပြီးမှ ချဉ်းကပ်သင့်ပါက ချဉ်းကပ်မည်ဟု ဆုံးဖြတ်ပြီးမှ လှုပ်ရှားမှုစတင်သည့်အနေဖြင့် အဝါရောင်နှင်းဆီပန်းငါးပွင့်ကို နေ့စဉ်ဆက်သစေခြင်းဖြစ်သည်။

တစ်ခါတစ်ရံ သုံးလေးရက်မျှ ပန်းနုရောင်သို့ ခြေဦးမလှည့်ဘဲနေကာ ကိုယ်ရောင်ဖျောက်ထားလိုက်သည်။



"အစ်ကို ဒီသီချင်းကနောက်ဆုံးပဲ ပန်းစည်းကို ကျွန်တော်ပဲ သွားပေးရမလား အစ်ကိုကိုယ်တိုင်ပဲ ပေးမလား"

သူတို့ကိစ္စကို ပင်တိုင်ဆောင်ရွက်ပေးသူ မောင်စောအမည်ရှိ စားပွဲထိုးလုလင်ကလေးက လာရောက်မေးသည်။

သူ ပီတာအား ကြည့်လိုက်သည်။ ပီတာက ခေါင်းညိတ်ကာ ပန်းစည်းကိုလှမ်းယူလိုက်သည်။

"ကျေးဇူးပဲ ညီလေး၊ အစ်ကိုပဲ သွားပေးမယ်"

အခြားစားသောက်ဆိုင်များ၌ စားရင်းသောက်ရင်း အဆိုတော်ကလေးများကို ပန်းကုံးစွပ်ရသည့်အလုပ်ကို ထမင်းစားရေသောက် သဘောမျိုးဖြင့် လွယ်လင့်တကူ အပျော်အပျက်ပြုလုပ်နိုင်ခဲ့သော်လည်း အမုံကို ပန်းစည်ဆက်သဖို့အရေး တွန့်ဆုတ်နေခဲ့ရသည်မှာ ဘာကြောင့်နည်းဟု သူ့ကိုယ်သူ မတွေးတတ်အောင်ဖြစ်ခဲ့ရသည်။

အမုံသည် သူ့အား အခြားသူများကဲ့သို့ပင် အပျော်မက်သူ ပိုက်ဆံရှိ၍ ဖြုန်းတီးနေသူအဖြစ် ယူဆလိုက်မှာ သူအင်မတန်စိုးရိမ်လေသည်။

သီချင်းဆိုအပြီး ဂီတာကိုစားပွဲပေါ် လှမ်းတင်ပြီး မတ်တတ်ရပ်ကာ ပရိသတ်တစ်ဦးကို လှမ်းကာနှုတ်ဆက်အပြီးတွင် ပီတာက စင်ပေါ်တက်ကာ ပန်းစည်းသွားဆက်သည်။

ထိုစဉ် ပြုံးကာ 'ကျေးဇူးတင်ပါတယ်' ဟု တိုးတိတ်ငြင်သာစွာ ပြောလိုက်စဉ် မျက်ဝန်းနက်နက်ကလေးသည် သူ့ထံသို့ ဆိုက်ရောက်လာသည်ကို သူ ရင်ခုန်စွာ ရင်ဆိုင်လိုက်သည်။

မျက်လုံးချင်းဆုံတွေ့မှုက တဒင်္ဂလေးပင်။ သို့သော်. . .


www.burmeseclassic.com

www.burmeseclassic.com

သူ၏ ရင်ခုန်သံစဉ်နှုန်း မြန်ဆန်မှုကတော့ အတောမသတ်နိုင်အောင် ရှည်ကြာလွန်းလှစွာဖြင့် လှိုင်းထကျန်ရစ်ခဲ့လေသည်။

"လှလွန်းတယ်ကွာ အနီးကပ်လည်း ရက်ရက်စက်စက်လှတယ်"

"ပြန်ကြရအောင်"

"နေဦးလေ သူ့အပြန် လိုက်ဦးမယ်ဆို"

"နေပါစေတော့ သူ အပြန်ဖြောင့်ဖြောင့်တန်းတန်းပဲ အိမ်ပြန်ပါစေတော့"

အကြည့်ချင်းဆုံ ရင်ခုန်တယ်ဟူသော စကားကို ယခုမှ ကိုယ်တွေ့ဖြင့် နားလည်လေပြီ။

ပန်းနုရောင်မှ အသာအယာ ထပြန်ခဲ့လေသည်။

နောက်နေ့တွင် အမုံနှင့်တွေ့ဆုံရန်အတွက် သူကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်သင့်လေပြီ။

ပီတာကို အိမ်ပြန်ပို့ခဲ့သည်။ ဒီကိစ္စကို ကျန်သူငယ်ချင်းများကို အသိမပေးသေး။ အဆင့်အတန်းခွဲခြားတတ်သူ မိခင်နားရောက်သွားမှာကို သူစိုးရိမ်သည်။

အဆင့်အတန်းကို ဂုဏ်ပကာသနပေတံနှင့် တိုင်းတာတတ်သော မိဘနားသို့ အရောက်ခံလို့ မဖြစ်သေးပေ။

သူကိုယ်တိုင်လည်း အမုံ၏ အသိုင်းအဝိုင်းအကြောင်း အခြေအနေကို လေ့လာချင်သေးသည်။

ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည် ပဓာနမဟုတ်။ ကိုယ့်ကျင့်တရားကောင်းမွန်ခြင်းနှင့် ယဉ်ကျေးလိမ္မာသိမ်မွေ့ခြင်းကို သူလိုလားသည်။





"မောင်လေးကို မေမေ မေးနေသေးတယ်"

"ခုပဲ သွားတွေ့လိုက်မယ်"

အပေါ်ထပ်သို့ တောက်လျှောက်တက်ခဲ့သည်။ သူ့စိတ်ထဲ၌ ကြိုသိနေသလိုလို ရှိသည်။ အစ်မကိစ္စကို သူ လက်လျှော့လိုက်သကဲ့သို့ပင် မိဘများကလည်း နဂိုကတည်းကပင် လက်လျှော့ထားပြီးဖြစ်သဖြင့် ဘာမှမထူးခြားလှပေ။

သို့သော် အစ်မအပေါ် လက်လျှော့ရသမျှတို့သည် သူ့အပေါ်သို့ စုပြုံလာလိမ့်မည်ကို သူ ကြိုတင်တွက်ဆပြီးသားဖြစ်လေသည်။

"လာ. . သား ကော်ဖီ ထပ်သောက်ဦးမလား"

"မသောက်တော့ဘူး မေမေ၊ ဘာပြောမလို့လဲ"

မိခင်က ထပ်သောက်ဦးမလားဟု မေးလိုက်ကတည်းက သူကော်ဖီဆိုင်သွားကြောင်းကို သိနေသည်ဟု ဆိုလိုခြင်းဖြစ်သည်။

"သားအဖေသူငယ်ချင်းသမီးတစ်ယောက် တွေ့ထားလို့ အဲဒါ သားကို သွားကြည့်စေချင်တယ်"

မိဘများက အတင်းအကျပ် မစီစဉ်ဘဲ၊ သူ့ဆန္ဒကို အရင်မေးမြန်းတာကပင် မိဘများကို ကျေးဇူးတင်စရာ ဖြစ်နေလေတော့သည်။

"သူတို့ဘက်က စဆက်သွယ်တာ ဆိုရင်တော့ သတိထားသင့်တယ်မေမေ သူတို့သမီးကို ပြောမရဆိုမရကိစ္စမျိုးရှိလို့ အိမ်ထောင်ချပေးတာမျိုး ဆိုရင်တော့လဲ. . ."

"မိကျောင်းမင်း ရေခင်းပြ လာလုပ်မနေနဲ့နော် ဖိုးသ



www.burmeseclassic.com

www.burmeseclassic.com



ပြည့် မေမေတို့က စုံစမ်းပြီးသား၊ တစ်ဦးတည်းသော သမီးကလဲ ဖြစ် ချောကလဲချော၊ ကိုကိုတက်ကလဲ ချမ်းသာတော့ မတော်တဲ့ သူတွေနဲ့ တွေ့သွားမှာကိုစိုးရိမ်လို့ ထားစရာနေရာ မရှိ အောင်ကို ဖြစ်နေရရှာတာ၊ ဒါကြောင့်ပါ၊ ခုမှ ဆယ်တန်းအောင်ထားတာ ဆယ့်ရှစ်နှစ်ပဲ ရှိဦးမယ်"

"ဟင်. . ငယ်ရင်ချီနေရမယ် မေမေရာ ဘာလုပ်ရမှာလဲ"

"ဖိုးလပြည့်ရယ် ဆင်ခြေပေးမနေနဲ့၊ ယောက်ျား ပဋ္ဌင်း မိန်းမပုခက်တွင်းဆိုတဲ့ စကားရှိတာပဲ။ အသက်အရွယ်ကိုတော့ မင်းစကားမပြောနဲ့"

"ကဲပါ မေမေရယ်၊ ကြည့်ဆိုလည်း သွားကြည့်တာပေါ့၊ ဘယ်မှာနေလဲ"

"တောင်ကြီးမှာ"

"ဗုဒ္ဓေါ် အဝေးကြီးမှာ၊ ဘယ်လိုများ ဆက်စပ်မိတာလဲ"

"သူ့အဖေနဲ့ မင်းအဖေ ဘန်ကောက်မှာ ဆုံမိကြတယ်လေ၊ အဲဒီမှာ စကားစပ်မိကြတာ၊ သားအဖေက အရင်ပြန်ရောက်တယ်၊ သူကတစ်နေ့ကမှ ရောက်တယ်၊ အိမ်ကို လာတွေ့သေးတယ်၊ သားအပြင်သွားနေတာနဲ့ကြုံလို့ တွေ့မသွားရတာ၊ သူတို့လဲ သမီးလေးအတွက် စိတ်ချချင်တယ်၊ မေမေတို့ကလဲ သားကို စိတ်ချချင်တော့ ဘုန်းကြီးရှုနဲ့လှေလှူး တွေ့ကြတယ်ဆိုပါတော့"

"သား သဘောပေါက်ပြီ မေမေ၊ သားတို့ သူငယ်ချင်းတွေ နွေရောက်ရင် တောင်ကြီးတက်မယ် စိတ်ကူးထားလို့ အဲဒီ





တော့မှ သွားကြည့်လိုက်ပါ့မယ်"

လောလောလတ်လတ်အတွက် ထွက်ပေါက် ရှာရလေသည်။ နွေရောက်ဖို့က သုံးလေးလလိုသေးသည်ပဲ။ ဒီကြားထဲ အမှုံနှင့် အဆင်ပြေသွားနိုင်သည်။

"မကြာလွန်းဘူးလား၊ သား အမေရိကားသွားဖို့ ကိစ္စလဲ ရှိသေးတော့"

"အမေရိကားမသွားခင် လက်ထပ်နိုင်ရင်ပြီးတာပဲမဟုတ်လားမေမေ၊ သူ့အကျင့်စရိုက်ကိုတော့ လေးငါးရက်လောက် သူတို့အိမ်မှာ သွားတည်းပြီး လေ့လာလိုက်ရုံနဲ့ ရပါတယ်"

"အေး. . အေး. . ဒါဖြင့်ရင်လဲ ပြီးတာပဲ၊ သားခေါင်းထဲမှာ အဲဒီကိစ္စထည့်ထားရင် မေမေ ကျေနပ်တယ်"

"စိတ်ချပါ မေမေ၊ အိမ်ထောင်ရေးမှာ သူချစ်ကိုယ်ချစ် အပြင် နှစ်ဖက်မိဘသဘောတူကြည်ဖြူဖို့ကလဲ အဓိကအဖြစ် သားအလေးထားပါတယ်"

"သာဓုကွယ် သာဓု သာဓု၊ မိဘ စိတ်ချမ်းသာရေးကို အလေးပေးတယ်ဆိုရင် ငါ့သား စိတ်ချမ်းသာစေရမှာပါ"

"ဒါပဲလား မေမေ၊ တခြားဘာကိစ္စမှ မရှိတော့ရင် သား သွားအိပ်တော့မယ်"

"အေး. . အေး"

သူအိပ်ခန်းထဲသို့ ပြန်ရောက်ပြီး ကိုယ်လက်သန့်စင် အဝတ်အစားလဲလှယ်ပြီး အိပ်ရာထဲသို့ ဝင်ခဲ့သည်။ ရုတ်တရက် အိပ်မပျော်နိုင်။ မနက်ဖြန် မော်ဘီသို့ လိုက်သွားပြီး အမှုံနှင့် တွေ့ရမည့်အရေးအတွက် စိတ်လှုပ်ရှားကာ အိပ်မပျော်နိုင်



www.burmeseclassic.com

www.burmeseclassic.com

အောင်ဖြစ်ရသည်။

နဝမြောက် စိတ်ဝင်စားမိကာ လေ့လာရန်ဆုံးဖြတ်လိုက်သော အမျိုးသမီးဖြစ်သော်ငြားလည်း ကျန်အမျိုးသမီးများနှင့်မတူ သူ့စိတ်ကို အဖမ်းစားနိုင်ဆုံးသူဖြစ်နေသည်။

အချိန်တွေကလည်း ပေးလိုက်ရတာ။

သို့သော် ထိုအတွက် သူ ကျေနပ်ပျော်ရွှင်နေမိသည်။ စုံထောက်ဝတ္ထုကောင်းတစ်ပုဒ် ဖတ်ရသည့်နှယ် စိတ်ဝင်စားကာ အာရုံစိုက်နေမိသည်မှာတော့ သေချာသည်။

သာမန် အညတရမိန်းမတစ်ယောက်သည် သူ့ဘဝကို စိုးမိုးနိုင်စွမ်းရှိလိမ့်မည်ဟု သူ တစ်ခါတစ်ရံမှ မတွေးတောခဲ့ဖူးပါချေ။ သို့သော်‥ တစ်ခါတစ်ရံ စိတ်ကူးယဉ်အိပ်မက်ထက် ဆန်းကြယ်သော အချစ်ဇာတ်လမ်းများသည် လက်တွေ့ဘဝ၌လည်း ပေါက်ဖွားရှင်သန်တတ်ပါလားဟု သူသဘောပေါက်လိုက်မိသည်။

မည်သို့ဆိုစေကာမူ ခေတ်အဆက်ဆက်မရိုးနိုင်၊ မပြောင်းမလွှဲဘဲ ရပ်တည်နေတတ်သည်ကတော့ အချစ်အတွက် ဆိုလျှင်စွန့်စားရဲတတ်ကြသည်မှာ ချစ်တတ်သူတို့၏ သဘာဝပင်။ ထိုအထဲ သူလည်း ရှေ့ဆုံးကအပါအဝင်ဖြစ်သည်ကိုတော့ ခန့်ညားလက်ခံမိလေပြီ။ ခန့်ညားသည် အမုံအတွက် လူဖြစ်မှန်းမသိ ဖြစ်နေလေပြီဟု။

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

မိဘ၏ အိမ်ရိပ်ကိုနင်းလိုက်ရသည်နှင့် အမုံရင်ထဲ အေးချမ်းသွားသည်။ အမုံပေးသော ငွေများဖြင့် ကြွေးမြီများ ဆပ်ပြီးနောက် ခနိမိုးအစား သွပ်မိုးကိုပြောင်းလဲမိုးနိုင်ပြီ။ ထို့အပြင် ရေနံသားဝနေသော ပျဉ်ထောင်အိမ် မည်းမည်းကလေးက ဒီနှစ်လည်း ရေနံချေးအသစ် သောက်သုံးပြီးဖြစ်ကြောင်း ကြွေးကြော်နေသယောင်ယောင်. . .။





နှင်းဆီနှင့် စံပယ်ရနံ့တို့က စိတ်ပင်ပန်းသမျှတို့ကို ဖြေဖျောက်စေရန် ဆောင်ကြဉ်းကာ အမုံ၏ နှာခေါင်းတွင်းသို့ တိုးဝင်နှစ်သိမ့်မှုပေးလေသည်။

ဆိုင်ကယ်သုံးဘီးသံကိုစောင့်မျှော်နေသော အမေနှင့် အဘွားက ကွပ်ပျစ်မှ ထလိုက်ကြသည်။

ဆိုင်ကယ်သုံးဘီးသံနှင့်အတူ အမုံသည် သူတို့အပါးသို့ ဘွားခနဲရောက်လာတော့မည်ကို သူတို့သိပြီးသားဖြစ်သည်။

“အမုံ လာပြီ. . အမေ”

အမေက အဘွားကိုပြောလိုက်သံကို အမုံက ဆိုင်ကယ်သုံးဘီးခပေးအပြီး ခြံဝင်ထဲလှမ်းအဝင်၌ ကြားလိုက်ရသည်။

“ကျုပ်ကြားပါတယ် အစောကြီးကတည်းက”

အဘွားကလည်း အရှုံးမပေးတမ်း ပြောလိုက်သည်။

“အဘွား အမေ အနီနဲ့အငုံကော ကျောင်းသွားကြပြီလား၊ အစောကြီးရှိသေးတယ်”

“အငုံ သန့်ရှင်းရေးနေ့ ဆိုလားပဲ၊ အနီကတော့ ကျူရှင်ကနေဆက်မယ်လေ ဒီနေ့ သမီးအမုံက နည်းနည်းနောက်ကျနေလားလို့”

အမေက အမုံထံ ဖြည်းဖြည်းလျှောက်လာပြီး ကြိုသည် အမုံလက်ထဲမှ ခြင်းတောင်းလေးကို ဆွဲယူသယ်ရန် ကြိုးစားသည်။

အမေက ပိုးတောင့်တဲခန္ဓာကိုယ်ယဲ့ယဲ့ကို အနိုင်နိုင်သယ်နေသည့်ကြားက အမုံကို ကြိုချင်သည်။

အမုံက ပြုံးကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"လေးတယ် အမေ၊ အမေနိုင်မှာ မဟုတ်ဘူး"

လက်မလွှတ်ပေးဘဲ ပြောလိုက်သည်။ ဒါကို အမေက မခံ. . .။

"ပန်းတောင်းရွက်လာတဲ့ အမေပါ အမုံရယ်၊ လွှတ်လိုက်စမ်းပါ၊ အမေ ဒီခြင်းလောက်တော့ နိုင်ပါသေးတယ်"

အမေစိတ်ချမ်းသာစေရန် အမုံခြင်းတောင်းမှ လက်ကို လွှတ်ပေးလိုက်သည်။ ထိုအခါမှ အမေက ကျေနပ်သွားသည်။

အဘွားက တုတ်ကောက်ကို ဆယောက်ရင်း လှေကားထိပ်၌ ရပ်ကြိုလေသည်။

"အဘွားမှာလိုက်တဲ့ အခွေကော ပါရဲ့လား"

"ပါပါတယ် အဘွားရဲ့၊ အမုံ မမေ့ပါဘူး"

အဘွားသည် အသက်ရှစ်ဆယ့်ငါးနှစ်ရှိပြီ ဖြစ်သော်လည်း သူငယ်မပြန် သတိတရားရှိသည်။ သူ့အမှတ်လေးနှင့်သူ သတိရှိနေသည်။ တရားခွေများကိုလည်း နာတတ်လေသည်။ ထိုအလုပ်မှ မလုပ်လျှင်လည်း အဘွားအတွက်မဖြစ်။ အဘွားသည် မျက်မမြင်ဒုက္ခိတဖြစ်လေသည်။

လှေကားသုံးထစ်ကို တက်အပြီး၌ ဖိနပ်ချွတ်၍ရပ်နေသော အဘွားကိုတွဲကာ အိမ်ထဲသို့ခေါ်ခဲ့သည်။ အိမ်သည် ထုံးစံအတိုင်း သပ်ရပ်နေသည်။ အမေသည် ပန်းနာရင်ကျပ်ရှိသဖြင့် အအေးမခံနိုင်သော်လည်း အိမ်အလုပ်ကိုမူ တကုပ်ကုပ်နှင့်. . လက်နှင့်မပြတ်တမ်း အလုပ်ရှုပ်နေတတ်သည်။

ကြမ်းသည် ပေါလစ်မတင်သော်လည်း မှန်ကြည့်၍ရအောင် ပြောင်လက်နေလေသည်။ အုန်းခွံဖြင့်တိုက်ပြီး အဝတ်





နှင့်သာ မှန်မှန်ပွတ်တိုက်ထားသည်။ အမုံရှိစဉ်ကလည်း အမုံတိုက်ခဲ့သည်။ အနီနှင့်အငုံကလည်း ကူတိုက်ပေးခဲ့သည်။

ဒီနှစ် အတန်းကြီးလာပြီဟုဆိုကာ အမေက မခိုင်းသော်လည်း သူတို့က ရေချိုးကားနီးတိုင်း သွေးပူလေ့ကျင့်ခန်းယူသည့် အနေဖြင့် တိုက်ချွတ်ပေးခဲ့ကြသည်။ ကျွန်းသား ဆက်တီတစ်စုံစာ၌လည်း ဖုန်လုံးဝမရှိ သန့်စင်လျက်ပင်။ စားပွဲပေါ်မှ အလှပန်းအိုးကိုကြည့်ကာ. . .

"အငုံတောင် ပန်းအလှအိုး ထိုးတာ အတော်တိုးတက်လာပြီပဲ"

"ကဲ. . သမီး အမုံ ဘာစားခဲ့သလဲ မေမေဒီနေ့ မုန့်ဟင်းခါးချက်ထားတယ်"

"ကော်ဖီပဲ သောက်ခဲ့တာ၊ အမေတစ်ခုခု လုပ်ထားမှာပဲဆိုတာသိလို့ကို တမင်ဘာမှမစားခဲ့တာ အမုံ သွားစားလိုက်ဦးမယ်"

"အေးအေး. . ပူနေအောင် မီးခဲနည်းနည်းနဲ့ ဟင်းချိုအိုးတင်ထားတယ် ဟင်းရေခတ်ရုံပဲ ကျန်တာတွေအားလုံး စားပွဲပေါ်မှာပြင်ပြီးသား အုပ်ထားတယ် အမုံ၊ အမေသမီး ဝယ်လာတာတွေ သိမ်းလိုက်ဦးမယ်"

"ဟုတ်ကဲ့ အမေ"

ဆေးဝါးနှင့် မုန့်ပဲသရေစာ၊ လက်ဖက်၊ အကြော်စုံတို့ကို အမြဲလိုလို ဝယ်လာပေးသည်မှာ အမုံ၏ ဝတ္တရားတစ်ရပ်လိုဖြစ်နေလေပြီ။

မုန့်ဟင်းခါး ခူးခပ်စဉ် အမေ့လက်ထဲ ငွေမအပ်ရသေး



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သတိရလိုက်မိသည်။ ဒီအပတ်လည်း မပြတ်ဆက်သနေသော နှင်းဆီအဝါငါးပွင့်ကြောင့် ခါတိုင်းထက် များရလေပြီ။ ငွေအရများတော့ အမှုံ ပျော်ရွှင်မိသည်။

သို့သော် အမှုံအား တွေ့ဆုံဖို့ကြိုးစားပြီး သူတို့နှင့် နိုက်ကလပ်တက်ရန်ခေါ် ဆောင်သူများကို ငြင်းပယ်ရသည်မှာ စိတ်ပင်ပန်းလှပြီ။

ငွေအရချောင်သည်။ သို့သော်. . စိတ်ပင်ပန်းလှသည်။ ဖခင် သေဆုံးပြီးနောက် တစ်စတစ်စ များပြားလာသော ကြွေးမြီများကိုလည်းကောင်း၊ မိခင် အမောဖောက်၍ ဆေးရုံတင်ကာ အသက်ကယ်ရစဉ်က ကုန်ကျစရိတ်များကြောင့် ထပ်တက်လာသောကြွေးမြီများကို ခြံဖွဲ့ရောင်းစရာမလိုဘဲ ပြန်ဆပ်ကာ၊ ပေါင်ထားသော မြေဂရန်ကိုလည်း ပြန်ရွေးနိုင်ခဲ့ပြီ။ ကြယ်မြင်လမြင် ခနိမိုးကို သွပ်အမိုးဖြင့် လဲလှယ်နိုင်လေပြီ။

ဒါတွေက အမှုံ စိတ်ပင်ပန်းမှုကို သက်သာလျော့ပါးစေသည်။

ယခုအပတ် ပါလာသောငွေက အနီနှင့် အငုံအတွက် စက်ဘီးတစ်စီးစီ ဝယ်ပေးနိုင်ပြီ။ တစ်မိုင်မျှကွာဝေးသောကျောင်းသို့ နိစ္စဓူဝ သွားရသဖြင့် အချိန်ကုန်သော ဒုက္ခအခက်အခဲကို လတ်တလော ဖြေရှင်းနိုင်မည့်အပြင် မှော်ဘီမြို့ထဲသို့ လိုင်ကားကို တားစီးပြီး ကျူရှင်တက်ရသော ဒုက္ခကိုလည်း ဖြေရှင်းပေးနိုင်မည်။

"အမှုံ. . စားနော် ပန်းဖောက်သည်တွေလာလို့ အမေ ခြံထဲ ဆင်းလိုက်ဦးမယ်"





"ဟုတ်ကဲ့ အမေ အမှုံစားပြီးရင် ဆင်းလာခဲ့မယ်"

အမေကိုလှမ်းအသံပြုလိုက်သော်လည်း စိတ်က ခပ်ဖြောင့်ဖြောင့်ရုပ်ရည်နှင့် တည်ငြိမ်စွာ သီချင်းလာရောက် နားထောင်ရင်း ကော်ဖီသောက်တတ်သည့် ပုဂ္ဂိုလ်ကို မြင်ယောင်မိသည်။

မောင်စောပြောပြချက်အရ နှင်းဆီဝါငါးပွင့်ကို ပေးဆက်သူဟု သိရသည်။ အမည်ကိုတော့ မသိ။ သို့သော် အမှုံကို ရင်ခုန်သံစဉ်လေးတွေ မွေးဖွားစေသောသူဖြစ်သည်။

ဘဝခြင်းက ခြားနားလွန်းသည်။ နေ့စဉ်ကော်ဖီတစ်ခွက် နှစ်ထောင်၊ ပန်းငါးပွင့်ဖိုးတစ်သောင်း၊ အခြားမုန့်ဖိုးတွေကလည်း တန်ဖိုးမသေး။ ဒါကို ညစဉ်လိုလို လာရောက်ဖြုန်းတီးနိုင်သူ လူတန်းစားနှင့် ထိုလူတန်းစားတွေ များများရောက်လာစေပြီး ဆိုင်ရှင်အတွက်လည်း ဝင်ငွေဖန်တီးပေးနေရသော လခစား ဂီတဖျော်ဖြေပေးနေရသူ အညတရအမှုံနှင့် ဘဝချင်းက ခြားနားလွန်းသည်။

အမှုံ မိမိဘဝအခြေအနေကို မိမိနားလည်သဖြင့် စိတ်ကူးယဉ်အိပ်မက် မမက်ရဲ။ မက်လာလျှင်လည်း ဖျက်ဆီးပစ်မည်။

သို့သော်. . ရင်ခုန်ခြင်းကိုတော့ အမှုံ တားဆီး၍မရအောင် ဖြစ်မိသည်။ သို့သော် စိတ်ကိုတော့ ထိန်းချုပ်နိုင်ခဲ့လေသည်။

"အမှုံရေ ဧည့်သည်၊ ထိုင်ပါ လူလေးတို့"

အမှုံစားပြီးသားပန်းကန်ကိုပင် မဆေးကြောနိုင်တော့ဘဲ အိမ်ရှေ့ဧည့်ခန်းသို့ ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မထိုင်တော့ပါဘူး အန်တီ၊ ပန်းလာဝယ်ရင်း အမုံကိုပါ လာတွေ့တာပါ"

လုံးဝမျှော်လင့်မထားသောသူ အမုံအိမ်သို့ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်လာလေပြီ။ သူ. . .။

အမုံ အံ့အားသင့်မှု တုန်လှုပ်မှုတို့ကို ဖုံးကွယ်ကာ. . .

"ရှင်တို့ကို အမုံ မသိပါလား"

ဟန်ဆောင်ခြင်း မဟုတ်ပါ။ မြင်ရုံသာ မြင်နေရသည်ပဲ။ မြင်ဖူးတယ် မသိသေးချေ။

"မြင်တော့ မြင်ဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ မြင်ဖူးပါတယ်၊ ပန်းနုရောင်ရဲ့ ဖောက်သည် တွေပဲ"

"မြင်ဖူးရင်ပဲ ကျေနပ်ပါပြီ၊ ကျွန်တော်တို့ နှင်းဆီပန်း တွေရသလောက် လိုချင်ပါတယ်"

အေးဆေးတည်ငြိမ်စွာပင် သူကပြောသည်။ သူ့ကိုယ်သူ မိတ်မဆက်သေးခြင်းကို အမုံ သတိပြုမိလိုက်သော်လည်း သူ့ အမည်ကို အမုံ မမေးမိစေရန် သတိထားမှ ဖြစ်မည်။ သံယော ဇဉ်မတွယ်ချင်ပါ။

"ပန်းတွေက ဖောက်သည်ယူတဲ့သူ့ဆီက ရှင်တို့ ပြန်ဝယ် မှ ရမယ်ထင်တယ်၊ ဟော ဖောက်သည်တွေ လာနေပြီ၊ ရှင်တို့ ဘယ်လောက်လိုချင်သလဲ"

"ရနိုင်သလောက်"

ပန်းနုရောင်သို့. . အုပ်စုလိုက်လာကြစဉ်က စကားကို အမျှင်မပြတ် ပြောနေတတ်သောသူက အခုတော့ တိတ်ဆိတ်





စွာဖြင့် အိမ်ထဲသို့ အကဲခတ်ကြည့်ရှုနေလေသည်။ သူတို့တွေ ဘာအကြံအစည်နှင့်များ ရောက်လာကြတာလဲ။ ပန်းရှိရာသို့ ပိတုန်းလာခြင်းသည် သဘာဝတရားဖြစ်သော်လည်း မိုးနှင့်မြေ ကြီး မနီးစပ်ခြင်းကို အမုံနားလည်သဘောပေါက်ပြီးသား ဖြစ် သည်။

"လာကြပါ ကျွန်မအမေနဲ့ ဖောက်သည်နဲ့ စကားပြော ကြည့်ကြပါ"

အမုံက ဦးဆောင်ကာ အမေနှင့် ဖောက်သည်ဆီကို ခေါ်ခဲ့လေသည်။ အိမ်ဘေး ပန်းခူး၊ ပန်းစည်း၊ ဟင်းသီးဟင်း ရွက်ခူး၊ ဟင်းသီးဟင်းရွက်များ စည်းနှောင်ရန်နှင့် ဖောက်သည် များ ပန်းကိုသော်လည်းကောင်း ဟင်းသီးဟင်းရွက်ကိုသော် လည်းကောင်း၊ ရေတွက်နိုင်ရန် နားခိုနိုင်သည့် တဲငယ်တစ်ခုကို သေသေသပ်သပ်ကလေး ဆောက်လုပ်ထားသည်။ ထိုနေရာသို့ အမုံ သူတို့နှစ်ဦးကို ဦးဆောင် ခေါ်ခဲ့သည်။

"အမေ"

"ဩော် . လာသမီး ဧည့်သည်တွေကို မုန့်ဟင်းခါးကျွေး ပါဦးလားကွယ်"

အမုံ ပင့်သက်ရှိုက်လိုက်မိသည်။

အမေက ဘာမှမသိ၊ ရိုးသား ဖော်ရွေစွာပင် လောကွတ် ပြုလိုက်သည်။

"ကိစ္စမရှိပါဘူး အန်တီ၊ ကျွန်တော်တို့ မနက်စာ စားခဲ့ပြီး ပါပြီ"

အမုံ၏ အခက်ခဲကို သူက သွက်လက်စွာပင် ဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

"ကျွန်တော်တို့က ပန်းနုရောင်ရဲ့ဖောက်သည်တွေပါ၊ အမုံမှာ နှင်းဆီခြံရှိတယ်ဆိုလို့. . မနက်ဖြန် သူငယ်ချင်းတစ်ယောက် မွေးနေ့အခမ်းအနားကို ပြင်ဆင်ပေးဖို့ ပန်းလက်ဆောင်ပေးချင်လို့ပါ"

ဒါကို စကားကြွယ်သောပုဂ္ဂိုလ်က ပြောသည်။

"ကိုသံဒိုင်က ဘယ်လောက်ယူပြီး ဘယ်လောက်ပေးနိုင်မလဲ"

အမုံ အနေခက်ခြင်းကို ပန်းဖောက်သည် ကိုသံဒိုင်ထံသို့ မေးခွန်းထုတ်ခြင်းဖြင့် လွှဲပြောင်းပေးလိုက်သည်။

"ညည်းတို့ ပန်းနုရောင်အတွက်ရယ်၊ ဈေးဖောက်သည်သုံးဦးအတွက် ဖယ်ပြီးရင်တော့ ရပါတယ်"

"ဒါဖြင့် ဖောက်သည်ဈေးနဲ့ပဲ သူတို့ကိုပေးလိုက်ပါမောင်သံဒိုင်ရယ် ကြည့်ကျက်ပြီး သေသေချာချာစည်းနှောင်း ပေးလိုက်ပါကွယ်"

အမေကတော့ စေတနာတွေ ထုံးစံအတိုင်း ရေစီးကမ်းပြိုနေလေပြီ။

"အမုံ သမီးသူငယ်ချင်းတွေကို ဘုရားပန်း လက်ဆောင်ခူးပေးလိုက်ပါဦးလား"

'အမေတို့ကတော့ ဘုမသိ ဘမသိ လုပ်ချလိုက်ပြန်ပြီ' ဟူသော စကားကိုတော့ ရင်တွင်း၌ပင် ပြောလိုက်မိသည်။

အမုံ အနေရခက်နေပြီ။

"ရပါတယ် ဒုက္ခမရှာပါနဲ့"





"ကဲပါ အမေပဲ ကိုဘတိုးကို ခူးခိုင်းလိုက်ပါ့မယ် သွားသွား အိမ်ပေါ်မှာပဲ ညှော့ခံလိုက်ပါ"

"ရပါတယ် အန်တီ၊ ခြံကြီးက အကျယ်ကြီးပဲ ခြံထဲပဲလျှောက်ကြည့်တော့မယ်"

ကိုစကားအိုးက လမ်းခင်းသည်။ သူကတော့ အမုံကိုသာ မသိမသာ အကဲခတ်ရင်း ငြိမ်သက်နေသည်။

အမေက. . .

"လိုက်ပြလိုက်အမုံ"

အမုံ ဘာမှမငြင်းသာတော့။

"ခြံကတော့ ထူးထူးခြားခြား မရှိပါဘူး၊ နှင်းဆီ စံပယ်ပဲ ရှိတယ်၊ ဟင်းသီးဟင်းရွက်ကတော့ နည်းနည်းပါးပါးပဲ'

"ခြံလေးက စိုက်ပျိုးထားတာ စနစ်ကျလိုက်တာ ဘယ်သူစိုက်တာလဲ"

သူ့အသံသည် ယောကျ်ားပီသသောအသံမျိုး ရှိသည်။ ဩဇာညောင်းသည့်အသံဟု အမုံ အမှတ်ပေးနေမိသည်။

"ဦးလေးဘတိုးနဲ့ အနီပါ"

"အနီ"

"အနီက အမုံမောင်လေးပါ၊ သူက ဆယ်တန်းကျောင်းသား၊ ခုတော့ ကျောင်းသွားပါတယ်"

"ဪ် မောင်နှမ နှစ်ယောက်တည်းလား"

"မဟုတ်ပါဘူး၊ ညီမအငယ်လေး ရှိသေးတယ်၊ အငုံတဲ့" သူက ရှစ်တန်းပဲ ရှိသေးတယ်၊ သူလည်း ကျောင်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဪ် အဖေကော"

သူ့ထံမှ လာသောလေသတွင် ကရုဏာလှိုင်း ရောစွက်နေသည်ကို အမုံသတိပြုမိသည်။

"ဖေဖေက ဆုံးသွားတာ နှစ်နှစ်ရှိပါပြီ"

"ဪ်"

သူ၏'ဪ်'ဝယ် ကရုဏာအပြည့်အဝ နေရာယူသွားပြီဟု အမုံသိလိုက်ရသည်။ သူ၏သူငယ်ချင်း စကားအိုးက နောက်ချန်ခဲ့ရာမှ အမုံတို့နှင့် ပါမလာချေ။ သိသာနေပြီ။ မရိုးသားစွာ ရောက်လာခြင်းကို အမုံရိပ်မိသော်လည်း ခုတော့ တိကျစွာအဖြေပေါ်နေပြီ။ အမုံ ပြတ်သားသင့်ပြီ။

ဘဝကို ရုန်းကန်နေရသော အမုံအတွက် စိတ်ကူးယဉ် အိပ်မက်လှလှ မမက်သင့်ဘူးဟု အမုံခံယူထားသည် ဖြစ်ရာ

"ရှင် ပန်းဝယ်တာသက်သက်လာတာဆိုရင် အမုံတို့ တည်းတဲ့ဆီပဲပြန်သွားရအောင်၊ ရှင့်သူငယ်ချင်းတောင် ပြန်လှည့်သွားပြီ"

"နေပါဦး အမုံ"

လှည့်ပန်ဟန်ပြင်လိုက်သော်လည်း နှင်းဆီခင်း နှစ်ခုကြားမှ မြေကွက်လပ် လူနှစ်ယောက်စာ ယှဉ်သွားနိုင်ရုံသာရှိသည်။ သူ့ကိုဖြတ်ကျော်ပြီး အမုသွားရန် မဝံ့ရဲ။

"ကျွန်တော် ဘယ်သူလဲ သိလား"

"နှင်းဆီဝါဝါးပွင့်ကို နေ့တိုင်းပေးနေတဲ့သူမှန်း အမုံ သိပါတယ်၊ ဒါပေမယ့် အမုံသိထားတဲ့သူဟာ အမုံရဲ့ကအနုပညာကို ဂုဏ်ပြုရုံသက်သက်ကလွဲရင် အခွင့်အရေးမယူတတ်တဲ့ လူစား





အဖြစ် အမုံ ကျေးဇူးတင်နေရတဲ့သူအနေနဲ့ပါ ခုတော့. . ."

"ဆောရီးအမုံရယ်၊ ကိုယ်အမုံ့ကို စိတ်အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး၊ အမုံ့ဘဝကို စိတ်ဝင်စားမိလို့ပါ"

"အမုံ့ဘဝဟာ စိတ်ဝင်စားစရာ ကောင်းလောက်အောင် မရှိပါဘူး၊ သာမန်အညတရပါပဲ၊ ဝမ်းရေးအတွက်ဆိုရင် ဒီခြံနဲ့တင်စားလောက်ပေမယ့် အဘွားနဲ့ အမေနဲ့ ကျန်းမာရေးအတွက် ဆေးဖိုးဝါးခ၊ မောင်နှမတွေရဲ့ ပညာရေး၊ နောက်ခင် ဆုံးပြီးနောက် တင်ခဲ့တဲ့အကြွေးတွေအတွက် ဒီအလုပ်ကိုလုပ်ခဲ့တာပါ၊ ဒါပေမယ့်. . ဒီအတွက် အမုံနောင်တမရပါဘူး၊ အမုံဝါသနာပါတဲ့ အလုပ်လည်းဖြစ်၊ အမုံ့မိသားစုရဲ့ လိုအပ်ချက်ကိုလဲ ဖြည့်ဆည်းပေးနိုင်တာ ဖြစ်တဲ့အတွက် အမုံ ကျေနပ်တယ်"

သူ့ထံမှ သနားခြင်းကို အမုံအလိုမရှိသဖြင့် ပြတ်သားစွာပင် ရှင်းပြလိုက်သည်။

"တကယ်ပဲ ကျေနပ်သလား"

"ကျေနပ်ပါတယ်၊ သမာအာဇီဝကျကျလုပ်တဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်လို့လဲ ယူဆတယ်"

"ညတိုင်းလိုလို အမုံကို အပြင်ထွက်ဖို့ခေါ်တဲ့သူတွေနဲ့ ရင်ဆိုင်ရတဲ့အခါကော. . ."

အမုံ အံ့အားသင့်သွားသည်။ သူသည် အမုံအကြောင်းကို ခရေစေ့တွင်းကျ သိနေပါလား။

"ဒါကတော့ ကိုယ်ကောင်းရင် ခေါင်းမရှော့ပါဘူး၊ အမုံရဲ့ ကိုယ်ကျင့်တရားကို အမုံ အသက်နဲ့ထပ်တူ ထိန်းသိမ်းသွားမှာပါ၊ စိတ်အနှောင့်အယှက်ဖြစ်မိတာတော့ ရှိတာပေါ့လေ။ နောက်


www.burmeseclassic.com

www.burmeseclassic.com



တော့လဲ အမုံကို လက်လျှော့သွားကြမှာပါ”

“အမုံ ကိုယ့်ကိုခင်နိုင်မလား”

အမုံသက်ပြင်းချလိုက်မိသည်။

“အမုံအလုပ်အကိုင်အရ ယောကျ်ားလေးမိတ်ဆွေ မထားသင့်ဘူးထင်တယ်”

“ဘာဖြစ်လို့”

“မိတ်ဆွေအဖြစ် ရှင်က အိမ်လာလည်မယ်ဆိုရင် အမုံတို့မိန်းကလေးတွေ စုနေကြတာကို ပတ်ဝန်းကျင်က မျက်လုံးဒေါက်ထောက်ကြည့်နေကြတာ၊ အနေကျဉ်းကျပ်တယ်. . ၊ ဒါကြောင့် သူငယ်ချင်းတွေအားလုံး တိုက်ခန်းကို မိဘနဲ့ မိန်းကလေးဧည့်သည်ကလွဲရင် ဘယ်သူမှ ခေါ်မလာရလို့ ကတိပြုထားကြတာ”

အမုံအတွက် ကိုယ်ကျင့်တရားကို တန်ဖိုးထားကြောင်း သူနားလည်ရင် ကျေနပ်ပြီ။

“ဒါဖြင့် ကျောင်းကို လာလည်လို့ ရမလား”

အမုံ နှုတ်ဆွံ့အသွားသည်။ သို့သော် အတန်ငယ်အကြာ၌. . .

“ကျောင်းကို အမုံတစ်ယောက်ထဲပိုင်တာမှ မဟုတ်ဘဲ ဘယ်သူလာလာပေါ့”

“ဒါဖြင့်. . ကိုယ် အမုံကို လမ်းကြုံသလိုလို ဘာလိုလိုလုပ်ပြီး လာရှာမှာနော်၊ အမုံ နှင်မထုတ်ရဘူး”

“စိတ်ချ. . ၊ ဟိတ်လူ. . သွားလို့ပဲ ပြောမှာပါ၊ မဟုတ်ဘူးလားသူ”





သူ့နာမည်ကို အမုံဖွင့်ဟမေးဖို့အရေး သိက္ခာကျမှာစိုးသဖြင့် လှည့်ပတ်လိုက်မိသည်။ သူက သဘောပေါက်ပုံရသည်။

“ကိုယ်နာမည် ဟိတ်လူလဲ မဟုတ်ဘူး၊ သူလဲ မဟုတ်ဘူး. . ခန့်ညားတဲ့”

“ဟင်”

အမုံ အံ့အားသင့်သွားသည်။ သူ အမုံကို နောက်နေတာတော့မဟုတ်တန်ပါဘူး။ သက်သက်မဲ့အမည်မှန်ကို မပေးဘဲ ကွယ်ဝှက်တာ အခြားခေါ်ကောင်းသောအမည်ကို ပေးလိုက်တာလား။

“ဘာလဲ နာမည်နဲ့လူနဲ့ မလိုက်ဖက်ဘူးထင်လို့ အံ့အားသင့်သွားတာလား၊ ဒါမှမဟုတ် မယုံကြည်တာလား”

“မဟုတ်ပါဘူး. . လူနဲ့အမည်နဲ့ လိုက်ဖက်ညီပါတယ်၊ နာမည်က ရှားနေသလားလို့”

“အဟင်းဟင်း. . မေမေနဲ့ ဖေဖေလေ၊ မမကို အယဉ်ကျေးဆုံး၊ အနူးညံ့ဆုံးမိန်းကလေးဖြစ်စေချင်လို့ မယဉ်ကျေးလို့ နာမည်ပေးတယ်၊ နောက် ကိုယ့်ကိုတော့ ကျားကျားလျားလျား ခန့်ခန့်ညားညား ဖြစ်စေချင်လို့ ခန့်ညားလို့ မှည့်လိုက်တာ၊ ဒါပေမယ့် အိမ်နာမည် ရှိသေးတယ်”

“ဟုတ်လား”

“ပြောပြရမှာလား”

အမုံ အပါး၌ သူရှိနေခြင်းကိုလည်းကောင်း၊ သူနှင့် အခုလိုစကားပြောနေရခြင်းကိုလည်းကောင်း၊ အမုံရင်ဝယ် ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်ကို အမုံ သတိပြုမိသော်လည်း မတတ်သာတော့။ သူ၏ နှုတ်ခမ်းမှ မရိုးသားခြင်း မရှိလေဘဲ။

"အင်း"

"ဖိုးလပြည့်"

"လပြည့်နေ့မှာ မွေးလို့ ထင်တယ်"

"ဟုတ်တယ် ဝါဆိုလပြည့်နေ့"

"နေ့ထူး နေ့မြတ်ပဲ"

"လူကတော့ သာမန်ပါပဲ အမုံ"

ကိုယ့်ကိုယ်ကိုနှိမ်ချတတ်သည့်သဘော ရှိလေသည်။ မာနထောင်လွှားခြင်း ရှိပုံမရ။

"အိမ်ဘက် ပြန်ကြရအောင်လား"

"ကောင်းပြီလေ၊ ကိုယ့်ကို တစ်ခုတော့ ကူညီပါလား"

"ဘာကို ကူညီရမှာလဲ"

"မိတ်ဆွေအဖြစ် လက်ခံပေးဖို့ပါ"

"ကောင်းပြီလေ၊ ဒါပေမယ့် မိသားစုအတွက် လူမလေးစားတဲ့အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုနေတဲ့သူအပေါ် အလိုက်တသိ နားလည်တတ်တဲ့ မိတ်ဆွေတော့ ဖြစ်ပါစေနော်"

အမုံဘာကိုဆိုလိုမှန်း သူနားလည်လိမ့်မည်ဟု မျှော်လင့်ကာ ပြောလိုက်သည်။

သူကပြုံးကာ. . .

"လူ လေးစားခြင်း၊ မလေးစားခြင်းဟာ အလုပ်အကိုင်နဲ့ မဆိုင်ပါဘူး၊ ကိုယ်ကျင့်တရား အကျင့်သီလနဲ့ ဆိုင်ပါတယ်၊ ကိုယ် အမုံရဲ့ ဂုဏ်သိက္ခာကို မထိခိုက်စေရပါဘူး"





"အမုံကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အမုံက ကိုယ့်ကို လက်ခံအသိအမှတ်ပြုတဲ့အတွက်လည်း ဝမ်းသာပါတယ်"

သူနှင့် အမုံတွေ့ဆုံမှုက ရိုးရိုးကလေးပင်။ သို့သော်. . . ထိုရိုးသားခြင်းကပင်လျှင် အမုံ၏နှလုံးသားကို နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်သွားပြီဖြစ်ကြောင်း အမုံကိုယ်အမုံ တုန်လှုပ်ချောက်ချားစွာဖြင့် သိရှိလိုက်ရလေပြီ။

သူ့အတွက် အဝါရောင်နှင်းဆီပွင့်များကို ရှာဖွေကာ ခူးပြီး လက်ဆောင်ပေးလိုက်ရသော်လည်း ထိုပန်းများသည် သူ၏အိမ်ဘုရားသို့ ရောက်ရှိလိမ့်မည်မဟုတ်ကြောင်း အမုံ ဝမ်းနည်းစွာဖြင့် ကြိုတင်သိရှိနေသည်။

သူ့မိဘများ ပန်းအပေါ် စူးစမ်းလာခြင်းကို သူ မည်ကဲ့သို့ ဖြေကြားမည်နည်း။

သို့သော် ပြန်ကာနီးတွင် အမုံအား သူ့လိပ်စာကတ်ကလေး ပေးသွားပြီး. . .

"အမုံ ဖုန်းနံပါတ် ကိုယ့်ကိုပေးပါ၊ ကိုယ် သိအောင်ကြိုးစားရင် ရပါတယ်၊ ဒါပေမယ့် အမုံကိုယ်တိုင် လိုလိုလားလား ခွင့်ပြုတာကို ကိုယ်လိုချင်တယ်"

"ဒီလိုဆို အမုံကို စဉ်းစားခွင့်ပေးပါ၊ အမုံမှာ သူ့ဖုန်းနံပါတ်ရှိနေပြီပဲ၊ အမုံ စဉ်းစားပြီးရင်စပြီး ဆက်သွယ်ပါ့မယ်"

သူ့မျက်နှာသည် တိမ်ညိုကင်းစင်သွားသည့် လမင်းနှယ် ဝင်းပသွားလေသည်။

ကျေနပ်စွာဖြင့် အမုံဖုန်းခေါ်သံကို စက္ကန့်နဲ့အမျှ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်မျှော်နေမှာပါဟု ရင်ခုန်သံမြန်စေမည့် စကားလေး ပြောဆိုပြီး ပြန်သွားလေသည်။

အမုံ ပင်သက်ရှိုက်လိုက်မိသည်။

အမုံ မိခင်ကို အမှန်အတိုင်း ပြောရပေဦးမည်။ သူ၏နေရပ်လိပ်စာကိုကပင် သူနှင့်အမုံ၊ မိုးနှင့်မြေပမာ ကွာခြားနေကြောင်း အမုံသိလိုက်သဖြင့် မဖြစ်နိုင်သော ဘဝနှစ်ခု မပေါင်းစည်းဖို့အရေး အမုံစိတ်ဓာတ်ကို ခိုင်မာစေရန် အမုံ ကြိုးစားရပေဦးမည်။

"လူငယ်လေးတွေက တော်တော်ရှုပ်ရှည်မွန်မွန်လေးတွေပဲ"

အမေက စကားစလာပြီ။ အမုံအမှန်အတိုင်းပင် ရှင်းပြရန် အသင့်ပြင်ဆင်လိုက်သည်။

သို့သော် ထင်ထားသလို မဟုတ်ဘဲ အမေက. . .

"အင်းလေ. . . ပန်းရှိရာကို ပျားပိတုန်း ဝဲပျံလာတာ သဘာဝပါပဲ၊ ဒါပေမယ့် သဘာဝအရ ကွားခြားခြင်း၊ တန်းတူခြင်းတွေရှိတယ်ဆိုတာလဲ အမုံသဘောပေါက်ထားရင် စိတ်ဒုက္ခဆင်းရဲကို ရင်ဆိုင်ရမှာမဟုတ်ဘူးနော် သမီး"

အမေ ဘာကိုဆိုလိုလိုက်သလဲ ဆိုတာကို အမုံသဘောပေါက်ပါသည်။ ရင်မှာ နာကျင်စူးရှစွာ ခံစားရင်း. . .

"အမုံ နားလည်ပါတယ် အမေ၊ အမုံ သတိထားမှာပါ"

"အမုံ သိပ်အခက်အခဲရှိလာရင် အမေတို့မိသားစုကို ငဲ့ကွက်စရာ မလိုဘူး၊ အမေ့ဇာတိကိုပဲ ပြန်ပြောင်းပြီး နေလိုက်ကြရအောင်"





အမေ့ဇာတိက ပင်းတယမြို့အနီး ရွာကလေးမှာဖြစ်သည်။ အမေပြောတာလွယ်သော်လည်း အနီနှင့်အငုံတို့၏ ပညာရေးက ရှိသေးသည်။ အနီက အင်ဂျင်နီယာ ဖြစ်ချင်သည်။ အငုံက ဆရာဝန်ဖြစ်ချင်သည်။ သူတို့ကလေးတွေ အနာဂါတ်လှပစေချင်သည်။ သူတို့ဆန္ဒကို ဖခင်ကိုယ်စား ဖြည့်ဆည်းပေးဖို့ အမုံမှာ တာဝန်ရှိသည်။

"ရပါတယ် အမေ၊ အနီနဲ့အငုံတို့ ပညာရေးက ရှိသေးတယ်၊ ကိုယ့်ဘဝကိုယ် သိရှိနားလည်နေတဲ့ အမုံဟာ အမှားတစ်ခု လွယ်လင့်တကူ မကျူးလွန်ပါဘူး၊ အမေ စိတ်ချပါ၊ အမုံစိတ်ကို အမုံနားလည်ပါတယ်"

"အမုံ နားလည်ရင် ပြီးတာပါပဲ၊ ဒါပေမယ့်. . စိတ်ကို ဘယ်လောက်နိုင်နိုင်၊ နှလုံးသားနဲ့ပတ်သက်လာရင် စိတ်ကိုထိန်းချုပ်နိုင်စွမ်းတွေဟာ လျော့နည်းလာတတ်ကြတာ မမှတာပဲ၊ နှလုံးသားနဲ့ ဦးနှောက်လွန်ဆွဲပွဲတွေမှာ ရာခိုင်နှုန်းအများစုဟာ နှလုံးသားအလိုကို လိုက်ပြီး မိုက်မဲသွားတတ်ကြတယ်"

"အဲဒီအထဲ အမုံမပါစေရပါဘူးလို့ အမုံ ကတိပေးပါတယ်"

"အေးပါ သမီးရယ်၊ အမုံ လိမ္မာမှန်း အမေ သိပါတယ်၊ ဒါပေမယ့် အမေ့သမီး သောကရောက်မှာကို သိပ်စိုးရိမ်တယ်ကွယ်၊ ဒါကြောင့် သတိပေးတာပါကွယ်"

"ဟုတ်ကဲ့ အမေ၊ အမုံ သတိထားပါ့မယ်"

သူနဲ့ပတ်သက်၍ စတင်သိကျွမ်းခွင့်ရသည့်နေ့မှာပင် အမုံရင်ထဲ တမြည့်မြည့် လောင်ကျွမ်းရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ပန်းနုရောင်ကို စတင်ရောက်သည့်နေ့မှာပင် သူ၏ သုန်မှုန်နေသောမျက်နှာကို သတိပြုမိလိုက်ပြီး စတင်စိတ်ဝင်စားခဲ့သည်။ တဖြည်းဖြည်း ကြည်လင်လာပြီး သူငယ်ချင်းလေး ယောက်ရောက်လာသည်။

သူ့မျက်နှာ ကြည်လင်လာသည်။ ရယ်မောလိုက်သော အခါ မေးချိုင့်ဝင်သွားပုံ၊ ညီညာသော သွားစွယ်တန်းလေးများ ဝင်းပလာပုံအစ ဂီတာတီးရင်း တစ်ချက်တစ်ချက် ပရိသတ်ကို ဖြန့်ကြက်ကြည့်ချိန်၌ သူ့ကိုသာ ခိုးကြည့်မိသည့်အကြောင်း သူ သိမည်ဆိုပါက. . .

အမုံ သက်ပြင်းချလိုက်မိသည်။

သွားပါတော့ သူရယ်။ အမုံနှလုံးသားထဲကို ရှင် မဝင်ဘဲ လှည့်ပြန်သွားပါတော့။

သူနဲ့ ပတ်သက်လာလျှင် နှလုံးသားတံခါး ဖွင့်ချင်နေပြီ ဖြစ်သော အမုံအတွက် သူ မဝင်ရောက်ဘူးဆိုပါက အမုံအတွက် နှလုံးသားတံခါးပိတ်ကာ တိတ်တိတ်ကလေး နေလိုက်ရုံသာ ရှိတော့သည်ပေါ့။

သို့သော် အကယ်၍များ သူက အမုံ့နှလုံးသားတံခါးကို ခေါက်ကာ ဝင်ခွင့်တောင်းလာမည်ဆိုပါက အမုံစိတ်ကို အမုံနိုင်ပါ့မလား။

အမုံရင်ထဲ နင့်ခနဲနေအောင် ခံစားလိုက်ရသည်။ အမုံ့ကိုယ် အမုံ သိသည်။ နားလည်သည်။

အမုံ အသက်နှစ်ဆယ့်နှစ်နှစ်ဟူသော အရွယ်တွင် အမုံဘဝ၌ ပထမဦးဆုံး စိတ်ဝင်စားမိသည့် ယောကျ်ားမှာ သူဖြစ်နေ





သည်။ သူ့ကို အမုံ စိတ်ဝင်စားခြင်းသည် သာမန်စိတ်ဝင်စားခြင်းမျိုးမဟုတ်။

အမုံ့ နှလုံးသားအထိတိုင်အောင် ထိုးဖောက်ဝင်ရောက်သွားသည်အထိ စိတ်ဝင်စားခြင်းမျိုးဖြစ်သည်။

အမုံသူနှင့်အဝေးဆုံး၌ နေနိုင်အောင် ကြိုးစားရပေလိမ့်မည်။

သူရောက်လာတုန်းက အမုံ ရက်စက်စွာဖြင့် စိမ်းစိမ်းကားကား ဆက်ဆံသင့်ပါလျက် အမုံဘာကြောင့်များ မဆက်ဆံမိပါလိမ့်။

နှလုံးသားအလိုကို လိုက်လိုက်မိတာများလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

အမုံ ကားဂိတ်ကိုရောက်တော့ အံ့အားသင့်သွားရသည်။ သူ. . .။ သူ အမုံကိုလာစောင့်နေသည်ဟု အမုံ အတတ်သိလိုက်သည်။

အမုံ ကယ်ရီပေါ်က ဆင်းလိုက်စဉ်မှာပင် သူ အနားရောက်လာသည်။

"အမုံ ကိုယ့်ကားနဲ့ လိုက်ခဲ့ပါလားဟင်"

"အမုံကို အကျင့်ပျက်အောင် လာမလုပ်ပါနဲ့၊ အမုံ သွား





နေကြအတိုင်း သွားပါရစေ"

"ကိုယ် မနက်ကတည်းက လာစောင့်နေတာ"

သူ တစ်ယောက်တည်းပင်။ မနေ့ကပါလာသော ပီတာလည်း ဒီနေ့လိုက်ပါလာခြင်းမရှိပေ။ အမုံဘာလုပ်သင့်သလဲ။ မနေ့ညက ကိုယ့်ကိုယ်ကိုယ် ဆုံးမထားသည့်ကြားက စိတ်ကမခိုင်ချင်။ သူ မနက်ကတည်းက လာစောင့်နေသည်ဆိုတော့ အခုဆယ်နာရီ။ သူ့အား သနားမိလေပြီ။

"ဘယ်သူ စောင့်ခိုင်းလို့လဲ"

"အမုံကို တွေ့ချင်တဲ့ကိုယ့်စိတ်ကို ကိုယ်မနိုင်လို့ လာစောင့်မိတာ"

ခက်နေပြီ. .။ သူလည်း အမုံလိုပါပဲလား။

"အမုံ သူ့ကိုသိပ်အားနာတယ်၊ အမုံ သူစိမ်းယောကျ်ားတစ်ဦးရဲ့ကားကို စီးရဲလောက်တဲ့သတ္တိ အမုံမှာ မရှိဘူး"

"ကိုယ့်ကို သူစိမ်းလို့ သတ်မှတ်ထားသလား၊ မိတ်ဆွေအဖြစ် အသိအမှတ်ပြုမယ်ဆို"

"အမုံကို အခက်အခဲဖြစ်အောင် မလုပ်ပါနဲ့၊ အမုံသွားပါရစေတော့"

"မှော်ဘီ-ရန်ကုန်လိုင်းကားတစ်စီးက ထွက်လုလုအနေအထားမှာ ရှိနေသည်။ အမုံ လှမ်းကြည့်ပြီး သူ့အားခွင့်ပန်သည်။

သူက. . .

"ကောင်းပြီလေ အမုံ လိုင်းကားနဲ့သွားချင်ရင်လဲသွား၊ ကိုယ်ပါ လိုက်စီးမယ် ပြီးမှ ကားပြန်လာယူမယ်"

"အို ဘယ်ဖြစ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်၊ အမုံ ဆန္ဒဟာ ကိုယ့်ဆန္ဒပဲပေါ့"

"အမုံကို စိတ်ရှုပ်အောင် အကြပ်မကိုင်ပါနဲ့ အမုံ သွားတော့မယ်"

"သွားလေ. . ကိုယ်လဲ လိုက်မယ်"

လမ်းဘေး ချရပ်ထားသော crown ကားကို အမုံ တစ်ချက်ကြည့်မိသည်။ သူက အမုံအပါးမှ ကပ်၍လိုက်လာသည်။

"ရှင် တကယ်လိုက်မှာလား"

"စကားကို နှစ်ခါမပြောဘူး"

"သဘောပဲ"

အမုံ ကားပေါ်တက်ထိုင်လိုက်သည်။ သူ အမုံဘေး၌ကပ်ထိုင်သည်။ သူ၏ကိုယ်ငွေ့က နွေးနွေးထွေးထွေးရှိသည်။ အမုံရင်ခုံသံ မြန်လာသည်။ သူကောပဲ အမုံလိုပဲ ခံစားရမှာလား။ သူ အမုံတစ်ယောက်တည်းကိုသာ စွဲစွဲလန်းလန်း စိတ်ဝင်စားတာမှ ဟုတ်ရဲ့လား။ သူ့အကြောင်းတွေ အမုံ ဘာမှမသိသေးပါလား။

ကားထွက်လာသည်။ သူကို အမုံကြည့်၍မရ၊ ဘေးချင်းကပ် ပူးပူးကပ်ကပ်ထိုင်ရသည့် အနေအထားတွင် အမုံ စိတ်ကျဉ်းကြပ်လွန်းလှသည်။

အမုံ ကားစပါယ်ရာအား. . .

"မောင်လေးရေ ကားခဏရပ်ပေးပါကွယ်၊ ပစ္စည်းကျန်ခဲ့လို့ ရမလား"

"ရပါတယ် အစ်မ၊ ဟိုး. . ဆရာ. . ဟိုး"

ကားအရပ်၌ အမုံကောသူပါ ဆင်းခဲ့သည်။ သူက အံ့





အားသင့်စွာဖြင့်. . .

"ဘာကျန်ရစ်ခဲ့လို့လဲ အမုံ"

"ဘာမှ မကျန်ပါဘူး၊ သူတစ်ခေါက်ပြန်လာပြီး ကားလာယူရမှာကို သနားလို့ပါ"

ချစ်ခြင်းတွင် တစ်ဦးပေါ်တစ်ဦး ငဲ့ညှာခြင်းတွေလည်း ပါဝင်လေသည်ဟု အမုံ နားလည်လိုက်ပြီ။ သူ ဒုက္ခရောက်မှာစိုးရိမ်စိတ်ကလေးဖြင့် အမုံပဲ အနစ်နာခံလိုက်သည်။ သူ့ကားရှိရာသို့ နောက်ကြောင်းပြန် လျှောက်ခဲ့ကြရင်း. . .

"အမုံ စိတ်ကောင်းထားမှုအတွက် ကိုယ် ကျေးဇူးတင်ပါတယ်"

"ဒါပေမယ့် အမုံကို အိမ်အထိတော့ လိုက်ပို့ခွင့်မပေးနိုင်ဘူး"

"ဘယ်အထိ ပို့ပေးရမလဲ"

"လမ်းထိပ် မှတ်တိုင်အထိပဲ"

"ကောင်းပြီလေ"

"နောက်ပြီး အမုံ နောက်ခန်းကပဲ စီးမယ်နော်"

"အမုံ သဘောပါ။ ဒါပေမယ့် ကိုယ်က အမုံနဲ့ တစ်လမ်းလုံး စကားပြောသွားချင်တယ်"

"အမုံ နောက်ကနေ သူကြားရအောင် လှမ်းပြောမှာပေါ့"

"ကောင်းပြီလေ"

တစ်လဟူသော အတိုင်းအတာတွင် သူနှင့်အမုံ တစ်ဦးကိုတစ်ဦး မျက်မှန်းတန်းမိကာ တွေ့မြင်နေရုံမှအပ မနေ့က



www.burmeseclassic.com

www.burmeseclassic.com

သူနှင့် ရင်းနှီးခွင့်ရသည်။ ယနေ့ သူ့ကားပေါ်ရောက်သည်။ အမုံ့အတွက် သိပ်များအပေါ်စားဆန်နေမလားဟု အမုံ တွေးလိုက်မိသော်လည်း သူ ဖွင့်ပေးသောနောက်ခန်းတွင် အမုံ ဝင်ထိုင်လိုက်မိပြီ။

"အမုံ"

"ပြောပါ သူ"

သူ ကားမောင်းထွက်ခဲ့သည်။ သူ့ထံမှ ထွက်ပေါ်လာမည့်စကားကို အမုံ ရင်ခုန်စွာ စောင့်ဆိုင်းမိသည်။

"အမုံ ဘဝအကြောင်း ကိုယ်သိချင်တယ်"

"အမုံအကြောင်းတွေ သိပြီးပြီ မဟုတ်လား၊ အမုံဘဝဟာ မိသားစုတာဝန်ကို ထမ်းဆောင်နေရသူဖြစ်တဲ့အတွက် စိတ်ကူးယဉ်ချိန်မရတာတော့ အမှန်ပဲ သူ"

"အမုံ အခြားအလုပ်လုပ်ဖို့ စိတ်မကူးဘူးလား"

"စိတ်ကူးရုံတင်မဟုတ်ပါဘူး၊ ဝင်လုပ်ခဲ့ပါသေးတယ်၊ သူသိအောင် ပြောပြရရင်. ."

အမုံဘဝအဖြစ်မှန်တွေကို သူ့အား စိတ်ရှည်လက်ရှည် အမုံရှင်းပြနိုင်ခဲ့သည်။ သူက အလေးအနက်ထားကာ နားစိုက်ခဲ့သည်။ သူဟာ ပေါ့ပေါ့နေပေါ့ပေါ့စား လောကကြီးမှ ငွေကိုရေလိုသုံးပြီး အရာရာကို အလေးအနက်မထားတတ်သည့် လူတန်းစားတစ်ရပ် မဟုတ်ဘူးဟု အမုံ ယုံကြည်နေမိသည်။

"အဖေက ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားတော့ အိမ်ထောင်တစ်ခုလုံး မိုးပြိုသလိုဖြစ်သွားတယ်၊ အမေက ပန်းနာရင်ကြပ်သမား၊ အဘွားကမျက်မမြင်၊ အမုံက





ဆယ်တန်းအောင်ပြီးစ အရွယ်၊ အနီကလဲ ရှစ်တန်းပဲ ရှိသေးတာကိုး၊ ဘာမှမလုပ်တတ်မကိုင်တတ်နဲ့ လောကကြီးကို စတင်ရင်ဆိုင်ရတော့ အကြွေးတွေ ဝိုင်းဝိုင်းလည်လာတယ်၊ အဖေရှိစဉ်က အရှိန်နဲ့ အဖေမရှိတော့တဲ့ကာလမှာ လောကဓံကို စတင်ရင်ဆိုင်ရတော့ အမုံလဲ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်တယ်၊ အဆောင်စရိတ် အမုံစရိတ်နဲ့တင် လစာကုန်သွားတော့ အမုံ ညဘက် ကာရာအိုကေ လိုက်ဆိုတယ်"

"အဆိုအတီးက နဂိုကတည်းက အမုံ တတ်ကျွမ်းပြီးသားလား"

"ဟုတ်ပါတယ်၊ အဖေရဲ့အမိုးက အရင်တုန်းက နာမည်ကြီးခေတ်ဟောင်း အဆိုတော်တစ်ဦးပါပဲ၊ အဖေမှာအဲဒီအမွေပါတော့. . သားသမီးတွေကိုလဲ လက်ဆင့်ကမ်း အမွေပေးလို့ မောင်နှမသုံးယောက်စလုံး စောင်း၊ ပတ္တလား၊ ဂီတာ၊ တယောအကုန်တီးခတ်တတ်သလို သီချင်းလဲ သီဆိုနိုင်ပါသည်။

"နောက်တော့ကော အမုံ"

"ကုမ္ပဏီမှာလုပ်လို့ မဟန်မှန်းသိတော့၊ ညဘက် စားသောက်ဆိုင်မှာ လိုက်ဆိုရတယ်ဆိုတော့ အဆောင်က လက်မခံဘူး၊ ဒါနဲ့ သူငယ်ချင်းတွေ စုတိုင်ပင်ပြီး တိုက်ခန်းငှားလိုက်တာ၊ သူငယ်ချင်းတွေကတော့ အဆောင်လစာအတိုင်းပဲ အကုန်အကျခံပေါ့လေ၊ အမုံက ကျန်ငွေအားလုံးပေးရတယ်၊ အမုံကြောင့် သူတို့ကပါ လိုက်ပြောင်းရတာကိုး"

"အမုံရယ် ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝကို ရုန်းကန်ခဲ့ရတာကိုး၊ ပန်းနုရောင်ကို ရောက်တာကကော. . ."



www.burmeseclassic.com

www.burmeseclassic.com

"ပန်းနုရောင်ဖွင့်မယ့်ဆိုင်ပိုင်ရှင်က အမုံရဲ့ အဆိုအတီး ကို သဘောကျလို့ ကမ်းလှမ်းပြီး အမုံကို ခေါ်ယူတာပဲ၊ လစာလဲ ပိုပေးတယ်၊ ပြီးတော့ သူ့ကော်ဖီဆိုင်ကလဲ ရက်စတောရင့်တွေ ထက် ပိုပြီးကျွန်ရေတယ်လို့ အမုံထင်တယ်၊ အသောက်အစား မပါဘူးလေ၊ ဒါကြောင့် ပြောင်းလိုက်တာ"

"ပြောင်းလိုက်တာ အမုံ မှန်ပါတယ်"

သူ အမုံအပေါ် အလေးအနက်ထားခြင်းကို အမုံ ကြည် နူးစိတ်ကို ချိုးနှိမ်လိုက်ရသည်။

"အမုံ အဘွားက မျက်စိမမြင်ဘူးနော်"

"ဟုတ်ပါတယ်၊ အဘွားအသက် ခုနှစ်ဆယ့်ငါးနှစ်မှာ အပြင်းဖျားရာကနေ ပစ်ရပြီအောင်းမေ့တာ နောက် နေကောင်း ပြီး ပြန်နလံထူနိုင်ပေမယ့် မျက်စိက ကွယ်သွားခဲ့တယ်၊ ခွဲစိတ်လို့ လည်း မရနိုင်တော့ဘူးဆိုတာနဲ့ ဒီအတိုင်းပဲ ထားလိုက်ရတော့ တယ်"

"သေကံမရောက် သက်မပျောက်တာကိုပဲ တော်လှပြီ"

ယခုခေတ်လူငယ်တွေနှင့်မတူ အရာရာကို လေးလေး နက်နက် ထားတတ်ပုံရသော သူ့ကို အမုံ အထင်ကြီးမိသည်။

ဘုရားရေ. .၊ မေတ္တာဆိုတာ လေးစားမြတ်နိုးခြင်းမှ ပေါက်ဖွားလာသည်ဟု အမုံ လက်ခံယုံကြည်ထားမိခဲ့သည်။ ယခု သူ့အပေါ် အမုံ လေးစားမြတ်နိုးခြင်းတွေ တဖွားဖွား ဖြစ်ပေါ် နေပါလား။ နောက်မှလှမ်းမြင်ရသော သူ၏စိမ်းဖန့်ဖန့် ဂုတ် သားကလေး၊ ဝါရောင်သွေးသည့် လက်ချောင်းဖြူသန့်သန့်၌ စိန်လက်စွပ်တစ်ကွင်း စွပ်ထားသည်။





စိန်မှာတစ်လုံးတည်းစိန်ဖြစ်သည်။ တန်ဖိုးဘယ်လောက် ရှိမည်ကို အမုံ မမှန်းတတ်သော်လည်း တန်ဖိုးအတော်ကြီးမား လိမ့်မည်ဟု အမုံ ခန့်မှန်းမိသည်။

"အမုံ ဖုန်းနံပါတ် ကိုယ်ရပြီ"

"ဟင်. . ဘယ်သူ့ဆီကလဲ"

"ဘယ်သူ့ဆီက ဖြစ်ဖြစ်ပေါ့၊ အမုံ ဖုန်းမဆက်ရင် ကိုယ် ဆက်မယ်၊ နောက်ပြီး အမုံအနားမှာ ကိုယ်အမြဲရှိနေတယ် ဆို တာကို အမုံ သိထားလိုက်ပါ"

"သူ အဲဒီလောက်အထိ အမုံအတွက် အချိန်မပေးနဲ့ လေ"

"ဒီထက်မကကို အချိန်ပေးဦးမှာ ကိုယ့်ဘဝမှာ သူစိမ်း မိန်းကလေးတစ်ဦးအတွက် ပထမဦးဆုံးနဲ့ နောက်ဆုံး အကြိမ် အဖြစ် အချိန်တွေ များများပေးမိခြင်းပဲ ဖြစ်လိမ့်မယ်"

"ဒါဆို အချိန်နည်းနည်းပေးခဲ့မိတဲ့ မိန်းကလေးတွေ ရှိခဲ့တယ်ဆိုတဲ့ သဘောလား"

"အမှန်အကန်ပါပဲ၊ ဒါပေမယ့် သူတို့ကို ကိုယ့်နှလုံးသား တံခါးဖွင့်သွင်းနိုင်လောက်အောင်အထိ ကိုယ်အချိန်မပေးနိုင်ခဲ့ဘူး"

သူ့စကားကို အမုံ နားလည်အောင် ကြိုးစားကြည့်သည်။ သူမိန်းကလေးတော်တော်များများကို တွဲခဲ့ဖူးသည်။ ခဏတဖြုတ် ဟုဆိုလိုခြင်းလား မချစ်ဘဲ အပျော်တွဲတာဟုဆိုခြင်းလား ဆက် မေးလိုက်လျှင် ရေလာမြောင်းပေးဖြစ်သွားမှာ စိုးရိမ်သဖြင့် ငြိမ် သက်နေလိုက်သည်။

သူသည် တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်သည့်အလား



www.burmeseclassic.com

www.burmeseclassic.com



"အမုံ"

"နားထောင်နေပါတယ်"

"နားမထောင်နဲ့ ကိုယ့်ကိုမေးခွန်းပြန်မေးလေ"

"ဘာပြန်မေးရမှာလဲ"

"အမုံအတွက် ဘာဖြစ်လို့ အချိန်တွေ ပေးနေရတာလဲ လို့လေ"

အမုံ တုန်လှုပ်သွားသည်။

အမုံ မျှော်လင့်ထားသော်လည်း မကြားဝံ့သော လက်မခံဝံ့သော စကားတွေ သူပြောတော့မည်ကို အမုံ သိလိုက်ရပြီ။

"ဟင့်အင်း . . ဟင့်အင်း အမုံ မမေးချင်ဘူး"

"ဘာဖြစ်လို့လဲ"

"မသိဘူး"

"အမုံက ကိုယ်အဖြေကို ကြိုသိနေလို့လား"

"ဟင့်အင်း"

"မသိရင် ကိုယ်ဖြေမယ်လေ"

"အမုံကို စော်ကားသလိုများဖြစ်နေရင် ခွင့်လွှတ်ပါအမုံ အမုံကို ကိုယ် အရမ်းကို ချစ်မိနေတာပါ"

အမုံ ရှက်မျက်ရည်ဝဲစွာဖြင့် ခေါင်းငုံ့မိသည်။ အမုံ ဘာကိုမှ မတုံ့ပြန်နိုင်။

"မဖြစ်နိုင်ပါဘူး"

ဟု ရင်တွင်းမှ အားငယ်စွာ ငြင်းဆန်လိုက်မိသော်လည်း တကယ်တန်း သူ စိတ်ဆင်းရဲရမည့် စကားမျိုး ပြောထွက်ဖို့အရေး နှုတ်မဝံ့မရဲဖြစ်မိသည်။





"အမုံ ကိုယ့်ကို အပြတ်ငြင်းဆန်လိုက်ဖို့ မစဉ်းစားပါနဲ့ဦး ကိုယ့်ကို လေ့လာကြည့်ပါဦး၊ ကိုယ်ဟာ အမုံဘဝကို လုံခြုံနွေးထွေးမှုတွေနဲ့ ပေးဆပ်နိုင် မနိုင်ပေါ့"

"အမုံကတော့ ရှေ့မဆက်ချင်ဘူး၊ သူ ပန်းနုရောင်မှာ ကော်ဖီလာသောက်တဲ့အခါမှ အမုံစိတ်ထဲ သူတစ်ယောက်တည်းကို သီးသန့်ဖျော်ဖြေပေးနေရသလို မှတ်ယူထားလိုက်ပါမယ်၊ ဒီလောက်နဲ့ပဲ သူ ကျေနပ်သင့်တယ်လို့ ထင်ပါတယ်"

"ကိုယ်ကတော့ မကျေနပ်နိုင်ဘူး အမုံ၊ အမှန်တကယ်ပဲ အမုံဟာ ကိုယ့်တစ်ယောက်တည်းကိုသာ သီချင်းဆိုပြတဲ့ အဖြစ်ကိုပဲ ရောက်စေချင်တယ်၊ အခြားဘယ်သူ့ကိုမှ မဖျော်ဖြေစေချင်ဘူး"

"ဒါကတော့ ဝမ်းရေးလေ၊ သူ အမုံဘဝကိုနားလည်တယ်ဆိုရင် ဒါတွေ ထပ်မပြောပါနဲ့တော့ အမုံဖြစ်ချင်တာ ဆရာဝန်ပါ၊ ဖြစ်ဖို့လဲ အမှတ်မှီခဲ့ပါတယ်၊ ဒါပေမယ့် အမုံဆန္ဒတွေကို မိသားစုအတွက် စတေးလိုက်ရပြီးတဲ့နောက် အမုံ သူတို့အတွက် အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးတော့မယ်"

"အမုံရယ် မိသားစုအပေါ် အနစ်နာခံပြီး မိဘကိုလုပ်ကျွေးနိုင်တဲ့ မင်းကို ကိုယ်အမှန်တကယ် လေးစားပါတယ်၊ အမုံ ကိုယ့်ကို ချစ်နိုင်သည်ဖြစ်စေ မချစ်နိုင်သည်ဖြစ်စေ ကိစ္စမရှိပါဘူး၊ ကိုယ် မင်းအပါးတော်မြဲ အဖြစ် စောင့်ရှောက်ခွင့်ရရင်ပဲ ကျေနပ်ပါပြီ"

"ဪ . . တစ်ခုတောင်းပန်ရဦးမယ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ. . ညစဉ် ပန်းငါးပွင့်တောင် မပေးပါနဲ့"

"ဟင့်အင်း. . ဒါတော့မရဘူး၊ ဒါ ကိုယ့်ဆုံးဖြတ်ချက်"

"သူ ငွေကုန်မှာပေါ့"

"ကုန်ပါစေလေ၊ ငွေအတွက် လူတွေ ပင်ပန်းခံရှာဖွေထားရတယ်၊ ပင်ပန်းခြင်းကို အပန်းပြေစေတဲ့အခါလဲ ငွေကို နည်းနည်းပါးပါးတော့ ပြန်လည်အသုံးချသင့်တယ်လေ၊ ကိုယ်တို့ သူငယ်ချင်းတွေက ပျော်ပျော်နေ သေခဲအဖွဲ့လေ၊ မမေနဲ့ မ... ကတော့ ခဲသေအဖွဲ့တဲ့၊ ငါးယောက်ပဲ စွဲမြဲစွာ ပေါင်းကြတယ်"

သူ သူငယ်ချင်းတွေရဲ့အကြောင်းကို ရွှန်းရွှန်းဝေအောင် ဖောက်သည်ချသည်။ ပျော်ပျော်ပါးပါးနေတတ်သော သူ့ဘ... လေးသည် အမုံကြောင့် သောကမဝေစေချင်ပါ။

"သူ ရှေ့နားက မှတ်တိုင်မှာ ရပ်ပေး"

"အမုံ ခြင်းတောင်းဆွဲပြီး လမ်းထဲဝင်ရမှာ မလေးဘူးလား"

"မလေးပါဘူး အမုံ ဆွဲနေကြပါ"

သူ ကားရပ်လိုက်သည်။ ပြီးသည်နှင့် ကားပေါ်မှဆင်းကာ အမုံကို တံခါးဖွင့်ပေးသည်။

"ကိုယ်. . ကိုယ် လိုက်ပို့ချင်တယ်"

"အမုံ ခွင့်မပြုပါရစေနဲ့ ကျေးဇူးတင်တယ်နော်၊ ဒါ... မယ့် နောက်ကို အမုံကို မော်ဘီအပြန် လိုက်ပို့လိုက်ကြိုလုပ်ပြီး အကြပ်ကိုင်မှုမျိုးမလုပ်နဲ့ အမုံ သိပ်စိတ်ညစ်မိလိမ့်မယ်"

"စိတ်ချပါ အမုံ၊ အမုံ စိတ်မညစ်စေရပါဘူး"

"သွားတော့လေ"





"အမုံ အရင်သွားပါ၊ အမုံကို ကိုယ့်မြင်ကွင်းက ပျောက်ကွယ်သွားတဲ့အထိ ကိုယ်ကြည့်နေပါရစေ"

"သူလဲ ဇွတ်ကြီးပဲ၊ သွားတော့မယ်နော်"

အမုံ စိတ်ရှုပ်စွာဖြင့် ငြီးတွားပြီး သူ့ကိုထားခဲ့ကာ ကားလမ်းကူးပြီး နောက်သို့လှည့်မကြည့်မိစေရန် သတိထား ပြန်ခဲ့သည်။

အမုံနှင့် သူ့ဘဝသည် သိပ်မကွာဟဘူးဆိုပါက အမုံ သူ့အပေါ်၌ လိုက်လျောမှုတွေ များစွာပေးမိလိမ့်မည်။

အမုံပြန်လာသည်ကိုမြင်သော သူငယ်ချင်းငုဝါက တိုက်ခန်းပေါ်မှ ဆင်းလာပြီး လာကြိုလေသည်။ မော်ဘီ၌ တစ်ရပ်ကွက်တည်း အတူနေသူခြင်းလည်းဖြစ်သည်။ ဘာသာရပ်လည်း တူ ပန်းနုရောင်၌ အလုပ်လုပ်တာခြင်းလည်း တူသည်။ နေ့လယ်... ကျောင်းကောင်တာ၌ ထိုင်နိုင်သော်လည်း အမုံအတွက် အဖော်ရအောင် ညပိုင်း၌ပင် လုပ်ပေးရှာသူဖြစ်သည်။

"အဘတို့ အမေတို့ နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ကြက်သားတွေ ကြော်ပေးလိုက်သေးတယ်"

"ဟုတ်လား. . ကဲ. . ရှင် နားပါ၊ ကျုပ်ပဲ သိမ်းဆည်းလိုက်ပါ့မယ်၊ ဒီညနေ ကြက်သားသုတ်ကလေးနဲ့ ပိုးစာရွက်... ... ချဉ်တစ်ခွက်ပဲ ချက်လိုက်မယ်၊ ဒါမှ ရှင့်အသံအတွက် အဆင်ပြေမှာ"

"ဒါထက် အရီကော"

"ကျူရှင်သွားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဟုတ်သားပဲ"

"အဝတ်လဲဦးလေ"

"မလဲတော့ပါဘူး၊ ရှင့်ကို ပြောစရာရှိလို့"

အမုံ ငုဝါကို သူ့ကိစ္စနှင့်ပတ်သက်ပြီး အစအဆုံး ပြော လိုက်သည်။

"သူ ဖွဲကောင်းစွာဆက်လိုက်နေမယ်ဆိုရင် ရှင်တင်း နိုင်ပါ့မလား"

"ဒါကိုပဲ ကျုပ်လဲစိုးရိမ်နေတာ၊ ကျုပ်နှလုံးသားမှ အ တစ်ယောက်တည်း ရှိတာပါ၊ ကျုပ် အရမ်းပဲ ခံစားရတယ်"

အမုံ အမှန်အတိုင်း ရင်ဖွင့်စရာဆို၍ ငုဝါတစ်ယော တည်းသာရှိသည်။ ကျန် ရီလေးမာသည် သူတို့ထက် တစ်တ ငယ်သည်။ တစ်မြို့တည်းသားဖြစ်သော်လည်း သူငယ်ချ မဟုတ်သဖြင့် ကိုယ်ရေးကိုယ်တာကိစ္စများကို ဖွင့်ဟတိုင်ပင်ခြ မရှိပေ။

"ရှင် စိတ်ကို ဒီလောက်လဲ ချုပ်တီးမထားပါနဲ့၊ သူ့မိ တွေကလဲ သူလိုပဲ အဆင့်အတန်းကို မကြည့်တတ်တဲ့လူတွေ ရင် ရှင်တို့အချစ်ရေး ကံကောင်းမှာပါ"

"ရှင်ပြောသလိုဖြစ်ပါစေလို့ပဲ ကျုပ်ဆုတောင်းရမှ ဒါပေမယ့် ချစ်ပါတယ်လို့ဖွင့်ဟဝန်ခံမိတဲ့ ချစ်သူနဲ့ လက်ထပ် တစ်ယောက်တည်းဖြစ်စေရမယ်ဆိုတဲ့ ကျုပ်ရဲ့ခံယူချက်ကိုတေ ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်ဘူး"

အမုံကို လူနေခြုံကြား စိတ်နေဝတီကြားဟုပဲပြော အမုံခံယူချက်ကို အမုံနှလုံးသားနှင့် လွယ်လင့်တကူ လဲလှယ်





လိမ့်မည်မဟုတ်။ သူ့ကိုချစ်စိတ်တွေ ဘယ်လောက်ပဲပြင်းထန် ပါစေ ရင်၌ မြုံသိပ်ထားလိုက်တော့မည်။ ရင်တွင်းဝေဒနာကို အချိန်က ကုစားသွားလိမ့်မည်ဖြစ်သည်။

"အချစ်ဆိုတာ မီးလို ပူလောင်တယ် ပူလောင်မှန်းသိ ရက်နဲ့ ပိုးဖလံကို မီးကိုမတိုးချင်ပါဘူး။ သူ့ကို ရှောင်ပြီးတော့ပဲ နေလိုက်ချင်တယ်"

"ဒါပေမယ့် ရှင့်အလုပ်က ရှောင်ပုန်းလို့မှ မရတာ၊ ဘယ် လိုလုပ်ပြီး သူ့ကိုဥပေက္ခာပြုမလဲ"

"ဟုတ်တယ်လေ နဂိုကတည်းကမှ သူ့အပေါ် ထားရှိ တဲ့ မေတ္တာတွေက ကျုပ်ရဲ့တင်းခံထားတဲ့ နှလုံးသားကို လွှန်ဆွဲ နေခဲ့လို့ ကျုပ်အခုပဲ သူ့ကားပေါ်ပါလာခဲ့ပြီလေ၊ ရှင် ကျုပ်ကို အားမနာတမ်း သတိပေးပါ၊ သူနဲ့ပတ်သက်လာရင် သူ့မိဘတွေ သဘောတူညီမှုမရဘဲ ကျုပ်သူ့ကိုချစ်ပါတယ်လို့ လုံးဝဖွင့်ဟဝန်ခံ မှာ မဟုတ်ဘူး ငုဝါ"

"ရှင့်စိတ်ကတော့ ပြတ်သားပါတယ်၊ ဒါပေမယ့် နှလုံး သားကိစ္စကတော့ အခြားကိစ္စတွေနဲ့ မတူဘူးနော်၊ ထိရှစရာရှိရင် အချစ်ကြီးသူတွေက ပိုပြီးခံစားရတတ်တယ်"

ငုဝါစကားကြောင့် အမုံရင်ထဲ ပို၍နာကျင်လာသည်။ သူပန်းနုရောင်သို့ စတင်ရောက်လာချိန်က သုန်သုန်မှုန်မှုန်နှင့် အလိုမကျသည့် မျက်နှာကိုပင် စတင်ချစ်မိသွားသည်။

နောက်ရက်များတွင် သူလာလျှင် ရင်ထဲကျေနပ် ပျော် ရွှင်နေမိပြီ။ သူမလာလျှင် စိတ်အလိုမကျကာ ကြေကွဲစွာ ခံစားရ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလို သူနှင့် သိကျွမ်းခွင့်ရပြီး သူထံမှလည်း မိမိအား ချစ်နေကြောင်း ပွင့်လင်းစွာ သိရပြီးသည့်နောက် အမုံစိတ်ကို ပြတ်ပြတ်သားသား တားနိုင်ပါ့မလား။

ငုဝါပြောတာမှန်သည်။ မိမိနှလုံးသားအတွင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်သွားအောင် ချစ်မိနေသူကိုမှ ချစ်ပါသည်ဟု ဖွင့်ဟမဝန်ခံရဲသော အခြေအနေကို နာကြည်းမိသည်။

"ကဲပါလေ. . ရှင် အေးအေးဆေးဆေးသွားနားစမ်းပါ။ ကျုပ်ပဲ ချက်ပြုတ်လိုက်ပါ့မယ်၊ ရှင်ကပရိသတ်ရှေ့ ထွက်ရပ်ရတဲ့လူ မျက်နှာပြည့်ဝလန်းဆန်းနေမှဖြစ်တာ တရေးသွားအိပ်လိုက်ဦး. . ."

ငုဝါ အမုံ့အပေါ်ထားသော စေတနာကို အမုံနားလည်လက်ခံသည့်အနေဖြင့် အိပ်ခန်းထဲဝင်ခဲ့လိုက်သည်။ တိုက်ခန်းတွင် အိပ်ခန်းနှစ်ခန်းဖွဲ့ထားရာ ငုဝါနှင့် ရီလေးမာက တစ်ခန်းယူပြီး အမုံကို တစ်ခန်းပေးထားကြသဖြင့် အမုံလွတ်လပ်စွာပင် အိပ်စက်နိုင်သည်။

ည(၆)နာရီမှ (၁၀)နာရီတွင် ငုဝါက ကောင်တာ၌ ထိုင်ရသည်။ ငွေစာရင်းကို ကွန်ပျူတာနှင့်တွက်ပေးရသည်။ လစာတစ်သိန်းရသည်။ ကျန်နံနက်ပိုင်းအချိန်တစ်ခုတွင် သုံးတန်းလေးတန်း မောင်နှမနှစ်ယောက်ကို ဂိုက်လုပ်ပေးရာ လစာသုံးသောင်းရသည်။ ငုဝါကိုယ်တိုင် ကျူရှင်တက်ရသည့်စရိတ် တစ်ပတ်ခြားတစ်ခါ လှိုင်တက္ကသိုလ်၌ လက်တွေ့သွားပြီး သင်တန်းတက်ရသည့်စာရိတ် အိမ်လခနှစ်သောင်း ထည့်ဝင်သည့်စရိတ်နှင့်ဆိုလျှင် ငုဝါအသုံးစရိတ်ကုန်ကျမှုက ကိုးသောင်းရှိသည်။





မိဘများကိုတော့ တစ်လသုံးသောင်း ပို့ပေးပြီး တစ်သောင်းစုသည်။

သူတို့ထဲတွင် ရီလေးမာ၌ ဘာတာဝန်မှမရှိ။ မိဘများက ကုန်စုံဆိုင်ဖွင့်ကာ ကြီးပွားသူများဖြစ်၍ ရီလေးမာကို ကျူရှင်တက်ချင်သော သင်တန်းတက် အဝေးသင်ယူစေရန် တစ်လတစ်လတောင်းသလောက်ပေးနိုင်သူဖြစ်ပြီး ရီလေးမာနှင့် အမုံသည် တိုက်ခန်းလခကို တစ်ဝက်စီ အကုန်အကျခံသည်။

နှစ်ချုပ်ဖြစ်သဖြင့် ရီလေးမာမိဘများကပင် ကြိုထုတ်ပေးထားပြီး အမုံနှင့် ငုဝါက လစဉ် ရီလေးမာကို မုန့်ဖိုးအဖြစ်ပေးကြသည်။

ဘာပြဿနာမှမရှိ အေးအေးချမ်းချမ်းပင်။ ရီလေးမာမိဘများ ငုဝါမိဘများနှင့် အမုံမိဘများသည် ရပ်ဆွေရပ်မျိုး သူငယ်ချင်းများဖြစ်ကြသဖြင့် အမုံနှင့် ငုဝါ၏ ကိုယ်ကျင့်တရားကိုယုံကြည်ကာ ရီလေးမာအတွက် စိတ်ချကြသည်။ ရီလေးမာ ညဦးပိုင်းတစ်ယောက်တည်း နေရသည်မှအပ အခက်အခဲမရှိ။

ရီလေးမာကလည်း မကြောက်တတ်၊ တီဗွီ တရုတ်ကားကြည့်၊ စာဖတ်လိုက်နှင့် အချိန်ဟာ ခဏလေးပါဟု ဆိုသည်။

ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အနေအထားမျိုးဖြင့် သူတို့သုံးဦး အေးချမ်းစွာ နေထိုင်ခဲ့ကြသည်မှာ နှစ်လကျော်ရှိလေပြီ။

"ရီလေး ပြန်ရောက်ပြီ၊ မမမုံကော ပြန်ရောက်ပြီလား"

ရီလေးမာက အသံလှမ်းပြုလိုက်သည်။

"ရောက်ပြီ ရီလေး"

"ရီလေး ဘာကင်ဝယ်လာတယ် ထစားဦးလေ မမုံ"



www.burmeseclassic.com

www.burmeseclassic.com



ရီလေးမာက အမုံအိပ်ခန်းဝမှ လိုက်ကာကို ပင့်ကာ လှမ်းပြောလိုက်သည်။ အမုံက. . .

"ဘဲကင်စားလို့ အသံဝင်သွားရင် မမမုံမဆိုနိုင်လို့ ဆိုင်ရှင်က သတိပေးခြင်းခံနေရပါဦးမယ် ရီလေးရယ် အစား တစ်လုပ်နဲ့ သောကမရောက်ပါရစေနဲ့"

"ဟင်. . မမမုံအလုပ်ကြီးကလဲ မမိုက်ပါဘူးကွာ"

ဟု ကလေးဆန်စွာပြောဆိုပြီး ရီလေးမာက ပင့်ထားသော လိုက်ကာကိုပြန်ချပြီး ထွက်သွားလေသည်။

သီချင်းဆိုရတာ အမုံ ဝါသနာပါသည်။ ဂီတာတီးရင်း အပန်းဖြေရတာကိုလည်း ကျေနပ်သည်။

သို့သော် အနုပညာကို ဝမ်းစာတစ်ရပ်အနေဖြင့် မဆိုချင်လဲဆို မတီးချင်လဲတီးနေရသည့် အဖြစ်မျိုးကိုတော့ ဘယ်လိုလုပ် နှစ်မြို့နိုင်ပါမည်နည်း။

သို့သော် ဘဝပေးအခြေအနေ လုပ်နေရမှတော့. . စေတနာရှေ့ထားသော ကြိုးစားပြီး တီးခတ်သီဆိုပေးသည်။ ယခု ယမုံ ပို၍စေတနာပါသည်။

အမုံ သူ့အတွက် ရင်နှင့်တီးခတ်သီဆိုပေးနေရသည်ဟု မှတ်ယူလိုက်သည်။ ထိုအခါ ရင်ထဲကျေနပ် ပျော်ရွှင်ကြည်နူးလာသည်။ ထို့အတူလည်း သူသည် အမုံတေးသံသာကို ရင်နှင့် နားထောင်နိုင်လိမ့်မည်ဟု ယုံကြည်လျှက်. . .။









# အခန်း(၁၁)

"×××နားဆင်တော့ကွယ်×××မင်းပေးတဲ့ သီချင်းလေး ×××တစ်ပုဒ်ပါပဲ×××"

သီချင်းဆိုရင်း ငိုချင်သလိုလိုခံစားရသည်။ သူ ရောက်မလာသေးပါလား။ မှော်ဘီအထိတောင် လာရောက်ကြိုဆိုနိုင်သူက သီချင်းသုံးပုဒ် သီဆိုပြီးသည့်တိုင်အောင် ရောက်မလာသေးတော့ စိုးရိမ်ပူပန်မိသည်။ ဒီနေ့ လေးပုဒ် သီဆိုမည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သီချင်းဆုံးသွားသည့်တိုင်အောင် သူတို့အဖွဲ့သား ငါးယောက်စလုံး၏ အရိပ်အယောင်ကိုမတွေ့ရ။ ပန်းပေးလာသူတို့၏ ပန်းများကိုလက်ခံပြီး ဟန်ဆောင်ပြုံးနှင့် ကျေးဇူးတင်ကြောင်းပြောကာ လှေခါးထစ်ကိုဆင်းပြီး နားနေခန်းသို့ ဝင်ခဲ့သည်။

နာရီကြည့်လိုက်တော့ ကိုးနာရီခွဲ။ နောက် နာရီဝက်ဆိုလျှင် ဆယ်နာရီ၊ ငုဝါနှင့်အတူ ပြန်ရမည်။ ဆိုင်က ညဆယ့်နှစ်နာရီအထိ ဖွင့်သည်။ ကျန်နှစ်နာရီကို ဆိုင်ရှင်ကိုယ်တိုင်ထိုင်ပြီး ငွေစာရင်းအရာရှိ အဒေါ်တစ်ဦးနှင့် တစ်နေ့တာ စာရင်းချုပ်သည်။

ငုဝါက အမုံ့ထံရောက်လာပြီး ဒီနေ့အတွက် ပန်းပွင်အရေအတွက်မှ ဆိုင်အတွက် ဆယ်ရာခိုင်နှုန်းဖယ်ပြီး ကျန်ငွေကို ပေးသည်။ သီချင်းတစ်ပုဒ်ကို သုံးထောင်နှုန်း သတ်မှတ်ပေးထားသည်။ အမုံ့နေ့စဉ်ဝင်ငွေသည် သုံးသောင်းအောက်သို့ မကျဆင်းပေ။

ကိုယ်စားလာပို့ပေးသော နှင်းဆီဝါငါးပွင့်ကိုလည်း မောင်စောထံမှ လှမ်းယူလိုက်သည်။ ကျန်ပန်းများကိုတော့. . နောက်နေ့ အလှပန်းအိုးထိုးနိုင်သေးလျှင် ထိုးနိုင်စေရန် ထားခဲ့ပြီး သူပေးသော ပန်းငါးပွင့်ကိုတော့ ဒိုင်ခံ အိမ်သို့သယ်ယူခဲ့သည်။ သူ့အပေါ်အသေးအမွှားကလေးတွေကအစ အသိအမှတ်ပြုကာ ဂရုတစိုက်ရှိသည်ကို သူ သိပါလေစ။

“ရှင် ဒီနေ့ ငါးသောင်းတောင် ရတယ်”

မပျော်နိုင်ပါ။ သူ့မျက်နှာကို မြင်တွေ့ခွင့် မရခြင်းသည်





အမုံ့ဘဝတွင် ပြည့်စုံခြင်း မရှိသကဲ့သို့ ခံစားလိုက်ရသည်။ သူလာလာ မလာလာ အမုံ့အတွက် ပန်းငါးပွင့် တစ်သောင်းဖိုးနေ့စဉ် ဖြန်းတီးပေးသောသူကို အမုံ့ ကျေးဇူးတင်ရမှာလား. .

အမုံ့ ကျေးဇူးမတင်ချင် အမုံ့ကိုပန်းငါးပွင့်မဆက်သလျှင်နေပါ သူ့မျက်နှာကိုမြင်ရလျှင် အမုံ့ ကျေနပ်ပြီ။

“သွား . . မလိုချင်ဘူး”

ပန်းငါးပွင့်ကို စုစည်းကိုင်ပြီး လွှင့်ပစ်ရန် ရွယ်လိုက်သည်။ သို့သော် တကယ်တမ်းတော့ မပစ်ရက်ပါ။ သူ့ကိုယ်စားပန်းများကို ထွေးပိုက်ကာ နမ်းရှိုက်လိုက်မိသည်။ အလွမ်းပြေအပန်းပြေသွားသည်။

“အရူး ကျုပ်ငွေနဲ့ စာရင်းအပ်ပြီးရင် ပြီးပြီ၊ ရှင် အဆင်သင့်ပြင်ထား”

“ကျုပ် ကောင်တာကို လာခဲ့မယ်လေ”

“နေစမ်းပါ ရှင်လာရင် အကြောင်းမရှိ အကြောင်းရှာပြီး စကားလာပြောမယ့်သူတွေနဲ့ ရှုပ်တယ်၊ အားလုံးပြီးတော့ ကျုပ်လာခေါ်မယ်”

ငုဝါထွက်သွားသည်။ ငုဝါနောက်ကျောကို ငေးကြည့်ရင်း အမုံ့ သက်ပြင်းချလိုက်မိသည်။ ငုဝါ သူ့အပေါ်ကောင်းသည်။ နောက်လကစပြီး အိမ်လခကို ငုဝါပေးတာလက်မခံတော့ဘဲ အမုံ့ကပင်ပေးရန် ဆုံးဖြတ်လိုက်သည်။

အတန်ကြာ ငြိမ်သက်ပြီး သိပုရာရည်ကို ပိုက်ဖြင့် တစ်ငုံစုပ်ယူလိုက်သည်။

သူ ဘာဖြစ်၍ မလာတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အမုံကို စိတ်ပျက်သွားတာလား။

အမုံထံမှ အဖြေကိုမရသေးသဖြင့် အမုံစိတ်ကို တမင် ကလိနေတလား သို့တည်းမဟုတ် ကလေးဆိုးကြီးသဖွယ် စိတ်ကောက်နေတာလား။

အမုံ ပင့်သက်ရှိုက်လိုက်မိသည်။

အချစ်ကြောင့် ဖြစ်ပေါ်လာသော လှိုင်းဂယက်တို့ကို နားလည်ကာ ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်စွမ်းရှိရမည်။

လွမ်းစိတ် တမ်းတစိတ်တို့ကို ချုံးနှိမ်လိုက်သည်။

"အမုံရေ ပြီးပြီဟေ့"

နားနေဆောင်ခန်းဝမှ ကိုယ်ယောင်ပြပြီး လှမ်းခေါ်လိုက်သော ငုဝါကြောင့် . . .

"အေး . . အေး . . လာပြီ"

ကျောပိုအိတ်ကိုလွယ်ကာ သူပေးခိုင်းသည့် ပန်းငါးပွင့်ကိုယူကာ ထွက်ခဲ့သည်။

အမုံကို နှုတ်ဆက်လိုက်ရန် လာခေါ်သူများ အတော်ရှဲသွားလေပြီ။ အမုံကို ခေါ်၍မရနိုင်သောသူအဖြစ် အသိအမှတ်ပြုလိုက်ကြပြီ ထင်ပါသည်။ ပန်းနုရောင်ပိုင်ရှင် ဒေါ်ခင်ထားမေက အမုံအား ပြုံးကြည့်ကာ . . .

"အမုံ ကားဆိုင်ရှေ့ရောက်မှ တက်ပါ"

ဟု အမုံအား ဦးစားပေး ဆောင်ရွက်လာလေပြီ။ အမုံကြောင့် ပန်းနုရောင်၌ စားသုံးသူများလာသည်ဟု သူတို့သတ်မှတ်လာကြသည်ထင်သည်။ အမုံခွင့်ယူတတ်သည့် ဗုဒ္ဓဟူးနေ့လိုနေ့မျိုးတွင်တော့ အနည်းငယ်လျော့နေတတ်ကြောင်း သိသာ





လေသည်ဟု မှတ်ချက်ပေးတတ်သည်။

"သွားပါဦးမယ် အန်တီ"

"အေး . . အေး . . သမီး ကားအသုံးလိုလဲ မှာသုံးနိုင်တယ်နော်"

"ဟုတ်ကဲ့ မလိုသေးပါဘူး၊ ကျေးဇူးတင်ပါတယ် အန်တီ"

ကားပေါ်တီကိုအရောက်ရောက်သည်နှင့် အမုံနှင့် ငုဝါ နောက်ခန်းတံခါးကို ဖွင့်ကာ ဝင်ထိုင်လိုက်ကြသည်။

"အမုံ ငါ့ကို အလုပ်ချိန်နှစ်နာရီလောက်တိုးယူဖို့ အန်တီ ကပြောလာပြီ"

အမုံ ငုဝါအတွက် ဝမ်းသာသွားသည်။ ငုဝါ၏ စေ့စပ်သေချာမှု စည်းစနစ်ကျနမှုကို အလုပ်ရှင် ဒေါ်ခင်ထားမေ အသိအမှတ်ပြုပြီ ထင်ပါသည်။

"နောက်ပိုင်းတိုးမှာလား ရှေ့ပိုင်းတိုးမှာလား"

"နောက်ပိုင်းတော့ ငါတိုးမယူချင်ဘူး၊ ဒါပေမယ့် အန်တီ ကရှေ့ပိုင်း တစ်နာရီ နောက်ပိုင်းတစ်နာရီ တိုးစေချင်တယ်၊ ငါက နင့်အတွက် စဉ်းစားရသေးတယ်"

"ဆယ်နာရီကနေ ဆယ့်တစ်နာရီဆိုတော့ ထူးတော့ မထူးပါဘူး၊ ကျုပ်လဲ ကိုးနာရီအချိန်ကို ပြောင်းယူလိုက်မယ်လေ"

"ရီလေးမာကော နေရဲပါ့မလား"

"ကျုပ်က ရှစ်နာရီခွဲလောက်မှ ကားလာကြိုမှာဆိုတော့ သူ့အတွက်တောင် ပိုအဆင်ပြေမှာပါ"

"လစာကော တိုးရဲ့လား"

"တိုးတာမှ နောက်ထပ် လေးသောင်းတောင် တိုးပေး



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ညဥ့်နက်ပိုင်းက လူပိုကျတယ် ပိုက်ဆံရှိတဲ့ လူတန်းစားပဲ အိပ်ရာဝင်ခါနီး စိတ်ကိုလျှော့ကျ အပန်းဖြေတဲ့အနေနဲ့ လာသောက်တာမျိုးဆိုတော့ အန်တီက ငါ့ကို ငွေစာရင်း ကိုင်စေချင်တယ်၊ နင့်ကိုလဲ နောက်ကျပိုင်း ဆိုစေချင်တာ အတော်ပဲပေါ့"

အမုံ ငုဝါအတွက် ပျော်ရွှင်သွားသည်။

"အဖေတို့ကို ပိုထောက်ပံ့နိုင်ပြီး တိုးပြီးတော့လဲ စုနိုင်ပြီပေါ့၊ ကျုပ် အန်တီကို အရမ်းကျေးဇူးတင်သွားတာ"

"ပိုက်ဆံရှိတဲ့လူက ပိုပြီးလာဘ်မြင်ပါတယ်ဟာ၊ သူတို့အကျိုးအမြတ်များများအတွက် အနည်းအကျဉ်းတော့ စွန့်ကြရတာသဘာဝပဲ"

"ဘာပဲပြောပြော ပန်းနုရောင်မှာ အလုပ်လုပ်ရတာ ရှင့်အတွက်ရော ကျုပ်အတွက်ပါ ပိုပြီးလုံခြုံနွေးထွေးမှုရှိတယ်ဆိုတာ ရှင်ဝန်ခံသင့်တယ်"

"အေးပါ. . ကျုပ်ဝန်ခံပါတယ် ငုဝါရယ်"

"ဒါနဲ့ ရှင့်ရဲ့ ဖိုးလမင်းကြီး ဒီည မသာပါလား"

"ဖိုးလပြည့်ပါ"

"သူဟာသူပြည့်ပြည့် ကျုပ်က တင်စားပြီးပြောတာ"

မေ့မေ့ပျောက်ပျောက် ထားကာမှ ငုဝါက ပုတ်ခတ်နှိုးလေတော့ အမုံနှလုံးသား၌ တမ်းတမ်းတတ ဖြစ်လာလေသည်။ နှလုံးသားသို့ ဝင်ရောက်ပြီးသား ကမ္မည်းကို လွယ်လွယ်ကူကူပယ်ဖျက်ရန် မလွယ်ကူနိုင်ပါချေ။

ကျောက်မြောင်းတိုက်ခန်းရှေ့သို့ ရောက်သည်။





နှစ်ဦးသား ကားပေါ်မှ ဆင်းလိုက်သည်။ ပတ်ဝန်းကျင်အထင်အမြင်မလွဲမှားစေရန် ငုဝါသည် ပန်းနုရောင်ဝန်ထမ်းဝတ်စုံကိုသာ ဝတ်ဆင်သွားလာသည်။

အမုံကသာ သီချင်းဆိုရ ဂီတာတီးရတော့ လုံခြုံမှုလည်းရှိ လွတ်လပ်မှုလည်းရှိစေရန် စတိုင်ဘောင်းဘီနှင့် ကုတ်အကျႌအရောင်နုနုကို ဆင်တူဝတ်ဆင်ပြီး အတွင်းစပို့ရှပ်ကိုတော့ လိုက်ဖက်သော အရောင်ရင့်ရင့်ဝတ်ဆင်သည်။ လုံးဝ ပုံစံမပြောင်းအရောင်မျိုးစုံသာ ပြောင်းလဲသော်လည်း ဒီဇိုင်းမပြောင်းပါ။ မျက်နှာခြယ်သမှုကိုလည်း ထူပိန်းပိန်းမဖြစ်စေရန် ပိတ်ကပ်ခပ်ပါးပါးသာလူးပြီး ဝတ်စုံနှင့် လိုက်ဖက်ညီမည့် နှုတ်ခမ်းအရောင်ကိုဆိုးလေ့ရှိသည်။

အမုံတို့ ကားသံနှင့် ဟွန်းသံကို ရီလေးမာ ကြားပြီး. . လှေခါး မီးဖွင့်ပေးထားသည်။ သံပန်းတံခါးသော့ လေးချောင်းရှိရာ အိမ်ခန်း၌ ပင်တိုင်တစ်ချောင်းထားပြီး ကျန်သုံးချောင်းကိုသုံးယောက် ခွဲဝေယူကာ သွားလေရာရာသို့ ထည့်သွားရသည်။

အခန်းထဲသို့ရောက်တော့ ရီလေးမာက. . .

"မမမုံဆီကို စောစောလေးတင်က လိုင်းဖုန်းဝင်လာတယ်"

အမုံရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်။ အမေတို့ကို ဦးစွာသတိရလိုက်သည်။ ဘာများဖြစ်လို့လဲ စိုးရိမ်စိတ်က စောသွားသည်။

"အမေတို့ဆီကလား ဘာများဖြစ်လို့လဲ ဘယ်သူဆက်တာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ယောက်ျားတစ်ယောက်အသံ ရီလေးက ပြန်မရောက်သေးဘူးဆိုတော့ တအောင့်နေမှ ထပ်ဆက်ပါ့မယ် လို့ပြောပြီး ချသွားတယ်၊ ဘာလို့ handphone ကိုမဆက်တာပါ လိမ့်"

အမုံ သက်ပြင်းချလိုက်မိပြီ ငုဝါကို လှမ်းကြည့်လိုက်သည်။ သံပန်းတံခါးကို ပိတ်ပြီးမှ သစ်သားတံခါးကို ပိတ်ကာ ကလန့်အပေါ်အောက် ထိုးလိုက်ပြီး ငုဝါက အမုံကို လှမ်းအကြည့်နှင့် အကြည့်ချင်း ဆုံမိကြသည်။

"မမမုံအသိထင်တယ် အနီဆို ရီလေးတို့သိတာပဲ ပြောစရာရှိတာ ပြောမှာပေါ့"

ရီလေးက ကလေးဆန်စွာ စူးစမ်းလာသည်။ အမုံအနေနှင့် အတူတကွ နေထိုင်သူများအပေါ် လျှို့ဝှက်မထားချင်သဖြင့်. .

"ဟုတ်တယ် မမမုံအသိပဲ"

ရီလေးမာက မျက်နှာလေး ပြုံးဖြီးဖြီး ပြောင်ချော်ချော်လေးဖြစ်လာပြီး. .

"ဒီလိုဆို မမမုံကြီးကိုဝဲတဲ့ ရွှေစွန်ညိုကြီးပဲ ဖြစ်မယ် ဖွဲကောင်းတယ်နော် ဖွဲဆုချသင့်ပြီ ထင်တယ်"

"ဒီကလေး ပေါက်ကရတွေ ပြောမနေပါနဲ့ မမမုံတို့က ကိုယ့်ဘဝကို နားလည်ပါတယ် ရီလေးရယ်"

အမုံအားငယ်စွာ ပြောလိုက်မိသည်။

ငုဝါက အမုံအားကြည့်ပြီး စိတ်မကောင်းစွာဖြင့်. .

"ကဲ. . အမုံတော ရီလေးကော ဘာစားကြမဲ အန်တီက ချော့ကလက်ကိတ်တစ်ဗူး ပေးလိုက်တယ် ကော်ဖီသောက်ကြဦးမလား"

"လုပ်လေကျုပ်တော့ ဘာလက်ခ်ပဲ"

"ရီလေး ဟောလစ်သောက်ပြီးပြီ ကတ်ပဲ စားတော့မယ်"

"ဒါဖြင့် ပြင်လိုက်တော့မယ်"

ငုဝါက အဝတ်အစားလဲပြီး မီးဖိုဘက်သို့ ဝင်သွားသည်။

အမုံ အဝတ်အစားလဲပြီး စာကျက်ရန် စာအုပ်များ ယူစဉ်မှာပင် တယ်လီဖုန်းမြည်လာသည်။

ရီလေးမာက ပြုံးစစနှင့်

"မမမုံပဲ ကိုင်လိုက်တော့ မမမုံဖုန်းပဲဖြစ်မှာ၊ ရွှေစွန်ညိုကြီးလေ. . အဟိ"

အမုံ ရီလေးမာကို နှုတ်ခမ်းကလေးကိုက်ကာ လက်သီးလေးဆုပ်ပြလိုက်ပြီး အိမ်ရှေ့ခန်း တယ်လီဖုန်းစင်လေးသို့ အပြေးတစ်ပိုင်း လျှောက်လှမ်းကာ ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"အမုံ ကိုယ် ဒီနေ့မအားလို့ ပန်းနုရောင်ကို ရောက်မလာနိုင်ဘူး၊ စောစောကတင် အားတယ် အားအားချင်း ဖုန်းဆက်လိုက်တော့ အမုံပြန်မရောက်သေးဘူးဆိုလို့၊ handphone မဆက်တာက အလုပ်များနေမှာစိုးလို့"

"ဟုတ်ပါတယ် သူ ဆက်ပြီး အမုံတို့လဲ ရောက်လာတာပါပဲ"

"အမုံ ကိုယ့်ကို မျှော်နေသေးသလား"

"မမျှော်ပါဘူး. . ဘာကိစ္စ မျှော်ရမှာလဲ"







www.burmeseclassic.com

www.burmeseclassic.com



မုသားသုံးကာ ရင်တွင်းဝေဒနာကို ကွယ်ဝှက်ရန် ကြိုးစားလိုက်သည်။

"ထင်ပါတယ် ကိုယ်ကသာ စိုးရိမ်မိတာပါ၊ ကိုယ့်ကြောင့် အမုံမှာ ဝေဒနာမရစေချင်လို့"

"သူ နားလည်ရင်ပြီးတာပါပဲ၊ အမုံကတော့ ဘာမှမပြောချင်ဘူး"

"အမုံကို ကိုယ်နားမလည်သေးပါဘူး၊ ကိုယ်လိုရာကိုယ်ဆွဲယူပြီး နားလည်လိုက်ရင်လဲ တစ်ဖက်သက်ဆန်တဲ့ စွဲချက်ပဲဖြစ်သွားမှာ စိုးရိမ်တယ်လေ"

အမုံ သူ့အသံလေးကြားသည်ကိုပင် ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့မိလေပြီ။ ခက်ပြီ. . နှလုံးသားအလိုကိုလိုက်၍ မဖြစ်နိုင်။

"သူ"

"ဘာလဲ အမုံ"

"အကြောင်းကိစ္စထူး မရှိဘဲ အမုံဆီကို ဖုန်းမဆက်ပါနဲ့လား"

"ကိုယ့်အတွက်တော့ အမုံမျက်နှာလေးကို မြင်တွေ့နေရခွင့် အသံလေးကို ကြားနာရခွင့်ဟာ သိပ်ကို အရေးကြီးပါတယ်"

"အမုံအတွက် အရေးတကြီးအချိန်တွေ ပေးနေတာဟာ သူ့အတွက် အလဟသအချိန်တွေ ကုန်ဆုံးသွားသလို ဖြစ်နေလိမ့်မယ်"

"အမုံ အသံလေးကြားရလို့ ကျေနပ်စိတ်၊ မျက်နှာလေး





မြင်ရလို့ ကြည်နူးစိတ်တွေဟာ ဘယ်အရာနဲ့မှ မလဲနိုင်ပါဘူး"

"အပြောသိပ်တတ်တယ် ပြောနေကျထင်တယ်"

သူ့အပြောနှင့်တင် အမုံကျေနပ်မိပါသည်။ ပန်းနုရောင်သို့ သူရောက်မလာခြင်းအတွက် ခံစားရသော လွမ်းဆွတ်တမ်းတမှုတို့ ကျေပျက်သွားပြီး ကြည်နူးမှုခံစားလိုက်ရသည်။

ဒါကို အချစ်ဟု အမုံနားလည်ပါသော်လည်း နှုတ်မှဖွင့်ဟဝန်ခံခြင်းတော့ မပြုရဲပါချေ။

"ပြောနေကျမဟုတ်ဘူး ခုမှစပြောတာ ယုံကြည်တာမယုံကြည်တာက အမုံအလုပ်လေ၊ ကိုယ်ကတော့ ရင်ထဲကစကားကို အမှန်အတိုင်းပဲ ဖွင့်ဟကြေညာမယ်၊ ရင်ထဲကအတိုင်းပဲ လူကလဲ လှုပ်ရှားနေမှာပဲ"

"ကဲပါ. . အမုံ စာကျက်တော့မယ် သူလဲနားတော့"

"နေပါဦး အမုံရယ်"

"ဘာပြောစရာ ရှိသေးလို့လဲ"

"ရှိတာပေါ့ ရင်နဲ့မဆန့်အောင်ဘဲ ဒါပေမယ့် အမုံနားပါလေ၊ ကိုယ့်ကြောင့် အမုံပျော်ရွှင်ကြည်နူးရတာကိုပဲ ကိုယ်လိုချင်ပါတယ် အနှောင့်အယှက်ဖြစ်ရတာမျိုးကိုတော့ မလိုချင်ပါဘူး၊ ဂွတ်နိုက် အမုံ"

"ဟုတ်ကဲ့ အိပ်မက်လှလှမက်ပါစေ"

"ကျေးဇူး"

သူထံမှ ဖုန်းချသွားလေသည်။ အမုံရင်ထဲ လစ်ဟာ၍ကျန်ရစ်ခဲ့သည်။ အချစ်နှင့်မာန လွန်ဆွဲနေသည့်ကာလဝယ် အမုံရင်တော့ ထိခိုက်နာကျင်နေရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ညလည်း ကျောင်းစာမလုပ်မိတော့ဘဲ အိပ်ရာဝင်ခဲ့မိလေရာ. .

"ဟဲ့. . ဟဲ့. . ဒေါ်အမုံ ရှင်ဘယ်လိုဖြစ်တာလဲ ကော်ဖီသောက်မယ်ဆို"

"မသောက်တော့ပါဘူးဟာ"

"ဘယ်သောက်တော့မလဲ မမမုံက အသံလေးစားပြီးရင်ပြည့်သွားပြီ"

"တယ်. . ဒီကောင်မလေး မဟုတ်တာ ပြောရော့မယ်"

"ဒါဖြင့် လာသောက်လေ"

ရှီလေးမာ အတင်းခေါ်သဖြင့် အမုံထခဲ့ရသည်။ နောက်ဖေးဘက်မီးဖိုခန်း၌ ထမင်းစားစားပွဲတွင် ကော်ဖီနှင့်မုန့် ပြင်ဆင်ထားသည်။

စာရင်းသောက်ရင်း ရှီလေးမာမေးသမျှကို မကွယ်မဝှက်ဖြေကြားပေးလိုက်ရသည်။ သူ့အကြောင်းနှင့်ပတ်သက်၍ ရှီလေးမာက အားပေးသည်။

"အချစ်မှာ ဂုဏ်ပကာသန မရှိဘူး၊ သူ မမမုံကို တကယ်ချစ်ရင် သူ့မိဘတွေ စွန့်လွှတ်လိုက်တဲ့တိုင်အောင် သူက စွန့်စားရဲရမှာပေ့။ လက်ခံလိုက်ပါလား မမမုံရဲ့၊ မိဘတွေက သားချစ်တဲ့စိတ်နဲ့ လိုက်လျောတော့လဲ မမမုံ ဘော့စ်ဖြစ်သွားတာပေါ့"

"ယောက်ျားကိုတော့ အားကိုးချင်ပါတယ်၊ ယောက်ျားမိဘတွေကို မှီခိုပြီး ယောက္ခမလက်ဝေခံစားရမှ ဘော့စ်အဖြစ်မျိုးရမှာကိုတော့ တို့မလိုလားပါဘူး ရှီလေးရယ် ကိုယ့်အားကိုယ်ကိုး ကိုယ့်ထမင်းကိုယ်ဝယ်စားပြီး စိတ်ချမ်းသာမှုပဲ ရယူပါရစေ"





"အချစ်နဲ့ဝေးလို့ စိတ်ချမ်းသာမယ် ထင်ရင်တော့လဲ ရှီလေးဘာမှ မပြောတတ်တော့ဘူး"

ရှီလေး အမုံကို လက်လျှော့လိုက်သည်။ ငုဝါက. . .

"ကဲ. . အချစ်အကြောင်း ဘယ်သူမှ လက်တွေ့ကြုံဖူးသေးတာမဟုတ်တော့ စိတ်ကူးနဲ့ တိုက်အိမ်ဆောက်မနေနဲ့တော့ ကျုပ်တော့ နားပြီ"

အမုံပြုံးလိုက်မိသည်။ အချစ်နှင့်ပတ်သက်လာလျှင် တိုက်မဆောက်ချင်ပါ။ နွေးထွေးသောရင်ခွင် လုံခြုံသောမေတ္တာကိုတော့ အမုံတမ်းတမိပါသည်။

သို့သော် သူ့ထံမှ အမုံတမ်းတမှုမျိုး ရနိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

အဝေးသင် ဒုတိယနှစ် ဖူးမေဂျာက လှိုင်တက္ကသိုလ်မှာ တက်ခွင့်ရသဖြင့် အမုံနှင့်ငုဝါအတွက် သွားလာရေးအဆင်ပြေ ရသေးသည်။ လက်ချာချိန်ပြီး ပရက်တီကယ်ခန်း ပြေးရသေး သည်။ စားသောက်ရတာ မလွယ်ကူသဖြင့် နှစ်ယောက်သား ထမင်းဗူးယူလာနေကြဖြစ်သည်။ ရသည့်အချိန်လေး၌ ကန်စပ် ကခုံတန်းလျားလေးသို့ ပြေးထိုင်ပြီး ထမင်းဗူးလေးများကို ဖွင့် စားနေကြခြင်းဖြစ်သည်။ ပြီးလျှင် ပရက်တီကယ်တစ်ခန်း တက်ရ





ဦးမည်။

"အမုံ"

"ဟင်. . သူ"

အမုံစားလက်စဗွန်းကလေးပင် ထမင်းချိုင့်ထဲပြန်လွတ် ကျသွားသည်။ မျှော်လင့်မထားဘဲ သူရောက်လာသည်။

"တစ်နေရာရာမှာ တစ်ခုခုသွားစားရအောင်လား အမုံ"

အမုံကို သူ လေသံပျော့ပျော့နှင့် သွေးဆောင်လေပြီ။

အမုံပြုံးကာ. . .

"ကိစ္စမရှိပါဘူး နာရီဝက်လောက်ပဲ အချိန်ရလို့ တမင် အပန်းဖြေရင်း ကိုယ့်ထမင်းဗူးလေးကို စားရတာကိုပဲ စိတ်ချမ်း သာလို့ပါ စားပါဦးလား"

စကားလှလှဖြင့် ငြင်းဆန်လိုက်သည်။

သူက စိတ်မကောင်းစွာဖြင့်. . .

"ဒါဖြင့် ကိုယ်တစ်ခုခု သွားဝယ်လိုက်ဦးမယ်"

"ဒုက္ခမရှာပါနဲ့ သူ ဝယ်လာတာတွေကို အမုံ လက်ခံမှာ မဟုတ်ဘူး"

သူ မျက်နှာပျက်သွားသည်။

အမုံ စိတ်မကောင်းပါ။ သို့သော် အမုံ သေသေချာချာ စဉ်းစားမိသည်က သူနှင့်အမုံသည် ဖြစ်နိုင်သောအနေအထား အမျိုးမျိုး လုံးဝမရှိ။ ရှေ့လျှောက်ရမည့် ခရီးလမ်းတွင် ဆူးညှောင့် ခလုတ်တွေချည်းပင်။

သူငယ်ချင်းတွေကိုတောင် အသိခံပုံမရ။ ပန်းနုရောင် ကို သူငယ်ချင်းတွေအားလုံးဆုံလျှင် သူ ဘာသိဘာသာ နေလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး ပီတာတစ်ယောက်တည်း လာသည့်အခါတွင် သူတို့ အင်း အပြန်ကို စောင့်နှုတ်ဆက်ပြီးမှ ပြန်သွားတတ်သည်။ ကျွန် သူငယ်ချင်းများကိုပင် အသိမပေးရဲသော သူ့စိတ်ကို အမုံစိတ်ခ ယုံကြည်နိုင်၍ ဖြစ်ပါ့မလား။

"အမုံ ကိုယ့်ကို စိမ်းကားတဲ့သဘောပေါ့"

"ထင်ချင်သလိုထင်နိုင်ပါတယ် ဒါထက် သူ သူ့ကိုသိ သလား"

ငုဝါကို မေးငေါ့ပြကာ မေးလိုက်သည်။ သူက. . .

"မြင်ဖူးနေပါတယ်. . အမုံနဲ့အတူနေပြီး ပန်းနုရောင် ကောင်တာမှ ထိုင်တယ်နဲ့ တူတယ်"

"ဟုတ်ပါတယ် ငုဝါတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်မလဲ ဝမ်းသာပါတယ်"

"မျက်မှန်းတမ်းမိနေတာတော့ ကြာကြပြီပဲ၊ ကိုင်း ထိုင် ကျွန်မ ဟိုဘက်ခုံတန်းလျားမှာ စာဖတ်ရင်း သွားစားလိုက်ဦး မယ်"

"ဟင့်အင်း. . ငုဝါ ရှင် မသွားနဲ့၊ သူလဲ မထိုင်ရဘူး"

အမုံ ထိတ်လန့်တကြား ဖြင်းဆန်လိုက်ပြီး ငုဝါလက်ကို လှမ်းဆွဲလိုက်သည်။

ငုဝါကော သူပါ အံ့အားသင့်သွားသည်။ သူက ရှက်သွား ပုံလဲရသည်။ မျက်နှာကြီးနီရဲကာ ရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး. . .

"အမုံ မင်းကိုယ့်အပေါ် ဒီလောက်အထိ ရိုင်းဖို့မသင့် ဘူးထင်တယ်၊ ကိုယ်ဟာ မိကောင်းဖခင်သားသမီးပါ မင်းအပေါ်





မြတ်မြတ်နိုးနိုး တန်ဖိုးထားနေခြင်းအတွက် ပေါကြီးလို့ မှတ် ယူပြီး အနူအဝဲတစ်ယောက်လို ထိတ်လန့်စရာမလိုဘူး ကိုယ် သွားမယ်၊ ကိုယ့်ကြောင့် မင်းစိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆို ရင်လဲ တောင်းပန်ပါတယ် ကိုယ်သွားပြီ"

အမုံ ရုတ်တရက် အံ့အားသင့်သွားသည်။ သူ ရှက်ရမ်း ရမ်းကာ အထင်မှားသွားခြင်းအပေါ် အမုံဖြေရှင်းရန် စကားလုံး ရှာမတွေ့ခင်မှာပင် အမုံအား ကျောခိုင်းကာ ထွက်သွားလေ သည်။

အမုံရင်ထဲ မခံရပ်နိုင်အောင် နာကျင်လာသည်။ အမုံအ ပေါ် သူ အထင်မှားသွားခြင်းကိုပင် အမုံ ခံရခက်နေခြင်းပါ. .။

မျက်ရည် ရစ်ဝဲကာ သူ့နောက်ကျောကို ငေးကြည့်ပြီး ကျောက်ဆစ်ရုပ်သဖွယ် ကျန်ရစ်ခဲ့လေသည်။

"ရှင်ကလဲ ပြောလဲပြောစရာပဲ ခုခေတ်ကြီးမှာ ယော ကျ်ားမိန်းမ ယှဉ်တွဲထိုင်ရုံနဲ့ သမီးရည်းစား ဖြစ်မသွားပါဘူး၊ ထိုင်တဲ့ပုံစံခြင်း ကွာခြားပါသေးတယ်"

"ရှင်ကလဲ ကျုပ် ရုတ်တရက်လန့်ပြီးပြောမိတာကို သူဒီ လောက်တောင်ပြောသွားဖို့ မကောင်းပါဘူး၊ မိန်းမသားဘဝက နစ်နာစရာရှိရင် ကိုယ်ပဲနစ်နာရမှာ သူ အပြောင်အပျက်နဲ့ ကျုပ် ကိုလိုက်နေတာဆိုရင် ဒုက္ခရောက်ရမှာ ကျုပ်ပါ"

"ဒါဖြင့် ဒီကိစ္စ ရှင်မှန်တယ်လို့ ဆိုလိုတာလား"

"ကျုပ် မပြောတတ်တော့ဘူး"

အမုံ အမှန်တကယ်ပင် မပြောတတ်တော့ချေ။ အမုံ ကြောင့် သူစိတ်ထိခိုက်သွားခြင်းကို အမုံ တန်ပြန်ခံစားရသည်

www.burmeseclassic.com



မှာတော့ သေချာသည်။

"သူ ရှင့်ကို ဘယ်နေရာမှာတွေ့ခွင့်ရှိမှာလဲ၊ ပန်းနုရောင်မှာလဲ ခွင့်မပြုနိုင်၊ တိုက်ခန်းကိုလည်း မလာနဲ့ မော်ဘီအိမ်ကိုလဲ မလာစေချင်ဘူး. . ဆိုတော့ ကျောင်းကိုလာတယ် ကျောင်းမှာ အတူယှဉ်ထိုင်ခွင့်တောင် မပြုနိုင်ဘူးဆိုတော့ သူ ဘာဆက်လုပ်ရမှာလဲ"

"သူ စိတ်ပျက်ပြီး နောက်ဆုတ်သွားတော့လဲ ကျုပ်အတွက် ဖြေသာသွားတာပေါ့လေ"

"အင်း ဖြေသာမယ့်ရုပ်က ခုလို ကတောက်ကဆလေး ဖြစ်သွားတာတောင် မျက်ရည်ကျနေတဲ့သူကများ"

အမုံနှလုံးသားနုနုဝယ် သူအမှန်တကယ် စိုးမိုးနေရာယူထားပြီးဖြစ်သည်ကို အမုံ ဝန်ခံပါသည်။

သို့သော် ဘဝပေးအခြေအနေအရ မငုံ့မရဲ ဖြစ်ရခြင်းကို သူနားလည်းနိုင်စွမ်းရှိမည် ဆိုပါက. . .

"တစ်ယောက်ရဲ့ နှလုံးသားကို တစ်ယောက်ဖောက်ထွင်းမြင်နိုင်စွမ်းမရှိမှတော့ ရှေ့ဆက်လို့ ဖြစ်နိုင်မယ် မထင်ပါဘူး သူက ကျုပ်ကို ခပ်ပေါ့ပေါ့ ခပ်လွယ်လွယ်မိန်းမ ထင်ပုံရတယ်၊ အေးလေ မော်ဘီကအပြန်မှာ ကျုပ် သူ့ကိုငဲ့ညှာမိတာကို သူနားမလည်ဘဲ သူ့ကားပေါ်လိုက်ခဲ့တာကိုပဲ ခပ်ပေါ့ပေါ့တွေးလိုက်ပုံရတယ်"

"ဒီလိုတော့လဲ ဟုတ်မယ်မထင်ပါဘူး၊ မိန်းမသားစိတ်ကို နားမလည်တာကိုကပဲ သူ့ရဲ့ရိုးသားမှုလို့ ပြောလို့ရပါတယ်ဟယ်"

ငုဝါက မျှတွေးကာ ဖြေသိမ့်မှုပေးသော်လည်း အမုံတို့





ထမင်းဗူးကိုယ်စီ ပိတ်လိုက်ကြသည်။

ယောကျ်ားတစ်ဦး၏ မနောကို နားမလည်နိုင်တာကိုကလည်း ယောကျ်ားများကို အမုံ စိတ်မဝင်စားခဲ့ခြင်းလည်းပါသည်။ ဘဝပေးအခြေအနေအရ လုပ်ရှားရုန်းကန်နေရမှတော့ မိသားစု စားဝတ်နေရေးအတွက်ပဲ အာရုံရှိနေတာလည်း ပါသည်။

သို့သော် အမုံရင်ထဲ ထိရှခံစားနေရတာတော့ ရှိနေသည်။ အမုံကို သူ ချစ်သည်ဟု နားလည်မိသကဲ့သို့ အမုံကလည်း သူ့အပေါ်တွင် စွဲစွဲမြဲမြဲချစ်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အမုံ သူနှင့်ပတ်သက်လာလျှင် ရင်ထဲနင့်နေအောင် ခံစားရလေသည်။

"ကဲပါ. . စိတ်မကောင်းဖြစ်မနေပါနဲ့ သူနောက်တော့ စိတ်ပြေသွားရင် ရှင့်ဆီရောက်လာမှာပါ"

"မျှော်လင့်မထားတော့ပါဘူး၊ မကျွမ်းခင်ကလမ်းခွဲကြတာပဲ ကျုပ်အတွက် ပိုသက်သာမယ် ထင်တယ်၊ ကိုင်း အတန်းထဲသွားရအောင်"

အမုံစိတ်ကို ဒုံးဒုံးချလိုက်သည်။ မိန်းမသားတစ်ယောက် အရှက်နှင့် ဣန္ဒြေကို နားလည်မည်ဆိုပါက သူ အမုံ့ထံ မကြာခင် ရောက်လာဦးမှာပါဟု. . .။

လာလည်းလာစေချင်သည်။ မလာလည်း မလာစေချင်တော့ပါ။ ဒွိဟစိတ်ကို သယ်ဆောင်ရင်း လက်တွေ့လုပ်ရမည့် အခန်းဆီသို့ ဦးတည်လိုက်လေသည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

အမုံ ပန်းနုရောင်ပိုင်ရှင်၏ အိမ်သစ်တက်ပွဲ ဆွမ်းကျွေးသို့ မလာခဲ့မိလျှင် ဦးကျော်ခေါင်သာနှင့် စတင်ဆုံဆည်းရလိမ့်မည်မဟုတ်။

"မောင်လေး. . သူပေါ့ မမကြီးပြောပြောနေတဲ့ ပန်းနုရောင်စတားလေ အမုံဆိုတာ"

ဒေါ်ခင်ထားဝေ၏ မိတ်ဆက်ပေးမှုကို အမုံက ရှက်စနိုးပြုံးကာ. . .





"ပန်းနုရောင်ကိုကပဲ စတားဖြစ်တာပါ၊ အမုံက စတားဖြစ်တာ မဟုတ်ပါဘူး"

ဟု နှိမ့်ချကာ ဖြေလိုက်သည်။

ဦးကျော်ခေါင်သာက လူကြီးလူကောင်းပီသစွာ နှုတ်ခမ်းကို တွန့်ရုံသာပြုံးလိုက်ပြီး. . .

"တွေ့ရတာ ဝမ်းသာပါတယ် မိန်းကလေး နာမည်သာကြားဖူးနေတာ လူကို အခုမှပဲ တွေ့ဖူးတော့တယ်"

"ပန်းနုရောင်က မောင်လေးစိတ်ကူးလေ၊ မောင်လေးက ရှယ်ယာအများဆုံး ပါထားတာ၊ သူ့အကြံအစည် သူ့စိတ်ကူးတွေနဲ့ တည်ဆောက်ဖန်တီးပေးပြီး သူက ခြေဦးတောင် မလှည့်ဘဲ ဒီတိုက်ကို ကိုယ်တိုင်ဆောက်နေတာ ဒါ သူ့တစ်ကိုယ်တည်းအိမ်ပေါ့"

ဒေါ်ခင်ထားဝေက တွန်းတွန်းပိုပိုနှင့် သူ့မောင်ကို လူပျိုကြီးဖြစ်ကြောင်း ကြေညာနေခြင်းကို အမုံနှင့်ငုဝါ သဘောပေါက်လိုက်သည်။

"ဒါပြီး ပန်းနုရောင်ဟိုတယ်တစ်ခု ဖန်တီးနေပြန်ပြီလေ၊ အန်တီတို့တော့ လိုက်မမီနိုင်တော့ဘူး"

ဒေါ်ခင်ထားတော့ ပြောစကားများအရ ဦးကျော်ခေါင်သာ၏ အစ်ကို ဦးရဲခေါင်သာမှာ ဒေါ်ခင်ထားဝေ၏ ခင်ပွန်းဖြစ်သဖြင့် ဦးကျော်ခေါင်သာသည် ဒေါ်ခင်ထားဝေ၏ မတ်တော်စပ်သူဖြစ်သည်။ သို့သော် အစ်မအရင်းအတိုင်းပင် ရှိနေသည်။

"မမကြီး ခု ကျွန်တော် စိတ်ကူးတစ်ခုရှိလာပြန်ပြီ"

ဦးကျော်ခေါင်သာသည် စိတ်ကူးယဉ်များကို လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော်တတ်သည့် လူစားမျိုးဖြစ်သည်။

"ဘာများလဲ မောင်လေးရဲ့"

"ပန်းနုရောင်ရဲ့စတား အဆိုတော်ကလေးကို မြေတောင်မြှောက်ပေးတဲ့အနေနဲ့ စီးရီးသွင်းချင်လာပြီ"

မတ်နှင့်မရီး လိုက်ဖက်စွာ အတိုင်အဖောက်ညီလေသည်။

"ဟုတ်ပါရဲ့ မမကြီး စိတ်ကူးမပေါ်မိဘူး၊ မောင်လေးကတော်လိုက်တာကွယ်၊ လုပ်လိုက်လေ အမုံအောင်မြင်တဲ့ အဆိုတော်ဖြစ်သွားရင်လဲ မမကြီးတို့ မြေတောင်မြှောက်ပေးရကျိုးနပ်ပြီး ပီတိဖြစ်ရတာပေါ့၊ ဘယ်နှယ်လဲ အမုံ"

အမုံး လုံးဝမျှော်လင့်မထားသော စကားတို့ကြောင့် အမုံဘာပြန်ပြောရမှန်းမသိအောင် အံ့သြတုန်လှုပ်သွားလေသည်။

"အမုံ ဘာပြောရမှန်းတောင် မသိတော့ဘူး၊ ဒါပေမယ့် အန်တီတို့အတွက် အကျိုးရှိမရှိကို အရင်စဉ်းစားပါဦး"

အမုံစကားကို ထိန်း၍ပြောလိုက်သည်။

ဒါကို ဦးကျော်ခေါင်သာက. . .

"ပတ္တမြားမှန်ရင် နွံမနစ်ပါဘူး မိန်းကလေး မင်းရဲ့ ပင်ကိုယ်အရည်အသွေးကိုက ကောင်းမွန်ပြီးသားဆိုရင် ကျောက်ရိုင်းတုံးကိုသွေးပေးလိုက်ရင် တောက်ပြောင်လာသလိုမျိုး ဖြစ်လာမှာပါ အရှုံးအမြတ်ကို အဓိကမထားပါဘူး အနုပညာကိုသာ အဓိကထားပြီး လုပ်ကြတာပေါ့"

အမုံ ဦးကျော်ခေါင်သာကို ကြည်ညိုသွားသည်။

ဒေါ်ခင်ထားဝေက. . .





"ဟုတ်တယ် မောင်လေးပြောသလိုပေါ့၊ အမုံလက်ခံမယ်ဆိုရင် အမြန်ဆုံး အကောင်အထည်ဖော်ကြတာပေါ့"

"မေမေနဲ့ ပြန်တိုင်ပင်ခွင့်ပြုပါ"

"မနက်ဖြန်ပြန်မှာမဟုတ်လား၊ အတော်ပဲ အန်တီတို့ကိုယ်တိုင် လိုက်ခွင့်တောင်းပါ့မယ်"

အမုံ ငုဝါကိုကြည့်လိုက်မိသည်။ ငုဝါက. . .

"ကောင်းတာပေါ့ အန်တီ၊ ငုဝါလဲ ဒါမှပြန်ဖြစ်မှာ ငုဝါတညဘက်ဂျူတီရှိရှိနေတော့ နေ့ချင်းပြန်ဆိုရင် ပင်ပန်းလို့ မပြန်ဖြစ်တာကြာပြီ၊ အန်တီတို့ကားနဲ့ဆိုတော့ ငုဝါအတွက် အတော်ပဲ"

ငုဝါက အမုံအတွက်ပါ အဖြေပေးလိုက်ခြင်းဖြစ်ကြောင်း အမုံသဘောပေါက်လေသည်။

အမုံအနေနှင့်ကတော့ သူနှင့်အဆင်မပြေဖြစ်ရသည့် အနေအထားတွင် သူလိုက်လာကောင်း လိုက်လာလိမ့်မည်။ ဒေါ်ခင်ထားဝေတို့ လိုက်ပါလာပါက တစ်မျိုးတစ်မည်များ ဖြစ်သွားနိုင်သလားဟု စိုးထိတ်ကလေး ဖြစ်ပေါ်မိသည်။

သို့သော် မိမိအနာဂါတ်ကို ဖန်တီးပေးနေသူများ၏ ဆန္ဒကိုငြင်းပယ်လိုက်ပါက မိမိလောက်မိုက်မဲသူ ကမ္ဘာမှာမရှိနိုင် ဖြစ်သွားပေလိမ့်မည်။

"မနက်ဖြန် စောစောလေးထွက်ကြမယ်"

"ဘယ်အချိန်လဲ အန်တီ"

အမုံက ဒေါ်ခင်ထားဝေကို မေးလိုက်သည်။

ဒေါ်ခင်ထားဝေက ဦးကျော်ခေါင်သာကိုကြည့်ကာ ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်သေးသည်။

"ဘယ်အချိန်လောက်သွားရင်ကောင်းမလဲ မောင်လေ

"ငါးနာရီဆို ထနေကြပါ"

ငုဝါက ဝင်ပြောလိုက်သည်။

"ဒါဆို ကောင်းတာပေါ့၊ ခြောက်နာရီ မိနစ်ကလေး ဆီ အရောက်လာခေါ်မယ်"

"ဟုတ်ကဲ့"

အလုပ်ရှင်နှင့် အလုပ်သမားဖြစ်နေတော့လည်း သူ ဆန္ဒအတိုင်း လိုက်လျောပေးရမည်ပင်။ ထိုနေ့က အမုံတို့ ပ ရောင်ဝန်ထမ်းအားလုံးကို စိတ်ပျော်ရွှင်မှုရခဲ့သည်။

ဦးကျော်ခေါင်သာက တည်ငြိမ်အေးဆေးသော အ နှင့် ပန်းနုရောင်ဝန်ထမ်းအားလုံးကို ဖော်ရွေစွာဆက်ဆံပြီး တ တန်းပင် လိုအပ်ချက်များကို မေးမြန်းကာ အပြန်၌ ဆုကြေး အဖြစ် သုံးသောင်းစီကို စာအိတ်များဖြင့် အသင့်ထည့်ထား ပေးလေသည်။

ဦးရဲခေါင်သာနှင့် ဒေါ်ခင်ထားဝေ ကိုယ်တိုင်ကိုယ် ပေးသည်။ သူတို့၏ သားနှစ်ယောက်မှာလည်း မာန်မာန လုံး ကင်းစင်စွာဖြင့် လူတန်းစားမခွဲခြားဘဲ ရောရောထွေးထွေး သောက်နေထိုင်သည်ကို တွေ့ရသောအခါ အမုံစိတ်ထဲ ရွှင်လ ရသည်။ ငုဝါကတောင် လက်တို့ပြီးပြောသည်။

"သူဌေးတွေထဲမှာတော့ ရှာမှရှားသူတွေပဲနော်၊ အဆ အတန်း လုံးဝမခွဲခြားတတ်ဘူး. . အမုံနော်"

စကားကို အမုံက ချင့်ချင့်ချိန်ချိန်ဖြင့်. . .





"အကျိုးလိုလို့ ညောင်ရေလောင်းတာကော မဖြစ်နိုင်ဘူးလား"

"ရှင်နော် အကောင်းမြင်ဝါဒနဲ့ ကြည့်စမ်းပါ၊ ဒီထဲမှာ ရှင့်အတွက် အကျိုးအရှိဆုံး ဖြစ်မှာပါ"

"ဘာဖြစ်လို့လဲ"

"ဦးကျော်ခေါင်သာရဲ့ မျက်လုံးတွေထဲမှာ ရှင့်ကို စိတ်ဝင်စားနေတဲ့ အရိပ်အယောင်တွေ ကျုပ်တွေ့နေရတယ်"

"တော်စမ်းပါ. . အသက်ချင်း ဒီလောက်ကွာတာကို"

"အလွန်ဆုံးကွာလှ ဆယ်နှစ်ပေါ့၊ ဥပမိရုပ်ကိုက ခန့်ညားလွန်းလို့ပါ၊ အလွန်းဆုံးရှိလှ သုံးဆယ်နှစ်နှစ်လောက်ပါပဲ"

"တွက်ရေးကတော့ စက်သဌေး လုပ်မနေနဲ့၊ အေးအေးဆေးဆေးပဲ အမေတို့ကို လုပ်ကျွေးပါရစေဦးနော်"

အမုံရင်ထဲ လှိုက်ဖိုခြင်းမျိုး မရှိပါချေ။ အမုံ နှလုံးသား၌ သူသာလျှင် စိုးမိုးကာ နေရာအပြည့် ယူထားနိုင်သည်ဟု အမုံခံစားသိရှိနေသည်။ သို့သော်. . .

အမုံ အနာဂါတ်ကို လှပစေရန်လည်းကောင်း၊ အောင်မြင်မှုသရဖူကို ဆောင်နိုင်စေရန်သော်လည်းကောင်း၊ ကူညီပံ့ပိုးမည်ဟူသော ဆိုစကားအတွက်တော့ အမုံ ရင်ခုံစွာ ပျော်ရွှင်နေမိသည်။ အမုံဘဝ အောင်မြင်သော အဆိုတော်တစ်ဦးအဖြစ်ကို ရောက်ရှိနိုင်ပါ့မလားဟု. . . .





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁၄)

ကြုတိရုပ် ခနဲ့ဥစ္စာ

မိန်းမတို့ ဥစ္စာကား အဆင်းတည်းဟူသော ရှေးပညာရှိတဝိအကျော်အမော်တို့၏စကားကို ဦးကျော်ခေါင်သာ လက်ခံမိလေပြီ။

ပန်းနုရောင်၏ ပင်တိုင်အဆိုတော် အမုံ၏ အဆင်းရုပ်ကို မမကြီးဒေါ်ခင်ထားဝေ ချီးကျူးပြောဆိုတုန်းက လွန်လိုက်တာ မမကြီးကတော့ ဟိမဝန္တာချီးမွမ်းခန်း ဖွင့်နေပြန်ပါပြီဟု ဆင်ခဲ့လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

အမုံကိုလိုက်လေ့လာရန် အတန်တန်ခေါ်သော်လည်း သူ့ စိတ်ကူးယဉ်ကမ္ဘာလေးထဲကအိမ်ကို နေ့အဆိုင်း ညအဆိုင်း ဖြင့် အကောင်အထည်ဖော်ခဲ့သည်။ နေ့မအား ညမအား အလုပ် လုပ်နေရသဖြင့် ကိုယ်တိုင်စိတ်ကူးဖြင့် အကောင်အထည် ဖော် ပေးထားသော ပန်းနုရောင်ကဖီးဆိုင်သို့လည်း မရောက်ဖြစ်ခဲ့။

ယခုတော့ မအားလပ်သော အလုပ်ဟူသမျှတို့ကို ပစ် ထားလိုက်ကာ ပန်းနုရောင်သို့ အမြန်ချီတက်ခဲ့လေသည်။

ပန်းနုရောင်ကဖီးဆိုင်ထဲ ဝင်လိုက်လျှင် ဝင်လိုက်ခြင်း အိပ်မက်နိုင်ငံထဲ ခေါ်ဆောင်သွားခြင်း ခံလိုက်ရသလို ခံစား လိုက်ရသည်။

“××ဒီမှာ××ရှားရှားပါးပါး××မျက်ရည်တွေလည်း ခမ်း တော့မယ်ကွယ်××”

အမုံ. . ပန်းနုရောင် ဘုရင်မလေး အမုံ။

အသံ၏ကောင်းခြင်းနှင့်လည်း ပြည့်စုံပါပေသည်။

ကောင်းခြင်းငါးဖြာနှင့် ပြည်စုံနေသော မိန်းမမြတ်လေး ၏ မှော်ဝင်ခံစားနေသော အနုပညာစျာန်နှင့် သူပါ လွင့်မျော လိုက်ပါနေသည်။

ကောင်တာနားက စားပွဲတစ်လုံး၌ ဝင်ထိုင်ပြီး အမုံကို ငေးနေမိသည်။

နံနက်ခင်း အိမ်၌ အာရုံဆွမ်းကပ်စဉ်က တွေ့မြင်ခဲ့ရ သော အမုံသည် နေရောင်အောက်ဝယ် ဖြူစင်ဝင်လက်နေသကဲ့ သို့. . ညဘက် ပန်းနုရောင်၏ မီးရောင်စုံအောက်ဝယ် ဧကရာဇ် ဘုရင်သဖွယ် ဖမ်းစားနိုင်စွမ်းလည်း ရှိလေသည်။





ကလက်တက်တက် အမူအရာမျိုး လုံးဝမရှိသော်လည်း ညို့ငင်ဖမ်းစားနိုင်စွမ်းရှိသော အလှတရားတို့က ပြည့်နေသည်။

အမုံကို ပန်းတော်ဆက်ကြသူများကိုပင် ဆွဲထိုးချင် သာက်အောင် ဖြစ်မိသည်။

သို့သော် ပန်းများများဆက်လေ ပန်းနုရောင်အတွက် င်ငွေတိုးလေလေဖြစ်သည်။ ထိုဝင်ငွေသည် သူ့ဝင်ငွေဖြစ်သည်။ သူ့ဟာဖြစ်၍ မကျေနပ်ရမှာလည်း ကျေနပ်သင့်သည်။

“မောင်လေးပါလား၊ ကျားသားမိုးကြိုး”

မမကြီးရောက်လာသဖြင့် သူ ရှိန်သွားသည်။

ပန်းနုရောင်သို့လာရန် တဖွဖွခေါ်စဉ်တုန်းက ရောက် လာဘဲ မောသွားသဖြင့် မခေါ်တော့ဘဲ ပေယျာကန်ထားလိုက် သာအခါမှ ရောက်လာသောသူ့ကို မမကြီး အံ့အားသင့်သွား သည်မှာ မဆန်း။

“ဘာရယ် မဟုတ်ပါဘူး၊ လမ်းကြုံလို့ဝင်ကြည့်တာပါ၊ သပ်လုပ်. . ကျွန်တော် ပြန်တော့မယ်”

“နေပါဦးလား ကော်ဖီသောက်သွားလေ၊ အမုံ သီချင်း းအောင် နားထောင်ပါဦးလား”

ကောင်တာ၌လည်း ငုဝါရှိနေသည်။ ဒါကို ဦးကျော်ခေါင် သာ ရှက်မိသည်။ ကြိုက်မရှက် ဆိုသော်လည်း သူ့အရွယ်နှင့် ဏ်သိက္ခာအရတော့ ဣန္ဒြေမမဲ့သင့်ဟု ယူဆကာ ငုဝါကို နှုတ် ဆက်ပြန်ခဲ့သည်။

“ငုဝါ မနက်ခြောက်နာရီ အဆင်သင့် ဖြစ်ပါစေနော်”

“ဟုတ်ကဲ့ပါ ဆရာ”



www.burmeseclassic.com

www.burmeseclassic.com

"လာပြီးမှတော့ အေးအေးဆေးဆေး နေသွားတာ မဟုတ်ဘူး"

"ကြုံလို့ဝင်တာပါဆို မမကြီးကလဲ၊ လုပ်စရာ ရှိသေးတယ်"

"နင့် လုပ်စရာကလဲ ညဘက်လဲ ရှိတာပဲလား"

"ရှိတာပဲ သိရဲ့သားနဲ့ သွားပြီ"

ဦးကျော်ခေါင်သာ မမကြီးပါးစပ်စက်ကွင်းမှ လွတ်ရုန်းပြေးခဲ့သည်။

နံနက်ဆွမ်းကျွေးပြီး အမုံနှင့် ငုဝါပြန်သွားသည်နှင့် မမကြီးက သူ့အား. . .

"ဘယ်နဲ့ ပန်းနုရောင်အိမ်ကြီးကိုလဲ ဖန်ဆင်းပြီးသွားပြီ ပန်းနုရောင်သတို့သမီးကို အိမ်ပေါ် မတင်နိုင်သေးရင် ငါ့မောင် သိပ်ညံ့သွားပြီလို့ သတ်မှတ်ရမယ်"

"လာမယ်. . ကြာမယ်လေ"

"လာမယ် ကြာမယ်လုပ်လို့ မရဘူး မောင်လေး၊ အမုံတို့ ရစ်ဝဲနေတဲ့ပျားပိတုန်းတွေဟာ နည်းတာမဟုတ်ဘူး၊ နောင်မှ နောင်တဆိုတာ မဖြစ်စေနဲ့၊ အချိန်နဲ့ ဒီရေဟာ လူကိုမစောင့်ဘူးတဲ့ မြဲမြဲမှတ်ထားပါ"

မမကြီးက မရီးဟု ဆိုသော်လည်း အစ်မရင်းကဲ့သို့ပင် ဖြစ်နေသည်။ ကိုကိုကြီးနှင့် သူကပဲ အသက်ခုနှစ်နှစ်ကွာသည် ဖြစ်ရာ အစ်ကိုကသူ့အပေါ် ကလေးတစ်ယောက်လိုပင် ညာတာချစ်ခင်ဂရုစိုက်လေတော့ မမကြီးကလည်း အမေမရှိသောသူ့အား မိခင်သဖွယ် အစ်မကြီးသဖွယ်ပင် ဖြစ်နေလေတော့သည်။





တစ်ခါတစ်ရံ မမကြီးကို မရီးဟုပင် မေ့နေတတ်ပြီး ကိုယ့်အစ်မအရင်းသဖွယ် ထင်မှတ်နေတတ်သည်။

မမကြီးက အမုံဆိုသော မိန်းကလေးအကြောင်း ပြောစဉ်က ပိုလွန်းသည်ဟု ထင်မှတ်ခဲ့သည်။ အသက်နှစ်ဆယ်မျှရှိသေးသော မိန်းကလေးကိုလည်း ငယ်လျှင် ရင့်ကျက်မှုမရှိ အိမ်ထောင်ရှင်မကောင်း တစ်ယောက်မဖြစ်နိုင်ဟု မှတ်ယူခဲ့လေသည်။ စိတ်မဝင်စားသဖြင့် ပန်းနုရောင်ကဖီးဆိုင်သို့ တမင်ပင်ခြေဦးမလှည့်ခဲ့ခြင်းဖြစ်သည်။

ယခုတော့ အမုံကြောင့်ပင် ပန်းနုရောင်သို့ ရောက်ခဲ့လေပြီ။

အမုံကိုမြင်မြင်ချင်း စင်ပေါ်တင်ပေးချင်သော စေတနာဖြင့် စီရီးထုတ်ပေးရန် စိတ်ကူးသည်။ နှလုံးသားမှတစ်ဆင့် ဘွားခနဲဖြစ်ပေါ်လာသည်။

ဖွင့်ပြောပြီးကာမှ သူ့အား အခွင့်အရေးသမားဟု ထင်မှာစိုးရိမ်မိသည်။

ထို့ကြောင့် အနေအထိုင် အပြောအဆိုတို့ကို ဆင်ခြင်ရန် ဆုံးဖြတ်လိုက်လေသည်။

ပန်းနုရောင်ကဖီးဆိုင်မှပြန်ထွက်လာပြီး သွားစရာမရှိဘဲ အိမ်သို့ပြန်ခဲ့လေသည်။

ငယ်ငယ်ကတည်းက ပန်းနုရောင်ကိုကြိုက်သောသူသည် နူးညံ့သည်။ မိန်းမဆန်ပြီး မိန်းမစိတ်ဝင်သွားမှာ စိုးရိမ်သဖြင့် သူငါးနှစ်သားအရွယ် မိခင်ဆုံးသွားသည့်နောက်ပိုင်း ဖခင်က ရဲရင့်ကြံ့ခိုင်စေရန် စနစ်တကျပင် ဆရာကောင်းများနှင့် လေ့



www.burmeseclassic.com

www.burmeseclassic.com



ကျင့်စေပြီး ဆယ်တန်းအောင်သောနှစ်မှာပင် ဂျပန်နိုင်ငံသို့ ကျောင်းတက်စေပြီး တစ်ဖက်က အလုပ်ပါလုပ်စေသည်။

ဂျပန်၌ စီးပွားရေးဘွဲ့ကို ယူပြီးနောက် အလုပ်ဆက်လုပ်ပြီး ဒီနှစ်မှ မြန်မာပြည်သို့အပြီးပြန်ခဲ့ကာ စီးပွားရေးကို ဖောက်ချလုပ်သည်။ ဖခင်ကြီးက ဘာမှမပြောတော့ဘဲ ကျေနပ်ခဲ့လေသည်။

မိခင်က သားဦးရပြီးနောက် သမီးရူးရူးကာ သူ့ကိုကိုယ်ဝန်ဆောင်စဉ်မှာပင် ရေမွှေးနှင်းဆီ ပန်းနုရောင်လေးများကို နေ့စဉ် ပန်၊ ဘာဝယ်ဝယ် ပန်းနုရောင်ပဲ ဝယ်ယူစုဆောင်းခဲ့သည်။ မြင်ကွင်းဟူသမျှတွင် ပန်းနုရောင်သာ ဖန်ဆင်းခဲ့သည်။

မွေးလာတော့ ယောကျ်ားလေးဖြစ်နေတော့ အတော်စိတ်ထိခိုက်သွားရှာသည်။ သို့သော် မိခင်မေတ္တာဖြင့် ပိုက်ထွေးလေတော့လည်း သူ့ဘဝ၌ ပန်းနုရောင်တွေ လွှမ်းမိုးခဲ့ရလေသည်။

အရောင်ကို စွဲလန်းခြင်းလောက်ကိုတော့ ဖခင်ကြီးကလည်း လျစ်လျူရှုနိုင်လေသည်။

ဖခင်ကြီးသည် အစ်ကိုမိသားစုနှင့်အတူ နေထိုင်ပြီး (ရွှေတိဂုံဘုရားဂေါပကရုံတွင် ဂေါပကလူကြီးတာဝန် ထမ်းဆောင်ရင်း) ငြိမ်းချမ်းစွာနေနေသည်။ သူတို့၏ လူမှုရေး၊ စီးပွားရေးကိစ္စ ဟူသမျှကိုလည်း ဥပေက္ခာပြုကာ ငြိမ်းချမ်းစွာနေတတ်နေလေပြီ။

အိမ်ပြန်ရောက်တော့. . .

သူ အိမ်ထဲသို့ အထီးကျန်စွာ ဝင်ရောက်ရလေသည်။





သူ ငယ်ငယ်ကတည်းက ထိန်းကျောင်းပေးခဲ့သော နာနီဒေါ်အုံးက တံခါးဖွင့်ပေးသည်။

"လူလေး ဘာစားဦးမလဲ"

"ဘာလက်ခ်ကော်ဖီနဲ့ ပူတင်းပဲ စားတော့မယ်"

"လူလေး မနက်သွားစရာရှိတယ်ဆို"

"ငါနာရီခွဲလောက်တော့ နိုးနေကျပဲ လေးလေးရာ၊ မနိုးသဲ နှိုးပေါ့"

"အေးအေး. . ဒါဖြင့် လေးလေး ခုပဲ ဖျော်လိုက်မယ်"

ထမင်းချက် ဟင်းချက်အတွက်က စားဖိုမှူးတစ်ယောက် အိမ်သန့်ရှင်းရေးအတွက်တစ်ယောက်၊ ဥယျာဉ်မှူးတစ်ဦး၊ ခြံစောင့်တစ်ဦး၊ ဒရိုင်ဘာတစ်ဦးခန့်ထားပြီး ဘဏ္ဍာစိုး၊ အိမ်ထောင်ထိန်းအဖြစ် ဒေါ်အုံးကပင် တာဝန်ယူသည်။ သို့သော် သူ့အားအနီးကပ်ပြုစုစောင့်ရှောက်သည်။

ဖခင်ကြီးကို သူနှင့်လာနေဖို့ ခေါ်သော်လည်း မရ။

သူတို့ ဘိုးဘွားပိုင်အိမ်ကြီးကို ရှေးမူမပျက် လက်ရာမပျက် ပြုပြင်မွမ်းမံထားရှိပြီး သားကြီးကိုအမွေပေးကာ ထိုအိမ်၌ပင် မြေးများနှင့် သိုက်သိုက်ဝန်းဝန်းနေရတာ စိတ်ချမ်းသာသည်ဟုဆိုသည်။ သူ့အိမ်၌ ယောင်၍ပင် ညမအိပ်၊ အိမ်တက်ဆွမ်းကျွေးတုန်းကတောင် အစ်ကို၊ အစ်မပဲ လာအိပ်သည်။ ဖခင်ကြီးက နံနက်မိုးလင်းမှ သူ့မြေးအထီးနှစ်ကောင်နှင့် ကြွချီလာခဲ့လေသည်။

သူ ကော်ဖီသောက်ပြီး အိပ်ရာဝင်ခဲ့သည်။ ရုတ်တရက် အိပ်မပျော်။



www.burmeseclassic.com

www.burmeseclassic.com



အမုံ၏ သီချင်းဆိုဟန်လေးကို ပြန်လည်မြင်ယောင်ကာ အသံလေးကိုလည်း ကြားယောင်နေမိသည်။

ချက်ချင်းပင် သတိရလိုက်သည်။

အမုံထံမှ တိကျသော အဖြေကို မရသေးသော်လည်း အမုံအတွက် ကိုယ်ပိုင်သံစဉ် သီချင်းစာသားများ မူပိုင်သီချင်းများနှင့်စီရီးခွေထုတ်မည်။

အမုံ ဖိုတိုဂျင်းနင်းတစ်ဖြစ်မဖြစ်ကိုလည်း စမ်းသပ်ဦးမည်။

အကယ်၍ဖြစ်ပါက ကက်ဆက်ခွေ၊ စီဒီခွေမှ အမ်တီဗွီခွေပါ ထုတ်ပေးလိုက်မည်။

ဦးကျော်ခေါင်သာ ချက်ချင်း အိပ်ရာထဲမှထလိုက်ပြီး တယ်လီဖုန်းနံပါတ်များ မှတ်သားထားသော ဖုန်းစာအုပ်လေးကို လှန်လှောကာကြည့်ပြီး. . .

မိတ်ဆွေဂီတစာဆိုတေးရေးဆရာတစ်ဦးထံ ဆက်သွယ်လိုက်လေသည်။

အမုံအတွက်ဆိုလျှင် ပေးဆပ်ခြင်းတွေနှင့် ရှင်သန်ခွင့်ရလဲ သူ ကျေနပ်နေမည်သာ ဖြစ်သည်။

အချစ်ဆိုသောအရာသည် ကြောက်လန့်ဖွယ် ကောင်းလောက်အောင်ပင် သူ့ဘဝကြီးကို စတင်စိုးမိုးချယ်လှယ်လျက် ရှိလေပြီဟု ဦးကျော်ခေါင်သာ တုန်လှုပ်စွာဖြင့် သိရှိလိုက်လေပြီ။







# အခန်း(၁၅)

ဆင်းရဲသည်ဟု ဆိုရမည်ဖြစ်သော်လည်း စည်းစနစ်ကျစွာ သေသပ်ရှင်းလင်းစွာနေတတ်ခြင်းတို့ကပင်လျှင် အဆင့်အတန်းမနိမ့်ကြောင်း ဦးကျော်ခေါင်သာ လက်ခံလိုက်လေသည်။

ခြံဝင်းထဲမှာလည်း စနစ်တကျ စိုက်ပျိုးထားသည့်။ မြက်ခိုင်း၊ ခြုံနွယ်ပိတ်ပေါင်း အပိုမရှိ။ ပန်းနုရောင် ရေမွှေးနှင်းဆီရနံ့က သူ့စိတ်ကို ဆွဲဆောင်နိုင်ဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ခြံလေးနဲ့အိမ်လေးက နေချင်စရာလေးကွယ် သေသေသပ်သပ်ကလေး"

မမကြီးက ဖွင့်ဟချီးကျူးလိုက်သည်။ ငုဝါက သူ့ခြံထဲသို့ ဦးဆောင်ခဲ့ပြီးဖြစ်သဖြင့် မမကြီး၊ သူနှင့် အမုံသာ ကားပေါ်၌ ပါလာလေတော့သည်။

"ခြံထဲ မောင်းလို့ရပါတယ် ဆရာ"

အမုံက သူ့အား တလေးတစားပင် ဆရာဟုခေါ်ဆိုခြင်းကိုလည်း သူ မကန့်ကွက်မိ။

သူကား အိမ်ရှေ့အနီးဆုံးနေရာ၌ ရပ်လိုက်သည်။

အမုံ မောင်နှင့်ညီမ ဖြစ်ဟန်တူသူ နှစ်ယောက်ကျောင်းဝတ်စုံများကို ဝတ်ဆင်ထားသည်။ သူတို့နှစ်ယောက် အိမ်ပေါ်မှပြေးဆင်းကာ ဝမ်းသာအားရကြိုသည်။

"မမကြီး ဒီနေ့စောတယ်၊ အနီတို့ ကျောင်းမသွားခင် ရောက်လာတယ်"

"ဧည့်သည်တွေပါတယ်၊ အနီ အိမ်ပေါ်ခေါ်ပါဦး"

အမုံက ပြောပြောဆိုဆိုနှင့် သူတို့ဘက်လှည့်ကာ. . .

"အန်တီ ဆရာ အိမ်ပေါ်ကြွပါ"

သူတို့အား ကွက်ကြည့်ကွက်ကြည့်လုပ်နေသော မောင်နှမ နှစ်ယောက်နှင့်အတူ အိမ်ပေါ်တက်လိုက်သည်။

အမုံက ခြံဝင်းထဲ တုတ်ကိုအားပြု လမ်းလျှောက်နေသော အဘွားအိုတစ်ဦးကို သွားတွဲသည်။ လမ်းမှာ အမုံပြောခဲ့သည့် ချက်အရ မျက်မမြင်အဘွားဖြစ်ပေမည်။

"မမကြီး. . တက်တက်၊ အနီ အဘွားကိုခေါ်ခဲ့မယ်"





အနီက သူတို့ကိုနေရာချပေးပြီး ပြန်ဆင်းသွားကာ အမုံအားပြောလိုက်လေသည်။ အမုံ ဧည့်ခန်းသို့အရောက် နောက်ဘေးဘက်မှ ထွက်လာသော အမုံမိခင်ကိုပါ တွေ့လိုက်ရသည်။

"အန်တီ ဆရာ အမုံ့မေမေ ဒေါ်အညိုပါ"

"တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

"ဧည့်သည်တွေပါလာတာနဲ့အတော်ပဲ ၊ ဒီနေ့ မေမေ အုန်းထမင်းချက်ထားတယ်"

အမုံမိခင် ဖော်ရွေသောအပြုံးနှင့် ဆီးကြိုသည်။ ပန်းနာရင်ကျပ်ရောဂါရှိသည်ဟု အမုံကပြောသော်လည်း ဆေးဝါးကောင်းနှင့် သန့်ရှင်းလတ်ဆတ်သောလေကို ရှူရှိုက်ခွင့်ရခြင်းကြောင့် ထင်ပါသည်။ အသားအရည် ဝင်းဝါကာ ဖျတ်လတ်နေသည်။

"မေမေ သမီးအလုပ်ရှင်တွေလေ၊ အန်တီဒေါ်ခင်ထားမေနဲ့ အန်ကယ် ဦးကျော်ခေါင်သာပါ၊ ဟော. . ဘွားဘွားလာပြီ အမုံ့အဘွားလေ. . လာ. . ဘွားဘွား ထိုင်ပါ"

"အင်း ဧည့်သည်တွေကို နွားနို့နဲ့ မုန့်ယူခဲ့ပါကွယ်"

"ရပါတယ် ကျွန်မတို့ မနက်စောစော စားခဲ့ပြီးပါပြီ"

"အရည်ပဲကွယ် ဒီမှာတော့ နွားနို့စစ်စစ်နဲ့ လတ်လတ်ဆတ်ဆတ်ရတယ်"

သူက စကားဝိုင်းထဲသို့ ဝင်မပါဘဲ အမုံ၏ အိမ်ကလေးကိုသာ အကဲခတ်နေမိသည်။ တကယ်ပင် သန့်ရှင်းသပ်ရပ်လျက်ရှိသည်။ အမုံတို့မိသားစုသည် အဆင်းရောအချင်းပါ ပြည့်စုံကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနီ အမေ ဆွမ်းချိုင့်ကော ဘုရားပန်းကော ပြင်ထားပြီးပြီ၊ ဘုန်းကြီးကျောင်းကို ဝင်ကပ်ခဲ့နော်"

"ဟုတ်ကဲ့ မေမေ"

အနီနှင့် အငုံသည် ကျောင်းသွားရန် အဆင်သင့်ဖြစ်သောအခါ ဘုရားကိုရှိခိုးပြီး အဘွားအမေနှင့် အစ်မအမုံကို ဦးချပြီးမှ စက်ဘီးကိုယ်စီဖြင့် ထွက်သွားကြလေသည်။

သူ့ရင်ထဲ၌ ပီတိဖြစ်မိလေသည်။

မမကြီးကို လှမ်းကြည့်တော့ မမကြီး၏ မျက်ဝန်း၌လည်း ကျေနပ်သော အရိပ်အယောင်များ လွှမ်းနေသည်။ နှုတ်ဖျားကလည်း. . .။

"လိမ္မာရေးခြား ရှိလိုက်တဲ့ကလေးတွေ. .၊ အဘွားတို့မိသားစုလေးကိုကြည့်ရတာ အေးချမ်းလိုက်တာ ကျောင်းပိတ်ရက်ရောက်မှ သားတွေကိုခေါ်လာပြီး စံနမူအဖြစ် အတုခိုးခိုင်းရဦးမယ်"

"နွားနို့သုံးဆောင်ပါဦး အန်တီ၊ ဆရာ"

သူ အမုံကျေနပ်စေရန် နွားနို့ ယူသောက်လိုက်သည်။ နွားနို့စစ်စစ်ဖြစ်၍ အရသာချိုစိမ့်သွားလေသည်။

အမုံနှင့်ပတ်သက်သော အရာရာတိုင်း နေရာတိုင်းသည် ကြည်နူးဖွယ်အတိ ချိုမြိန်ဖွယ်အတိ ဖြစ်နေသည်ဟု သူ ထင်မိလေသည်။

"ထမင်းတော့ မစားတော့ပါဘူး၊ လာရင်းကိစ္စလေးကိုပဲ ပြောပြီး ပြန်ရအောင်လား မမကြီး"

မမကြီးက သူ့အား အံ့အားသင့်စွာကြည့်လိုက်သည်။





မမကြီးစိတ်ထဲ သူ့ဘာသဘောမကျတာတွေ့ထားသဖြင့် ပြန်ဖို့လောရသနည်းဟူသော အကြည့်ဖြစ်ကြောင်း သူသိလိုက်သည်။

အမုံ အနေကျဉ်းကြုတ်မှု စိုးရိမ်သည်၊ ဒါပဲ. . သူ့စေတနာတွေ အမုံအပေါ်မှာ ရေစီးကမ်းပြိုဖြစ်နေပြီ။

"မဟုတ်တာ ဆရာရယ်. .၊ ကျွန်မတို့ စိတ်မကောင်းအောင်မလုပ်ပါနဲ့"

အမုံမိခင်က တောင်းပန်သည်။ အမုံ မျက်ဝန်းကလည်း နားမလည်သောအကြည့်ဖြင့် ကြည့်သည်။

မမကြီးက. . .

"ငုဝါလေးလဲ သူ့အိမ်မှာ ခဏတဖြုတ်နေချင်ဦးမှာ မောင်လေးပျင်းရင် ခြံထဲလိုက်ကြည့်လေ မောင်လေးအကြိုက် ရေမွှေးနှင်းဆီတွေ ပြည့်နှက်နေတာပဲ၊ ကျွန်မမောင်လေးက ဒီလိုပဲ အလုပ်နဲ့လက်မ ပြတ်တမ်းလုပ်နေတဲ့ လူဆိုတော့ အလုပ်မရှိဘဲကို မနေနိုင်ဘူး၊ ခုလဲ သူ့မှာ ကုမ္ပဏီအလုပ်တွေ ရှိနေလျက်နဲ့ အမုံအတွက် အလုပ်တစ်ခုကို လုပ်ပေးချင်ပြန်ပြီတဲ့လေ"

"အမုံ ဆရာကို ခြံထဲလိုက်ပြမယ်ဆို ပြလိုက်ပါ၊ အန်တီတို့လာရင်းကိစ္စ ပြောပြထားလိုက်မယ်"

မမကြီးက စကားဖြတ်ကာ အမုံအား လှည့်ပြီးပြောလိုက်ရာ အမုံမလွန်ဆန်နိုင်တော့ဘဲ. . .

"ဟုတ်ကဲ့. . လာ. . ဆရာ၊ ခြံက ကျယ်ကျယ်ဝန်းဝန်းတော့ မဟုတ်ပါဘူး"

"ဒါပေမယ့် ကိုယ် စိတ်ဝင်စားပါတယ်"

အမုံနှင့် အတူယှဉ်တွဲကာ ခြံထဲဆင်းရသည်ကိုပဲ သူ့ရင်



www.burmeseclassic.com

www.burmeseclassic.com



၌ ကြည်နူးလာသည်။ ဆယ်ကျော်သက်အရွယ် လူပျိုပေါက် ကလေး၏ ရင်ခုံခြင်းမျိုး ရင်ခုံတတ်လာပြီ။ ချစ်ခြင်းအစ ရင်ခုံ ခြင်းကဟု သူမှတ်ယူလိုက်သည်။

"ဆရာ ပန်းတွေတော်တော်များများကို ပန်းနုရောင်ထ လဲ ဝယ်တယ်လေ"

"ဟုတ်လား. . ဆရာ မသိဘူး"

"အမုံတို့ဆီကပန်းတွေ ဒိုင်ခံယူတဲ့ဖောက်သည်ကတစ် ဆင့် အန်တီက ပန်းနုရောင်အတွက် အမြဲယူတယ်၊ အမုံတော် အလုပ်ဝင်ပြီး လေးငါးရက်ကြာမှ သိရတာ"

"ကောင်းတာပေါ့ကွယ်၊ ဒါကြောင့် ပန်းတွေက လှနေ တာကိုး"

အမုံခြံကပန်းဖြစ်လို့ အမုံလိုပဲ ရေကြောမြေကြော လိုက် ပြီး လှတာထင်တယ်ဟုများ ပြောလိုက်လျှင် အမုံ သူ့အပေါ် ကလေးကလားနိုင်လိုက်တာဟု အထင်သေးသွားမှာ စိုးရိမ် သည်။

ဦးကျော်ခေါင်သာသည် အစစအရာရာ ဆင်ခြင်နေ သည်။ အရွယ် ကွာခြင်းချက်၊ အလုပ်ရှင်၏ ဂုဏ်သိက္ခာတွေ ငဲ့ကွက်ရသည်။

သို့သော် ဘာကိုပဲလုပ်လုပ် အသေးအမွှားကိစ္စမှအ အကြီးမားဆုံးကိစ္စအထိ စည်းစနစ်ကျနစွာ သေသေသပ်သ ပိပိရိရိ လုပ်ကိုင်တတ်သည့်အတွက်တော့ အမုံဟူသော အ ပန်းလေးတစ်ပွင့်ကို ခူးဆွတ်ဖို့ရာအတွက်လည်း စီမံကိန်းချသ သည်ဟု ယူဆပြီးသားဖြစ်သည်။





ဤမျှလှသော ပန်းကလေးထံ ရစ်ဝဲနေသော ပျားပိ တုန်းများကြားဝယ် သူသည်လည်း တစ်ကောင်ဖြစ်ရလေပြီ။

"နှင်းဆီတွေက အရောင်စုံသားပဲ"

"ဆရာတို့ အပြန်ခူးပေးလိုက်ဦးမယ်"

"ကျေးဇူးတင်တယ် ကိုယ့်ကိုတော့ ပန်းနုရောင်တွေ ကိုပဲ ခူးပေးနော်၊ ကိုယ်က ပန်းဆိုရင်လဲ မွှေးမှလှမှကြိုက်တာ ကျန်နှင်းဆီတွေ ဘယ်လောက်လှလှ မမွှေးတော့ မနှစ်သက် ဘူး"

"စိတ်ချပါ ဆရာ၊ ဆရာရဲ့ ပန်းနုရောင်ဂေဟာအတွက် ပန်းနုရောင်ရေမွှေးနှင်းဆီတွေပဲ ပေးမှာပါ၊ နောက်နေ့တိုင်း ဆရာ့အိမ်ကို သွားပေးဖို့လဲ အမုံတို့ဖောက်သည်ကို မှာထားလိုက် မယ်၊ ဒီအတွက် ကျေးဇူးတင်ပါတယ် မပြောပါနဲ့ဆရာ၊ ဆရာ တို့ပန်းနုရောင်က အမုံအပေါ်ထားတဲ့ ကျေးဇူးတရားတွေထက် ဆိုလျှင် အမုံတို့ပြန်ခွင့်က ဆီးစေ့နဲ့မြင့်မိုရ်တောင်လိုပဲ ကွာခြား သွန်လှပါတယ်"

"အမုံ စကားတတ်တာပဲ၊ အမုံအပေါ် ကိုယ်တို့ဘာမှ ကျေးဇူးမပြုပါဘူး၊ အမုံရဲ့လုပ်အားနဲ့ အမုံရယူတာပဲ၊ ကိုယ်တို့က ငွေအင်အားနဲ့ မြေတောင်မြှောက်ပေးရုံပဲ ရှိတယ်၊ ကံစပ်တဲ့သ ဘောပဲ ကံတူအကျိုးပေးဆိုရင် တို့တွေအောင်မြင်မှာပါ၊ ကိုယ် တော့ ယုံကြည်တယ်"

"အမုံလဲ ယုံကြည်ပါတယ် ဆရာ"

အမုံနှင့်သူ ခံယူချက်ခြင်း တူညီခြင်းအတွက် သူ ဝမ်း သာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခေါင်သာ သန့်ရှင်းလတ်ဆတ်သော လေပြေ လေညှင်းက ရေမွှေးနှင်းဆီရနံ့များကို သယ်ဆောင်ပေးသော အမုံတို့၏ ပကာသနမဖက် သဘာဝအတိုင်း ဝမ်းစာအတွက် ရိုးစင်းစွာ စိုက်ပျိုးခြင်းကိုသာ သဘောကျ၍နေသည်။

"ကိုယ့်ခြံထဲမှ နှင်းဆီစိုက်ပျိုးဖို့ မာလီကို မှာထားတယ် လိုအပ်ရင် အမုံတို့ဦးလေးကိုလဲ ခေါ်ရလိမ့်မယ်နော်"

"ရပါတယ်ဆရာ အကူအညီပေးရမှာပေါ့"

အမုံကတော့ ရိုးသားစွာပြောလိုက်ခြင်းဖြစ်သည်။ သူ့ အနေနဲ့ကတော့ မရိုးသားတော့။ အမုံအတွက်ဆိုလျှင်. . အ ကောင်းဆုံးဖြစ်အောင် လုပ်ပေးချင်နေသည်။ ယခုလည်း အမုံ့ အိမ်နှင့် သူတို့အိမ် နှစ်အိမ်တစ်အိမ်ဖြစ်ရန် ရည်ရွယ်ကာ ပြော ဆိုနေခြင်းဖြစ်သည်။

ခုလောက်ဆို မမကြီးသည် အမုံမိခင်နှင့် အဘွား စည်းရုံးရေးဆင်းပြီးလောက်လေပြီ။ ဦးကျော်ခေါင်သာ ဟူသော သူဌေးလေး လူပျိုလူလွတ်ကို အဘယ်သမီးရှင်တို့ သဘောမ ဘဲ နေနိုင်ပါမည်နည်း။

မမကြီးထံတောင် အောင်သွယ်များမှတစ်ဆင့် စကား ကမ်းလှမ်းကြသော သမီးရှင်တွေ ပြည့်နေသည်။ မမကြီးကို တိုင်လေ့လာပြီး သင့်မသင့်ကို ပြောလေ့ရှိသည်။ သို့သော် ကိုယ်တိုင်ကလည်း စိတ်ဝင်စားမှုမရှိသောအခါ မမကြီးက ဆ လက်မလှုပ်ရှားတော့။ သို့သော် မကြာခင် အမုံနှင့်ပတ်သက် သူ့အား ပြောလာသည်။

"သီချင်းဆိုပေမယ့်. . လုံးဝ ကလက်တက်တက် အ





အရာမရှိဘူး၊ အရမ်းတည်ငြိမ်တယ်၊ ဒါပေမယ့်. . သူ့ရဲ့ပင်ကို အလှကိုက ဆွဲဆောင်နိုင်မှုရှိနေတာ ဖန်တီးစရာ မလိုဘူး"

"အသက်ကတော့ နှစ်ဆယ်ပြည့်ရုံဆိုတော့ မင်းထက် ဆယ့်တစ်နှစ်လောက် ငယ်မယ်"

"သူ့ရဲ့မိသားစုအနေအထား၊ မျိုးရိုးကိုလေ့လာကြည့် ဦးမယ်၊ ဒါပေမယ့် အနုပညာဗီဇကတော့ ပါလာတယ်၊ သူ့ ဘိုးလေးက ဟိုယခင်က နာမည်ကြီးအဆိုတော် ကျော်ရှိန်တဲ့၊ မမကြီးတို့ ကြားရုံတင်ကြားဖူးလိုက်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ကား အက်ဆီးဒင့်နဲ့ ဆုံးသွားတယ်ဆိုတဲ့ အဆိုတော်လေ၊

အမေက အနုပညာကျောင်းဆင်းတစ်ယောက်ပဲ၊ ဘွဲ့ရ ပညာတတ်ပဲ၊ ဒါပေမယ့် ကိုယ်ပိုင်ခြံလေးနဲ့ပဲ မိသားစုဘဝကို ဖန်ဆီးပေးထားတယ်၊

အမုံရဲ့ထူးခြားချက်ကတော့ အလှနဲ့အသံပဲ၊ လှတာ တော့ တော်တော်ကိုလှတယ်၊ ကြွေလဲရတယ်၊ မင်း ပန်းနုရောင် လာခဲ့ပါဦးလား"

ဟု မမကြီး မျိုးစုံစည်းရုံးသော်လည်း သူ မရောက်ခဲ့။ အမုံဟု သတင်းကြီးသည့် ရွှေမင်းသမီးကို သွားရောက်မတွေ့ဆုံ နိုင်ခဲ့။ မနေ့က အိမ်တက်ဆွမ်းကျွေးတွင် မမကြီးက ပန်းနုရောင် ဝန်ထမ်းအားလုံးကို ဖိတ်ပေးလိုက်သဖြင့် အမုံနှင့် တွေ့ဆုံခွင့်ရ ခဲ့သည်။

မြင်မြင်ခြင်း စိတ်ဝင်စားကာ မမကြီးပြောတာ မလွန်ဟု သူ သဘောပေါက်ခဲ့သည်။

"ငုဝါအိမ်ကိုလဲ သွားလည်ဦးမှ ထင်တယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"လည်တာပေါ့၊ ဒါပေမယ့် အမုံ အလုပ်ရှုပ်နေမလား
လို့"

"မရှုပ်ပါဘူး ဆရာ၊ အမေက အားလုံး ချက်ပြုထားပြီ
ပြီပဲ"

သို့သော် သူတို့မသွားဖြစ်လိုက်ရ၊ သူတို့ထံ ငုဝါလျှော
လာသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"ဆရာတို့အတွက် ဟင်းနဲ့ အချိုတည်ဖို့ လာပို့ရင်း အမေ
နဲ့အမေပါ ကျေးဇူးရှင် ဆရာတို့ကိုတွေ့ရအောင် လိုက်လာ
တယ်"

ဦးကျော်ခေါင်သာ အားနာသွားသည်။ အလုပ်ရှင်တ
ဦးအနေဖြင့် သူ့အပေါ် အလေးထားဆက်ဆံကြခြင်းကို ပီတိဖြ
ရသည်။ သူသည် မိသားစုပေါင်း ရာနှင့်ချီ၍ ထမင်းကျွေးထာ
နိုင်သူတစ်ဦးဖြစ်နေသည်။ ကုသိုလ်လည်းရ ဝမ်းလည်းဝသေ
အလုပ်ကို သူ့ကိုယ်အားရှိသရွေ့ ဉာဏ်အားရှိသရွေ့လုပ်ဆော
ရန် ဆုံးဖြတ်လိုက်လေသည်။

"လူကြီးမိဘတွေကို သက်သက်ဒုက္ခပေး ခေါ်လာတ
ကွယ်၊ ဆရာတို့ အခုပဲလာတွေ့တော့မလို့"

သူက အားနာစွာ ပြောလိုက်သည်။

"ဟုတ်တယ်နော် အမုံ"

ဟုလည်း အမုံကိုစစ်ကူတောင်းလိုက်မိသည်။ အမုံ
သူ့ထုံးစံအတိုင်း မပွင့်တပွင့်လေး ပြုံးကာ. . .

"ဟုတ်တယ် ငုဝါ၊ ဆရာက ရှင်တို့အိမ်ကို ကျူပ်ကိုလို
ပို့ခိုင်းနေတာ"





"ကျေးဇူးတင်ပါတယ်ဆရာ၊ ဆရာတို့လာချင်တယ်ဆို
ရင် လိုခဲ့လေ"

"နေပါစေတော့ နောက်လဲ ကြုံဦးမှာပါ၊ ကိုင်း အိမ်ပေါ်
တက်ကြရအောင် ငုဝါမိဘများနဲ့ တွေ့ရအောင်"

သူက ဦးဆောင်၍ ခြံထဲမှ အိမ်ပေါ်သို့ ပြန်လာခဲ့သည်။

ငုဝါမိဘများက အသက်ခြောက်ဆယ်ကျော်အရွယ်
ရှိကြသည်။ ငုဝါက သမီးထွေးဖြစ်၍ အသက်ကွာခြားခြင်းဖြစ်
ကြောင်းသိရသည်။

မမကြီးရော သူပါဝမ်းသာရသည်။ ငုဝါနှင့်အမုံတို့လို
ရိုးသားဖြောင့်မတ်သောမိသားစုမှ ပေါက်ဖွားလာသူများကို ရရှိ
နိုင်ခြင်းအတွက် ဝမ်းသာရသည်။ လုပ်ငန်းတစ်ခုအောင်မြင်တိုး
တက်ဖို့အတွက် ရိုးသားဖြောင့်မတ်ပြီး သစ္စာရှိသောဝန်ထမ်း
ကောင်းများစွာရရှိရန်မှာလည်း အဓိကလိုအပ်ချက်ပင်ဖြစ်လေ
သည်။

အမုံ မိခင်နှင့်အဘွား၊ ငုဝါ၏မိဘများနှင့် သူတို့စကား
လက်ဆုံကြသည်။

ထိုအချိန်တွင် အမုံနှင့်ငုဝါသည် မီးဖိုဘက်တွင် ဝင်ကာ
အလုပ်ရှုပ်နေကြသည်။ မမကြီးက တစ်အိမ်လုံးအနှံ့ ဝင်ကြည့်
ကာ စပ်စုလေသည်။

စီးတဲ့ရေ ဆယ်တဲ့ကန်သင်း၊ ဖြစ်ဖို့အတွက် အိမ်ရှင်မ
ကောင်းတစ်ယောက်ကို မမကြီးက သူ့အတွက် ရှာဖွေပေးနေ
ခြင်းဖြစ်ကြောင်း သူသိသည်။

မမကြီးမျက်နှာတွင် အပြုံးပန်းတဝေဝေ ပွင့်လန်းလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသဖြင့် သူ့ရင်ထဲ၌ရှိသော စိတ်ကူးယဉ်ပန်းချီကားသည် သက်ဝင်လှုပ်ရှားလာလေပြီ။

အမုံမိဘများက အမုံအတွက် စီးရီးခွေထုတ်ဖို့ ကိစ္စကိုလည်း သဘောတူလိုက်လေပြီ။ သူတို့အပေါ်လည်း ရိုသေလေးစားယုံကြည်မှုများရှိလေသည်။

အပြန်ခရီးတွင် အမုံ လိုက်ပါလာခြင်း မရှိသော်လည်း နောက်နေ့ အမုံကိုပြန်လာကြိုပေးမည်ဆိုခြင်းကို မိခင်နှင့်အဘွားက သဘောတူသဖြင့် သူကိုယ်တိုင်သွားကြိုရန် ဆုံးဖြတ်လိုက်သည်။

ငုဝါကို ပို့ပေးပြီး မမကြီးကို ပို့ပေးချိန်၌. . .

"မမကြီးတော့ မင်းအတွက် ဖွင့်ပြောလိုက်ပြီ. . မောင်လေး"

"ဗုဒ္ဓေါ မြန်လှချည့်လား မမကြီးရယ်၊ အမုံ ကျွန်တော့်အပေါ်အထင်လွဲတော့မှာပဲ"

"မလွဲပါဘူး၊ မင်းအနေနဲ့ ငါကဘယ်ပြောမလဲ၊ အစ်မတစ်ယောက်အနေနဲ့ မောင်ကိုစိတ်မချလို့ အိမ်ထောင်ရက်သားချပေးချင်တဲ့အကြောင်း၊ ဘော့စ်ဖြစ်နေတော့ ဖမ်းချင်တဲ့ မိန်းမတွေကို သတိထားနေရတဲ့အကြောင်းတွေ ဘာတွေပြောပြီး အမုံကိုလည်း ချီးကျူးပြရတာပေါ့၊ ပြီးတော့ အမုံလိုလှတဲ့မိန်းကလေးတွေအတွက် အလှဟာတန်ဖိုးရှိသလို. . အန္တရာယ်လဲရှိတဲ့အကြောင်း ဆွယ်ရတာပေါ့"

"ဒီတော့. . ."

သူစိတ်ဝင်စားစွာဖြင့် မမကြီး၏စကား ရပ်နားသွား





သည်ကိုပင် သည်းမခံနိုင်အောင်ဖြစ်ကာ မေးမိလေသည်။

"အဘွားကော အမေကော ခုလို အမုံ လုပ်စားနေရတာတောင် မြို့မကျနိုင်သလိုဖြစ်နေကြတာ၊ အမုံဘဝရှေ့ရေးအတွက်ဆိုရင် အမုံအပေါ် တကယ့်မေတ္တာစစ်မေတ္တာမှန်နဲ့လဲချစ် အမုံဘဝတိုးတက်မြင့်မားမယ်ဆိုရင် အတိုင်းအထက်အလွန်ပေါ့တဲ့လေ၊ မိဘမေတ္တာဆိုတာ ဒါပဲမောင်လေး. . တစ်ခုတော့ရှိတယ်"

"ဘာရှိတာလဲ ဘာတစ်ခုလဲ"

"အမုံ မိသားစုရဲ့ရှေးရေးက မင်းမြင်တဲ့အတိုင်းပဲလေ အနီက အင်ဂျင်နီယာဖြစ်ချင်တယ်၊ အငုံက ဆရာဝန်. . သူတို့အနာဂါတ်ကို မင်း တာဝန်ယူနိုင်ရမယ်"

"ဒါ ခက်တဲ့ကိစ္စ မဟုတ်ပါဘူး၊ အနီက အမုံလိုပဲ အဆိုအတီးဝါသနာပါတယ်ဆိုတော့ သူ့ဆယ်တန်းဖြေပြီးတာနဲ့ ပန်းနုရောင်ရဲ့ ပင်တိုင်အဆိုတော်အဖြစ် ခန့်လိုက်ရင် သူ့စရိတ်သူဖန်တည်းနိုင်ရုံမကဘူး ပိုတောင်ပိုလျှံဦးမှာ၊ သူအလားအလာကောင်းရင် အမုံလိုပဲ မြေတောင်မြှောက်ပေးရုံပေါ့"

"ဟုတ်တယ် ကြိုးစားလိုစိတ်လဲရှိ အရည်အချင်းလဲရှိတဲ့ လူမျိုးကို ပြုစုပျိုးထောင်ပေးရတာ အကျိုးရှိနိုင်ပါတယ်။ အိမ်ထောင်ပြုတယ်ဆိုတာ မိသားစုနှစ်ခု ပေါင်းစည်းခြင်းပဲ ဒါကိုလဲ ငါ့မောင် စိတ်ရှည်နိုင်ဖို့ နားလည်နိုင်ဖို့ လိုတယ်နော်"

"ကျွန်တော် နားလည်ပါတယ်"

"ပြောမယ့်သာပြောရတာ အမုံကလည်း လိမ္မာရေးခြားရှိတဲ့ မိန်းကလေးပါ၊ မောင်လေး စကားပြောတတ်ဖို့ပဲ လိုပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တာပဲ၊ မနက်ဖြန် မောင်လေးကိုယ်တိုင် သွားကြိုမှာလား"

"စဉ်းစားထားတာပဲ"

"စကားတော့ တီးခေါက်ကြည့်လိုက်ပါ"

သူ ပြုံးမိသည်။ မည်သူတစ်ယောက်ကိုမှ ချစ်ရေးမဆိုခဲ့ဖူးသော သူ့အတွက် အကြောင်းကြောင်းများ နိုင်နေမလား။

"ရိုးသားခြင်းဟာ အမြတ်စေဆန်းသစ်ခြင်းပဲ၊ အရှိကို အရှိအတိုင်း ပြောလိုက်ရင် ပြီးတာပါပဲ၊ ကွယ်ဝှက်စရာ မလိုပါဘူး၊ မမကြီးက အမုံကို သဘောကျနေတာကြာပြီဆိုပြီး ဘာညာ ဘာညာပြောလိုက်ပေါ့"

ဒီတစ်ချီတွင်တော့ ဦးကျော်ခေါင်သာ ရယ်လိုက်မိသည်။ သူ့မရီးသည် သူ့အား ကလေးတစ်ယောက်လို သွန်သင်နေသည်။ အမှန်တော့ ခေါင်းရှုပ်မခံချင်သေး၊ အပူမရှာချင်သေး၍ အိမ်ထောင်ရေး မစဉ်းစားခဲ့သေခြင်းဖြစ်သည်။

တကယ်တမ်း ချစ်လာမိပြီ ဆိုတော့လည်း ဆုံးရှုံးရမှာကြောက်သောစိတ်ကြောင့် သတ္တိတွေ အလိုလိုရှိလာခဲ့သည်။

"မမကြီးက ကျွန်တော်ကို ကလေးလို့ထင်နေတာကို ကျွန်တော်နားလည်ပါတယ်"

"မိန်းမတွေရဲ့သဘော မိန်းမတွေပဲသိတယ်၊ မြွေမြွေခြင်း ခြေမြင်ပေါ့၊ ဒါကြောင့် မင်းကို နောက်ကျသွားပြီး အလာကောင်းပေမယ့် အခါနှောင်းသွားပါပြီဆိုတဲ့ စကားမျိုး အပြောမခံစေချင်ဘူး၊ ဒါကြောင့် မမကြီးက မြန်မြန်တိုက်တွန်းနေတာ၊ အမုံနောက်ကို လိုက်နေကြသူတွေထဲမှာ တစ်ယောက်ဟာ ငွေတော်တော်ကောင်းသလို အချိန်လဲပေးနိုင်တယ်၊ ငွေအင်အားလဲ





သုံးနိုင်တယ်၊ အမုံနဲ့ရွယ်တူလဲဖြစ်သလို ချောမောတဲ့ ရုပ်ရည်လဲ ပိုင်ဆိုင်ထားတယ်၊ အဲဒီလိုလူမျိုးနဲ့ မင်းယှဉ်လိုက်ရင် သူ့ဘက်ကို အလေးသာသွားနိုင်တယ်"

ဦးကျော်ခေါင်သာ ရင်ထဲပူလောင်သွားသည်။ စီးပွားရေးပြိုင်ဘက်အပေါ် အနိုင်ယူဖို့ကိစ္စမျိုးကို သူ နားလည်သော်လည်း အချစ်ရေးကိစ္စ ပြိုင်ဘက်တွေအပေါ်၌ အနိုင်ယူဖို့နည်းဗျူဟာကိုတော့ နားမလည်သည်မှာ ဧကန်မုချပင်။

ပင့်သက်ရှိုက်လိုက်မိသည်။

မိန်းမတစ်ယောက် ရဖို့ကိစ္စသည်. . လွယ်မယောင်ယောင်နှင့် ခက်ခဲနေပါလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

ဦးကျော်ခေါင်သာ ကြိုတင်ပြင်ဆင်မှု မရှိသေးခင်မှာပင် ပြိုင်ဘက်တစ်ဦးကို စတင် ရင်ဆိုင်လိုက်ရသည်။

အမုံအိမ်ရှေ့၌ တိုယိုတာခရောင်းကားတစ်စီး ရပ်ထားသည်။ တစ်ဆက်တည်းဆိုသလို အမုံနှင့် လူငယ်တစ်ယောက်က ဝရန်တာမှာ ရပ်စကားပြောနေသည်။

သူကားဝင်လာသည်ကိုမြင်လိုက်ပုံရသည်။ အမုံနှင့် လူငယ်က သူကားဝင်လာရာကို လှမ်းကြည့်နေသည်။





မှတ်ဉာဏ်ကောင်းသော သူ့အာရုံက ချက်ချင်းပင် လူငယ်ကိုမှတ်မိလိုက်သည်။

မာစီဒီးအဖြူကို ထိုသူငယ်ထံမှ သူဝယ်ခဲ့သည်ပဲ။ ဒီလို ဆိုပြိုင်ဘက်နှင့်က ရန်ဖြစ်စရာမလို၊ ယဉ်ကျေးသိမ်မွေ့သော ပညာတတ် လူကြီးလူကောင်းတို့၏ ညာဉ်ကို သုံးရပေလိမ့်မည်။

"အမုံတို့ ပန်းနုရောင်ပိုင်ရှင်လေ၊ ဆရာကိုယ်တိုင် လာကြိုရသလား ဆရာရယ်၊ အားနာစရာ ဖြစ်နေပြီ"

အမုံကတော့ ပုံမှန်အတိုင်းပင်။ ဘာမှ ထူးခြားသော လက္ခဏာမပြ ဘာမှမတိုက်တွန်းသေးဘူး ထင်ပါသည်။

"မောင်ရင် ကိုယ့်ကို သိပါတယ်၊ နာမည် ဘယ်သူ"

"ခန့်ညားပါ. . ဦး. . ဦးကျော်ခေါင်သာနော်၊ မထင်ဘူးဗျာ၊ ပန်းနုရောင်ပိုင်ရှင်ဆိုတာ ဟိုအန်တီကြီးပဲ ထင်နေတာ"

"တူတူပေါ့ ကိုယ့်မရီးလေ၊ ကိုယ်က အခြားကိစ္စတွေ ရှိနေလို့ မမကြီးပဲ ပန်းနုရောင်ကဖီးဆိုင်ကို တာဝန်ယူပေးထားတာ"

"ကြွပါဆရာ၊ ဆရာတို့က သိပြီးသားဆိုတော့ အမုံ အထူးတလည် မိတ်ဆက်ပေးစရာ မလိုတော့ဘူးပေါ့။ နေ့လယ်စာ သုံးဆောင်ပြီးမှ ပြန်ကြွတာပေါ့ ဆရာ"

"အမုံ သဘောပါပဲ"

"သူကော. . လာလေ"

"ကိုယ့်အတွက် ရည်စူးတာမှ မဟုတ်ဘဲ၊ နေပစေတော့ ကိုယ် ပြန်မယ်"

"ဩော်. . သူကလဲ အမုံတို့အိမ်လာတဲ့ ဧည့်သည်မှန်သ



www.burmeseclassic.com

www.burmeseclassic.com

မှုဟာ အတူတူကြီးပဲပေါ့"

ခန့်ညားအပေါ် အမုံ၏ ခေါ်ဝေါ်သုံးစွဲမှုမှာလည်း ထူးခြားမှုတော့ရှိနေသည်။

"အမုံ ကိုယ်နဲ့လိုက်မလား၊ မလိုက်ဘူးလားဆိုတာပဲ တစ်ခွန်းပြော"

"ဘာကိစ္စလိုက်ရမှာလဲ၊ ပန်းနုရောင်က အလုပ်သမားဟာ ပန်းနုရောင်က ကားနဲ့ပဲလိုက်သွားတာ သဘာဝကျပါတယ်၊ ပန်းတွေလဲ တစ်ပါတည်း ယူသွားရဦးမှာလေ"

အမုံကတော့ အတွင်းအဓိပ္ပာယ်ကို ကွယ်ဝှက်နိုင်စွမ်းရှိသည့် မိန်းကလေးတစ်ယောက်ပေပဲ။

"အမုံ ဆရာအိမ်ထဲ ဝင်နှင့်မယ်နော်"

အမုံထံမှ တုံ့ပြန်မှုကိုမစောင့်ဘဲ ဝင်ခဲ့သည်။ သူတို့ကိစ္စအလိုက်တသိ ရှောင်ပေးလိုက်သည့်သဘောပင်။ လူကြီးပီသပေးရမည်ကို သူနားလည်ပါသည်။

"ဆရာကိုယ်တိုင် လာကြိုတာကိုး အားနာလိုက်တာဆရာရယ်၊ ဒီနေ့ နေ့ခင်းစာ နန်းကြီးသုတ်လုပ်စားတယ်၊ ဆရာသုံးဆောင်ပြီးမှ ပြန်ပါ"

အမုံမိခင်က ဖော်ရွေစွာပင် ဧည့်ဝတ်ပြုသည်။ အခြေအနေတွေကတော့ အားလုံးကောင်းနေသည်။

အကောင်းတကာ့ အကောင်းဆုံးဖြစ်ဖို့ အမုံဆန္ဒသာလိုအပ်သည်။ အမုံတို့မိသားစု၏ ရာဇဝင်ကိုလည်း ရပ်ကွက်၊ မြို့ရွာထဲ စုံစမ်းပြီးဖြစ်သည်။ အမည်းစက်မရှိ ရိုးသားဖြောင့်မတ်ကာ ကိုယ်ကျင့်တရားကောင်းမွန်သူများဖြစ်ကြသည်။





အမုံနှလုံးသားကတော့ အဖြူရောင်သက်သက်ဖြစ်ချင်မှဖြစ်နိုင်မည်။

အခုပဲ ခန့်ညားကို သူဟု သုံးစွဲသည်ကိုက အမုံ ခန့်ညားအပေါ် စိတ်ဝင်စားမှုရှိကြောင်းကို ပြနေခြင်းသာဖြစ်သည်။

ကားစက်နှိုးသံ ကြားလိုက်ရပြီး ဝူးခနဲ အရှိန်ပြင်းစွာမောင်းထွက်သွားသံကိုပါ ကြားလိုက်ရသည်။

ငယ်ရွယ်သူဆိုတော့လည်း စိတ်ကို ထိန်းချုပ်နိုင်စွမ်းမရှိကြပေဘူးပေါ့။

အမုံ ဧည့်ခန်းတွင်းသို့ အပြုံးမပျက် ဝင်လာသည်။

သူ့အနေဖြင့် အမုံသူငယ်ချင်းလားဟူသော နိမိတ်ပြမေးခွန်းကိုမေးရန် စဉ်းစားလိုက်သေးသည်။ သို့သော် အမုံ၏အချစ်ရေးကိစ္စကို ဥပေက္ခာပြုထားလိုက်ခြင်းသည်သာ လူကြီးဆန်သော သဘောထားကြီးသော ကိစ္စအဖြစ် အမှတ်ရသွားနိုင်သည်။

"ဆရာနဲ့ ခန့်ညားနဲ့က သိကျွမ်းပြီးသားလား"

"သိတယ်ဆိုတာတော့ မှန်မယ်၊ အကျွမ်းတဝင်တော့မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကားကို ကိုယ်သူ့ဆီကဝယ်လိုက်တာလေ၊ အဲဒီတစ်ကြိမ် ဆုံဖူးတယ် ဆိုပါတော့. . ခု ဒုတိယအကြိမ်အဖြစ် ဆုံတာ"

သူက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။ အမှန်တကယ်လည်း သူသည် စိတ်ရှည်သောသူတစ်ယောက်ဖြစ်သည်။

"ဆရာကိုယ်တိုင်လာကြိုမယ်ဆိုရင် အမုံခွင့်ပြုမိမှာမဟုတ်ဘူး၊ အမုံ ရိက္ခာဝယ်တဲ့ကားနဲ့ လာကြိုခိုင်းမယ် ထင်ပြီး



www.burmeseclassic.com

"ကိုယ် ကိစ္စတစ်ခုလဲ ရှိလို့ပါ၊ အေးအေးဆေးဆေး အပန်းဖြေနိုင်စေမယ့် ဥယျာဉ်ခြံတစ်ခုကို ကိုယ်ဖန်တီးချင်လာပြီ၊ အဲဒါ အမုံနဲ့ ငုဝါတို့မိသားစုတွေကိုပဲ အကူအညီတောင်းရမယ်"

အမုံ မိခင်နှင့်အဘွားက စိတ်ဝင်စားစွာဖြင့် ပြိုင်တူလို

"ဘာကိစ္စများပါလဲ ဆရာ"

"ဒီလိုပါ ဘယ်လောက်ကျယ်ကျယ် ခြံတစ်ခြံ လိုချင်တယ်၊ မှော်ဘီဖြစ်ဖြစ် ထောက်ကြံ့ဖြစ်ဖြစ်ပါ"

"စီးပွားဖြစ် စိုက်ပျိုးဖို့လား ဆရာ"

"စီးပွားဖြစ်ရယ်တော့ မဟုတ်ဘူး၊ ဒါပေမယ့် မှီခိုနေထိုင်စေမယ့် မိသားစု သုံးလေးစုလောက်ရဲ့ စီးပွားရေးကို ဖန်တီးနိုင်ရမယ်"

"ဘယ်လိုလဲ ဆရာ၊ အမုံ သိပ်နားမလည်လို့ပါ"

အမုံက ရိုးသားဖြူစင်စွာပင် မေးခွန်းထုတ်လိုက်သည်။ အမုံသည် အမှန်တကယ်ပင် သိုးငယ်လေးတစ်ကောင်လို အပြစ်ကင်းစင်လွန်လှသည်ဟု သူထင်သည်။ သူကည်း ချစ်သောမျက်စိဖြင့် ကြည့်မိသည်ကိုး. . ။

"ဒီလိုလေ အမုံ၊ ခြံရဲ့အလယ်မှာ ဘန်ဂလိုဆန်ဆန်အိမ်ကလေးတစ်လုံးဆောက်မယ်၊ အိမ်ရှေ့မျက်နှာစာနဲ့ ဘေးနှစ်ဘက်မှာ ပန်းခင်းတွေပဲ ရှိနေမယ်၊ နောက်ဘက်မှာတော့ သီးပင်တွေစိုက်ပေ့ါ၊ ဟင်းသီးဟင်းရွက်လဲစိုက်၊ ခပ်ဝေးဝေးမှာ နွားစားနွားနဲ့ ဥစားကြက်ခြံလေးတွေ ဖန်တီးပေးထားမယ်၊ အလုပ်သမားမိသားစု တန်းလျားလေးတစ်ခုလဲ ဆောက်ပေးထားမယ်။ ဒါဆိုအနည်းဆုံး မိသားစုသုံးစုလောက်ရဲ့ ဝမ်းရေးကို အကူအညီပေးနိုင်လိမ့်မယ်ထင်တယ်၊ ကိုယ်လဲ အားလပ်တဲ့အချိန် မြို့ပြလူနေထိုင်မှုမှာ သိပ်မွန်းကျပ်လာတဲ့အခါ ထွက်ပေါက်အနေနဲ့ လာအပန်းဖြေလို့ရတယ်၊ အဲဒါ အမုံတို့ ခြံဝန်းလေးထဲရောက်ပြီးမှ ဖြစ်ပေါ်လာတဲ့ စိတ်ကူးပဲ"

"ဆရာ့စိတ်ကူးနဲ့ အမုံစိတ်ကူး တူတယ် ဆရာ"

အမုံက ရိုးသားစွာဝန်ခံလိုက်ပြန်သည်။ သူ့ရင်ထဲ ဒိန်းခနဲလိန်းနတ် ပျော်ရွှင်စွာ ကခုန်လေသည်။ အမုံနှင့် စိတ်တူကိုယ်တူပါလား။ အသွင်တူမှ အိမ်သူဖြစ်သည်ဟု စကားသည် သူတို့အတွက် ဖြစ်လေပြီ။

"အမုံ စိတ်ကူးက"

"အနိုနဲ့အငုံပညာရေးအတွက် ရန်ကုန်မြို့ထဲသွားလာရေးလွယ်ကူတဲ့ နေရာတစ်ခုမှာ တိုက်ခန်းတစ်ခန်း ဝယ်ပေးထားချင်တယ်၊ အမေနဲ့အဘွား ကျန်းမာရေးအတွက် ပါရဂူတွေနဲ့ပြဖို့လိုတဲ့အခါမျိုးလဲ အသုံးပြုနိုင်ရအောင်ပေ့ါ ဆရာ"

အမုံ၏ မိဘအပေါ် သိတတ်စိတ်ကလေးကိုက လေးစားမြတ်နိုးစရာ ကောင်းနေသည်။

အမုံကို မိခင်က ကျေနပ်ပြုံးဖြင့် ငေးကြည့်လိုက်ပြီး. . သူ့အား. . .

"သမီးက အဲဒီလိုပဲ ဘာပဲလုပ်လုပ် မိသားစုအရေးကိုပဲ ဦးစားပေးကြည့်တတ်တယ်၊ ဒီခြံကိုလဲ ဆရာ့စိတ်ကူးလိုပဲ တိုးချဲ့ချင်နေတယ်လေ"

"အမုံကိုယ်တိုင်လဲ မွန်းကျပ်နေတဲ့ မြို့ပြလူနေထိုင်မှုကြားက တစ်ခါတစ်ရံ ပြေးထွက်လာပြီး ဒီမှာပြန်နားနေလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရတာကိုပဲ အသက်ရှူဝပြီး အားသစ်တွေ ပြန်ရလာသလို ခံစားရတယ်ဆရာ၊ ဒါကြောင့် အမုံလဲ ဆရာ့ကို နားလည်ပါတယ်၊ ဆရာ့ဆန္ဒတွေ ပြည့်ဝအောင် ကူညီမှာပါ"

"ကျေးဇူးတင်တယ် အမုံ၊ ဒါထက် မနေ့က ကိုယ်ဂီတစာဆိုသုံးလေးဦးနဲ့ သွားတွေ့ပြီးပြီ၊ သူတို့ကို ပန်းနုရောင်ကို ဖိတ်ခေါ်လိုက်တယ်၊ အမုံရဲ့အသံနဲ့လိုက်ဖက်မယ့် တေးသံစဉ်တွေ ရေးစပ်ပေးဖို့ သူတို့လာရောက်လေ့လာလိမ့်မယ်၊ ဖိုတိုဂျင်နက္ကတစ် ဖြစ်မဖြစ်ကိုလဲ လေ့လာဖို့ ဓာတ်ပုံဆရာတစ်ဦးလဲ ဖိတ်ထားတယ်၊ အဲဒါလဲ အမုံကို အသိပေးရင်းဆိုပြီး ကိုယ်တိုင်ပဲ ထွက်လာခဲ့တာ၊ မမကြီးကလဲ မင်းသွားကြိုရင်းပဲ ပြောပြလိုက်ပါဆိုလို့"

"ကျေးဇူးတင်ပါတယ် ဆရာ၊ အမုံအတွက် ဆရာ အလုပ်ပိုနေပြီ"

"ကိစ္စမရှိပါဘူး၊ အမုံအောင်မြင်မှုဟာ ကိုယ့်ရဲ့အောင်မြင်မှုပါပဲ၊ ထုတ်လုပ်သူအတွက်ကတောင် ပိုပြီးအကျိုးများနိုင်ပါသေးတယ်၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပေါ့ အမုံ"

"အမုံ အိပ်မက်တောင် မမက်ဖူးတဲ့ ကိစ္စတစ်ခုပါ၊ ဆရာနဲ့အန်တီကို အရမ်းကျေးဇူးတင်ပါတယ်"

"မလိုပါဘူး အမုံ. . . ကျေးဇူးတွေ အခုတင်မနေနဲ့ဦး နောက်တင်ဖို့ မကျန်ဘဲနေမယ်၊ ကန်တော့ပွဲပေးတဲ့နေ့ ရောက်ရင် အန်တီတို့ကိုပါ ဖိတ်ခေါ်ရမှာနော်"

အမုံ မိခင်က. . .

"ခုလို ပြောရုံနဲ့တင် ကျွန်မတို့က ကျေနပ်နေပါပြီ ဆရာ





ပွဲလမ်းသဘင်တွေကို မလာပါရစေနဲ့၊ ဆရာတို့မောင်နှမသာ အမုံ အုပ်ထိန်းသူကိုယ်စား ဆောင်ရွက်ပေးနိုင်ရင် ကျွန်မတို့က ပိုပြီးတောင် ဝမ်းသာရဦးမှာပါ"

ဒေါ်အညိုသည်လည်း စကားပရိယာယ်ကြွယ်သော အမျိုးသမီးကြီးတစ်ဦးပင် ဖြစ်သည်။ အမုံအတွက် သူတို့ကို ယုံကြည်စိတ်ချအားထားပါသည်ဟု ဆိုလိုက်သကဲ့သို့ပင် တစ်နည်းအားဖြင့်လည်း မမကြီး၏ နားဖောက်သွားသော စကားကို လက်ခံလိုက်သည့် သဘောလည်းဖြစ်နိုင်သည်ဟု သူက ကိုယ်လိုရာ ဆွဲတွေးလိုက်သည်။

"စကားကောင်းနေလို့ မဖြစ်သေးဘူးလေ အမုံ၊ ဆရာ့တို့ မုန့်ပြင်ဆင်ကျွေးတော့လေ"

"မေမေတို့ စကားပြောပါ၊ အမုံ သွားပြင်လိုက်ပါမယ်"

အမုံက သူ့အား အပြုံးဖြင့်ခွင့်ပန်ပြီး ထမင်းစားခန်းဘက်သို့ ထွက်သွားလေသည်။

"သမီးက ဆရာဝန်ဖြစ်ချင်ရှာတာ၊ ဒါပေမယ့် သူ့ဖခင်က တိမ်းပါးသွားတော့ မိသားစုအတွက် သူပဲ အနစ်နာခံလိုက်ရှာတာ"

"စေတနာ အကျိုးပေးမှာပါ"

အမုံက ပြင်ဆင်ပြီး လာရောက်ခေါ်သည်။

"ဆရာ့ဘာသာ သုပ်မလား၊ အမုံ သုပ်ပေးရမလားဆင်"

"အမုံပဲ သုပ်ပေးပါ"

နန်းကြီးသုပ်ကို ကြိုက်လှသည် မဟုတ်သော်လည်း အမုံ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ချက်ထားသည်၊ ပြင်ဆင်ထားသည် ဆိုခြင်းကြောင့် တစ်ပန်းကန်ကို ကုန်စင်အောင် စားပေးလိုက်သည်။ ကြာဇံ ဟင်းခါးကလေးကိုလည်း ဟင်းချိုသောက် ပန်းကန်တစ်လုံး ကုန် အောင်သောက်ပေးလိုက်သည်။ အမုံတို့ မိသားစု စေတနာကို အသိအမှတ်ပြုပြတာ. . .။

ထိုကဲ့သို့ အမုံနှင့်အတူ လက်ဆုံစားခွင့်ကြုံခြင်းမှာ သူက ပထမဦးဆုံးလား၊ ခန့်ညားက ပထမဦးဆုံးလား သူ မသိနိုင်. .။ သိအောင်လည်း မကြိုးစားတော့ပေ။

ဒါတွေ အားလုံးကို မမကြီးကပဲ စုံစမ်းပေးလိမ့်မည်။ အမုံ အထင်သေးစေမည့် အလုပ်မျိုးကို သူမလုပ်နိုင်။ သူ့ကို အမုံသည် သဘောထားကြီးသော လူကြီးလူကောင်းသဏ္ဌာန် မျိုးသာ မှတ်ယူစေရမည်ဟု။







# အခန်း(၁၇)

အမုံသည် သူနှင့် ယှဉ်မစီး။ နောက်ခန်းတံခါးကို ဖွင့်ကာ ဝင်ထိုင်သည်။ ကိစ္စမရှိ။ ဒါ အလုပ်ရှင်နှင့် အလုပ်သမား စည်း ကမ်းအတိုင်း အမုံက ရိုသေလေးစားသမှုဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည်။ အမုံက သူ့အတွက်ဆိုကာ ရေမွှေးနှင်းဆီပန်း အစိတ် မျှကို သီးခြားထုပ်ကာ လက်ဆောင်ပေးခဲ့သည်။

ဒါကို သူက အမြတ်တနိုးပင် ကားရှေ့ခန်း၌ ယူခဲ့သည်။ အမုံနှင့်ပတ်သက်လာလျှင် အရာရာအလေးထားကြောင်း အမုံ



www.burmeseclassic.com

www.burmeseclassic.com



သိစေရန် အမူအရာလေးတွေနှင့်သာ ပြလိုက်ခြင်းဖြစ်သည်။

အပြန်ခရီးလမ်းဝယ်. . အမုံမိသားစုအကြောင်း. .

အမုံအကြိုက်သီချင်းတွေအကြောင်း. .

အမုံအတွက် သီချင်းခွေအတွက် ချီးမြှင့်မည့်ငွေအကြောင်း အောင်မြင် အခွေ ထပ်ထုတ်ရလျှင်လည်း ထပ်ချီးမြှင့်မည့်အကြောင်း. . .

ပန်းနုံရောင်၌ ပင်တိုင်သီဆိုပေးဖို့၊ နားနားနေနေဖြစ်ချင်လျှင် ရက်ခြားသီဆိုပေးရန်ပြောတော့ အမုံက ရယ်မောကာ

"ပန်းနုရောင်က အမုံရဲ့ ကျေးဇူးရှင်ပဲ၊ အမုံဘယ်လောက်အောင်မြင်မှုတွေ ရနေပါစေ၊ ပန်းနုရောင် ကော်ဖီဆိုင်အတွက်ဆို အမုံ ဦးစားပေး နံပတ်တစ်ပါ"

ဟုချိုလွင်ပြတ်သားစွာ ပြောဆိုနိုင်သော အမုံစိတ်ဓာတ်ကို သူ ကျေနပ်နေမိသည်။

အမုံနှင့် ပတ်သက်လာလျှင် အရာရာကို ကျေနပ်နှစ်သိမ့်တာ ခွင့်လွှတ်နိုင်စွမ်းတွေ ရှိနေသည်။ အမုံအပေါ် အကောင်းတွေပဲ မြင်နေမိသည်။ ဒါကို အချစ်၏စွမ်းအားဟု သူသဘောပေါက်မိလေသည်။

အမုံကို သူ့မိခင်ကပဲ ဘာမှဖွင့်ဟ မပြောဆိုထားဘူးလား၊ ပြောထားပြီးဖြစ်သော်လည်း အမုံကပဲ တမင်မသိကျိုးကျွံပြုနေတာလား မသိနိုင်။ အမုံသည် သူနှင့်ပတ်သက်၍ ဘာကိုမှ မမေးမြန်းချေ။

အမုံအိမ်ကိုတော့ အိမ်တိုင်ယာရောက် ပို့ပေးခဲ့သည်။

အမုံနှင့်အတူနေ နှစ်ယောက်က အသီးအနှံများ ပါလာ





ခြင်းကို တွေ့မြင်ကာ ဆင်းကြိုကြလေသည်။ သူ့အား အိမ်ပေါ်ခေါ်သော်လည်း သူကလည်း လိမ္မာပါးနပ်စွာပင်. . .

"ပန်းတွေ နွမ်းမှာစိုးတယ် မိန်းကလေးတို့၊ နောက်မှပဲ မမကြီးနဲ့ လာခဲ့ဦးမယ်"

ဟု အကြောင်းပြကာ အနေအထိုင်ကို သိုသိုသိပ်သိပ်နေပြလိုက်သည်။ ကြိုက်မရှက် အမူအရာမျိုး မပေါက်စေရ။

အမုံကိုထားခဲ့ပြီး ပြန်လာခြင်းကိုပင် ရင်ထဲ၌ လစ်ဟာနေသည်။ မမကြီး၏ အိမ်သို့ ထွက်ခဲ့သည်။ အခန့်သင့်ပင် တွေ့ရသည်။ ကိုကိုကတော့ ရှိမနေ။ ဖေဖေလည်း မရှိ။ အိမ်ဖော်များကို စီမံခန့်ခွဲနေသော မမကြီးက. . .

"ထင်တော့ ထင်သားပဲ"

"ထင်သားပဲ မလုပ်နဲ့နော်၊ ဂီတစာဆိုတွေကို ဒင်နာကျွေးပြီးတော့ အမုံဆိုမယ့်အချိန် ပန်းနုရောင်မှာ ကော်ဖီတိုက်မယ်"

"ကောင်လေး ပုဂ္ဂိုလ်တွေ သိပ်မသောက်စေနဲ့"

"ဒါကြောင့် ကိုကိုနဲ့မမကြီး လိုက်ခဲ့ဖို့ပြောတာပေါ့၊ ကိုကိုကို ပြောပြီးပြီလား"

"ပြောပြီးပါပြီ၊ ဒါထက် အခြေအနေကော ဘယ်လိုလဲ"

"ဘာမှမသိသလိုဘဲ ဟန်မပျက် ဆက်ဆံတယ်၊ ဒါထက် ခင်ညားဆိုတဲ့ ချာတိတ်တစ်ယောက် သူ့ကိုလာခေါ်တယ်"

"ဘယ်လိုပုံစံလဲ၊ ဘာကားစီးသလဲ"

သူက သိသရွေ့ ပြောပြတော့ မမကြီးက. . .

"အဲဒီတစ်ယောက်ပဲ စိုးရိမ်ရတယ်။ သူဟာ မင်းရဲ့ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပဲ၊ ဆိုင်မှာ နေ့စဉ်နှင်းဆီဝါငါးပွင့် ဒိုင်ခံဆက်တဲ့သူပေါ့"

သူ့ရင်ထဲ စိုးရိမ်ပူပန်မှုများ ဖြစ်ထွန်းလာသည်။ ခန့်ညား နှင့်သူ ယှဉ်လိုက်လျှင် အသက်အရွယ်ကတော့ ခန့်ညားက သာ နေသည်။ ဘယ်မိန်းကလေး မဆို ရွယ်တူယောကျာ်းလေးကိုသာ စိတ်ကူးယဉ်အိပ်မက်ထဲ လက်တွဲသွားချင်ကြပေမည်။

"မာစီဒီးက ခန့်ညားဆီက ကျွန်တော် ဝယ်လိုက်တော့ လေ"

"အေး. . ကားကိုသာ မင်းဝယ်လို့ရမယ်၊ လူကိုတော့ ဝယ်လို့မရဘူး၊ သူလည်း ကြိုးစားတုန်း၊ မင်းလဲကြိုးစားပေ့ လက်မနှေးစေနဲ့"

သူ သက်ပြင်းချလိုက်သည်။

"ကျွန်တော် စိတ်ကူးထားတာက သူ့ရဲ့အောင်မြင်မှု လေးတွေကို သူ လွတ်လပ်စွာနဲ့ ခံစားပါစေဦးလို့၊ နေပါစေ. . လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ကျွန်တော်ပေးမှာပါ၊ ကျွန်တော် အမုံကို ယုံကြည်တယ်၊ နှလုံးသားအလိုကိုလိုက်ပြီး မိုက်မဲ မိန်းကလေး မဟုတ်ပါဘူး၊ အသိတရားနဲ့ အကောင်းဆုံးလမ်း ရွေးမယ့် မိန်းကလေးမျိုးပါ"

"မောင်လေးကလဲ ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ ကိုယ့်ကိုအရမ်းချစ်၊ အရမ်းအလေးထား ဂရုစိုက်တဲ့လူကိုတော့ ဥပေက္ခာမပြုတတ်ပါဘူး။ ဂရုတစိုက်နဲ့ သူ့အတွက် အချိန်တွေ များ ပေးလိုက်ပါ"

"ပေးနေပါပြီဗျာ"

"မင်းကိုကိုကလဲ အမုံနဲ့ဆို သဘောတူတယ်လို့ ပြော





မြှောက်ဝမ်းသာစွာနဲ့ကို တက်ကြွနေတယ်လေ"

သူ့ဘက်တော့ အခြေအနေတွေက အတိုင်းထက် အလွန်ပင်။ အမုံဘက်ကတော့. . .

အမုံမိဘတွေက တုံ့ပြန်မှုကိုသာ သိခွင့်ရလျှင်. . .

"ကိုင်း. . မမကြီး အမုံကိစ္စ အသာထား၊ ကျွန်တော် ဆိုက်ထဲ ခဏပြေးလိုက်ဦးမယ်နော်၊ ရှမ်းကန်ကို ခြောက်နာရီ မထိုးခင် ကျွန်တော် ရောက်အောင်လာမယ်၊ ဆရာသမားတွေ ကြိုဖို့ ကားလွှတ်ပေးဖို့လဲ မမေ့နဲ့နော်"

"အေးပါကွယ်"

သူ မမကြီးတို့အိမ်မှ ပြန်ထွက်ခဲ့သည်။ သူ့နှလုံးသား လေးသည် လူပျိုပေါက်စလေးလို ပြန်ဖြစ်နေသည်။

အချစ်နှင့် ပတ်သက်လာလျှင် လူတိုင်းသည် နုပျိုသွား တတ်စမြဲပင်ဖြစ်သည်ကို သူ အခုမှ သဘောပေါက်မိလေသည်။

ယခုပဲ အချစ်ကို စတင်တွေ့ရှိနေသည်ကိုး။

ခံစားချက်တို့ကလည်း ယခုမှစတင်လာခြင်းပင်ဖြစ် သည်။ သူ ပြုံးလိုက်မိသည်။

ရှုတည်တည် မျက်နှာပေးနှင့် သူ့အား မလိုတမာကြည့် လိုက်သော ခန့်ညားနှင့် သူ့အား အမုံက ဘယ်သူကို ရွေးချယ် မလဲဆိုတာ သိချင်လာသည်။

သိချင်ရအောင် သူ အမုံကို ပရိုပို့စ် မလုပ်ရသေးဘဲ။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁၈)

ပန်းနုရောင်မှာ အမုံကို စတင်တွေ့စဉ်က အမုံသည် တကယ့်ကို အဖြူရောင်သက်သက်။ ယခုတော့ အမုံသည် အရောင်ဆိုးထားခြင်းကို စတင်ခံနေရပြီ။

အမုံ သီချင်းဆိုအပြီးတွင် ဦးကျော်ခေါင်သာ ဆိုသော ပုဂ္ဂိုလ်ကြီးအပါအဝင် သီးသန့်ဆယ်ယောက်စားပွဲကြီးမှာထိုင်ကာ လက်ခံစကား ပြောနေသည်။

ခန့်ညား စိတ်ကို သံမဏိကြိုးဖြင့် မနည်း တုပ်နှောင်



www.burmeseclassic.com

www.burmeseclassic.com



ကာ ထိန်းချုပ်နေရသည်။

ဒီနေ့မှ 'ခဲသေ'အဖွဲ့လည်း အပြည့်အစုံနှင့် တက်ညီလက်ညီ ပန်းနုရောင်သို့ ချီတက်လာကြသည်။

အမုံနှင့် ကိစ္စကို မိဘတွေနားသို့ ရောက်၍မဖြစ်သေး။ ထို့ကြောင့် ပီတာကလွဲ၍ ကျန်သူငယ်ချင်းများကို အသိမပေးသေးခြင်းပင်ဖြစ်သည်။

"ပန်းနုရောင်ကွင်းလဲ ဘယ်လိုဖြစ်သွားပြီလဲ"

ဇော်ပိုင်က တအံ့တဩစတင်ရေရွတ်လိုက်သည်။ စိုင်းညီညီကလည်း မီးလောင်ရာလေပင့် လုပ်နေပြန်ပြီ။

"ဘာ. . ဘာဖြစ်မရမှာလဲ၊ ကွင်းက လည်စင်းလို့ ကျားငစဉ်းလဲရှေ့မှောက် ရောက်နေပုံပေါ့ကွာ"

"မင်းတို့ ပေါက်ကရတွေလျှောက်မပြောပါနဲ့ကွ၊ အဲဒါ ပန်းနုရောင်ပိုင်ရှင်တွေပဲ၊ ဟိုအန်တီကြီးက ကောင်တာမှ ငွေသိမ်းတယ်လေ"

ရဲအောင်ထွဋ်က စဉ်းစဉ်းစားစားနှင့်ပင် ပြောလိုက်သည်။ ဇော်ပိုင်ကလဲ. . .

"ဟိုပုဂ္ဂိုလ်တွေက ဂီတစာဆိုတွေလေကွာ၊ ဂျာနယ်တွေမှာ မြင်ဖူးတယ်"

ခန့်ညား သတိထားမိလိုက်သည်။ သူလည်း ပေါ့ပေါ့ပါးပါးဆိုကာ ဂျာနယ်များကိုပင် ဖတ်သူဖြစ်သည်။

"ဟုတ်တယ် ဒီလိုဆို အမုံက စီးရီးသွင်းတော့မလားမသိဘူး"

ပီတာက ပြောလိုက်သည်။





"ဒါမျိုးတွေပဲပေါ့ကွာ၊ သူ့လမ်းသူလျှောက်ကြတာ"

ဇော်ပိုင်က ရှုပ်ချလိုက်သည်။

ခန့်ညား ဆက်လက်ကြည့်ရှုနိုင်စွမ်း၊ ကြားနိုင်စွမ်း မရှိတော့. . .။

"ဟာ. . ပြဿနာပဲ၊ ခုမှ ငါသတိရတယ်ကွာ၊ မမကို ဘုရားကိုးဆူမှာ ပြန်ကြိုပေးရမယ့်ကိစ္စ ငါသွားတော့မယ်"

"သေတော့မှာပဲ၊ အစ်မဆိုတော့ သတိမရဘူးပေါ့ ဟုတ်လား. . သွား. . သွား"

ခန့်ညား တစ်ယောက်တည်း ထပြန်သွားသည်ကို အမုံ လှမ်းတွေ့လိုက်သည်။

အမုံရင်ထဲ နာကျင်သွားသည်။ အမုံကို သူ နားလည်ပေးနိုင်စွမ်းရှိပါက အဘယ်မျှကောင်းလိမ့်မည်နည်း။

အမုံဘဝတက်လမ်းအတွက် အမုံ ဝါသနာပါသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုခြင်းဖြစ်ကြောင်းကို သူနားလည်ပေးသင့်သည်။

ဦးကျော်ခေါင်သာသည် အခွင့်အရေးသမားမဟုတ်။ လူကြီးလူကောင်း ပီသသူတစ်ယောက်ဖြစ်သည်။

အမုံအပေါ် အေးဆေးစွာဖြင့် စိတ်ရှည်လက်ရှည် သိမ်းသွင်းဆွဲဆောင်မည့် အနေအထားမျိုးရှိနေသည်။ အဘယ်ကြောင့်ဆိုသော် အန်တီဒေါ်ခင်ထားဝေကသာ အမေနှင့်အဘွားထံ နားဖောက်သွားပေမယ့် ဦးကျော်ခေါင်သာဘက်က မသိကျိုးနွံပြုကာ ဘာမှစကားဟမလာသေး။

သူ့မရိုးက သူ့အားမပြောဘဲနေမည်မဟုတ်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လည်း အမုံ ရည်မှန်းချက်ကို စိတ်ချလက်ချ ရဲတင်းစွာ လုပ်ကိုင်ရဲသည်။

"ဖြစ်ထွန်းမှာပါ"

"ပါရမီရှင်ပဲ"

"ဗီဇကလဲ ရှိပြီးသားဆိုတော့ မြေတောင်မြှောက်ပေးလိုက်ရုံနဲ့တင် ထွန်းတောက်လာမယ့် အနေအထားပဲ"

ဂီတစာဆိုများက အမုံကိုအားပေးကြသည်။ အမုံ လှုပ်ရှားမှုကို စတင်တော့မည်။ ဂီတစာဆိုများဆီမှာ စီးရီးတစ်ခွေစာအတွက် သီချင်းများ ရေးမည်။ တစ်ပုဒ်ရလျှင် တစ်ပုဒ်သွင်းမည်။

ဦးကျော်ခေါင်သာသည် ငွေအင်အား၊ ဉာဏ်အား၊ လူအင်အားကော အသုံးချရန် ကတိပြုလေသည်။

အမုံအတွက် ရေကောင်းမြေကောင်း၌ ဉယျာဉ်မှူးကောင်းတို့၏ ပျိုးထောင်ခြင်းကို စတင်ခံစားရလေပြီ။

အစွမ်းကုန်ကြိုးစားရမှာ အမုံတာဝန်ပင်။ တာထွက်မှာ ခြေခေါက်မလဲဖို့ အထူးလိုအပ်လေသည်။

အချစ်ရေးကိစ္စဟူသမျှကို ဘေးဖယ်ထားရန် အမုံဆုံးဖြတ်လိုက်သည်။

"အမုံဘဝအခြေခိုင်ခိုင်နဲ့ တိုးတက်သွားတာမြင်ရင်ပဲ ကျွန်တော်တို့က ကျေနပ်ရမည့်သူတွေပါဗျာ"

ဟု ဦးကျော်ခေါင်သာက ကောက်ချက်ချတော့ အမုံရင်ထဲ လှိုက်ဖိုခံစားလိုက်ရသည်။

လူ့ဘဝသက်တမ်း၌ နှလုံးသားအလိုကိုချည်း လိုက်နေ





၍ မဖြစ်သေး။ လုပ်သင့်လုပ်ထိုက်သည်တို့ကိုလုပ်၍ ဖြစ်သင့်ဖြစ်ထိုက်သည်တို့ကို ဆောင်ရွက်ရဦးမည်။

ကိစ္စအားလုံးပြီး၍ အိမ်သို့ ဦးကျော်ခေါင်သာနှင့် ဒေါ်ခင်ထားဝေတို့ ကိုယ်တိုင် လိုက်ပို့ပေးသည်။ ငုဝါလည်းပါသည်။

ငုဝါကော ရီလေးမာပါ အထူးပျော်ရွှင်ကာ စကားလက်ဆုံ ပြောမကုန်ဖြစ်နေစဉ် ခန့်ညားထံမှ ဖုန်းလာလေသည်။

"အမုံ"

"ဘာလဲ. . သူ ပြောလေ"

"မင်းနဲ့ ဟိုပုဂ္ဂိုလ်က ဘယ်လိုလဲကွ၊ အိမ်တိုင်ယာရောက်လာပင့်ဆောင်ရတာနဲ့ ဧည့်ခံကျွေးမွေးပြုစုရတာနဲ့"

"အလုပ်ရှင်နဲ့ အလုပ်သမားဘဝမျိုးကော စီးပွားဖက်ခြင်းအနေနဲ့ရောဆိုရင် အမုံတို့ ဆက်ဆံရေးက ရှင်းသန့်ပါတယ်"

"ဘာဆိုင်လို့ ရှင်းသန့်တယ်ပြောရတာလဲ မြွေမြွေချင်းခြေမြင်ပြီးသား၊ ပုဂ္ဂိုလ်ကြီးရဲ့ မျက်လုံးထဲမှ ခင်ဗျားကို ဘူးထနေတာ ဝင်းဝင်းတောက်လို့"

အမုံ ရယ်ချင်သွားသည်။ စိတ်ကို ထိန်းချုပ်ထားသည့်ကြားက ခစ်ခနဲ ရယ်လိုက်မိလေသည်။

"ဒါဆို သူလဲ ဒီလိုပဲပေါ့"

"ဘာဆိုလို့လဲ"

"မြွေမြွေချင်း ခြေမြင်တယ်ဆို. . ."

"သွားစမ်းပါ"

"ကျွဲမြီးတိုလှချည်လား သူနဲ့အမုံက ဘာဆိုင်လို့လဲ"

"ဆိုင်ချင်ပြီ ပိုင်ချင်ပြီ၊ ခင်ဗျား အမြန်ဆုံး အဖြေပေးရင်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမယ်"

ဝန်တိုတာကို အချစ်ဟု အမုံ နားလည်ထားသဖြင့် ခန့်ညား သဝန်တိုခြင်းကို ချစ်၍ဟု ခံယူမိသည်။ သို့သော် အမုံ၏ ဆုံးဖြတ်ချက်ကိုတော့ အမုံ မပြင်နိုင်ပါချေ။

"ဆိုင်ချင် ပိုင်ချင်ရင် ကြိုးစားပေါ့"

"အမုံ အဖြေအပေါ် မူတည်ပါတယ်"

"ဟင့်အင်း. . အမုံအဖြေအပေါ်က အဓိကမကျပါဘူး၊ အမုံ အိမ်ထောင်ရေးရည်မှန်းချက်က ချစ်သူနဲ့ လက်ထပ်သူတစ်ယောက်တည်းဖြစ်ရမယ် အမုံကိုချစ်ရင် လက်ထပ်နိုင်ကြောင်း သူ့ဘက်က ဘာသက်သေပြနိုင်မှာလဲ"

"အမုံကို အခုချက်ချင်း လာခိုးရမလား ငါးမိနစ်အတွင်းလေ"

အမုံရင်ထဲ နာကျင်သွားသည်။ အမုံကိုချစ်တာ ပိုင်ဆိုင်ချင်တာပဲသိပြီး တန်ဖိုးထားရကောင်းမှန်း မသိသောသူပါလား။

"အမုံကို ခပ်လွယ်လွယ် မိန်းမစားလို့များ မှတ်ယူနေလား"

"မဟုတ်ပါဘူး ကိုယ် ဒီလိုဆိုလိုတာ မဟုတ်ဘူး၊ ခင်ဗျားကို ချစ်လွန်းလို့ လက်လွှတ်ရမှာ ကြောက်လွန်းလို့ ကိုယ်ရှုးတော့မယ်ထင်တယ် ခုကိုယ် အိမ်ပြန်တာမဟုတ်ဘူး ခင်ဗျားတို့ အပေါ်ဆုံးထပ်ကနေ ဆက်နေတာ"

"ဟင်"

"ဒါကြောင့် ကိုယ်မင်းကို အခုချက်ချင်း ခိုးပြေးနိုင်တယ်လို့ ပြောတာပါ အမုံ ကိုယ့်ကိုမညှင်းဆဲပါနဲ့"





အမုံ သက်ပြင်းချလိုက်မိသည်။

"ခက်တယ် သူရယ် အမုံဟာ မိကောင်းဖခင်သားသမီးပါ၊ အမုံ ညဘက်သီချင်းဆိုနေပေမယ့် အမုံရဲ့ကိုယ်ကျင့်တရားကို အထိခိုက်မခံနိုင်ပါဘူး။ သူ့ကို အမုံ လိုက်လျောခွင့်တစ်ခုတော့ ပေးပါ့မယ်"

အမုံ အရဲစွန့်ရပြီ။

ချစ်သူ ဆန္ဒကို ဖြည့်စွမ်းပေးချင်သော စိတ်က အတွင်းအရှုတ္တမှာ ပေါ်လွင်လာသည်။

"ဘာလဲ အမုံ ကိုယ် ဘာလုပ်ပေးရမလဲ"

"သူ အမုံကို တကယ်ချစ်တယ်၊ ဆုံးရှုံးရမှာကြောက်လို့ အမြန်ဆုံး ပိုင်ဆိုင်ချင်တယ်ဆိုရင် သူ့မိဘအုပ်ထိန်းသူတွေနဲ့ အမုံမိခင်အုပ်ထိန်းသူတွေထံ လာနားဖောက်ပြီး စေ့စပ်ထားပါ၊ ဒါဆိုရင် အမုံသူ့ကို အဖြေပေးမယ် သူ့ဆန္ဒကို စေ့စပ်ထားသူချစ်သူတစ်ယောက်အနေနဲ့ လိုက်လျောပေးနိုင်မယ်"

အမုံပြတ်သားရလေပြီ။ သို့သော် သူ့ထံမှကြားရသောစကားကြောင့် အမုံ မခံချိမခံသာဖြစ်ကာ မျက်ရည်များ ကျဆင်းလာသည်။

"ဒါ အမုံက ကိုယ့်ကိုသက်သက်မဲ့အကျပ်ကိုင်တာပဲ မဖြစ်နိုင်တာကို လုပ်ခိုင်းရသလား၊ ဘယ်နည်းနဲ့မှ ကိုယ့်မိဘတွေက အမုံနဲ့ သဘောတူမှာမဟုတ်ဘူးအမုံရာ အခြားနည်း စဉ်းစားပေးပါဦး"

အမုံဘဝဟာ ဒီလောက်ထိ နိမ့်ပါးနေရသလား၊ ဝမ်းစာအတွက် ကော်ဖီဆိုင်တစ်ခုမှ ရိုးသားစွာ သီချင်းဆိုစားနေသော


www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ဦး၏ဘဝသည် ဤမျှအောင် နိမ့်ပါးနေရသလား။

"တော်ပါပြီ သူ၊ အမုံ ဒီစကားကို မရုတ်သိမ်းနိုင်သလို မပြင်ဆင်ပေးနိုင်ပါဘူး၊ သူဟာ အမုံကို တကယ်ချစ်တယ် ယုံကြည်တယ်ဆိုရင် သူ့မိဘတွေကို ရဲရဲရင့်ရင့် ရင်ဆိုင်ပြီး သူတောင်းဆိုရဲရမှာပေါ့၊ ဒါပဲ သူ အမုံနားတော့မယ်နော် ခွင့်ပြုပါ"

"အမုံရာ မင်း သက်သက် . . ညစ် . . . . ."

သူ့စကားမဆုံးခင် အမုံ ဖုန်းချလိုက်လေသည်။ ငုဝါနှင့် ရီလေးမာကို ရှင်းပြမနေနိုင်တော့ဘဲ မျက်ရည်စက်လက်ဖြင့် အိပ်ယာထဲဝင်ခဲ့လေသည်။

မိန်းမသားတို့၏ အဖော်သည် တစ်ခါတစ်ရံ၌ မျက်ရည် လည်း ဖြစ်နေတတ်လေသည်။

ဦးကျော်ခေါင်သာတို့ မိသားစုနှင့် ခန့်ညားတို့မိသားစု ခံယူချက်ခြင်း ကွာခြားနေပါလား။

ခန့်ညားမိသားစုကို တွေ့ချင်လာသော ဆန္ဒ ဖြစ်မိလေသည်။ သို့သော် ဤကိစ္စသည် လွယ်ကူသော ကိစ္စမဟုတ်ပေ။

အမုံ ကံကြမ္မာကို ယိုးမယ်ဖွဲ့မိသော်လည်း ခံယူချက်ကိုတော့ ပြုပြင်ပြောင်းလဲလိမ့်မည်မဟုတ်ပေ။

ခံယူချက်ပြောင်းလွဲလိုက်ပါက ကံကြမ္မာသည် ချစ်သူနှင့် နီးစပ်ရပေမည်ကိုတော့ သိနေသည်။

အမုံအတွက် အမုံဖြစ်နေခြင်းမဟုတ်။

မိသားစုအတွက် ကိုယ်ကျင့်တရားအတွက် အမုံဖြစ်နေ





ခြင်းဖြစ်ကြောင်းကို ခန့်ညားနားလည်အောင် မည်ကဲ့သို့ ရှင်းပြရမည်နည်းဟု တွေးတောရင်း အိပ်မပျော်နိုင်အောင် ဖြစ်ရသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

မိခင်နှင့်အစ်မ၏ မျက်ရည်စများကို သူ စတင်ရင်ဆိုင် လိုက်ရသည်။

"ဟာ. . သတင်းကလဲ မြန်လှချည်လား"

ခန့်ညားၶ ပြင်ဆင်ချိန်မရလိုက်အောင် ဖြစ်သွားသည်။

"မေမေမေးတာကို သား မှန်မှန်ဖြေပါ"

မိခင်က မျက်ရည်ကိုသုတ်ပြီး စိတ်ကိုထိန်းချုပ်ကာ မေ လိုက်သည်။





"သားတွဲနေတဲ့ မိန်းကလေးက စားသောက်ဆိုင်တွေမှာ ကာရာအိုကေဆိုတဲ့ဟာမျိုးဆို"

ခန့်ညား လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီးမှ. . .

"ဟူး ကော်ဖီဆိုင်မှာသီချင်းဆိုတဲ့ မိန်းကလေးဆိုရင်တော့မှန်မယ် မေမေ"

"ဘုရားရေ ဘာထူးလို့လဲ အတူတူပဲပေါ့"

"ဟုတ်ပါတယ်. . ဂီတအနုပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုတာခြင်းတော့ အတူတူပါပဲ"

မိခင်ကော အစ်မကော မျက်နှာများ ဖြူဖပ်ဖြူရော်ဖြစ်သွားရုံမက တော်တော်ကို စိတ်ထိခိုက်သွားကြပုံရသည်။ ရင်ဘတ်ကိုလက်များဖြင့်ဖိကာ အသက်ကို မနည်းရှူနေရသည့် ပုံမျိုးပေါက်နေသည်။

သူ အတော့်ကို စိတ်ပျက်လက်ပျက်ဖြစ်မိလေသည်။

လူလူချင်းအတူတူ အဆင့်အတန်း ခွဲခြားချင်ကြသောမိသားစုတို့ ပထမဦးဆုံးအကြိမ်အဖြစ် စိတ်ပျက်လက်ပျက် ဖြစ်မိခြင်းဖြစ်သည်။

"နေပါဦး မောင်လေး ညက မောင်လေး အိမ်ပြန်မအိပ်တာ သူနဲ့သွား. . . သွားနေ"

အစ်မကြီးက မပေါရဲသလို စကားကို ရပ်ပစ်လိုက်သည်။ သူ ထခုန်မတတ်ဖြစ်သွားသည်။

"မဟုတ်ပါဘူး မမတို့ ဒါတွေဘယ်ကသိသဲ၊ ကြားသလဲဆိုတာ အရင်ရှင်းပြပါဦး"

"ခု မနက်ပဲ မိန်းကလေးသံနဲ့ ဖုန်းလာတယ်"



www.burmeseclassic.com

"မိန်းကလေးသံနဲ့ဟုတ်လား ဟိုတစ်ခါက ချောက်ချတဲ့ အသံနဲ့များ ဆင်နေသေးသလား"

"အင်း. . ဆင်တယ် ထင်တယ်၊ ဘယ်မှတ်မိတော့မလဲ"

"ဒါဖြင့်. . ပြောပါဦး မေမေ ဘာပြောသဲ"

"သားဟာ စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ကောင်မလေးနဲ့ဖြစ်နေတယ်၊ အခုလဲ ပြန်မအိပ်တာ အဲဒီကောင်မလေးနောက်လိုက်သွားတာလို့ ပြောတယ်"

"သား. . ဇော်ပိုင်တို့ အိမ်မှာ အိပ်တယ်လေ"

အမှန်တော့ ဇော်ပိုင်ပင်မသိ။ ဇော်ပိုင် တိုက်ခန်းသော့ကို သူတို့အုပ်စုကို တစ်ချောင်းပေးထားသည်။ အချိန်မရွေးသွားချင် သွားနိုင်စေရန်ဟုဆိုတာ ဇော်ပိုင်က ပေးထားခြင်းဖြစ်သည်။

"ဇော်ပိုင်ဆီဆက်တော့ ဇော်ပိုင်က ရုတ်တရက် အံ့အားသင့်သွားသလိုပဲ၊ ဒါပေမယ့် သူငယ်ချင်းတွေ မဟုတ်လား၊ ချက်ချင်းပဲ လိမ်ပေးပြီး အိပ်ပါတယ် ပြန်သွားပါပြီလို့ ညာတယ် မမသိပါတယ်သားရယ် မှန်မှန်ပြောစမ်းပါ"

အခုနေအမှန်အတိုင်းပြောလိုက်လျှင် အမေနှင့်အစ်မသည် သူ့အား ယုံကြည်နိုင်ပါ့မလား၊ ကြိုတင်ပြင်ဆင်မှုတွေ မရှိသေးဘဲ အမုံနေရပ်ကိုသိသွားပါက သွားရောက်တွေ့ဆုံမှုတွေလုပ်ကာ စော်ကားလိုက်ပါက အမုံနှင့်သူ ပို၍ဝေးသွားရန်သာရှိတော့သည်။

"အမှန်ပဲလေ အလကားပါ သားအကြောင်းလဲ သိသားနဲ့ လေ့လာတုန်းပါ"

"သား ဒီလိုအဆင့်အတန်းနဲ့ မိန်းကလေးကို လေ့လာ





စရာလား ဘယ်လောက်ချောချော ဘယ်လောက်လှလှ လေ့လာစရာမလိုဘူး၊ မေမေတို့ မျိုးရိုးဂုဏ်သိက္ခာကို ထိခိုက်နစ်နာအောင် မလုပ်လိုက်ပါနဲ့"

"အဆင့်အတန်းဆိုတာကို မေမေက ချမ်းသာခြင်း ဆင်းရဲခြင်းဆိုတဲ့ပေတံနဲ့ တိုင်းတာတာကိုး သားကကိုယ်ကျင့်တရားဆိုတဲ့ ပေတံနဲ့ပဲ တိုင်းတာတယ်"

"ဘုရားရေ စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့မိန်းမဟာ ကိုယ်ကျင့်တရား ကောင်းမွန်နိုင်ပါ့မလား သားရယ်"

"လက်တောင်မှ အတိုအရှည်ရှိသေးတာပဲ ဝဲလုံးရှည်နဲ့ သိမ်းကြုံးမရိုက်လိုက်ပါနဲ့ မေမေ၊ ကိုယ်ကျင့်တရားကောင်းမွန်စွာနဲ့ စားသောက်ဆိုင်မှာ ရိုးသားစွာအလုပ်လုပ်နေတဲ့ မိန်းကလေးတွေ အများကြီးပါ"

သူ အမုံဘက်မှ မခံချင်စိတ်များဖြင့် မိခင်နှင့်အစ်မအပေါ် ဆင်ခြေတွေပေးနေမိသည်မှာ သူ၏အမှားဖြစ်သွားသည်။ မိခင်နှင့် အစ်မ၏ သသယအိမ်က ပိုမိုထုထည်ကြီးမားခိုင်ခန့်လာလေပြီ။

အစ်မယဉ်ကျေးက ခန့်ညားအား ထိုးကာနိုးဆင်နောက်ကို တစ်လှမ်းဆုတ်လိုက်သကဲ့သို့ နည်းဗျူဟာကို သုံးလိုက်သည်။

"ကဲပါအမေမေရယ်. . မောင်လေး ပြောတာလဲ ဟုတ်သားပဲ မောင်လေးက ယောကျ်ားလေးပဲ လေ့လာနေရုံဆိုရင်လဲပြီးတာပါပဲ၊ ဒါပေမယ့် မောင်လေးတစ်ယောက်တည်း လေ့လာတာထက် မမတို့ပါ ဝိုင်းလေ့လာပေးရင် မကောင်းဘူးလား ဖိုးသပြည့်"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားစဉ်းစားလိုက်သည်။ အစ်မကို အသိပေးသင့်မသင့်၊ မေမေနှင့်မမက တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်သည်။ မလွယ်ပါဘူး အမုံကလည်း စီးရီထုတ်ဖို့ လုံးပန်းနေသည်ဆိုတော့ ခုချိန်၌ သွားသွားလာလာတွေ အချိန်မှန်ချင်မှမှန်မည်။ အပေါ်ယံအမြင်အရဆိုလျှင် အသွားအလာနဲ့တင် အထင်သေးသွားနိုင်သည်။

"ကောင်းပြီလေ သားလေ့လာကြည့်လို့ သားကိုယ်တိုင်သဘောကျပြီဆိုမှ မေမေနဲ့ မမကို ဖွင့်ပြောမယ်၊ ဘယ့်နှယ်လဲသဘောတူပါတယ်နော် မေမေ့သားက မေမေတို့ မသိစေဘဲဘာမှမဟုတ်တာမလုပ်ဘူးဆိုတာ ယုံကြည်ထားလိုက်ပါဗျာ"

ခန့်ညား အချိုသတ်လိုက်သည်။

မိခင်နှင့်အစ်မကည်း သူ့အား သကာရည်ပြန်ဆမ်းသည်။

"အေးပါ သားရယ် မေမေတို့ကလဲ သားတော်ရုံမိန်းမမျိုးကိုတော့ စံထားမှာမဟုတ်ဘူး မရွေးချယ်ဘူးဆိုတာ ယုံကြည်ပြီးသားပါ"

"ဖိုးလပြည့်ဘဝကို တိမ်ညိုမဖုံးရင်ပြီးတာပါပဲ မောင်လေးရယ်"

ခန့်ညား ပင့်သက်ရှိုက်လိုက်မိသည်။

"ဘာများလဲလို့ ဘဝတစ်သက်တာ အရေးကြီးတဲ့ အိမ်ထောင်ရေးကိစ္စကို လွယ်လွယ်ကူကူနဲ့ ဘယ်ဆုံးဖြတ်မှာလဲ မေမေတို့ရယ်၊ စဉ်းစားကြည့်ပါဦး ယောကျ်ားဆိုတာ အပျော်လေးဘာလေးတော့ ရှိမှာပေါ့"





"အေး. . အေး. . မေမေ သဘောပေါက်တယ် သွားနား. . သွားနား"

အမေနှင့်အစ်မ ခန့်ညားအရိပ်အကဲကို နားလည်သဘောပေါက်ပြီးသား ဖြစ်သည်။

အစပိုင်းက အတိုက်အခံလုပ်ပြီးမှ နောက်ပိုင်းလျှော့ချသွားသည့် အဖြစ်ကို သူတို့သဘောပေါက်သကဲ့သို့ ခန့်ညားကလည်း အမုံအမည်နှင့် အမုံသီချင်းဆိုသည့် ပန်းနုရောင်ကော်ဖီဆိုင်ကိုလည်းကောင်း မှော်ဘီရှိ အမုံနေရပ်လိပ်စာကိုလည်းကောင်း မသိဖို့ဘဲ အရေးကြီးလေသည်။

အမေနှင့် အစ်မသည် ဗိုင်းကောင်းကျောက်ဖိ နေထိုင်ကြသူများဖြစ်သည်ကတစ်ကြောင်း ညနေနေဝင်ချုပ်စ ရောက်သည်နှင့် အိမ်ပြင်ထွက်ရန် ဝင်လေးကြသူများဖြစ်သည်နှင့်အညီညဘက်စားသောက်ဆိုင်၌ သီချင်းဆိုရဲသော မိန်းကလေးများအပေါ် အထင်မကြီးကြခြင်းမှာ အဆန်းတော့ မဟုတ်ပေ။

မမကတော့ တက္ကသိုလ်မှ ဆရာမတစ်ဦးဖြစ်သည့်အတွက် အမေထက်စာလျှင်တော့ ညှိနှိုင်းရပြေလည်လိမ့်မည်ထင်သည်။ အချိန်က မရှိ။

ဦးကျော်ခေါင်သာ ဆိုသောပုဂ္ဂိုလ်ကလည်း အလုပ်အကိုင်၌ ထိပ်ဆုံးကပြေးနေရုံမက အိမ်ထောင်ရေး၌လည်း အလှဆုံးအချောဆုံး လိမ္မာရေးခြားအရှိဆုံးနှင့် ခေတ်နှင့်အညီလည်း ရင်ပေါင်တန်းနိုင်သော မိန်းကလေးကိုမှ မြင်တတ်ရွေးချယ်တတ်လေသည်။

ကျန်လူများကို မမှု၊ အရေးမစိုက်၊ စိန်ခေါ်ရဲသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခေါင်သာကိုတော့ လန့်သည်။ သူငယ်ချင်းတွေနှင့် တိုင်ပင်မှုဖြစ်မည်။

ပီတာထံ ဖုန်းဆက်လိုက်သည်။

“ဟဲလို”

“ပီတာ. . ငါ ဖိုးလပြည့်လေ မေမေနဲ့ မမ အမှုကိစ္စကို အရိပ်အမြွက်တော့ သိနေပြီကွ၊ ငါ့ကို အစ်အောက်လို့ မနည်းရုန်းထွက်နေရတယ်”

“ဟုတ်လား ဘယ်သူ့လက်ချက်လဲ”

“မိန်းမတစ်ယောက် ဖုန်းဆက်သတင်းပေးတာတဲ့ မနေ့ကငါ ပြန်မအိပ်တဲ့ကိစ္စလဲ သိတယ်’

“ဗွေ့ခါ မင်းက ဘယ်များသွားအိပ်လို့လဲ”

သူငယ်ချင်းတွေကို ဘယ်သူမှအသိမပေးဘဲ ဇော်ပိုင်တိုက်ခန်း၌ သွားအိပ်ပြီး အမှုကို စိတ်မချစွာစောင့်ကြည့်ခြင်းဖြစ်ကြောင်း ပြောပြတော့. . .

“ပိုင်ကြီးတို့မှ မင်းနဲ့အမှုအကြောင်းမသိဘဲ သူတို့ကတော့ သတင်းပေးခိုင်းမှာ မဟုတ်ဘူး”

“ငါ ခဲသေအုပ်စုကို ယုံကြည်ပြီးသားပါ၊ ဒါပေမယ့် ရဝေကိုတော့ မယုံဘူး”

“ဟင်. . သူ့ကိစ္စက ပြီးသွားပြီပဲ”

“ပြီးမယ်မထင်ဘူး ဆင်နဲ့မိန်းမတွေဟာ သူတို့ကို အနာရလုပ်ထားတဲ့သူတွေကို ဘယ်တော့မှမမေ့တတ်ဘူး၊ ရဝေ ငါ့နောက်ကို ရှဲဒိုးလုပ်ပြီး ကလိလိုက်ပြီလို့ ထင်တာပဲ”

“အင်း ဒါလဲဖြစ်နိုင်တယ် ဒါဆိုရင် မင်း အနေအထိုင်





အသွားအလာ ဆင်ခြင်တော့ပေါ့ကွာ”

“ဆင်ခြင်လို့မဖြစ်ဘူး အခြေအနေက နောက်ကျသွားတာနဲ့ ကျန်ရစ်မင်းသားဖြစ်ဖို့ ကျိန်းသေနေပြီ”

“ဘာဖြစ်လို့လဲကွ”

ပီတာကို သူသိသမျှ ရင်ဖွင့်ရလေသည်။ သူ့ထံမှ ဖြစ်ကြောင်းကုန်စင် ဆုံးလေတော့ ပီတာက. . .

“ဒါဆိုရင် အဖွဲ့ကိုတင်ပြပြီး ဆုံးဖြတ်ချက်ကိုယူ လှုပ်ရှားမှဖြစ်တော့မယ် ဘယ်မှာစုစည်းကြမလဲ”

“ဇော်ပိုင်တို့တိုက်ခန်းပဲ ကောင်းတယ်”

“အေး. . ငါ ဆက်သွယ်လိုက်မယ် မင်းသာ အိမ်ကနေယုတ္တိရှိရှိ ဆင်ခြေတစ်ခုပေးပြီး ထွက်လာခဲ့ပေတော့ ဒါပဲလား”

“အေး”

ခန့်ညားရင်ထဲ အတန်ငယ်ပေါ့သွားသည်။

‘မမလေးကို မောင်ခိုးဖို့ လူဆိုးတွေနှင့် မောင်တိုင်ပင်’ ရသောကိန်း ဆိုက်ရောက်ရလေပြီ။

သို့အတွက်. . .

ခန့်ညာ အချစ်ရေးသည် ခရီးတစ်ဝက်သို့ မရောက်နိုင်ခင်မှာပင် တစ်ဖန်ရှုံးနိမ့်ရပြန်လေသည်ဖြစ်ကြောင်း ခန့်ညားသာ ကြိုတင်သိရှိလိုက်မည်ဆိုပါက. . .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

အမုံအတွက် သီချင်းသွင်းနိုင်ရန် ဦးကျော်ခေါင်သာ ကြိုးပမ်းနေချိန်၌ ဒေါ်ယဉ်ကျေးကလည်း မောင်ဖြစ်သူမသိစေဘဲ အမုံဆိုသော မိန်းကလေး၏ အခြေအနေကို လေ့လာစုံစမ်းနေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် အမုံဟူသောအမည် ပန်းနုရောင်ကဖီးဆိုင် မော်ဘီအိမ်ဟူသောခန့်ညားနူတ်မှ ပီတာကို ရှင်းပြချက်များကို အခြေခံမိသဖြင့် ဒေါ်ယဉ်ကျေးအတွက်





သဲလွန်စတွေ့ရနေပြီ ဖြစ်သော်လည်း ဘယ်ကဲ့သို့ ခြေရာခံရမှန်းကို မသိအောင် ဖြစ်နေသည်။

အမုံအခြေအနေကို စုံစမ်းပြီးမှ မိဘများကို အသိပေးရန်စဉ်းစားလိုက်မိသည်။ ခန့်ညားသူငယ်ချင်းများကတော့ အားကိုးရလိမ့်မည်မဟုတ်။ သူ၏ သူငယ်ချင်းဘက်က ဖုံးဖိကာကွယ်ပေးပေလိမ့်မည်။

"မမဒေါ်ယဉ်ကျေးလား ကျွန်မ ခန့်ညားသူငယ်ချင်း ရဝေပါ"

မျှော်လင့်တုန်း ကြော့ဆုံး ရောက်လာချေပြီ။ မမျှော်လင့်ဘဲ မိမိဌာနသို့ ရောက်လာသော မိန်းမချောလေးတစ်ဦးကြောင့် ဒေါ်ယဉ်ကျေးက ထခုန်မိမတတ် ဝမ်းသာသွားလေသည်။

သည်နာမည် မောင်လေးထံမှ ကြားဖူးပြီးသားဖြစ်သည်။

"ဟုတ်ပြီ. . ညီမလေး ဘာ အကူအညီပေးရမလဲ"

"မမ အချိန်ရလား အချိန်ရရင် ကျွန်မ မမကို အကူအညီပေးချင်လို့ပါ"

ဒေါ်ယဉ်ကျေး တွက်ဆပြီးသား။ ခန့်ညားနှင့်ပတ်သက်သော သတင်းကလွဲ၍ အခြားမဟုတ်နိုင်ပြီ။

"ကောင်းပြီ. . ခဏ စောင့်နိုင်မလား၊ မမ ဌာနမှူးဆီ ခွင့်တောင်းပြီး ခဏလိုက်ခဲ့ပေးမယ်"

မောင်ဇောကပ်နေ၍ တစ်ခါမှကိုယ်ရေးကိုယ်တာအတွက် အလုပ်ချိန်တွင် အပြင်မထွက်ဖူးသော ဒေါ်ယဉ်ကျေး



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ရပေပြီ။

ရဝေက ကားကို ကိုယ်တိုင်မောင်းလေပြီ။ မောင်လေးက ပညာပေးလိုက်ခြင်းကြောင့် ထင်သည်။ ဒရိုင်ဘာကိုပင် မသုံးတော့ပါလား။

"မမ ဆန္ဒရှိမယ်ဆိုရင် အမုံရဲ့အိမ်ကို တစ်ခါတည်းသွားလို့ရပါတယ်"

"ဟင်"

ဒေါ်ယဉ်ကျေး လန့်သွားလေသည်။

"အန်တီကိုတောင်. . ကျွန်မ ဖုန်းနဲ့ပဲ လိပ်စာပေးထားလိုက်တယ်"

"အို ဟုတ်လား. . မမကို အရင် ဆက်သွယ်ပါဦးလားကွယ် ညီမရယ်၊ မေမေက စိတ်မြန်ကိုယ်မြန်နဲ့များ ထွက်သွားပြီလား မသိဘူး၊ ညီမ ဘယ်အချိန်က ဆက်လိုက်တာလဲ"

"ကြာပြီ. . ဆယ်နာရီလောက်က"

ဒေါ်ယဉ်ကျေး နာရီကြည့်လိုက်တော့ တစ်နာရီဖြစ်နေသည်။

"ဒါဖြင့် သွားလိုက်ရအောင်လား"

ရဝေက အောင်နိုင်သူ၏ အပြုံးမျိုး ပြုံးလိုက်သည်ကို ဒေါ်ယဉ်ကျေးတွေ့လိုက်သည်။ မစားရသည့်အမဲ သဲနှင့်ပက်သည့်အလုပ်မျိုးလုပ်သည့် ရဝေလိုမိန်းကလေးမျိုးကို မောင်လေးစွန့်ပစ်ခဲ့ခြင်းအတွက် မှန်သည်ဟု ထင်သည်။

အမှန်တော့ ဒေါ်ယဉ်ကျေး၌လည်း သည်လိုကိစ္စမျိုးအတွေ့အကြုံ လုံးဝမရှိချေ။ မိမိကိုယ်တိုင် တက္ကသိုလ်၌ လက်





ထောက်ကထိကရာထူး ရထားသည့်တိုင်အောင် အိမ်၌ကလေးတစ်ယောက်လိုပင် အစစအရာရာ မိဘစိတ်တိုင်းကျကို ခေါင်းညိတ်နေထိုင် သူသာဖြစ်သည်။

"ရဝေရော ကျောင်းတက်သလား"

"ဟုတ်ကဲ့ စက္ကင်းအမ်စီပါ"

"ဪ"

ပညာအရည်အချင်းကတော့ မဆိုးပါဘူး။ ချမ်းသာလွန်းတော့လည်း ဘော်ကျော့နေထိုင်ခြင်းလည်းဖြစ်ပေမည်။ မိဘများကလည်း ပညာတော်သော သားသမီးကို မြှောက်ထားတတ်သည့် ထုံးစံမျိုးဖြစ်၍ ဘဝင်မြင့်ကာ လူမှုဆက်ဆံရေးပါ ရိုင်းပျနေခြင်းလည်း ဖြစ်ကောင်းဖြစ်ပေမည်။

ဒေါ်ယဉ်ကျေး လိုက်လာပြီးမှ ဘုရားတမိသည်။ ရဝေသဘောထားမှုဟုတ်ရဲ့လား ခန့်ညားအပေါ် မကျေနပ်စိတ်ဖြင့် မိမိအပေါ် မကျေနပ်စိတ် အကောက်ကြံခြင်းဆိုပါက. .

"ညီမလေး"

"ဘာလဲမမ"

"မမကို အိမ်ပဲပြန်ပို့ပေးပါလား မေမေတို့ သွားပြီးမပြီးကို မမအရင်သိချင်တယ် ပြီးမှ မေမေတို့နဲ့ တိုင်ပင်ပြီး ဆောင်ရွက်ရင်ကောင်းမယ် ထင်တယ်"

ရဝေပြုံးလိုက်ပြီး. . .

"မမက ကျွန်မကို မယုံလို့လား"

ဟု ခနိုးခနဲ့ မေးလိုက်သည်။

ဒေါ်ယဉ်ကျေးက ပြာပြာသလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်ရပါဘူး ညီမရယ်၊ မမကိုယ်တိုင် သည်အရွယ်အထိ မိဘမသိဘဲ ဘာမှမလုပ်ဖူးလို့ပါ၊ ကဲပါ ကျေးဇူးပြုပြီး မမကိုအိမ်ပဲ ပြန်ပို့ပေးပါတော့"

"ကောင်းပြီလေ ကျန်မတာဝန်ကျေပြီနော် ကျွန်မ ကူညီခြင်းဟာ ဒါနောက်ဆုံးပဲ၊ အဲ. . တစ်ခုတော့ ပြောရဦးမယ် အဲသည်မိန်းမလည်မက ပန်းနုရောင်ပိုင်ရှင်ကို အမိဖမ်းဖို့ ကြိုးစားနေတဲ့အတွက် မမမောင်မျှောက်မီးခဲကိုင်မိသလို ဖြစ်နေတယ် ဘယ်နည်းနဲ့ကြိုးပမ်းမယ်တော့ ကျွန်မလဲ မသိဘူး၊ ဒါပေမယ့် ရုံးရောက်ဂတ်ရောက်တွေဖြစ်ရင် အင်မတန်မှ မျိုးရိုးဂုဏ်သိက္ခာကို ထိန်းသိမ်းတဲ့ မမတို့မိသားစု အရှက်တကွဲ အကျိုးနည်းဖြစ်မှာကို စိုးရိမ်လို့ သတိပေးတာပါ"

"အေးကွယ် ကျေးဇူးတင်ပါတယ် မဖြစ်သင့်တာတွေ မဖြစ်ရအောင် တားဆီးပေးရမှာက မမတို့ ဝတ္တရားပဲ၊ ဒါမှ မရတော့လဲ သဗ္ဗေသတ္တာ ကမ္မသကာပေါ့ ညီမရယ်. . "

ဒေါ်ယဉ်ကျေးက သူ့ထုံးစံအတိုင်း ကံကို လွှဲချကာ ငြိမ်းချမ်းမှုကို ရယူလိုက်လေသည်။

ရဝေ အိမ်သို့ ပြန်ပို့ပြီးနောက် နှုတ်ဆက်ထွက်သွားလေသည်။

အော်. . . အချို့မိန်းမသားတို့ အငြိုးအတေးသည် ကြောက်လန့်ဖွယ်ရာ ကောင်းလွန်းလှပါတကား။ ဒေါ်ယဉ်ကျေး အိမ်ပေါ်ပြေးတက်ပြီး အဖော်မိန်းကလေးများကို အမောတကော မေးရသည်။

"မေမေရော"





"အပြင်သွားပါတယ်"

"ဘယ်သူနဲ့လဲ"

"ဘဘကြီးနဲ့ပါ"

ဖခင် ပါသွားသည်ဆိုတော့ ဒေါ်ယဉ်ကျေး သက်ပြင်းချလိုက်နိုင်သည်။ သို့သော် ပူပန်မှုက မဆုံးသေးပါ။

"ဘယ်အချိန်က သွားတာလဲ"

"ဆယ့်တစ်နာရီ ကျော်ကျော်လောက်ကပါ"

"အေးအေး. . ပြီးရော"

ပြန်ရောက်ချိန် နီးပြီပေါ့၊ လိုက်သွားလျှင်လည်း လွဲရုံသာရှိသည်။ ဌာနသို့ ဖုန်းဆက်ကာ နေ့တစ်ဝက် ခွင့်လှမ်းတင်လိုက်ရလေသည်။ အော်. . တစ်ဦးတည်းသော မောင်လေးအတွက် အပူက မသေးလှပါတကား။ ဖေဖေနဲ့မေမေ ဘာတွေများ သွားပြောကြပါလိမ့်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

"အမုံနဲ့ တွေ့ချင်လို့ပါ"

မျက်နှာထား ခပ်တည်တည်နှင့် အိမ်ပေါ်တက်လာသော အမျိုးသမီးကြီးနှစ်ဦး။ နောက်မှ . . အမျိုးသားကြီးနှစ်ဦးကြောင့် အမုံအတော် အံ့အားသင့်သွားသည်။

အမုံ သည်နေ့နားရက်ဖြစ်သော်လည်း ညဘက် အသံသွင်းစရာရှိသဖြင့် အေးဆေးစွာပင် အနားယူနေခြင်း ဖြစ်သည်။ ညနေမှ ဦးကျော်ခေါင်သာက ကားလွှတ်ကြိုခိုင်းမည်ဟု ပြော





သည်။ အမေတို့ကို အကျိုးအကြောင်းပြောပြရင်း ပထမဦးဆုံး အသံသွင်းမည်လည်းဖြစ်သဖြင့် မိခင်နှင့် အဘွားကို ကန်တော့သွားချင်သေးသည်။ ထို့ကြောင့် အမုံ ပြန်ခဲ့ခြင်းဖြစ်သည်။

ထမင်းစားပြီး ခဏတဖြုတ်စာဖတ်နေစဉ် ဧည့်သည်တွေရောက်လာခြင်းဖြစ်သည်။ စီးလာသောကား၊ ဝတ်ဆင်မြန်းထားသော စိန်ရွှေရတနာများကိုကြည့်ခြင်းအားဖြင့် သူဌေးတွေဟု သိလိုက်သည်။

"ဟုတ်ကဲ့ ကျွန်မအမုံပါ၊ ဘာကိစ္စများ ရှိပါသလဲရှင်"

အဘွားက တရားခွေလေးကို တိုးတိုးဖွင့်နားထောင်နေရာမှ ခလုတ်ကိုစမ်းကာ လှမ်းပိတ်လိုက်လေသည် ထင်သည်။ အသံပျောက်သွားလေသည်။

"တို့များက ခန့်ညားရဲ့ မိခင်၊ သူက ဖခင်၊ ဒါက ဘကြီးနဲ့ကြီးတော်ပဲ၊ ခန့်ညားကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးချင်လို့ လာခဲ့တာပဲ"

ဆွေးနွေးချင်တယ် ဆိုကတည်းက. . လာခြင်းကောင်းကောင်းနှင့်လာခြင်း မဟုတ်ကြောင်း သိသာလေပြီ။

အမုံက. . .

"ဟုတ်ကဲ့ ကြွပါ. . ထိုင်ပါရှင်၊ အမေ ဧည့်သည့်လာပါတယ်"

အိမ်ရှင်ထုံးစံအရတော့ ဧည့်ဝတ်ပြုရပေဦးမည်။ မိခင်ကို လှမ်းအသံပြုလိုက်သည်။

"အမုံ အဘွားပါ. . မျက်စိမမြင်ပါဘူး၊ ဒါကအမေပါ၊ အမေ ခန့်ညားရဲ့မိဘနဲ့ ဘကြီးနဲ့ကြီးတော်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ လာရင်းကိစ္စကိုသာ အမိန့်ရှိပါရှင်"

အမေမျက်နှာက အေးဆေးတည်ငြိမ်နေသည်။ သူ့ မျက်နှာခက်ထန်နေမှတော့ အမေကလည်း ပြုံးကာ မျက်နှာ သွေးလိမ့်မည် မဟုတ်ကြောင်း အမုံက မိခင်စိတ်ကို နားလည် သားဖြစ်လေသည်။

အမုံတို့ကိုယ်တိုင်လည်း ဘာမှမဟုတ်တာ မလုပ်ကြ ဘဲ။

သို့သော် အမုံကတော့ နှလုံးသားအလိုဆန္ဒအရ လင့်ချက်ကလေးက မဝံ့မရဲ ရှင်သန်နေဆဲဖြစ်သည်။ သူ ပ ၍ မိဘတွေက လာရောက်နားဖောက်လေသလားဟု။

"လာရင်းအကြောင်းရင်းကတော့ ရှင်းပါတယ်၊ ဒေါ်အ ညို ကျွန်မတို့ မျိုးရိုးမိသားစုက. . ."

မဟာသာကီဝင် မင်းမျိုးမင်းနွယ် အဆက်ဆက်မှ ဆ သက်လာပုံကို ငြိကာချဲ့ပြလေသည်။

"ဟုတ်ကဲ့ အတိတ်ကရာဇဝင်တွေကို ကျွန်မ သိပ်စိ မဝင်စားဘူး၊ နားလည်းမလည်ဘူးလေ၊ ကျွန်မသိချင်တာ ရင်းကိစ္စပါပဲ၊ ကျွန်မတို့ လူပိန်းနားလည်လွယ်တဲ့စကားပဲ ပါလား"

အမေ၏ ပြတ်သားသောစကားကြောင့် အမုံပင် သည်များကို အားနာရသည်။

လာခြင်းကောင်းသော ဧည့်သည်များ မဟုတ်တာ ပါးစပ်ဟလိုက်ရုံဖြင့် သိသာနေပြီ။ သို့သော် သူ့မျက်နှာ အမုံစိတ်ထဲ ပြေလည်စေချင်သည်။





"ကောင်းပြီလေ၊ ဒေါ်အညိုတို့ဘက်က ပြတ်သားစွာ တောင်းဆိုလာမှတော့ ကျွန်တော်တို့ဘက်ကလဲ ပြတ်သားစွာပဲ ပြောပါရစေတော့"

သူ့ဘကြီးက သွယ်ဝိုက်မနေဘဲ ပြောလိုက်လေသည်။

"ကျွန်တော့်တူ ဖိုးလပြည့်နဲ့ ဒေါ်အညိုသမီးတို့ရဲ့ ဆက် ဆံရေးကို သာမန်မိတ်ဆွေသူငယ်ချင်းအဆင့်ထက် ကျော်သွား မှာစိုးရိမ်လို့ လာရောက်အသိပေးတဲ့သဘောပါ"

ပညာတတ်များပီပီ စကားလှအောင် သိုင်းဝိုင်းပြောဆို သည်။ အမေက အသံထွက်အောင်ပင် လှပစွာတစ်ချက် ရယ် မောလိုက်သည်။

အမေ့ကိုကြည့်လျှင် သာမန် တောသူတောင်သား ရိုးရိုး မှာရှိသည်။ သို့သော် မတရားအနိုင်ကျင့်၍ကတော့ ကြက် ခေါင်းဆိတ်မခံ ဇတ်ဇတ်ကျဲ ဖြစ်သည်။

"အခုလို လာရောက်အသိပေးတာကိုပဲ ကျွန်မက ကျေး ဇူးတင်နေရတာ၊ ကျွန်မဘက်ကလဲ အသိပေးချင်နေတာနဲ့ အ တော်ပဲ ဖြစ်သွားတယ်၊ မိန်းမသားတွေချည်းနေတဲ့အိမ်ကို ရွယ် တူသူစိမ်းယောကျ်ားလေး အဝင်အထွက်ရှိတာကြောင့် ကြာရင် ကျွန်မတို့ ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးရတယ်လေ၊ ဒါကြောင့်. . လူကြီးမင်းတို့ ရောက်လာတာနဲ့ အတော်ပါပဲ၊ ရှင်တို့ သားကို ရှင်တို့ နိုင်အောင်ထိန်းကြဖို့ပါပဲ"

"ဒါကတော့ မြှောင်းဖောက်ထားရင် ရေစီးလာမယ့် သဘောကလဲရှိနေတော့. . ဒေါ်အညိုတို့ဘက်ကလဲ မြောင်းမ ဖောက်ဖို့ လိုမယ်ထင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူမိခင်ကလည်း သားဖောကပ်၍ သမီးချင်း စာနာ
စိတ်ပျောက်ကွယ်သွားပြီ ထင်ပါသည်။ အမုံက အဘွား၏ အေး
စက်နေသော လက်ကိုသာ ဆုပ်နယ်အားပေးလိုက်သည်။

အမုံဟာ အကောင်းအဆိုးကို ဝေခွဲတတ်သူဖြစ်ကြောင်း
အဘွားနဲ့အမေ နားလည်မှာပါ။

"ကဲပါ. . လာရင်းနဲ့ပြောချင်တာက သားကို ဒေါ်အည
သမီးနဲ့ သဘောမတူနိုင်ပါဘူး၊ ယောက်ျားလေးဆိုတော့ ထိန်း
သိမ်းရအတော်ခက်တယ်၊ သည်ဘက်က လက်ခံရင် လာနေ
မယ်၊ လက်မခံပေးဖို့ပါ"

အမေက. . .

"သည်အိမ်ကိုလာရင် လက်မခံဖို့ ကျွန်မတာဝန် ယူ
တယ်၊ အိမ်မှမဟုတ်ဘူး ရပ်ကွက်ထဲကိုအဝင်မခံဖို့တောင် ကျွန်
တာဝန်ယူနိုင်ပါတယ်၊ ကျွန်မတို့ရပ်ကွက်က မြန်မာဆန်တယ
ကိုယ့်ရပ်ကွက်သူရပ်ကွက်သားကို စော်ကားတယ်ထင်ရင်၊ ငါ
ခိုက်နစ်နာတယ်ထင်ရင် ရွာထိပ်ကတောင် ဝင်ခွင့်ပေးမှာ မဟုတ်
ပါဘူး"

အမေ၏ ပြတ်သားသောစကားက သူမိခင်နှင့် ကြ
တော်မျက်နှာပျက်သွားသည်။

"ဒါပေမယ့် ကျွန်မသမီးက တစ်ပတ်မှာတစ်ရက်ပဲ အိမ်
ပြန်လာတဲ့သူ၊ သူ့ဘာသာသူ ရန်ကုန်မှာ မိသားစုအတွက် အလု
သွားလုပ်နေတဲ့ သူပဲ၊ ကျွန်မတို့ မျက်ကွယ်ကိစ္စဟာ ရှင်တို့
ပိုပြီးတာဝန်ရှိနေပြီ၊ ရှင့်သားကို ကျွန်မ သမီးအလုပ်လုပ်တဲ့ဆီ
ပါ မလာအောင် ထိန်းသိမ်းပေးနိုင်မယ်ဆိုရင် ကျွန်မက ပိုတော





ကျေးဇူးတင်ရဦးမှာပါ"

"စိတ်ချပါလေ လူလာဖို့ ဧည့်များဖို့ဖိတ်ခေါ်ရတဲ့ ရှင့်
သမီးနားမှာ ပိုးဖလံမဖြစ်ဖို့ ကျွန်မတူကို သတိပေးတားဆီးလိုက်
ပါ့မယ်၊ ဒါမှ ပိုစိတ်ချချင်တယ်ဆိုရင် ရှင်တို့ဘက်ကလဲ ကူညီ
နိုင်မယ်ဆိုရင် ကျွန်မတို့ကို တစ်ခုကူညီလို့ရပါသေးတယ်"

အမုံ နာကျည်းစိတ်ကြောင့် လက်ဖျားခြေဖျားများပင်
အေးစက်လာသည်။ အမုံ၏ ရိုးသားစွာ လုပ်ကိုင်နေသောအ
လုပ်အပေါ် အထင်သေးစွာ ရှုတ်ချခြင်းခံလိုက်ရလေပြီ။

အမေက မျက်နှာတစ်ချက်မပျက် ခပ်တင်းတင်းပင်
သား သမီးဖောကပ် ထိပါးလာလျှင် အသက်နှင့်လဲမည့်ပုံမျိုး။

"အမေရယ် အမုံအသည်းပျော့လို့ အမေတို့ ခုလို သော
ကဖြစ်ရတာပါ အမုံ လိမ္မာပါ့မယ်"

ဟု စိတ်ထဲကြိတ်၍ ကတိပေးနေမိသည်။

"ကလေးမကို အလုပ်မလုပ်ဘဲ တစ်နှစ်လောက် ရှောင်
ပေးဖို့ပါပဲ၊ အဲသည်ကာလအတွက် မိသားစုအားလုံးရဲ့ စားဝတ်
နေရေးလုံလောက်စေတဲ့အပြင် ပိုလျှံပြီး တစ်သက်တာ အတွက်
ပါ အထောက်အကူရစေမယ့် အရင်းအနှီးထုတ်ပေးပါ့မယ်"

"အဟင်းဟင်း. . ဒါမဟာသာကီနွယ်တို့ရဲ့ မြင့်မြတ်တဲ့
လုပ်ရပ်လားဟင်၊ ရိုးသားစွာတတ်တဲ့ပညာနဲ့ အသက်မွေးနေတဲ့
သူတွေအပေါ် မြင့်မြတ်စွာ ချိုးမြှင့်ခြင်းလားဟင်၊ သည်မှာ ရှင်တို့
ဘယ်လောက်ပေးနိုင်မလဲ"

"သိန်းတစ်ရာ"

"အော် အော် ရှင်တို့သားက သိန်းတစ်ရာပဲ တန်တို့



www.burmeseclassic.com

www.burmeseclassic.com



သိန်းတစ်ရာနဲ့ လာဟန့်တားတဲ့သဘောပေါ့နော်၊ သည်မှာ ကျွန်မသမီးက ရှင့်တို့သားထက် အများကြီး တန်ဖိုးရှိတယ်၊ သိန်းတစ်ရာ မပြောနဲ့ပ သိန်းသန်းကုဋေပေါင်းများစွာပဲ ပေးပေး၊ ကျွန်မတို့ ရှင်တို့စကားကို လက်မခံနိုင်ဘူး။ ကျွန်မသမီး သူ့ရဲ့အတတ်ပညာနဲ့ ရိုးသားစွာရှာဖွေတဲ့ပိုက်ဆံနဲ့ ဘာနဲ့မှ မလဲလှယ်နိုင်ဘူး။ ရှင်တို့သားကိုရှင်တို့ နိုင်အောင်ထိန်းပါ။ ကျွန်မသမီးကို ကျွန်မ နိုင်ပါတယ်။ မိကောင်းဖခင်သားသမီးပီသစွာနဲ့ ကတိတစ်ခုပေးလိုက်စမ်းပါ သမီး"

အမုံ ရုတ်တရက် အံ့အားသင့်သွားသည်။ အဘွားက အမုံ လက်ကို ဖျစ်ညှစ်ကာ

"မြေးကြီး အမုံစိတ်ထဲရှိတာကို ရဲရဲတင်းတင်းပြောချလိုက်ပါ၊ ဘာမှ ကြောက်စရာ မလိုဘူး။ မြေးစိတ်ထဲရှိတာကို ပြောပိုင်ခွင့်ရှိတယ်"

အမုံသည် ဒေါ်အညိုသမီးပေပဲ၊ သတ္တိ မနည်းပါ။ ထို့ကြောင့်

"စိတ်ချပါ လူကြီးမင်းတို့၊ အမုံ ခန့်ညားကို ဘယ်တော့မှ လက်ခံမှာ မဟုတ်ပါဘူး။ ကမ္ဘာမှာ အမုံ လက်ထပ်ရမယ့်လူဟာ ခန့်ညား တစ်ယောက်ပဲ ကျန်တော့ပါစေ အမုံ လက်မထပ်ပါဘူး။ စိတ်ချပါ နှစ်ဖက်မိဘ သဘောတူတဲ့လူမျိုးကို ပဲ အမုံကြည်ဖြူမှာပါ"

"ကိုင်း ကြားကြပြီနော်၊ ရှင်တို့ပြန်ကြတော့ ကျွန်မသည်းခံနိုင်တဲ့အတိုင်းအတာ ကုန်ဆုံးသွားပါပြီ"

ပြောပြောဆိုဆို အမေက ထကာ အိမ်ထဲ ဝင်သွားလေ





သည်။ ဧည့်သည်တို့ထကြစဉ်မှာပင် အမေအသံက ဟိန်းနေအောင်ထွက်ပေါ်လာသည်။

"ဟဲ့ ဘတုတ်တို့ မောင်ထွေးတို့ ကားထွက်သွားတာနဲ့ ခြံတံခါးကို အလုံပိတ်သော့ခတ်လိုက်တော့ ခြံထဲ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် မဝင်စေနဲ့ ငါဖွင့်ဆိုမှ ဖွင့်ပေးရမယ်ကြားလား"

ရိုးသားသူ တောသူမကြီးက ဂုဏ်သိက္ခာကို ထိလိုက်လာတော့ ကြမ်းပြလေပြီ။

သူတို့ဘာမှ မပြောသာဘဲ ကားကို ဝူးခနဲမောင်းထွက်သွားလေသည်။ အမုံအောက်နှုတ်ခမ်းကို တင်းတင်းကိုက်ကာ တဆတ်ဆတ်တုန်နေသော လက်နှစ်ဖက်ကို ငြိမ်သက်သွားစေရန် လက်သီးကို ခပ်တင်းတင်းဆုပ်ထားလိုက်မိသည်။

နှလုံးသားပေါ်သို့ ဖူးငုံနေသော အချစ်ပန်းလေး မပွင့်လန်းခင်မှာပင် နာကျည်းမှုအဆိပ်ရည် လောင်မြိုက်သွားခြင်း ခံလိုက်ရလေပြီဟု. . . .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

ကံဆိုးခြင်းသည် အပေါင်းအဖော်နှင့်တကွ သူ့ထံသို့ စုပြုံရောက်လာလေပြီဟု ခန့်ညား သိလိုက်ရသည်။

ညနေက ထမင်းစားသောက်ပြီး အပြင်ထွက်ဟန် ပြင်ဆင်စဉ် ဘခင်က. . .

"ဖိုးလပြည့် ဘယ်လဲ"

"သူငယ်ချင်းတွေနဲ့ တစ်ခုခုသွားသောက်ရင်း စကားပြောမလို့"





"အေး. . သည်အချိန် သည်အရွယ်မျိုးဟာ သည်လိုပဲ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး သွားလာစားသောက်ကြတယ်၊ ဖေဖေ မင်းအရွယ်တုန်းကလဲ သည်အတိုင်းပဲ၊ ဒါပေမယ့် မိဘတွေရဲ့ ဂုဏ်သိက္ခာကို ကျဆင်းစေမဲ့အလုပ်၊ မိဘစိတ်ဆင်းရဲရမယ့်အလုပ်၊ မိဘမကြိုက်တဲ့အလုပ်မျိုး ဘာတစ်ခုမှခိုးကြောင်ခိုးဝှက်မလုပ်ခဲ့ဘူး ဖိုးလပြည့်"

"သားက ဘာလုပ်နေလို့လဲ"

"ဒါကတော့ မင်းကိုယ်မင်းပဲ အသိဆုံးနေမှာပေါ့. . ဖေဖေတို့က ဘမျိုးဘိုးတူပဲ သားသမီးကို ချစ်ပြီး အလိုလိုက်တဲ့နေရာမှာလဲ နှစ်ယောက်မရှိသလို မိဘသဘောမတူတဲ့ အလုပ်မျိုးကိုလုပ်လို့ကတော့ လက်မ,မကောင်းလက်မ ခြေမ,မကောင်းခြေမပဲ သေခန်းပြတ် စွန့်လွှတ်လိုက်မှာပဲ"

သူစိတ်တွေ အရမ်းညစ်ထပ်သွားခဲ့သည်။

အမုံက ဖုန်းမကိုင် တိုက်ခန်းသွားတော့လည်း ဖွင့်မပေးကြ၊ လျှပ်စစ်ခေါင်းလောင်းခလုတ်ကို ဘယ်လောက်နှိပ်နှိပ် ထွက်မလာ၊ ကြာတော့ လှေခါးအတက်အဆင်းမှလူတွေ ကွက်ကြည့်ကွက်ကြည့်ကို ရှက်ကာ သူပြန်ခဲ့ရသည်။

အမုံရဲ့ သံယောဇဉ်မျက်ဝန်းကို တွေ့မြင်ခဲ့ရပါလျက် သွေဖယ်စိမ်းကားသွားခြင်းကို လုံးဝမယုံကြည်နိုင်အောင် ဖြစ်ရသည်။

ခု ပန်းနုရောင်သို့ရောက်ရောက်ခြင်း သူငယ်ချင်းများကို ဖွင့်ဟ၍ အခြေအနေအရပ်ရပ်ကို တင်ပြရသည်။

"ခိုးပြေးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်ထွဋ်က အကြံပေးသည်။

ပီတာက. . .

"ခိုးပြေးတယ်ဆိုတာ နှစ်ဦးသဘောတူမှ ဖြစ်တာ အမုံဘက်က မီးနီပြနေပါတယ်ဆိုမှ ဖြစ်ပါ့မလား"

"ခိုးပြေးရင် အမွေပြတ်မယ်ဆိုကွ၊ မင်းကားဝယ်ရောင်းနဲ့ အမုံအလုပ်နဲ့ဆိုလဲ မဆိုးပါဘူး"

ဇော်ပိုင်ကလဲ အားပေးသည်။

စိုင်းညီညီက. . .

"အ. . အမုံရဲ့ သ. . သဘောတူညီချက်ကို မင်း. . မင်းရအောင် အ. . အရင် ကြိုး. . ကြိုးပမ်းပါဦး"

ထိုစဉ် အမုံထံ ပန်းမှန်မှန်ရောက်အောင် ပေးပို့ဆောင်ရွက်ပေးနေကျ မောင်စော ရောက်လာပြီး. . .

ငွေများနှင့် စာရင်းစာရွက်တစ်ရွက်ကို လာပေးလေသည်။

"ဘာလဲ"

"အမုံ့ ခုလိုကြိုတင်အစီအစဉ်နဲ့ ပန်းဆက်ခြင်းကို လက်မခံနိုင်တော့ပါဘူးလို့ ဆိုင်ရှင်ကိုတင်ပြအတွက် ဆိုင်ရှင်က ကြိုတင်ပေးထားတဲ့ငွေတွေကို ပြန်လာပေးခိုင်းတာပါ"

ခန့်ညားက ဘာကွဟု စားပွဲကို လက်သီးနှင့် ထုလိုက်မိမတတ်ဖြစ်သွားသည်။ သို့သော် စားပွဲကိုတော့ မထုဖြစ်ပါချေ။

ဇော်ပိုင်က. . .

"ကာယကံရှင်သဘောအရလား၊ ဆိုင်ရှင်ရဲ့ သဘောလား"





"ကာယကံရှင်ရဲ့ သဘောပါ"

"သည်လိုဆိုရင် ကာယကံရှင်နဲ့ တွေ့ချင်တယ်"

"ဟုတ်ကဲ့ လာတော့ လက်ခံမယ်ဆိုရင် တွေ့လို့ရပါတယ်၊ ဒါကလဲ ကာယကံရှင်ခွင့်ပြုရင်ပါ အစ်ကို၊ ပန်းနုရောင်ရဲ့ စည်းကမ်းတွေကို အစ်ကိုတို့လဲ သိနေတာပဲ၊ အမုံက လက်ခံမယ်ဆိုရင် ပန်းနုရောင်ပိုင်ရှင်တောင် ဘာမှ ဝင်ပြောပိုင်ခွင့် မရှိပါဘူး၊ လူတိုင်းရဲ့ ကိုယ်ပိုင်အခွင့်အရေး ရှိပါတယ်"

မောင်စောထံမှ ငွေများကို ပီတာက ပြန်လက်ခံယူလိုက်ပြီး ရကြောင်းလက်မှတ်ထိုးပေးလိုက်သည်။

"သည်နေ့ အမုံလာရင် တို့ငါးယောက်စလုံး ပန်းသွားပေးရင်း တောင်းဆိုမှုတွေ ပြုကြရအောင်"

"ဘာတွေတောင်းဆိုရမှာလဲ"

"ဖိုးလပြည့်အတွက် ဆွယ်တဲ့စကားတွေပေါ့"

"အေးလေ. . သည်လိုပဲ ကြိုးပမ်းကြတာပေါ့"

ဇော်ပိုင်က ထောက်ခံလိုက်သည်။

"ဒါမှမရရင်ကောကွာ"

ရဲအောင်ထွဋ်က မေးခွန်းထုတ်လိုက်ပြန်ပြီ။

"အနုနည်းနဲ့မရရင် အကြမ်းနည်းပေါ့"

"အကြမ်းဖက်ရင် ပြစ်မှုဖြစ်သွားမယ်လေကွာ၊ မင်းမဲ့တိုင်းပြည်မဟုတ်ဘူးကွ၊ သတိလဲထားကြဦး"

ဇော်ပိုင်က တားဆီးလိုက်သည်။

"သွေ. . သွေးဆောင်ရမယ်. . အ. . အချစ်အတွက် သွေးဆောင်ခြင်းဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ၊ ကြိုစားမယ် ပြောစမ်းပါ၊ သွေးဆောင်ဖြားယောင်းရအောင် အမှုံက အသိဉာဏ်မဲ့ မိန်းကလေးမှမဟုတ်တာ အမှုံဟာ ဦးနှောက်သိပ်ပြေးတဲ့ မိန်းကလေးပဲ"

"ငုဝါနဲ့ သွားဆွေးနွေးရအောင်"

ပီတာက ငုဝါကို သတိရလိုက်သည်။ ဟုတ်ပါရဲ့. . သူတောင်ငုဝါကို မေ့နေတယ်၊ ငုဝါနှင့် အမှုံသည် နှစ်ကိုယ့်တစ်စိတ်နေကြသူများဖြစ်သည်။ ငွေသိမ်းကောင်တာကို လှမ်းကြည့်လိုက်သည်။ ငုဝါ ရှိမနေ၊ စားပွဲထိုးလုလင်တစ်ယောက်ကို လှမ်းမေးလိုက်သည်။

"အမှုံ သီချင်းသွင်းတဲ့ဆီကို အဖော်လိုက်သွားပေးပါတယ်ခင်ဗျာ" ဟုဖြေသည်။

သူ အမှုံ၏ မိုးထိအောင် လေ့ကားထောင်ကာ တက်လှမ်းနေခြင်းကို တုန်လှုပ်စွာတွေ့မြင်လိုက်ရပြီ။ အမှုံဘဝ တိုးတက်မြင့်မားဖို့အတွက် သူ ဘာအကူအညီမှ မပေးနိုင်သည့်အချိန်မျိုး၌ ဦးကျော်ခေါင်သာက အမှုံအတွက်ဆိုလျှင် လှေကားအဖြစ် ရပ်တည်ပေးနေနိုင်လေပြီ။

ဦးကျော်ခေါင်သာကိုသာ မကျေမနပ်ဖြစ်မိသည်။ သည်ပုဂ္ဂိုလ်သာ ပေါ်ပေါက်မလာလျှင် အမှုံနှင့် သူ၏ချစ်ခရီးလမ်းသည် အေးချမ်းသာယာစွာဖြင့် တဖြည်းဖြည်း လျှောက်လှမ်းနိုင်မည်။ ယခုတော့ အမှုံနှင့် သူ့အတွက် ဝေးကွာခြင်းကိုသာ တွေ့မြင်နေရပြီ။

"ရှင်းမယ်ကွာ"

"ဘာရှင်းမှာလဲ"





သူ၏ ဖြုန်းစားကြီး ဆုံးဖြတ်ချက်ချလိုက်မှုကို သူငယ်ချင်းတွေက ပြိုင်တူလို မေးခွန်းထုတ်သည်။

"အမှုံနဲ့ ထိုပုဂ္ဂိုလ်ရဲ့ အခြေအနေကိုပါ မေးမြန်းပြီး ဆုံးရှင်းပစ်မယ်"

"ဘာဆိုင်လို့လဲ ဆင်အိပ်ရာ ဆိတ်နှိုးမလုပ်စမ်းပါနဲ့. . ဘာသိဘာသာပဲ နေလိုက်စမ်းပါ"

"ငါ မခံစားနိုင်တော့ဘူးကွာ"

"မင်းကလဲ ခဲသေအဖွဲ့ဝင် မပီသလိုက်တာ၊ ခေါင်းအေးအေးထားစမ်းပါ၊ ဟော အမှုံလာပြီ"

အားလုံးမျက်ဝန်းသည် အမှုံထံသို့ရောက်သွားသည်။ အမှုံသည် စင်ပေါ်တက်ကာ နေရာယူလေပြီ ဘာအပြောင်းအလဲမှမရှိ။ ယနေ့တော့ ပန်းနုရောင်ကုတ်အင်္ကျီ၊ စတိုင်ဘောင်းဘီနှင့် အတွင်းမှလည်ပင်းအထိ ကိုယ်ကြပ်စပို့ရှပ် ကြက်သွေးရောင်ကလေးကို ဝတ်ထားသည်။

ထိုစပို့ရှပ်ပေါ်ဝယ် ပလတ်တီနမ်ကြိုးဖြင့် စိတ်လော့ကတ်သေးသေးမှ အပ ဘာလက်ဝတ်ရတနာမှ ဝတ်ဆင်မထား။

မိတ်ကပ်လဲ လိမ်းထားတယ်ဆိုရုံလေး ခပ်ပျော့ပျော့ကလေးပင်၊ အမှုံ ဂီတာကြိုးကို လက်ချောင်းကလေးများဖြင့် စတင်ထိတွေ့ကာ သံစဉ်ရှာလိုက်စဉ်မှာပင် ဖျပ်ခနဲ မျက်ဝန်းမျက်ဆန်လေးက သူ့ထံသို့ ဝေ့ဝဲရောက်ရှိလာသည်။

တဒင်္ဂလေးပင်။

သို့သော် တစ်စိုက်မတ်မတ် စူးစိုက်ကြည့်နေသော သူ့မျက်ဝန်းနှင့်တော့ ခလုတ်တိုက်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမုံ မျက်လွှာချကာ ချက်ခြင်းလွှဲဖယ်သွားသည်။

အမုံမျက်ဝန်းအဓိပ္ပါယ်ကို သူ မဖတ်မိလိုက်၊ မြန်ဆန်လွန်းလှသည်။

မာနရောင်လား။

နာကျည်းရောင်လား။

ကြေးကွဲဝမ်းနည်းအရိပ်အယောင်လေလား၊ သူနားလည်နိုင်စွမ်း မရှိပါ။

သို့သော် အမုံ တီးခတ်တီဆိုလိုက်သော သီချင်းများက သူနှင့်အမုံတို့အတွက် နိမိတ်ပုံလေလား။

"ကိုယ်တို့ ဝေးနေ . . မိုင်ပေါင်းကုဋေ" တဲ့လား

အမုံ တကယ်ပဲ ဝေးကြရတော့မှာလား။







# အခန်း(၂၃)

"အမုံ ခင်ဗျား မရက်စက်ပါနဲ့ဗျာ"

"အမုံကို ဖိုးလပြည့်က တကယ်ချစ်တာပါဗျာ"

"ခင်ဗျားသာ ရက်စက်ရင် . . ဖိုးလပြည့် သေမှာဗျ"

"ခင်ဗျား ဖိုးလပြည့်ကို ဘယ် . . ဘယ်အထိ ရက်စက်ဦးမှာလဲ"

"အမုံ . . ပြီးရင် မင်းနဲ့စကားပြောမယ်"

နှင်းဆီပန်းပွင့်အဝါတစ်ပွင့်စီကို လာရောက်ပေးဆက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူငယ်ချင်းများနှင့် သူက တစ်ယောက်တစ်မျိုးစီ ပြောဆို သွားကြလေသည်။

အမုံ စိတ်တို့သည် နှစ်ရက်ဆိုတော့ အနည်းငယ် တည်ငြိမ်မှုရလေပြီ။ သူ့မိဘများ လာရောက်တွေ့ဆုံသည့်ရက်ကဆိုလျှင် အမုံ ပန်းနုရောင်သို့ခွင့်လှမ်းတိုင်ကာ သူ့နေရာသို့ တစ်ယောက်အစားထိုး သီဆိုစေသည်။

နောက်နေ့ နေ့ခင်းပိုင်း၌ သီဆိုပေးလိုက်ပြီး ညကိုနားလိုက်သည်။ သည်နေ့ . ဘယ်လိုမှ ရှောင်လွှဲမရတော့။

သူ့ကို ဖုန်းနှင့်လည်း လက်ခံမပြောခဲ့။

တိုက်ခန်းသို့လာလျှင်လည်း ပေးမတွေ့သဖြင့် သူထိခိုက် ကြေကွဲနေမည်ကို သိပါသည်။ ကိုယ်ချင်းလည်း စာနာမိသည်။ သို့သော် . . .

ဘဝတစ်သက်တာ အရေးအတွက်တော့ နှလုံးသားကို စတေးခံလိုက်တော့မည်။

နှလုံးသားတစ်ခုလုံး ပျက်သုဉ်းကာ စတေးခံရသည့် ကိစ္စအတွက် ဤမျှလောက်တော့ စိတ်ထိခိုက်ကာ အနာတရတွေဖြစ်ပေါ်ပေလိမ့်ဦးမည်။

အမုံ သီချင်းသုံးပုဒ်ပဲ ဆိုနိုင်သည်။

စင်ပေါ်မှဆင်းပြီး နားနေခန်းသို့ပင် မဝင်တော့ဘဲတန်းပြန်ရန် စီစဉ်ထားလိုက်သည်။ ဦးရဲခေါင်သာတို့ လင်မယားနှင့် ဦးကျော်ခေါင်သာကိုယ်တိုင် လိုက်ပို့ပေးမည်။

အမုံ ဂုဏ်သိက္ခာအတွက် ပတ်ဝန်းကျင် အထင်မသေးစေရန် သူတို့အစစအရာရာ စီစဉ်ပေးသည်။





ဒေါ်ခင်ထားဝေက တေးသံသွင်းသည့်အခါ ကိုယ်တိုင်လာကြိုပြီး စတူဒီယိုခန်းမထဲ ပို့ပေးကာ သူ သိပ်အခက်အခဲရှိပါက ငဝါကို အဖော်အဖြစ် လိုက်ပါစေသည်။

အမုံအတွက် သူတို့ကျေးဇူးတရားတွေဆပ်၍ မကုန်နိုင်အောင် ရှိနေသည်။

"နေပါဦး အမုံ မင်းနဲ့ကိုယ် စာရင်းရှင်းမှ ဖြစ်မယ်"

ပေါ်တီကိုအောက်အရောက်တွင် အမုံနောက်မှ အမီလိုက်လာသောသူက ကျော်တက်ကာ ကာဆီးပြီး ပြောလိုက်သည်။

နှလုံးသားပျက်သုဉ်းနေသော သူ၏ နောက်ဆုံးအယူခံချက်ကို မိမိသွေးအေးအေးနှင့် ရင်ဆိုင်နိုင်ပါ့မလား။ အမုံ တုန်လှုပ်စပြုလာသည်။

"ရှင်နဲ့ ကျွန်မကြားမှာ ဘာမှရှင်းစရာမလိုဘူး ထင်တယ် ဖယ်ပါ"

"မဖယ်နိုင်ဘူးအမုံ မင်းဆီက ကျုပ်ကိုကျေနပ်လောက်တဲ့အဖြေပေးနိုင်မှ ကျုပ်ဖယ်ပေးနိုင်မယ်"

အမုံ ရှက်ဒေါသမျက်ရည်လား၊ ကြေကွဲမှု မျက်ရည်လား မသိနိုင်သော မျက်ရည်တို့သည် ရစ်ဝဲလာသည်။

ပတ်ဝန်းကျင်က ဘယ်လိုထင်မလဲ စားသောက်ဆိုင်၌ ကာရာအိုကေဆိုသော မိန်းကလေးများနှင့် ယောကျ်ားလေးများ၏ရှုပ်ရှုပ်ပြဿနာဖြစ်သည်ဟု ဆိုကာ အထင်သေးတတ်ကြသည့်အထဲသို့ မိမိအပါအဝင်ဖြစ်တော့မှာလား။

"ရှင် ဖယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ညီလေရော အမုံရော အစ်ကိုတောင်းပန်ပါတယ်၊ ဧည့်ခန်းမှာ ခေတ္တထိုင်ပြီး ဆွေးနွေးလိုက်ကြပါ"

ဦးရဲခေါင်သာက အေးဆေးစွာ ဝင်ရောက်ပြောသည်။

ဦးကျော်ခေါင်သာက မလှမ်းမကမ်း၌ ရပ်နေသည်ကို အမုံလှမ်းတွေ့လိုက်ရသည်။

သူ့မျက်ဝန်း၌ စိုးရိမ်ပူပန်မှုများကိုတွေ့ရသည်။ အမုံ့မျက်ဝန်းနှင့် တဒင်္ဂဆုံမိကြသည်။

အမုံကို သူ တစ်စုံတစ်ခုပြောချင်ပုံရသည်။ သို့သော် သူ မျက်နှာတစ်ဖက်သို့ လှည့်သွားသည်။

ဒါ လူကြီးလူကောင်း အပြုအမူပေလား။

"ကိုင်း. . လာလာ မောင်လေးရော အမုံပါ ဧည့်ခန်းမှာ ခေတ္တထိုင် ဆွေးနွေးကြပါ၊ ငုဝါက အဖော်လိုက်ပေးလိုက်ပါ"

အမုံ ဆတ်ခနဲ ဧည့်ခန်းဘက်သို့ ဆတ်တောက် ဆတ်တောက်နှင့် လျှောက်လာလိုက်သည်။

သူ လိုက်ပါလာသည်။

သူ့ကိုရင်ဆိုင်ဖို့ အမုံ ပြင်ဆင်ထားပြီးပြီပဲ။

ဆက်တီ၌ ဝုန်းခနဲ ထိုင်ချလိုက်ပြီး သူ့အားမော့ကြည့်ကာ. .

"ထိုင်ပါ"

"မထိုင်ချင်ဘူး ကိုယ်ထိုင်ဖို့လာတာမဟုတ်ဘူး မေးချင်လို့လာတာ"

"ဒါဖြင့်. . မေး ဘာမေးမှာလဲ"

ငုဝါက သူတို့နှင့်အဝေးဆုံး ထောင့်တစ်ထောင့်၌ ■





သွားဖတ်နေလေသည်။ ခန့်ညားနှင့် အမုံကို လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးကြပါစေဆိုသည့် သဘောပင်။

"အမုံ ကိုယ့်ကို ဘာဖြစ်လို့ စိမ်းကားသွားရတာလဲ"

"ရှင် ဘာမှမသိသေးဘူးလား"

"ဘာကိုလဲ ဘာကိုသိရမှာလဲ"

အမုံ အားတင်းလိုက်သည် ဝံပုလွေက သိုးငယ်အား. . ငါမဟုတ်လဲ နင့်အမေပဲ ဆိုသကဲ့သို့ ရက်စက်ရပေတော့မည်။

ရင်မှာ စူးရှနာကျင်လျက်နှင့်. . . .

"ရှင့်မိဘများက ကျွန်မရဲ့ ရိုးသားစွာ ကြိုးစားလုပ်ကိုင်နေတဲ့ လုပ်ငန်းအပေါ် အထင်အမြင်သေးစွာနဲ့ ရှင်နဲ့ သဘောတူနိုင်ပါဘူးတဲ့လေ၊ ကျွန်မကိုအိမ်တိုင်ရာရောက်စော်ကားပြီး ငွေနဲ့ပေါက်လို့ ရှင့်ကိုလက်မခံဖို့ တားဆီးခဲ့တယ် ဒါကို ရှင်မသိဘူးလား"

"ဟင်. . တကယ်လား အမုံ"

ခန့်ညားသည် မယုံကြည်နိုင်သကဲ့သို့ တုန်လှုပ်ချောက်ခြားသွားပုံရသည်။

"တကယ်ပေါ့ ရှင့်မိဘများကို ပြန်မေးကြည့်ပါဦး. . အော်. . ရှင့်မိဘများနဲ့ ကြီးတော် ဘကြီးတို့လာစဉ်မှာ အဘွားက မရည်ရွယ်ဘဲ သူ့ရဲ့တရားခွေကို လှမ်းအပိတ်မှာ ခလုတ်မှားနှိပ်မိလိုက်တဲ့အတွက် အသံသွင်းပြီးသားဖြစ်သွားတယ် ကျွန်မ ဘူးပြီးရှင့်ကိုပေးဖို့ ရည်ရွယ်ထားတာ. . အတော်ပဲ ရော့"

အမုံ အောင်နိုင်သူ အပြုံးလို ခနိုးခနဲ့ပြုံးပြနိုင်ဖို့ရာ အားတင်းခဲ့သော်လည်း မပြုံးနိုင်ခဲ့ပါ။ မဲ့မသွားသည်ကိုဘဲ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ရသည်။ စောစောက မျက်ရည်စများသည်ပင်လျှင် ခန်း ခြောက်စပြုလေပြီ။

အမှုံလှမ်းပေးသော အခွေကို လှမ်းယူသည် သူ့လက် များသည် တုန်ရီနေသည်။ သူသည် အမှုံကို တုံ့ပြန်နိုင်သော အင်အားများပင်လျှင် ပျောက်ဆုံးသွားပုံ ရသည်။ ကြေကွဲနိုး မျက်ဝန်းအစုံဖြင့် အသနားခံသောအကြည့်ဖြင့် ကြည့်သည်။

"ကျွန်မရည်မှန်းချက်ဘာလဲဆိုတာ သူ့ကိုပြောပြပြီး ပြီ၊ ဒါကြောင့် သူနဲ့ အမှုံ ရှေ့ခရီးလမ်းကို ဘယ်လိုမှ လျှောက် လို့ရမှာမဟုတ်ဘူး၊ ရှင် မိကောင်းဖခင်သားသမီး ပီသစွာနဲ့ အမှုံ ကို နားလည်းပေးပါ၊ အမှုံစိတ်ကို ထပ်မံ အနှောင့်အယှက်မပေး ပါနဲ့လို့ တောင်ပန်ပါတယ်၊ ဒါပါပဲ ကျွန်မသွားမယ်"

အမှုံက ကမန်းကတန်းထွက်ခဲ့သည်။

"အမှုံ"

သူ အမှုံကိုခေါ်လိုက်သော်လည်း အမှုံလှည့်မကြည့် တော့ပါ။ အမှုံ၏တင်းထားသောသံပတ်သည် ဤမျှအထိပဲ ခံ သည်။ သူ့အပါးကြာကြာဆက်နေပြီး သူ့မျက်ဝန်းကို ဆက်လက် ရင်ဆိုင်ရပါက သံမဏိမဟုတ်သော အမှုံ အသည်းနှလုံးသည် ပျော်ဆင်းသွားနိုင်သည်။

"မိန်းကလေး. . ကား ဒီမှာ"

ဦးကျော်ခေါင်သာ ဖွင့်ပေးထားသော နောက်ခန်း တံခါး တွင် ဝင်ထိုင်လိုက်သည်။

ငှါ တစ်ဖက်ကဝင်ထိုင်သည်။

ရှေးခန်း၌ ဒေါ်ခင်ထားဝေထိုင်ပြီး ဦးရဲခေါင်သာက





ကားမောင်းသည်။

ဦးကျော်ခေါင်သာသည် ပန်းနုရောင်ထဲသို့ ပြန်ဝင်သွား သည်ကို တွေ့လိုက်ရသည်။

သို့သော် ခန့်ညားနှင့် သူ့သူငယ်ချင်းများကတော့ ပန်း နုရောင်ရှေ့၌ ရပ်ကျန်ရစ်ခဲ့ကြလေသည်ကို မှုန်ရီဝေဝါးနေသော မျက်ရည်လွှမ်းသည့် မျက်ဝန်း၌ ပုံရိပ်ထင်ဟပ်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

ဦးကျော်ခေါင်သာ သီချင်းသွင်းရင်း မူးမေ့လဲကျသွားသော အမုံကို တွေ့လိုက်ရသည်နှင့် သူ၏ပူလောင်မှုက ရင်တွင်းနေဆယ်စင်းမက ထွန်းလင်းလေပြီ။

"အမုံ"

"အမုံ"

သူ၏ ပျာယာခတ်မှုကို စတူဒီယိုခန်းအတွင်းရှိနေသူတို့ပင် တအံ့တသြဖြစ်ကာ ရှုပေးလိုက်ကြသည်။ ဣန္ဒြေကြီးတစ်





ခဲ့သားနှင့် သမာဓိရှိရှိနေထိုင်ခဲ့သောသူ၏ အံ့ပုန်းချစ်ကို လူတွေ သိသွားကြသည်။

"လုပ်ဦး ကားထုတ်၊ ဆေးခန်းသွားမယ် ဘာကြောင်နေတာလဲ ငုဝါ လိုက်လဲ့လေ"

"ဟုတ်. . ဟုတ်"

ငုဝါဆိုတဲ့ မိန်းကလေးကလည်း ကိုယ့်သူငယ်ချင်းအစ ရင်း အချာကြီး ဒီလောက်ဖြစ်နေတာတောင် နေစိမ့်လိုက်တာ၊ ကြောင်စီစီလေးကြည့်ရက်သည်ဟု ဦးကျော်ခေါင်သာ အပြစ်တင်မိသည်။

အမှန်တော့ သူ၏ စိုးရိမ်စိတ်ကြီးမားလွန်း၍သာ အားလုံး၏ ပူပန်မှုက မှေးမှိန်ဖျော့တော့သွားခြင်းဖြစ်ကြောင်း သူ သတိမပြုမိနိုင်အောင် ဖြစ်သွားရသည်။

မနေ့က ခန့်ညားနှင့်အမုံ ဘာတွေပြောကြသည်ကို ဦးကျော်ခေါင်သာ မကြားသိရသော်လည်း. . .

ခန့်ညား၏ ဘဝပျက်မျက်နှာ၊ အမုံ၏ ကြေကွဲရိပ်မျက်နှာတို့ကြောင့် အမုံသည် နှလုံးသာအလိုဆန္ဒကို ငြင်းဆန်ကာ ဂုဏ်သိက္ခာအတွက် မိန်းမမာနတံခွန် ထူလိုက်နိုင်သည်ဟု သူ သိလိုက်ပြီ။

သို့သော် နှလုံးသားမှာတော့ ဒဏ်ရာဒဏ်ချက်တွေရရှာပေလိမ့်မည်။

"ငုဝါ သူ ညက မအိပ်ဘူးထင်တယ်"

"ဟုတ်တယ် ကျွန်မတို့ တစ်ရေးနိုးလဲ၊ သူ မအိပ်သေးဘူး ဘယ်လိုပြောပြော မရဘူး. . ကျွန်မတို့ နိုးတော့ သူနိုးနေ



www.burmeseclassic.com

www.burmeseclassic.com



တယ် ကြည့်ရတာ အိပ်ပုံတောင် မရဘူး"

"ခန့်ညားနဲ့ သူ ချစ်သူတွေဖြစ်ခဲ့ကြလို့ ဒီလောက်အထိ ကြေးကွဲနေတာလား"

ဦးကျော်ခေါင်သာ ရင်ထဲ ကွယ်ဝှက်မထားနိုင်ပဲ မေးချလိုက်သည်။

ငုဝါက နားလည်စွာဖြင့်. . .

"လုံးဝမဖြစ်ခဲ့ပါဘူး မိတ်ဆွေအဆင့်ရောက်ရုံ ရှိသေးတာ ခန့်ညားဘက်ကတော့ ပရိုပို့စ်လုပ်ထားပါတယ် ဆရာ"

သူ သိပြီးသားအကြောင်းအရာအတိုင်းပင် ငုဝါက ထပ်ဖြေလေသည်။

ဆေးခန်းသို့ ရောက်တော့လည်း သူကိုယ်တိုင်ပင် ပွေ့ချီကာ ခေါ်သွားခဲ့သည်။ အမုံကို ဒီအတိုင်းထား၍ မဖြစ်တော့။ အမုံ့ဘဝတစ်ခုလုံး လုံခြုံနွေးထွေးသွားစေရန် သူတာဝန် ယူချင်ပြီ။ ဆရာဝန်က စမ်းသပ်စစ်ဆေးပြီး. . .

"သွေးပေါင်ကျနေတယ် အအိပ်ပျက်အစားပျက် ဖြစ်ပုံရတယ်"

"ဟုတ်ပါတယ် ဆရာ"

"လူနာကို အနားယူခိုင်းလိုက်ပါ သုံးလေးရက်ပေါ့။ အကြောဆေးသွင်းပေးလိုက်မယ် မောင်ရင့်လူနာလား ဘာတော်လဲ"

သူငယ်ချင်းဖြစ်၍ ငုဝါကိုပြောရာမှ သူ့ဘက်သို့လှည့်ကာ မချိုမချဉ်မေးသည်။

"ကိုယ့် ပန်းနုရောင်က ဝန်ထမ်းကွာ"





ဟု သူက ဖော့၍ ဖြေလိုက်သော်လည်း

"သာမန်ဝန်ထမ်းတော့ မဟုတ်ဘူး ထင်ထယ် ကိုယ်တို့ ဘယ်တော့ စားရမှာလဲ"

ဦးကျော်ခေါင်သာ မျက်နှာကြီး နီရဲကာ ငုဝါအား မလုံမလဲလှမ်းကြည့်ပြီး. . .

"အချိန်တန်တော့ စားရမှာပေါ့ကွာ"

သူ့အနေဖြင့် ချင့်ချင့်ချိန်ချိန် ပြောလိုက်သော်လည်း ရင်ထဲမှာ တထင့်ထင့် ရှိသည်။ ပွဲလန့်တုန်း ဖျာခင်းရာများ ကျနေမလားဟု။

"ကဲပါ ရှက်မနေပါနဲ့၊ လူနာ သတိရလာတဲ့အထိ ဒီမှာပဲ နားနေပါစေ ဒါ နားနေခန်းပါ၊ ကိုယ် လူနာတွေ သွားကုလိုက်ဦးမယ်"

"သင့်ခ်ယူ သူငယ်ချင်း"

"မလိုပါဘူး ကျော်ခေါင်ရာ လုပ်မနေနဲ့ အပိုတွေ"

သူငယ်ချင်း ဆရာဝန်ထွက်သွားတော့မှ ဦးကျော်ခေါင်သာ သက်ပြင်းချလိုက်မိသည်။ အမုံသတိရလာသော်လည်း. . ဆေးအရှိန်ဖြင့် မှိန်းနေဟန်တူသည်။ ငုဝါက အမုံအနီး၌ ထိုင်စောင့်ပေးနေသည်။

"မိဘတွေကို အကြောင်းကြားပေးမလား ငုဝါ"

"ကျွန်မဆန္ဒနဲ့ ပြီးမှာမဟုတ်ဘူး အမုံ့ဆန္ဒက အဓိကဖြစ်နေတယ်"

အမုံက မျက်လုံးဖွင့်လိုက်သည်။ ဦးကျော်ခေါင်သာ ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမုံက ညင်သာစွာ ထထိုင်လိုက်သည်။

"ဆောရီးပဲဆရာ အမုံခေါင်းတရိပ်ရိပ်မူးလာခဲ့တာ. . ဘယ်လို တင်းထားထား မရဘူးဆရာ၊ ဒီနေ့ အသံသွင်းတဲ့ကိစ္စ အမုံကြောင့် ဆရာတို့. . ."

"ဒီအတွက် ဘာမှသောကမဖြစ်နဲ့ အမုံ၊ မိန်းကလေး အနားယူလိုက်ပါဦး ဆရာဝန်ကပြောတယ်၊ မင်း သုံးလေးရက် လောက်တော့ အနားယူသင့်တယ်တဲ့၊ မင်း မော်ဘီပြန်ပြီးနား မလား အခြားတစ်နေနေရာ သွားနားမလား"

ဦးကျော်ခေါင်သာသည် အမုံအတွက်ဆို အကျိုးအ မြတ်ကို လုံးဝကြည့်နေသူမှမဟုတ်ပေဘဲ စေတနာမေတ္တာတွေ က အပြည့်အဝရှိသည်။

"ဆရာတို့ နစ်နာနေမှာပေါ့ တေးသံသွင်းဖို့ကိစ္စ အမုံကို ပေးထားတဲ့ရက်ချိန်းအတိုင်း ဆက်လုပ်မယ် ခုလဲ ပြန်သွားပြီး သွင်းရအောင်ပါဆရာ"

အမုံ အားတက်သရောရှိခြင်းကို ဦးကျော်ခေါင်သာ နား မလည်နိုင်အောင်ရှိသည်။

"ကျွန်မ မနားချင်ဘူးဆရာ"

အမုံက ဝေဒနာကို အလုပ်ဖြင့် ကုစားတော့မည်ဟူ သော သဘောမျိုးကို ဆောင်နေသည်ဟု ဦးကျော်ခေါင်သာ ရိပ်စားနားလည်မိလေသည်။

"မနားချင်လို့ မရဘူးမိန်းကလေး မင်း သိပ်အားနည်း နေတယ်"

"ဒါဖြင့် သီချင်းကိုတော့ သွင်းနေပါရစေ ဆရာ"





"ကိုင်း. . ဒါဖြင့် အခု တစ်ပုဒ်ကို ပြန်သွင်းကြတာပေါ့ ဟုတ်လား၊ ဒီညတော့ ပန်းနုရောင်ကို မလာနဲ့ နားလိုက်ပါဦး"

ငွေလိုလျှင် ကိုယ်ထုတ်ပေးပါ့မယ် ဟူသောစကားကို တော့ ရင်တွင်း၌ပင် ထားလိုက်သည်။

"သီချင်းသွင်းပြီးရင် မော်ဘီအိမ်မှာပြန်နားလိုက် နှစ် ရက်ပေါ့၊ သန်ဘက်ခါသီချင်းသွင်းကာနီးမှ ကိုယ်ခေါ်ခိုင်းလိုက် မယ်"

အမုံအားနာဟန်ဖြင့် ခေါင်းညိတ်လိုက်လေသည်။ သူ့ကို မလွန်ဆန်တာကလည်း တစ်ကြောင်းဟု သူသဘောပေါက်လိုက် မိသည်။

သို့နှင့် အမုံနှင့်ငုဝါကို ခေါ်ကာ စတူဒီယိုသို့ ပြန်လာခဲ့ သည်။ အဖွဲ့သားများက သူ့ထံမှ အဆက်အသွယ်ကို စောင့်နေ ဆဲဖြစ်သည်။ အတော်ပင်ဖြစ်သွားသည်။

အမုံ သီချင်းဆက်သွင်းဖြစ်သည်။

အမုံသည် ကြိုးစားအားထုတ်မှုကောင်းသော မိန်းက လေးဖြစ်သည်။ ဝီရိယစွမ်းအား၏အကျိုး ပါရမီ၏အကျိုးဖြင့် အောင်မြင်ကျော်ကြားသူတစ်ဦး ဖြစ်လိမ့်မည်ဟု သူခန့်မှန်းတွက် ဆထားပြီးသားဖြစ်သည်။

အမုံအပေး အခွင့်အရေးယူရာရောက်မှာစိုးသဖြင့် သူ ၏ဆန္ဒကို ရင်၌ပင် သိမ်းဆည်းထားလိုက်သည်။

သို့သော် ထူးခြားစွာပင် သီချင်းသွင်းပြီး အမုံကိုမော်ဘီ အိမ်သို့ ပြန်ပို့ပေးစဉ် ငုဝါကလည်း ညနေအလုပ်ရှိသဖြင့် မလိုက် တော့ဘဲ တိုက်ခန်း၌ နေရစ်ခဲ့သည်။ သူနှင့်အမုံ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းဖြစ်သည်။

"ဆရာ"

"ဘာလဲ အမှုံ"

"ဆရာ့ကို အမှုံရှင်းရှင်းပဲ မေးစရာရှိပါတယ် ဆရာ"

"ဘာမေးမှာလဲ အမှုံ မေးပါ။ ကိုယ်သိတာဆို မချွင်းမချန် ဖြေမှာပါ"

အမှုံထံမှ ရုတ်တရက် အသံထွက်မလာ။ အတန်ကြာမှ

"အမေကပြောတယ် ဆရာတို့ဘက်က အမှုံသဘောတူမယ်ဆိုရင် ဆရာနဲ့ လက်ထပ်ပေးပါရစေလို့ တောင်းဆိုတယ်ဆို"

သူ့ရင်ထဲ တဒိတ်ဒိတ်ခုန်လာသည်။ တည်ငြိမ်သင့်သောအရွယ်ရောက်ပါလျက် ဘာကြောင့် ရင်အစုံသည် တဒိန်းဒိန်းမြည်ဟီးလာရပါလိမ့်။

"ဟင်. . ဆရာ ဖြေလေ"

"မမကြီးက အန်တီတို့ဆီမှာ ခွင့်ပန်လိုက်ပြီ ထင်တယ်"

"ဟုတ်ကဲ့"

"အမှုံကို ဆရာမတွေ့ခင်ကတည်းက မမကြီးက ဆရာ့ကို အမှုံနဲ့အောင်သွယ်ပေးနေတာ အဲဒါ. ."

သူ့အနေဖြင့် ချစ်စကားပြောဖို့အရေးအခင်းသည် စီးပွားရေးစီမံကိန်းတစ်ခုကို ရေးဆွဲအကောင်အထည်ဖော်ရတာထက် ပင် ပင်ပန်းလိမ့်မည်ဟု တစ်ခါမှ မတွေးခဲ့။ ခုတော့ ဇောချွေးများပင် ပြန်ချင်လာလေပြီ။

"အဲဒါ ဘာဖြစ်လဲ ဆရာ"

"အမှုံကိုတွေ့တော့ ဆရာ လက်ခံလိုက်မိတယ်"





"လက်ခံတယ်ဆိုတဲ့ အဓိပ္ပာယ်က အိမ်ထောင်ဘက်အနေနဲ့ လက်ခံသင့်တယ်လို့ ယူဆလို့လား၊ စီးပွားဘက်အနေနဲ့ လက်ခံသင့်တယ် ယူဆလို့လား ဆရာ"

အမှုံသူ့အား ပညာပြနေသည်ကို သူကောင်းစွာ သဘောပေါက်ပါသည်။

မမကြီးအကြံပေးသလို အရှိကိုအရှိအတိုင်း ရိုးသားစွာ သူဖြေလိုက်သည်။

"တစ်ခုမှ မဟုတ်ဘူး"

"ဟင်"

"အမှုံကို ကိုယ် မြင်မြင်ချင်း ချစ်ခင်မြတ်နိုးမိလို့. . အဲ့စိတ်တစ်ခုတည်းနဲ့ လက်ထပ်ချင်တာ"

ဒီတစ်ခါ ရှက်မျက်နှာလေးအဖြစ် အရောင်ပြောင်းသွားရသူမှာ အမှုံဖြစ်သွားလေပြီ။

ဘယ်လောက်ပဲ ရဲတင်းသော မိန်းကလေးဖြစ်ပါစေ ချစ်ရေးဆိုခြင်းခံရသည့်အခါမျိုး၌ စိတ်လှုပ်ရှားမှုကတော့ရှိကြပေမည်။ သို့သော် အမှုံက စိတ်ကို ထိန်းချုပ်နိုင်စွမ်းအားရှိသော မိန်းကလေးပီသစွာဖြင့် အရှက်ကို သိမ်းဆည်းကာ. . .

"ကျေးဇူးတင်ပါတယ် ဆရာ"

"ဘာအတွက်လဲ"

"အမှုံကို ချစ်မြတ်နိုးတဲ့အတွက်ပါ၊ ဆက်လက်ပြီးတော့လဲ ချစ်မြတ်နိုးနိုင်မယ်ဆိုရင် အမှုံ ဆရာ့ကျေးဇူးကို တစ်သက်လုံးဆပ်သွားမှာပါ"

အချစ်နှင့် ပတ်သက်လာလျှင် သူသည် ဗဟုသုတနည်း



www.burmeseclassic.com

www.burmeseclassic.com

ပါးလွန်းလှသည်။ အတွေ့အကြုံမရှိ။ မိန်းကလေးတစ်ယောက်၏ ဆိုလိုရင်းကို နားမလည်နိုင်။

"ခန့်ညားမိဘတွေ အိမ်တိုင်ယာရောက် အမုံကို စော်ကားပြောဆိုသွားတဲ့နောက်မှာ. . . အမေနဲ့အဘွားက အမုံကို တောင်းဆိုကြတယ်"

သူငြိမ်သက်၍နားထောင်နေလိုက်သည်။ သူနှင့်ပတ်သက်လာလိမ့်မည်ဟုတော့ အတတ်သိလိုက်လေပြီ။

"ဆရာနဲ့ အမြန်ဆုံး လက်ထပ်လိုက်ဖို့ကိုပါ"

"ဟင်. . ဆရာ့ကို မမကြီးဘာမှ မပြောပါလား"

"အမုံ ဆန္ဒရရင် အမေက အန်တီထားကို အကြောင်းကြားမှာပါ"

သူ့ရင်ထဲ အပျော်နတ်သားတို့ ကခုန်မြူးထူးနေကြလေပြီ။

"အမုံ ဆန္ဒက. . ."

"ဆရာ အမုံကို နားလည်ခွင့်လွှတ်နိုင်မယ်ဆိုရင်. ."

"ဘာကို နားလည်ပေးပြီး ဘာကိုခွင့်လွှတ်ပေးရမှာလဲ အမုံ"

ခုရှုပ်မှ နောင်ရှင်းသိချင်တာကိုတော့ ပွင့်ပွင့်လင်းလင်း မေးတတ်တာ ဦးကျော်ခေါင်သာ၏ ဝသီပင်။

"အမုံနှင့် ခန့်ညားကိစ္စမှာ ခန့်ညားက အမုံကို ပရိုပို့စ်လုပ်ထားတယ် အမုံကစဉ်းစားနေဆဲပဲ၊ ဒါပေမယ့် နှလုံးသားထဲမှာ သူရှိချင်ရှိနေနိုင်မယ် မရှိချင်လဲမရှိတော့ဘဲဖြစ်သွားနိုင်တယ် ဒါကိုတော့ အမုံ တပ်အပ်သေချာ မပြောနိုင်ဘူး၊ ဒါပေမယ့်. .





သူ့မိသားစုကြောင့် အမုံ သူ့ကိုလက်မခံနိုင်ဘူးဆရာ"

"အင်းလေ ဒါကတော့သဘာဝပဲ ကိုယ့်မိသားစုကို ရင့်ရင့်သီးသီးစော်ကားမှတော့ မိသားစုနှစ်စု ပေါင်းစည်းရမယ့်အရေးဟာ မလွယ်ကူတော့ဘူး"

"အမုံတို့က ဆင်းရဲပေမယ့် ကိုယ်ကျင့်တရားကိုတော့ အထိခိုက်မခံနိုင်ဘူး ဆရာ၊ ကိုယ်ကျင့်တရားကို စော်ကားတာ လောက်ခံပြင်းတာ မရှိဘူး၊ ဒါတွေ ထားပါတော့လေ အမုံပြောချင်တာ အမုံရဲ့အပေါ် ဆရာနားလည်ပေးရင် အမုံဆရာ့ကို လက်ထပ်နိုင်ပါတယ်ဆရာ"

"ဟာ. . တကယ်"

သူ ဝမ်းသာအားရပင် ကားကို လမ်းဘေးသို့ ထိုးရပ်လိုက်ရသည်။ မရပ်၍လည်းမရ။ သူ သိပ်ကိုပျော်မြူးသွားသည်။ ကလေးဘဝလို ကျွမ်းသုံးလေးပတ်ထိုးပြီး ကင်းမြီးကောက်ထောင်လိုက်ချင်ပါဘိ။

"မိဘဆန္ဒအရ လက်ထပ်တယ် ဆိုပေမယ့် အမုံ ဆရာ့အပေါ် မယားဝတ္တရားမပျက်တမ်း သစ္စာရှိသွားမှာပါ"

သူ စိတ်တည်ငြိမ်မှုရအောင် ခေတ္တ ငြိမ်သက်နေပြီးမှ တစိမ့်စိမ့်စဉ်းစားလိုက်သည်။ အမုံနှလုံးသား၌ ခန့်ညားရှိကောင်းရှိနေမည်။ ဒါကို သူ ခွင့်လွှတ်နိုင်စွမ်းရှိပါ့မလား။ ချစ်လျှင်တော့ အပြစ်မမြင်တတ်ပါ။

"အမုံ သွေးပူနေပါသေးတယ်၊ သေသေချာချာ စဉ်းစားပါဦး ကိုယ့်အနေနဲ့ကတော့ ဘာမှပြောစရာမရှိဘူး၊ အမုံကိုရရင် ကိုယ်ဘဝက ပြည့်စုံသွားပြီလို့ကို ကိုယ်ကမှတ်ယူထားတာ၊ အမုံ



www.burmeseclassic.com

www.burmeseclassic.com



ဒီညစဥ်းစား အမေနဲ့တိုင်ပင်၊ ဆုံးဖြတ်ချက်ရရင် မနက်ဖြန် ကိုယ့်ဆီဖုန်းဆက်လိုက် ဖေဖေနဲ့ကိုကို မမကြီး နှစ်ဘက်ဂုဏ်သရေရှိလူကြီးလူကောင်း သုံးလေးစုံတွဲနဲ့ကို အမုံတို့အိမ်မှာပဲ လာရောက်ကြောင်းလမ်းပါ့မယ်"

အမုံမျက်နှာလေး သွေးရောင်လွှမ်းသွားသည်။ မိန်းမသားတွေက ရှက်လျှင်ဖြစ်စေ ကျေနပ်လျှင်ဖြစ်စေ သွေးရောင်လွှမ်းသွားတတ်သလား။

အမုံ ကျေနပ်နေတာလား။

ကျေနပ်စေချင်ပါသည်။

သူကတော့ အလွန်အမင်းကို ပျော်ရွှင်နေလေပြီ။







# အခန်း(၂၅)

အမုံတို့ စေ့စပ်ကြောင်းလမ်းခြင်းသတင်းပါပြီး နောက်နေ့မှာပင် အမုံ တိုက်ခန်းသို့ မမျှော်လင့်သော ဧည့်သည့်တစ်ဦး ရောက်လာသည်။

"ညီမလေး အမုံ ထင်တယ်"

"ဟုတ်ပါတယ် အစ်မ၊ အစ်မက . . "

"အစ်မနာမည် မယဥ်ကျေးပါ. . ခန့်ညား အစ်မပါ"

"ဩော်. . ထိုင်ပါ အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါသေဖူး ပျဉ်ဖိုးနားလည်နေပြီဖြစ်သော အမုံ စိတ်တထင့်ထင့်ဖြင့် နေရာပေးပြီး ထိုင်မိကြသည်။

ကျက်သရေရှိကာ ချောမောခန့်ညားသော အမျိုးသမီး၏ ရုပ်သွင်ကပင်လျှင် လေးစားချင်စရာ ကောင်းနေသည်။

"မောင်လေး အိမ်ကထွက်သွားတာ မနေ့ကတည်းကပါ ညီမ၊ ညီမဆီများရောက်လာသေးသလားဆိုတာလဲ မေးရင်း အစ်မကိုယ်တိုင်ကလဲ ညီမလေးနဲ့တွေ့ချင်တဲ့စိတ်ကြောင့်. . . ရောက်လာခဲ့တာပါ"

မျက်နှာအခြယ်အသလုံးဝ ကင်းစင်နေသည်။ မျက်နှာ မှိုမှိုကြ မောင်အတွက် မျက်ရည်ကျကာ ပူပန်သောက ရောက်နေရကြောင်းကို ဖော်ပြနေလေသည်။

"အမုံဆီ မလာပါဘူး အစ်မ"

"ဒီလိုဆိုရင်တော့ ခက်ကုန်ပြီ ညီမရယ်"

"ဘာဖြစ်လို့လဲ"

"နောက်နှစ်ပတ်မှာ သူ အမေရိကားကိုသွားရမယ်၊ ဟိုမှာ ကျောင်းနေခွင့်ရသွားပြီ"

အမုံ သက်ပြင်း တိတ်တခိုးရှိုက်လိုက်မိသည်။ သူနှင့် ပတ်သက်၍ အမုံဘာမှမသိချင်တော့ပါ။

"သူ့သူငယ်ချင်းတွေနဲ့ ဆက်သွယ်ရင် သိနိုင်ပါတယ်"

"သူငယ်ချင်းတွေကို လုံးဝဖွင့်ဟမပြောသွားဘူး၊ အစ်မတို့မှာ လူပျောက်တိုင်ရလဲ အခက်ဖြစ်နေတယ်၊ အရွယ်ကလဲ ရောက်နေပြီမဟုတ်လား သူငယ်ချင်းတွေလဲ ဝိုင်းရှာပေးနေပါတယ်"





အမုံ သူနှင့် ပတ်သက်ပြီး ဝေဒနာ ထပ်မရချင်တော့ပါ။ ထို့ကြောင့်. . .

"အမုံ ဘာအကူအညီပေးရမလဲဆိုတာသာ ပြောပါ"

"အမုံကို အစ်မမိဘတွေ ပြောဆိုခဲ့တာနဲ့ ပတ်သက်ပြီး အစ်မ တောင်းပန်ပါတယ်၊ အခုဆို မိဘတွေလဲ တော်တော်ကို ထိခိုက်ခံစားနေရပါတယ် ညီမရယ်"

ဘယ်သူမပြု မိမိမှုပေကိုး။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးကြတာပဲဟု ပုထုဇဉ်ပီပီ အမုံစိတ်အတွင်း မကျေမနပ်စိတ်ဖြင့် ရေရွတ်မိလေသည်။ နှုတ်ကတော့. . .

"ကိစ္စအားလုံးဟာ ပြီးဆုံးသွားပါပြီ"

"ခုလောက်အထိ မြန်မြန်ဆန်ဆန် စေ့စပ်လိုက်တာက"

"အမေ့ဆန္ဒကို အမုံကျေနပ်စွာနဲ့ လိုက်လျောတာပါ၊ မိန်းကလေးတစ်ရာမှတစ်ယောက် မရနိုင်တဲ့ ကုသိုလ်ကံတစ်ခုကို ကျွန်မ ပိုင်ဆိုင်ခွင့်ရသွားတာပါ၊ အဆင့်အတန်း ဘယ်လိုမှမတူညီတဲ့ အလွှာနှစ်ခုပေမယ့် ဂုဏ်နေမြင့်မားတဲ့ ယောကျ်ားလေးရှင်ဘက်က ဥစ္စာမနေမရှိတဲ့ ဂီတနဲ့ အသက်မွေးဝမ်းကျောင်းနေရတဲ့ သာမညမိန်းကလေးကို တန်ဖိုးထား တောင်းရမ်းစေ့စပ်ယူခြင်းကိုမှ အမုံလက်မခံလိုက်ရင် အမုံလောက် မိုက်မဲတဲ့သူ ရှိနိုင်ပါ့မလား ဟင်. . အစ်မ"

အမုံရင်က နာကြည်းချက်တို့ကို ဖွင့်ဟလိုက်မိသည်။

ရင်ထဲမှာတော့ စူးစူးရှရှပင် နာကျင်လျက်ရှိသည်။

"အစ်မ ထပ်ဆင့်တောင်းပန်ပါတယ်၊ အစ်မ မသိလိုက်ဘူး၊ သိလိုက်ချိန်မှာ နောက်ကျသွားပြီ ခုတော့ အစ်မတောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ တစ်ခုတည်းပါ၊ မောင်လေး ဘဝပျက်ဖို့အတွက် ညီမ
သူ့ကိုတွေ့ဆုံချင်တယ်ဆိုတဲ့ စာလေးတစ်ကြောင်းလောက် ရေ
ပေးဖို့ပါပဲ"

အမုံ စဉ်းစားရပြီ။

"အစ်မက သူနေတဲ့နေရာ သိလို့လား"

"မသိဘူး သိခဲ့ရင် လိုက်ခေါ်လဲ ရမှာမဟုတ်တော့ လို
မယ်ရ ညီမစာလေးနဲ့ မျှားခေါ်ရမယ့်သဘောပဲ၊ ဒါကလဲ လိုအ
မှုပါလေ"

"အမုံ တရားဝင်စေ့စပ်ကြောင်းလမ်းပြီးသား မိန်းက
လေးတစ်ယောက်ဆိုတာတော့ အစ်မ မမေ့စေချင်ပါဘူး"

ဒေါ်ယဉ်ကျေး မျက်နှာပျက်သွားသည်။

"မိန်းမသားတစ်ယောက်ရဲက ဂုဏ်သိက္ခာဟာ အရေးကြီး
ပါတယ်၊ အမုံခင်ပွန်းလောင်းမသိဘဲ အမုံ ဘာမှမလုပ်ချင်ပါဘူး"

"ဒါဖြင့် သူ့ခွင့်ပြုရင်ရော"

"ကျွန်မ သူ့ရှေ့မှာပဲစာရေးပြီး မမကို ပေးပါ့မယ်"

အမုံရဲ့ နှလုံးသားကို စတင်လှုပ်ရှားလာအောင် ဖန်တီး
သူအပေါ် နောက်ဆုံးလက်ကျန် သံယောဇဉ်အမျှင်ကလေးအ
တွက် အမုံကြိုးစားရပေဦးမည်။

"အမုံ အစ်မကို အတ္တဆန်တယ်ပဲပြောပြော အမုံလ
ခံမယ်ဆိုရင် ညီမနဲ့ မောင်လေးအတွက် အစ်မမှာရှိတဲ့စည်းစိမ်
တွေနဲ့ အကူအညီပေးနိုင်တယ် ဆိုရင်ကောကွယ်"

"မိန်းမသားချင်း ကိုယ်ချင်းစာပေးပါ အစ်မ၊ အမုံ
စားသောက်ဆိုင်မှာ သီချင်းဆို အသက်မွေးလို့ အထင်သေးရ





အထဲ သစ္စာမရှိတဲ့ မိန်းမအဖြစ် အထင်သေး ရှုပ်ချခြင်းကို ခံရ
တဲ့အဖြစ်ရောက်အောင်အထိ တွန်းမပို့လိုက်ပါနဲ့"

အမုံအနေဖြင့် ဆုံးဖြတ်ချက်ကို ပြင်စရာအကြောင်း မရှိ
တော့ပါ။

"အစ်မ မိဘတွေကပါ လာရောက်တောင်းပန်မယ်ဆို
ရင်ကော"

အမုံ တုန်လှုပ်သွားသည်။ ဤအမျိုးသမီး မောင်ကိုချစ်
တဲ့ဇောဖြင့် စကားတွေအမျိုးမျိုးပြောကာ မိမိအားသွေးတိုးစမ်း
နေတာလား ဆွဲဆောင်သိမ်းသွင်းနေတာလားကို အမုံ အကဲမ
ခတ်တတ်။

သို့သော် အမုံ၏ စိတ်ထားကိုက ခိုင်မာသောဆုံးဖြတ်
ချက်ချပြီးလျှင် မပြင်တတ်။

"ထွက်ပြီးသား ဆင်စွယ် ပြန်ဝင်ရိုးထုံးစံ မရှိသလို၊ ထွေး
ပြီးသား တံတွေးပြန်မျိုလို့ မရသလိုမျိုးပေါ့ အစ်မရယ်၊ ပြောပြီး
သားစကားကို ပြန်ပြင်လို့မရတော့ပါဘူး၊ အစ်မမိဘများရဲ့ စကား
ဟာ အမုံတို့ရဲ့ မရှိမာနကို ခုတ်ထစ်လိုက်ပါပြီ အမုံ ဘယ်လိုအ
ကြောင်းပြချက်နဲ့မှ အမုံမိသားစုရဲ့ ဂုဏ်သိက္ခာကို အထိခိုက်မခံ
နိုင်ဘူး၊ ခန့်ညားကိုသာ တွေ့အောင်ရှာပြီး ဆုံးမယူကြပါ၊ အမုံ
ဒါပဲပြောတတ်တော့တယ်"

အမုံရင်ထဲ သူ့အပေါ် စိုးရိမ်သောစိတ်၊ သူ့အတွက်
ရင်နာရသောဒုက္ခတို့က ရင်တွင်းမှာ ဖြစ်ပေါ်နေသည်။ လွမ်း
စရာရှိလျှင် နာစရာနှင့် ဖြေသိမ့်ရသည်။ အမုံ နှလုံးသားမှထွက်
ပေါ်လာသော ချစ်စိတ်ညှောင့်ကလေးကို နာကြည်းမှုတူရွင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တူးဆွနှုတ်ထုတ်ပစ်နေရသည်။ အနာတရတော့ ရှိခဲ့သည်။ အ
နာရွတ်လည်း ကျန်ခဲ့ပေဦးမည်။

တစ်ချိန်ချိန်မှာတော့ ပျောက်သွားလိမ့်မည်။

ဒေါ်ယဉ်ကျေးက ရစ်ဝဲလာသော မျက်ရည်များကို မျက်
တောင်ခတ်ကာ သိမ်းဆည်းလိုက်ပြီး. . .

"ညီမကို အစ်မ တစ်ခွန်းမေးပါရစေ ညီမ မှန်မှန်ဖြေ
ပေးနိုင်ပါ့မလား"

အမုံက လောကခံကို ရဲဝံ့စွာ လျှောက်လှမ်းနေသည့်
မိန်းကလေးပေပဲ။ စကားကို လွယ်လွယ်နှင့်မပြောတတ်။

"အမုံ ဖြေသင့်တဲ့မေးခွန်းဆိုရင် ဖြေပေးပါ့မယ် အစ်မ"

"ကောင်းပြီ. . မောင်လေးကို ညီမလေး ချစ်ခဲ့တယ်
မဟုတ်လား"

အမုံ မဲ့ပြုံးပြုံးကာ ခေါင်းကိုခါယမ်းလိုက်ပြီး. . .

"ဝမ်းနည်းပါတယ် အစ်မ၊ အမုံဟာ စေ့စပ်ပြီးသား မိန်း
ကလေးတစ်ယောက်ဖြစ်နေပြီဖြစ်တဲ့အတွက် ခင်ပွန်းလောင်း
အပေါ် သစ္စာဖောက်တဲ့သဘောဆောင်တဲ့ စကားမျိုးလုံးဝ မ
ပြောတော့ပါဘူး၊ အမုံ မဖြေနိုင်ပါဘူး"

ဒေါ်ယဉ်ကျေး ထိုင်ရာမှထလိုက်သည်။

"တော်ပါတယ် မိန်းကလေးရယ်၊ မောင်လေးဘဝမှာ
စံထားရှာဖွေနေတဲ့ မိန်းကလေးမျိုးဟာ မင်းမှ မင်းအစစ်ပါပဲ
အစ်မမောင်လေး ချစ်ကံဆိုးတဲ့ကလေးပါကွယ်၊ အစ်မ ညီမကို
ချီးကျူးပါတယ်၊ ညီမ ကံကောင်းပါစေ သွားမယ်နော်"

"ဩော် အစ်မ စာလိုချင်ပါသေးသလား"





"မလိုတော့ပါဘူးကွယ် ထူးခြားမှုရှိခဲ့ရင်သာ အစ်မဟာ
မောင်လေးနဲ့ မင်းဘက်က ရပ်တည်ပေးဖို့ အဆင်သင့်ပါပဲဆိုတဲ့
စကားကိုတော့ ညီမလေး မှတ်ထားပေးပါကွယ်. . သွားပြီ"

ဒေါ်ယဉ်ကျေး လှေကားပေါ်မှ ဆင်းကာ ပျောက်ကွယ်
သွားမှ အမုံ တံခါးပိတ်မိသည်။

နှလုံးသားကိုင်းဖျားအချစ်ငှက်ငယ်လေး နားကာ ပျံ
သွားသည့်နောက် နှလုံးသားကိုင်းဖျား ဆတ်ဆတ်တုန်ခါ မနာ
ကျင်ဘဲရှိနိုင်ပါ့မလား။

အမုံရင်ထဲ စူးစူးရှရှ နာကျင်လျက်။

ခံရခက်သည့် အချစ်ဝေဒနာပါလား။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

သတင်းစာထဲမှ ကြော်ငြာများက အဆက်မပြတ် ပါလာသည်။ ပီတာတို့က သူတည်းခိုနေရာ ဟိုတယ်သို့ လာပို့ပေးရင်းပြသည်။

ဖိုးလပြည့်

အမြန်ဆက် ဆက်သွယ်ပါ။ စိတ်ချမ်းသာစေ ရမည်။

ဖေဖေ မေမေ မမ

"မင်း ပြန်သင့်ပြီ"





"ဘာမှ မထူးတော့တဲ့အခြေအနေမျိုးမှာ ငါကုသိုလ်မယူချင်ဘူး ပီတာ"

သူဇွတ်ငြင်းဆန်နေမိသည်။

"မင်း ယူအက်စ် မသွားဘူးလား"

"သွားမယ်"

"ဒါဖြင့် မင်းပြန်သင့်ပြီ"

"ငါ့ရဲ့ဘဝမှာ အိမ်ထောင်ရေးအတွက် ဘယ်လောက်စံထားပြီး မိန်းမရွေးခဲ့ရသလဲဆိုတာ မင်းတို့ အသိဆုံးပါ၊ နဝမမြောက်မှ ငါ့စံထားတဲ့ပုံစံနဲ့ ကိုက်ညီတဲ့မိန်းမကို ငါတွေ့ခဲ့ရတာပါ၊ ဒါပေမယ့် သူဟာ ငါရဲ့မဟေသီ မဖြစ်တော့ဘဲ ဦးကျော်ခေါင်သာဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ ဒေဝီဖြစ်သွားပြီ ငါ့ရင်ကို မင်းတို့ခွဲကြည့်စမ်း၊ ငါ့အသည်းနှလုံးတွေ မွမွကြေနေပြီကွ"

သူ စိတ်ထိန်းချုပ်ထားသည်ကြားက မျက်ရည်များကကျလာသေးသည်။

တရုတ်ဗီဒီယိုဇာတ်လမ်းတွေ ကြည့်စဉ်က မင်းသားငိုလျှင် သူရယ်ခဲ့သည်။ 'တောက်. . ပျော့ညံ့လိုက်တာ ယောကျ်ားမျက်ရည်ဆိုတာ ရှိလို့လား၊ တော်ပြီကွာ ပိတ်လိုက် ယောကျ်ားသိက္ခာကျတယ်' ဟု အမြဲပြောခဲ့သည့်သူ။ အခုတော့ ယောကျ်ားသိက္ခာကျနေပြီ. . .။

"ကဲပါ သူငယ်ချင်းရာ သွားကာနီးလာကာနီ မိဘတွေကိုလဲ စိတ်ထိခိုက်အောင် မလုပ်ပါနဲ့တော့ကွာ၊ မင်းမိဘတွေမှ မဟုတ်ဘူး ငါတို့မိဘတွေဆိုရင်လဲ စားသောက်ဆိုင်မှာ ကာရာအိုကေဆိုတဲ့ မိန်းကလေးမျိုးကိုဆို ဘယ်သူမှသဘောတူမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

ဇော်ပိုင်ကလည်း ဖျောင့်ဖျသည်။

"ဟုတ်. . ဟုတ်တယ်ကွ၊ မိဘတွေရဲ့ သား သားသမီး အပေါ်. . ချစ် ချစ်တဲ့ဇောကြောင့် မှား မှားတဲ့ အ အခါလဲရှိ တတ်တာပဲ၊ ခွင့်. . . ခွင့်လွှတ်လိုက်ပါ"

စိုင်းညီညီက ဝင်ပြောသည်။

"စိတ်ချမ်းသာစေရမယ်ဆိုတာ. . ဘာလဲ သိအောင် ပြန်လိုက်ပါ တစ်ပတ်ပဲ လိုတော့တယ်"

"နေပါစေကွာ သွားကာနီးမှ ပြန်မယ်"

သူ အေးဆေးစွာပင် ထလိုက်သည်။

"အမှန်ဆို မင်း စိတ်နာသင့်တာ အန်ကယ်တို့ အန်တီ တို့ကို မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူကိုလဲ ရဝေ ယုတ်မာမှုကိုလား"

"ရဝေက မင်းရဲ့ ရိုးစိုင်းမှုကို ကလဲ့စားချေလိုက်တာပဲ ရဝေကို ဘေးချိတ်ထားပါကွာ၊ မင်းအပြစ်မရှိဘဲ မိဘကြောင့် မင်းကိုစိမ်းကားပြလိုက်တဲ့ မစိမ်းကားကြီးအမုံကိုပဲ မင်းစိတ်နာ သင့်တာ"

ရဲအောင်ထွဋ်က သူ့အား တမင်လွှမ်းစရာကို နာစရာ အဖြစ်လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သူသိပါသည်။

"ဟုတ်တယ် မင်းမိဘတွေကို ရှင့်သားလိုလူမျိုးမရလဲ ရှင့်သားထက် အဆပေါင်းများစွာသာတဲ့လူမျိုး ကျွန်မ ချက်ချင်း ယူပြနိုင်ပါတယ်ဆိုတဲ့ မိန်းမသားတွေရဲ့ မာနတုန့်ပြန်မှုကို ပြ လိုက်တဲ့အမုံကိုသာလျှင် မင်း စိတ်နာသင့်တာပါကွာ"





"ဟုတ်တယ် လပြည့်. . မင်းကို သူတွေ့ရင်လေ ဥဒ္ဒံမရ ဒေဝီအပြုံးမျိုးပြုံးပြီးကြည့်တာကိုခံရမှ မင်းရင် ဟက်တက်ကွဲပြီး လဲသေလိုက်ရုံပဲရှိတော့တာ"

"ဟုတ်တယ်. . ဝေးလေ ကောင်းလေပဲ"

"လေယာဉ်လက်မှတ်အရဆို ဘယ်လောက်လိုသေးသ လဲ"

သူ. . သူငယ်ချင်းတွေကို ဒုက္ခ မပေးချင်တော့။ ဖြစ်နိုင် လျှင် မြန်မာပြည်မှ အဝေးဆုံးကို ထွက်သွားလိုက်ချင်သည်။

ကမ္ဘာပတ်ကာ အလွှမ်းဝေဒနာကို ကုစားကြည့်မည်။ နဝမမြောက်နှင့်လည်း လွဲခဲ့ရပြန်ပြီ။ ဒသမမြောက်ကိုတော့. .

"တော်ပါပြီ အမုံကိုမှမရရင် ဒီတစ်သက် မိန်းမမယူ တော့ဘူး"

"ဟ. . ဟ ဒီလိုတော့မလုပ်နဲ့လေ၊ မမကလဲ ယူမယ့်ပုံ မရှိတော့ မင်းတို့ မျိုးဆက်ပြတ်သွားမှာပေါ့"

"ပြတ်ပါစေ. . ဒါမှ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ကိုယ်ကျင့်တရားဆိုတဲ့ ပေတံနဲ့ မတိုင်းဘဲ ငွေဂုဏ်၊ မနဂုဏ်၊ ဥစ္စာဂုဏ်ဆိုတဲ့ ပေတံနဲ့ တိုင်းတာတတ်တဲ့ မေမေတို့ နောင်တ ရသွားလိမ့်မယ်"

ခန့်ညားနာကျင်စွာ ပြောဆိုလိုက်မိသော်လည်း မေမေ နှင့် မမသည် သူ့အတွက် စက္ကန့်နှင့်အမျှ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေကြလိမ့်မည်ကိုတော့ သိရှိပြီးသားဖြစ်သည်။

"မင်း ဒီလိုတော့မပြောနဲ့လေ မိဘဆိုတာ သားသမီး အပေါ် ဆင်စီးပြီးမြင်းရံတာပဲမြင်ချင်ကြတယ်၊ ဒါဟာသဘာဝပဲ



www.burmeseclassic.com

www.burmeseclassic.com



သားသမီးအပေါ် ထားတဲ့ စေတနာဇောအဟုန်ဟာ ကြီးမားလွန်းတော့ တစ်ခါတလေ အမှားတော့ရှိကြမှာပဲ၊ ဒါကို မဖြစ်မှားမိဖို့ပဲ အရေးကြီးပါတယ်"

ဇော်ပိုင်က အေးဆေးစွာရှင်းပြသည်။

သူ မျက်ရည်ကို ခပ်ကြမ်းကြမ်းသုတ်လိုက်ပြီး. . .

"အေးပါ. . ငါ နားလည်ပါတယ် မင်းတို့ပြန်ကြတော့၊ ငါတစ်ရက်နှစ်ရက်အတွင်း အိမ်ကိုရောက်အောင်ပြန်မယ်၊ မင်းတို့ ဒီအတိုင်းပဲဆက်နေကြဦး သွားသတင်းမပေးကြနဲ့၊ မင်းတို့ အပေါ် သူတို့ယုံကြည်မှုလေး မပျောက်ပျက်အောင် ဆက်လက်ထိန်းထားကြတော့၊ ငါ ယူအက်စ်မှာနေတုန်းလည်း မင်းတို့ ဘယ်မှမသွားဖြစ်သေးရင် ငါ့မိသားစုကို စောင့်ရှောက်ပေး ကြဖို့ ငါ့ကို ကတိပေးပါ"

သူငယ်ချင်းတွေက သူ့လက်ကိုဆွဲကာ မြှောက်လိုက်ကြသည်။ ဒါ သူတို့ထုံးစံအရ ကတိပြုကြခြင်းဖြစ်သည်။

"ပျော်ပျော်နေ သေခဲတဲ့၊ မင်းကို တို့အားလုံး ကတိပေးတယ် ဖိုးလပြည့်၊ ဒါပေမယ့် မင်းကလည်း ကတိတစ်ခု ပြန်ပေးရမယ်"

"ဘာကတိလဲ"

"အချစ်အတွက် ဘဝပျက်သွားပါတယ်ဆိုတဲ့ ခပ်ပျော့ပျော့ ခပ်ညံ့ညံ့လူတန်းစားထဲ မင်းမပါစေရဘူးဆိုတဲ့ ကတိပဲ"

"ဖိုးလပြည့်တဲ့၊ လပြည့်ညမှာ ကောင်းကင်မှာ ပြည့်ပြည့်ဝဝထွန်းလင်းတဲ့ လမင်းလိုပဲ ရှိစေရမယ်"

"အိုကေ"





"နောက် ခန့်ညားတဲ့၊ လူပုံအလယ် အမြဲခန့်ညား တင့်တယ်စေရပါမယ်၊ ငါ ကတိပေးတယ်၊ ငါ မသွားခင်ညမှာ ပန်းနုရောင်မှာ မင်းတို့အားလုံးနဲ့ ဖေဖေ၊ မေမေ၊ မမတို့ကို ကျွေးမွေးဧည့်ခံပြီး နှုတ်ဆက်ပြလိုက်ပါဦးမယ်၊ ဖိုးလပြည့် လကွယ်ညကို လွန်မြောက်ခဲ့ပါပြီလို့"

သူတို့ လက်ချင်းဖြုတ်လိုက်ကြသည်။ အသီးသီးအတွေးကိုယ်စီဖြင့် လမ်းခွဲပြန်သွားကြသည်။

ခန့်ညား တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူတွေးမိသည်။ သူ့ဘက်က ဘာမှားယွင်းခဲ့သလဲ။

အမုံလို အရည်အချင်းရှိသော ကိုယ်ကျင့်တရားကောင်းမွန်သော မိန်းကလေးတစ်ဦးကို သူချစ်ခဲ့မိခြင်းသည် မှားယွင်းသွားသလား။ အမုံကတော့. . .

အမုံ့မျက်ဝန်းတွေမှာ သူ့ကိုချစ်ရိပ်တွေ ထင်းလင်းစွာ ထင်ဟပ်နေပါလျက်. . .

အမုံက သူ့ဘက်မှ အမှားတစ်ခုကို အကြောင်းပြု၍ သူ့ထက်သာသောသူတစ်ယောက်ကို ရွေးချယ်အနိုင်ယူပြလိုက်သည်။

အမုံ၏ စိတ်ဓာတ်ကို မှန်ကန်သည်ဟု သူယူဆသင့်သလား။

*"ချစ်သူနဲ့ လက်ထပ်သူဟာ တစ်ယောက်တည်းဖြစ်ရမယ်"*

*"စိတ်ချပါလူကြီးမင်းတို့၊ အမုံ ခန့်ညားကို ဘယ်တော့မှ လက်ခံမှာမဟုတ်ပါဘူး၊ ကျွန်မမှာ အမုံလက်ထပ်ရမယ့်သူ*



www.burmeseclassic.com

www.burmeseclassic.com



*ဟာ ခန့်ညားတစ်ယောက်တည်း ရှိပါစေ၊ အမုံလက်မထပ်ပါဘူး၊ စိတ်ချပါ နှစ်ဖက်မိဘသဘောတူတဲ့လူမျိုးကိုပဲ အမုံ ကြည်ဖြူမှာပါ”*

အမုံမှားသလား၊ မိန်းမသားတစ်ယောက်သည် နှလုံးသားကိုစတေးပြီး သူ့ခံယူချက်အတိုင်း ရွေးချယ်လျှောက်လှမ်းသွားခြင်းသည် မှားသလား။ အမုံဘက်က ကြည့်လျှင် အမုံမမှားဘူးဟုထင်သည်။

အမုံကိုချစ်စိတ်ဖြင့် အမုံကို ခွင့်လွှတ်နိုင်ခဲ့သည်။ မုန်းမေ့အောင် ကြိုးစားဖို့တော့ သူ့စွမ်းဆောင်နိုင်မည် မဟုတ်ပါ။

သို့သော် ဝေဒနာကိုတော့ တဖြည်းဖြည်း ကုစားသွားနိုင်မည်ဟု သူ မျှော်လင့်မိသည်။

လူမတန် ကံချဟု သူကံကိုမယုံကြည်။ သို့သော် ကံကိုတော့ ကံဆိုတာအလုပ်ဟု သူမှတ်ယူခဲ့သည်။

အမှန်တကယ်ပင် ကံဆိုတာ ကိုယ်ပြုလုပ်လိုက်သောအလုပ်၏ တန်ပြန်အကျိုးဆက်ဟု လက်တွေ့ကျကျ သူယုံကြည်လိုက်လေပြီ။ ပထမမြောက်မှသည် အဌမမြောက်အထိသော မိန်းကလေးရှစ်ဦးကိုတွဲကာ အပြစ်အနာအဆာတွေ ရှာဖွေပြီး စွန့်လွှတ်ခဲ့သည့် အကျိုးဆက်သည်ကား. . .

နဝမမြောက် အမုံနှင့်တွေ့မှ သူက အစွန့်လွှတ်ခံဖြစ်သွားခဲ့ရသည်။

သူ့အပြစ်အနာအဆာကြောင့် မဟုတ်. . ။ မိဘများ၏ အဆင့်အတန်းခွဲခြားမှု အပြစ်အနာအဆာကြောင့် သူသည် စွန့်လွှတ်ခံလိုက်ရသည်။





'ကိုယ်ပြုခဲ့သောကံ ကိုယ်သာခံရမည်'ကို. . ခန့်ညားကောင်းစွာသဘောပေါက်ပြီ။

အချစ်ဟူသာ စိတ္တဇနာမ်၏ နှိပ်စက်မှုက သေလုမျောပါးဝေဒနာကို ခံစားရလိမ့်မည်ကို သူ မယုံကြည်ခဲ့။

သူ တွဲပြီးစွန့်ခဲ့သော မိန်းကလေးများသည်လည်း သူ့လို ခံစားခဲ့ရကောင်း ခံစားရပေလိမ့်မည်။

သူတို့၏ မျက်ရည်စက်ကျိန်စာများက သူ့အပေါ်သို့ ရောက်စူးရှနေပြီထင့်. . . ။

သူ့အမြင်သည် အရာရာကို မှုန်ရီဝေဝါးလျက်. . .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

"အမုံ"

သူ့အသံကိုကြားလိုက်ရသည်နှင့် အမုံတုန်လှုပ်သွားသည်။ ပင့်သတ်ရှိုက်လိုက်ပြီးမှ. . .

"သူ ပြောပါ"

"ဒီည အမုံ ပန်းနုရောင်မှာ သီချင်းဆိုမှာလား"

"ဆိုမှာပါ"

"ကျေးဇူးတင်ပါတယ်. . ကိုယ် မနက် အမေရိကား





သွားတော့မှာဖြစ်လို့ သူငယ်ချင်းတွေနဲ့ ပန်းနုရောင်ကို နှုတ်ဆက်ချင်ပါတယ်၊ အမုံ ကိုယ့်အတွက် နောက်ဆုံး ဖျော်ဖြေပေးပါလို့ တောင်းပန်ပါတယ်"

အမုံပါးမို့လွှင့်ပြင်ထက်၌လဲ မြစ်ပင်လယ်အသွင်ပြောင်းသွားခြင်းကို သူကတော့ သိနိုင်လိမ့်မည် မထင်ပါ။

"အမုံ ကိုယ်ပြောတာ ကြားရဲ့လား"

"ကြားပါတယ် အမုံ ဆိုမှာပါ၊ အမုံဆိုနိုင်တဲ့ အင်အားရှိသရွေ့ ဆိုနေမှာပါ. . အမုံဟာ သီချင်းသည်ပဲလေ"

"အဲဒီလိုမပြောပါနဲ့ အမုံ၊ ကိုယ် အမုံကို နားလည်ခွင့်လွှတ်နိုင်ပါတယ်"

"ဟင်အင်း. . သူ့ကိုအမုံခွင့်မလွှတ်ခိုင်းပါဘူး၊ အမုံကို နားလည်ဖို့လဲ မလိုဘူး. . ခွင့်မလွှတ်နိုင်လေ ကောင်းလေပါပဲ"

သူ့အသံလေး နောက်ဆုံးကြားခွင့်အနေဖြင့် အမုံနားထောင်နေချင်ပါသည်။

"အမုံ ဘာပြောပြော အမုံကို နားလည်နေတာကြောင့် ကိုယ် ခွင့်လွှတ်နိုင်နေတယ်၊ ဒါကြောင့် အမုံရွေးချယ်လိုက်တဲ့ ခရီးလမ်း သာယာဖြောင့်ဖြူးပါစေဖို့ ဆုတောင်းပေးနေပါတယ်"

"ယုံပါတယ် သူ"

"ဒါပါပဲ အမုံ၊ အမုံ ကိုယ့်ကိုဘာပြောချင်သေးသလဲ"

"ဘာ. . ဘာမှ ပြောစရာမရှိပါဘူး၊ သူ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေလို့"

"ဒါက အမုံအပေါ်မှာ မူတည်ပါတယ်"

"သူရယ်"



www.burmeseclassic.com

www.burmeseclassic.com



အမုံလက်တွေ တဆတ်ဆတ် တုန်လာသည်။ တုန်ယင်သောလက်ဖြင့် ဖုန်းခွက်ကို ချလိုက်သည်မှာ အံဝင်ခွင်ကျမဖြစ်နိုင်သဖြင့် ထပ်ခါပြုပြင်ချလိုက်ရသည်။

လွတ်လပ်စွာ ငိုကြွေးလိုက်မိသည်။ ဒါနောက်ဆုံး သူ့အတွက်. . နောက်ဆုံး ငိုကြွေးခြင်းဖြစ်နေရမည်။ ဒါမှ ပန်းနုရောင်မှာ သီချင်းဆိုစဉ် မျက်ရည်တို့ ခမ်းခြောက်နေမှာ. . .

"အမုံ သမီး"

"ဟင်. . အမေ၊ ဆရာ"

အမေနှင့်ဆရာ အဘယ်အချိန်က ရောက်နေသည်ကို အမုံ မသိလိုက်ပါလား။ အမုံ အမြတ်တနိုး ပွေ့ပိုက်ထားသော ယွန်းသေတ္တာဘူးကလေးထဲသို့ ကမန်းကတန်းဝှက်ရန်ပြုလိုက်သည်။ သို့သော် ဘာမှ မတတ်နိုင်။

အနီးလည်း နောက်မှလိုက်ဝင်လာသည်။

မျက်ရည်များကိုသုတ် ယွန်းသေတ္တာလေးကို စားပွဲပေါ်တင်ပြီး ကြမ်းပြင်ထက်မှ ထလိုက်သည်။

"နေနေ. . အမုံ နေသာသလို နေပါ"

ဦးကျော်ခေါင်သာ၏ ခွင့်ပြုချက်အရပင် အမုံ ကြမ်းပြင်ထက်၌ပင် ထိုင်နေမိသည်။ ဦးကျော်ခေါင်သာ၏ ဂရုဏာမျက်ဝန်းရိပ်မှဖြန့်ကျက်လာသော မြတ်နိုးမှုမေတ္တာရောင်ကို အမုံ ရှောင်လွှဲရင်း မိခင်အား. .

"အမေတို့ ဘာလာလုပ်တာလဲဟင်"

"အမေတို့ကို ပန်းနုရောင်မှာ ညစာကော်ဖီလာသောက်ဖို့ လာဖိတ်လို့ လာတာပါ"





"ဘယ်သူ လာဖိတ်တာလဲ"

"ဒေါ်ယဉ်ကျေးပါ"

အမုံရင်ထဲ နင့်ခနဲ ခံစားလိုက်ရပြန်သည်။

အစ်မကြီး အမိရာ ဆိုသကဲ့သို့ ဒေါ်ယဉ်ကျေးက အချစ်ဆုံးမောင်လေးအတွက် နောက်ဆုံးအယူခံချက်ဟု အမုံ နားလည်ခံစားလိုက်ရသည်။

"အမေတို့ကိုလည်း သူ့မိဘကိုယ်စား တောင်းပန်သွားသေးတယ် သူ့မိဘတွေကလည်း သားအတွက် အရာရာကို လိုက်လျောပေးဖို့ အသင့်ဖြစ်သွားကြပါပြီ"

အမုံ ဦးကျော်ခေါင်သာကို အားနာစွာဖြင့် လှမ်းကြည့်မိလိုက်သည်။

ဦးကျော်ခေါင်သာက လူကြီးလူကောင်းပီသစွာပင်. . .

"ကိုယ့်ကို အားမနာပါနဲ့ မိန်းကလေး၊ စေ့စပ်ထားတာ လက်ထပ်တာမှ မဟုတ်သေးတာ၊ စေ့စပ်ထားတာကို ဖျက်သိမ်းလိုက်ရုံနဲ့ အမုံရဲ့ကိုယ်ကျင့်တရားဟာ အရုပ်ဆိုး အကျည်းတန်မသွားပါဘူး"

"ကိုင်း ဆရာနဲ့ စကားပြောကြဦး၊ အမေ ငုဝါနဲ့ ပါလာတဲ့ပစ္စည်းတွေ သိမ်းလိုက်ဦးမယ်"

"အနီလဲ မြို့ပေါ်ရောက်တုန်း မွှေလိုက်ဦးမယ်နော်"

အမေနှင့်အနီ ဧည့်ခန်းမှ အကြောင်းပြချက် ကိုယ်စီနှင့် အသီးသီးရှောင်ဖယ်ထွက်ခွာသွားကြသည်။

"ဆရာဆိုလိုတာက"

"ဆရာဆိုလိုတာက အမုံမှာ လွတ်လပ်စွာနဲ့ ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com


ဆုံးဖြတ်ခွင့်ရှိပါသေးတယ်၊ အဲ အမုံ ဆုံးဖြတ်ချက်ကို ပြင်နိုင်ခွင့် ရှိပါသေးတယ်"

အမုံ ဦးကျော်ခေါင်သာကို လေးစားစွာ မော့ကြည့်လိုက်သည်။

ဦးကျော်ခေါင်သာက အမုံတင်ထားသော ယွန်းသတ္တာ လေးကို လက်ချောင်းလေးများနှင့် အသာပွတ်ရင်း စကားဆက် ပြောလေသည်။

"အမုံ ဆုံးဖြတ်ချက်ပြင်ဆင်သွားလဲ ကိုယ်တို့လုပ်ငန်း ရပ်ဆိုင်းမသွားပါဘူး၊ ကိုယ် ဥယျာဉ်မှူးတစ်ယောက်လိုပဲ အမုံ ကို အောင်မြင်မှု သရဖူဆောင်းနိုင်အောင် ဖြူစင်စွာနဲ့ ဆက်လက် အကူအညီပေးသွားဦးမှာပါ၊ ဒီအတွက်တော့ ဝါရီမဖြစ်ပါနဲ့. . ကိုယ်တို့ အသိုင်းအဝိုင်းက အမုံကို နားလည်ခွင့်လွှတ်ပြီးသားပါ"

အမုံ မျက်ရည်တို့ ရစ်သိုင်းလာသည်။ အမုံကို ဦးကျော် ခေါင်သာသည် လေးစားခြင်း တန်ဖိုးထားခြင်း မြတ်နိုးခြင်းတို့ သော နှောင်ကြိုးနှင့် နှောင်ဖွဲ့နေလေသည်။

"အမုံ နှလုံးသား ဘယ်လိုဖြစ်ပျက်ခံစားနေရတယ်ဆို တာကို ကိုယ်နားလည်ပါတယ် မိန်းကလေး"

"ဆရာ ဆိုလိုတာက"

"မိန်းကလေးရဲ့ နှလုံးသားဟာ ကိုယ့်အပေါ် ပေးဆပ် မှုဟာ အဖြူရောင်သက်သက် မဟုတ်နိုင်တော့ဘူးဆိုတာ ရှေ့ သိပါတယ်၊ ဒါပေမယ့် ဆရာက ပန်းနုရောင်ကို ကြိုက်နှစ်သက် သူပဲ အမုံ ဆရာ နားလည်ခွင့်လွှတ်ဆက်ချစ်သွားနိုင်ပါတယ်ဆို တာကိုတော့ မှန်ကန်သော သစ္စာစကားနဲ့ ဆရာ ပြောလိုက်ပါ စေ"

အမုံကို မရုန်းသာအောင် နှောင်ဖွဲ့သောစကား ဆရာ ဆိုနေတာလား။

"ဒါပေမယ့် အမုံ မတွေဝေပါနဲ့၊ အမုံ စိတ်တိုင်းကျ ဆုံးဖြတ်ခွင့်ရှိပါတယ် ရွေးချယ်ပါ အမုံ ဒီညမှာ တိကျတဲ့အဖြေ တစ်ခုကို ကိုယ်မျှော်လင့်နေမှာပါ၊ အမုံ ဆုံးဖြတ်ချက်ဟာ ကိုယ့် ဆုံးဖြတ်ချက်ပါပဲ၊ အမုံအနာဂတ်ဟာ ကိုယ့်အနာဂတ်ပါ၊ အမုံ အပြုံးဟာ ကိုယ့်အပြုံးပဲ ဖြစ်စေရမှာပါ. . . ဒါပါပဲ မိန်းကလေး၊ ကိုယ် မိန်းကလေးကို နားလည်သလို မိန်းကလေးလည်း ကိုယ်ကို နားလည်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ် ကိုယ်သွားတော့မယ် နော်"

အမုံ ဦးကျော်ခေါင်သာကို နာလည်း၍ ခက်နေသည် ပေါ့. . ။

"နေ. . နေပါဦးဆရာ"

"ဆို. . မိန်းကလေး"

"ဒီယွန်းသတ္တာလေးထဲမှာ ဘာတွေရှိမယ်လို့ ဆရာ ထင်သလဲ"

ဦးကျော်ခေါင်သာက ပြုံးလိုက်သည်။

"အမုံက ဖြေစေချင်သလား"

အမုံ ခေါင်းညိတ်လိုက်သည်။

"ထင်နေတာမဟုတ်ဘူး သိကိုသိနေတာ အမုံ"

"ဒါဖြင့်. . ."

"နှင်းဆီဝါပန်းခြောက်ကလေးတွေ မဟုတ်လား အမုံ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရယ်"

"နှင်းဆီဝါပန်းခြောက်ကလေးတွေကို သော့ခတ် သိမ်း ဆည်းလို့ရသလို အမုံနှလုံးသားကိုည်း အမုံသော့ခတ်သိမ်းဆည်း နိုင်မယ်လို့ အမုံကိုယ်အမုံ ယုံကြည်တယ်ဆိုရင်တော့လည်း . . ကိုင်း . . သွားမယ် အမုံ"

အမုံ ဘာမှ တုန့်ပြန်မပြောဆိုနိုင်မိမှာပင် ဦးကျော်ခေါင် သာ ထွက်သွားလေသည်။

အမုံ မျက်ရည်ကျရင်း ကျန်ရစ်ခဲ့လေသည်။

"သမီး အမုံ"

"မေမေ"

မိခင်ရင်ခွင်တွင်း၌ တိုးဝင်ငိုကြွေးလိုက်သည်။

"အမုံ ဘာဆက်လုပ်ရမလဲ အမေ"

"ခန့်ညားမိဘတွေဟာ သားဇောနဲ့ အလိုလိုက်မယ်ဆို တာပဲ ဒေါ်ယဉ်ကျေး ပြောပြလို့ သိတာနော်၊ သမီးကို နားလည် ခွင့်လွှတ်နိုင်ဖို့ ရှိမရှိကို သမီးအတတ်ပြောနိုင်ပါ့မလား၊ ဆရာ့ ဘက်ကတော့၊ အေးလေ သမီး နားလည်မှာပါ၊ ကဲကဲ ရေမိုးချိုး ထမင်းစားလိုက်ဦး ခေါင်းကြည်လင်မှ ဆုံးဖြတ်ချက် တစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်မှာ၊ သမီးဆုံးဖြတ်ချက်ဟာ . . အမေရဲ့ ဆုံးဖြတ်ချက်ပါပဲ၊ ကောင်းကောင်းဆိုးဆိုး အမေတို့ မျှဝေခံစားရမှာပေါ့ သမီးရယ်"

သာမန်ပန်းစိုက်စားသူ မိန်းမပေမယ့် အမေ၏ အသိ ဉာဏ်မသေး၍သာ အမုံတို့ လူဖြစ်ခဲ့ကြရသည်ပင်။ အမေ ဘာ ကိုဆိုလိုမှန်း အမုံနားလည်လိုက်သည်။





အမုံ ယွန်းသေတ္တာလေးကို ပိုက်ကာ ထလိုက်သည်။

ည ပန်းနုရောင်မှာ အမုံပြတ်သားသော ဆုံးဖြတ်ချက် တစ်ခုကို ပေးရတော့မည်။ အမုံ တွေဝေနေ၍ မဖြစ်တော့။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၈)

နောက်ဆုံး အနေဖြင့် ကြည့်ခွင့်မြင်ခွင့် တွေ့ခွင့်ရ၍လားမသိ။ အမုံ သိပ်ကို လှနေသည်။

ပန်းနုရောင်ဝတ်စုံကလေးနှင့် အမုံသည် ပန်းနုရောင် ဘုရင်မလေးတစ်ပါးနှယ် ဝင့်ထယ်လျက် ရှိနေသည်။

မိဘများနှင့် ဦးကြီး၊ ဘကြီး၊ ကြီးတော်များပါ မကျန် သူငယ်ချင်းများလည်း စုံညီတက်ညီ ရောက်နေကြပြီ။

မမဒေါ်ယဉ်ကျေးက အမုံအမေနှင့် မောင်လေး အနီ





နှင့်အတူ သွားထိုင်ပေးသည်။

အားလုံးမျက်နှာက ဟန်ဆောင်ပြုံးနေကြသည်။

အမုံ ဂီတာကို သံစဉ်များ ရှာဖွေနေသည့်အလား သံစဉ်မဲ့ တီးခတ်နေရင်းမှ. . . .

"ပန်းနုရောင် ကာဖီးဆိုင်ရဲ့ အထူးအားပေးသူ ပရိသတ်တစ်ဦးဖြစ်တဲ့ ခန့်ညားခေါ် ဖိုးလပြည့်ကို နောက်ဆုံးဂုဏ်ပြုတဲ့အနေနဲ့ ပန်းနုရောင်ရဲ့ ပင်တိုင်သီချင်းသည် ကျွန်မအမုံက ကြိုးစားဖျော်ဖြေ နှုတ်ဆက်လိုက်ပါ့မယ်ရှင်"

ခန့်ညားရင်ထဲ ထူးခြားသော နာကျင်မှုကတော့ ထပ်မရတော့ပါ။ အက်ကွဲကြေမွနေသော နှလုံးသားက ထုံကျဉ်ပြီးသားဖြစ်နေလေပြီပဲ။

"×××ဝေဝေးပြေးတဲ့×××အချစ်ကို×××စွဲလန်းလွန်းလို့×××ရင်မှာ×××နှလုံးသားလေး×××ကွဲအက်×××အို ရူးတော့မှာပဲ×××အို အစွဲအလန်းများ×××လူကိုလွှမ်းလို့ထားပြီလား×××ဒီလိုနေ့ညတိုင်း ကိုယ်လေတမ်းတဆဲ×××ဘယ်မှာလဲ×××အကြင်နာရဆုံး ရက်စက်တဲ့သူ×××အယုံကြည်ရဆုံး အသည်းခွဲတဲ့သူရေ×××လွမ်းရလွန်းလို့ ရူးတော့မှာပဲ ဟော မင်းသာ ခုဘဝထဲ တမ်းတဆဲ×××"

အမုံလက်တို့သည် ထုံကျဉ်လာသည်။ နှလုံးသားကို ဂီတာလုပ်ကာ တီးခတ်နေသည့်အလား ခံစားလိုက်ရသည်။ နာလိုက်သည့်ရင်နှယ်. . .

ဒေါ်ယဉ်ကျေးက ရစ်ဝဲလာသော မျက်ရည်စများကို ကန္ဒြေရှင်ပီပီ မျက်တောင်ခတ်ကာ သိမ်းဆည်းရန် ကြိုးစားလိုက်


www.burmeseclassic.com

www.burmeseclassic.com

သည်။

ဒေါ်အညိုကတော့ ပြုံးလျက်ကပင် စီးကျလာသော မျက်ရည်များကို မသုတ်ဘဲ ထားလိုက်သည်။ ဇော်ပိုင်၊ ပီတာ၊ ရဲအောင်ထွဋ်၊ စိုင်းညီညီတို့က မျက်စိမျက်နှာများ ပျက်နေသည်။ ပျော်ပျော်နေ သေခဲအဖွဲ့ မပျော်နိုင်တော့ပေ။ ခန့်ညားအတွက် စိတ်ထိခိုက်နေကြသည်။

ဦးရဲခေါင်သာ ဒေါ်ခင်ထားဝေနှင့် ငုဝါ ရီလေးမာတို့က ကောင်တာအတွင်း၌ အလုပ်မရှိ အလုပ်ရှာနေကြသည်။

ဦးကျော်ခေါင်သာက အပြင်မှာပင် ကားပေါ်၌ အမုံ ထွက်အလာကို ထိုင်စောင့်ရင်း အမုံ၏ ခံစားချက်နှလုံးမှ သံစဉ်များကို စိတ်ကူးဖြင့်မှန်းဆကာ ရင်နာစွာ နားဆင်လိုက်လေသည်။

"ဝေးဝေးပြေးတဲ့×××အချစ်ကို×××စွဲလမ်းလွန်းလို့×× ရင်မှာ×××နှလုံးသားအေးကွဲအက်×××အို ရှုးတော့မှာပဲ××× ဝေးဝေးပြေးတဲ့×××အချစ်ကို စွဲလမ်းလွန်းလို့×××ရှုးတော့မှာပဲ××

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်"

အမုံ စင်ပေါ်မှ ဆင်းဟန်ပြင်လိုက်သည်။ ခန့်ညား အဝါရောင်နှင်းဝါစည်းကြီးတစ်စည်းကို ပွေ့ပိုက်ပြီး စင်ပေါ်သို့ တက်သွားသည်။ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

အမုံအား ကမ်းပေးလိုက်သည်။

မျက်ဝန်းချင်းဆုံမိကြသည်။

မျက်ရည်များဖြင့် ပြုံးနေသော မျက်ဝန်းချင်း ဆုံတွေ့ကြသည့်အခိုက်အတန့်၌. . .





အမုံ နှုတ်ခမ်းကလေး တဆတ်ဆတ်. . တုန်ယင်လာသည်။

ဘာသံမှထွက်မလာ ပန်းစည်းကို လက်ခံလိုက်သည်။

ထို့အတူ ခန့်ညားသည်လည်း တစ်ခွန်းမှ ဖွင့်ဟမဆိုဘဲ စင်ပေါ်မှဆင်းကာ တောက်လျှောက်ပင် ပန်းနုရောင်ထဲမှ ထွက်သွားလေသည်။

အမုံသည် မျက်ရည်စွတ်ဖြန်းထားသော နှင်းဆီအဝါရောင်ပန်းစည်းကြီးကို တင်းကျပ်စွာ ပွေ့ပိုက်လျက်. . . .

BURMESE CLASSIC

# မြပုလဲခင်



www.burmeseclassic.com